www.burmeseclassic.com

# ပိုးကိုက်ပန်းတွေ

## ချစ်စံဝင်း

BURMESE CLASSIC .com

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

- ပြည်ထောင်စု မပြိုကွဲရေး - ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး - ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး - ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်


- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။



# ချစ်စံဝင်း

# ပိုးကိုက်ပန်းတွေ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၇ ၂၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၀၀၇၀၂၁၁

ပုံနှိပ်မှုကာလ
စက်တင်ဘာလ၊ ၂၀၁၁ခုနှစ်၊ ဒုတိယအကြိမ်

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးဒီဇိုင်း - အုံ့ဘွယ်ဇင်

အတွင်းဖလင် - ထွန်းထွန်း

ကွန်ပျူတာစာစီ - ထွေး

အချုပ်ချုပ် - ဖူးလွင်မွေး

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဝင်းတိုးအောင်ပုံနှိပ်တိုက်
အမှတ်(၁၈၁)၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်။

ထုတ်ဝေသူ
ဒေါ်မော်မော်၊ ပန်းမျိုးတစ်ရာစာပေ (၀၃၅၉၉)
တိုက်-၈၂၊ အခန်း ၂၀၃-၂၀၄၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၂၃၇၂၊ ၀၁-၃၉၆၁၁၀

တန်ဖိုး - ၂၅၀၀ကျပ်

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP) ၈၉၅.၈၃

ချစ်စံဝင်း
ဗိုးကိုက်ပန်းတွေ၊ ချစ်စံဝင်း။ - ရန်ကုန်
ပန်းမျိုးတစ်ရာစာပေ ၊ ၂၀၁၁။
၂၃၀ - စာ ၊ (၅.၂၅ × ၇.၂၅) စင်တီ။
(၁) ဗိုးကိုက်ပန်းတွေ

BURMESE CLASSIC .com

# မာတိကာ

| | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | * ရင်တွင်းစကား | ၁ |
| အခန်း | ၁ | ရောဂါသည် ညီအစ်မသုံးဖော် | ၁၇ |
| အခန်း | ၂ | ငွေခြည်ရောင် အနားသတ်ထားသော တိမ်မည်းညို | ၃၅ |
| အခန်း | ၃ | မသေပိုး | ၄၅ |
| အခန်း | ၄ | ကိုတာ၊ ရှင်ယောကျ်ားမဟုတ်ဘူးလား | ၆၅ |
| အခန်း | ၅ | ဝမ်းနည်းဝမ်းသာ | ၈၅ |
| အခန်း | ၆ | ဘဝပေးအလုပ်နှင့် ဘကြီးကျောင်းပေါင် | ၉၃ |
| အခန်း | ၇ | အောင်ဇမ္ဗူဦးသောင်း | ၁၀၃ |
| အခန်း | ၈ | မမြင့်ကြည်အလှကို စာဖွဲ့ခဲ့သူ လူတစ်ယောက်အကြောင်း | ၁၁၅ |
| အခန်း | ၉ | လည်စရာအိမ်တွေ တိုးခဲ့ပြီ | ၁၂၅ |
| အခန်း | ၁၀ | ပန်းပျိုးသူ | ၁၃၉ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| **အခန်း ၁၁** | အမေ့မေတ္တာရေသိတာ | ၁၄၇ |
| **အခန်း ၁၂** | ကြည်နူးဝမ်းသာစရာဖြစ်ရပ် | ၁၅၉ |
| **အခန်း ၁၃** | မငိုသည့်မျက်ဝန်း | ၁၇၁ |
| **အခန်း ၁၄** | သည်သောင်ယံက မခွာရက်နိုင်ပြီ | ၁၈၅ |
| **အခန်း ၁၅** | ပြဟ္မစိုရ်တံတား | ၁၉၉ |
| **အခန်း ၁၆** | ကိုကျော်ခိုင်ဆန္ဒပြည့်ဝပြီ | ၂၀၉ |
| **အခန်း ၁၇** | မျက်နှာရှိပါလျက် မရယ်ရသူ | ၂၁၇ |
| **အခန်း ၁၈** | မှန်မှန်းသူ ဒေါ်အေးတင် | ၂၂၁ |
| **အခန်း ၁၉** | ခွက်ကွင်းသချိုင်း | ၂၂၇ |
| **အခန်း ၂၀** | အကြင်နာတရားတွေက ပိုပါသည် | ၂၃၃ |
| **အခန်း ၂၁** | ကျိုက္ကသာမှ ဒေါ်စိန်မြင့် | ၂၃၉ |
| **အခန်း ၂၂** | မရမ်းချောင်း၏ အသည်းနှလုံး | ၂၄၅ |
| **အခန်း ၂၃** | ဂါရဝပါအမေ | ၂၆၁ |
| **အခန်း ၂၄** | ချစ်ရသူရယ် | ၂၈၇ |

BURMESE CLASSIC .com

# ရင်တွင်းစကား

www.burmeseclassic.com

www.burmeseclassic.com



## ဘဝဆိုးကြီး

သေပြီးတဲ့လူဟာ လူဝင်စားပြန်ဖြစ်ရင်
တစ်မန် လူပြန်ဖြစ်လို့ ရသေးတယ်။
အနှံ့ဟာ
တစ်ခါနှံ့ပြီးရင်
နောက်တစ်ခါ လူတောထဲတိုးလို့ မရတော့ဘူး။
လူ ပြန်မဖြစ်တော့ဘူး။
ရောဂါတွေ လုံးဝပျောက်ကင်းပြီး
အနာကြီးရောဂါပိုး လုံးဝ ကင်းစင်သွားသည့်တိုင်
အနှံ့ဘဝက
လွတ်ငြိမ်းချမ်းသာခွင့် မရရှာပါဘူး။
သေဒဏ်ကျခံနေရတဲ့ သူတွေ
လွတ်ငြိမ်းချမ်းသာခွင့်နဲ့ တွေ့ရင်
မသေတော့ဘူး၊ လွတ်ခွင့်ရှိတယ်။
အနှံ့က တစ်ခါ နှံ့ပြီးရင်
တစ်သက်လုံး အနှံ့ဖြစ်ရတဲ့ ဘဝဆိုးကြီးပါ။

ဦးမောင်မောင်
နံ့သာမြိုင် အနာကြီးရောဂါစခန်း





## မဖြစ်လိုသောအရာ

ကျွန်တော်ဟာ အသက် ၈၅ နှစ်တိုင်
ဒီရောဂါကြောင့်
လူတောမတိုး လူရာမဝင် လူစလူညှန့်တုံး
လူဝင်မဆံ့တော့ဘဲ
မည်ကာမတ္တ လူသားဘဝကို
ရောက်သွားပြီး လူဖြစ်ကျိုး လုံးလုံးကြီးရှုံးရတဲ့သူပါ။
ဒီဝေဒနာ ခံစားကြရသူတွေဟာ
ကိုယ်စိတ်နှလုံး သုံးပါးစလုံး
ထာဝစဉ်
နိမ့်ကျ ခံစားနေကြရပါတယ်။
ကျွန်တော်တို့ ဘုရားရှိခိုးတဲ့အခါ
တစ်ဆုတည်းကိုသာ ဆုတောင်းလေ့ ရှိပါတယ်။
အဲဒါကတော့
နောင်ဘဝ အဆက်ဆက်
လူရယ်လို့ ဖြစ်လာရင်
"နှံ့သောလူ မဖြစ်ရပါလို၏ ဘုရား"
ဆိုတဲ့ ဆုပါပဲ။

ဘကြီးမြိုင်
နံ့သာမြိုင် အနာကြီးရောဂါသည်စခန်း



www.burmeseclassic.com

www.burmeseclassic.com



## နူတယ်ဆိုတာ

"နူ"တယ်ဆိုတာကို
ကျွန်တော်တို့ ဘယ်လောက်ကြောက်
ဘယ်လောက်လန့်ကြသလဲဆိုရင်
တစ်ခါတလေ စာပေလေ့လာဖတ်ကြားရင်း
နငယ်ရေ တစ်ချောင်းငင် (နု) တို့
နငယ်ရေ နှစ်ချောင်းငင် (နူ)တို့ဆိုတဲ့
စကားလုံးတွေကို စာအုပ်ထဲမှာ တွေ့ရင်
ကျွန်တော်တို့ဟာ
ကြောက်ကြောက်ရွံ့ရွံ့နဲ့
လက်ညှိုးလေးကို တံတွေးနဲ့တို့ပြီး
တိတ်တိတ်လေး လူမသိအောင် ဖျက်ပစ်လေ့ ရှိပါတယ်။
အဲဒီအထိ
ကျွန်တော်တို့က (နူ)တာကို ကြောက်တာပါ။

ဘကြီးကျောင်းပေါင် (နံ့သာမြိုင်)





## ဘဝကိုအရှုံးမပေး

ကျွန်တော်တို့မှာ
လက္ခဏာ ကြည့်ရအောင် 'လက်'မရှိဘူး။
တချို့ လက်ရှိပေမယ့်
လက္ခဏာ အရေးအစင်းတွေ မရှိဘူး။
ဗေဒင် မေးရအောင် မွေးသက္ကရာဇ် မသိဘူး။
ကျွန်တော်တို့ ဘဝက
လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး
ဆုတောင်းလို့ မရတဲ့ ဘဝဆိုးကြီးပါ။
ဒါပေမယ့်
ကျွန်တော်တို့ ဘဝကို အရှုံးမပေးဘူး။
ကျွန်တော့်တို့က
ဗေဒင် မမေး၊ လက္ခဏာ မကြည့်၊ ယတြာမချေဘဲ
ဘဝကို စိန်ခေါ်ပြီး
တိုက်ပွဲ ဝင်နေတဲ့ သူတွေပါ။

ဦးသောင်း (နံ့သာမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

## အနာကြီးရောဂါ တကယ်ကင်းဝေးမယ့်နေ့

ဒီရောဂါ ခံစားရတာဟာ အမြဲသိမ်ငယ်နေရတဲ့ဘဝ၊ သိမ်ငယ်မှုကို ရောဂါသည်တွေဟာ ရာစုနှစ်ပေါင်းများစွာ ခံခဲ့ရတာပါ။ လူတွေက ကျွန်တော်တို့ကို အနူလို့ပြောရင် ကျွန်တော်တို့ နားထဲမှာ နာကျင်ခံစားရပါတယ်။ ဒီအသံဟာ အသည်းထဲ၊ နှလုံးထဲ မရောက်ခင် နားထဲမှာ စကြားကြားချင်းပဲ နာကျင်စွာခံစားရပါတယ်၊ မြန်မာနိုင်ငံမှာ ၂၀၀၃ ခုနှစ်ကတည်းက အနာကြီးရောဂါ ကင်းဝေးပြီလို့ ကြေငြာခဲ့ပြီး ဖြစ်ပါတယ်။ ဒါက ဆေးပညာအမြင်နဲ့ ကင်းဝေးမယ့်အချိန်ပါဆရာ၊ ဒါက စီမံကိန်း စီမံချက်အရ ကင်းဝေးမယ့်အချိန်ပါ၊ ဒါပေမယ့် တကယ်တမ်းအနာကြီးရောဂါပျောက်ကင်းမယ့်နေ့ဆိုတာဟာ လူတွေက အနာကြီးရောဂါကို နှာစေး ချောင်းဆိုးရောဂါ၊ တီဘီ၊ ငှက်ဖျားစတဲ့ ရောဂါတွေလို သဘောထားလာတဲ့နေ့မှ ကင်းဝေးတယ်လို့ တရားဝင် ကြေညာလို့ရမှာပါ။





တီဘီရောဂါဟာ သေလောက်တဲ့ ရောဂါပါ၊ တီဘီရောဂါကို ကုသလို့ပျောက်ပြီး ရောဂါပိုးမရှိရင် သူက လူကောင်းပဲ၊ သူက လူတောထဲ တိုးလို့ရတယ်။ ဟော အနာကြီး ရောဂါကျတော့ ဒီလို မဟုတ်ပါဘူး၊ ရောဂါပိုးရှိရှိ မရှိရှိ၊ ရောဂါပိုး ကင်းကင်း မကင်းကင်း အနာကြီး တစ်ခါဖြစ်ဖူးရင် တစ်သက်လုံး အနူလို့အခေါ်ခံနေရတာပါ။

ဦးဝင်းမောင်(နံ့သာမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ချင်းစာ၍မရသော ရောဂါ

အနာကြီးရောဂါအကြောင်းကို လူတွေက သဘောပေါက်နိုင်ပါတယ်၊ စာနာမှုလဲ ထားရှိနိုင်ပါတယ်၊ ဒါပေမယ့် အနာကြီးရောဂါဟာ ကိုယ်ချင်းစာလို့ရတဲ့ရောဂါတော့ မဟုတ်ပါဘူး၊ ကိုယ်တိုင်ရောဂါသည် မဖြစ်ဘဲ၊ ကိုယ်တိုင် မနေဘဲ ရောဂါသည်တစ်ယောက်ရဲ့ ဘဝကို ဘယ်လိုမှ မခံစားနိုင်ပါဘူး၊ အနာကြီးရောဂါကုတဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို သူတော်စင်တွေလို့တောင် တင်စားရမယ့်သူတွေ ဖြစ်ပါတယ်။ သူတို့ဟာ တကယ်ပဲ ကျွန်တော်တို့အပေါ် ကြင်နာသနားတဲ့ စိတ်နဲ့ အနစ်နာခံကြတဲ့သူတွေ၊ မေတ္တာတရားနဲ့ ကြင်နာတတ်ကြတဲ့ သူတွေပါ ဆရာဝန်အချင်းချင်းတောင် အနူဆရာဝန်ဆိုရင် အခြားဆရာဝန်တွေက အတူယှဉ်ပြီး မထိုင်လိုကြပါဘူး၊ တစ်ခုံကျော်လောက်မှာမှ ထိုင်တတ်ကြပါတယ်၊ ကျွန်တော်တို့ကို ကုသတဲ့ ဆရာဝန်တောင် ဒီလောက်အပယ်ခံရရင် ကျွန်တော်တို့က ဘယ်လောက်အပယ်ခံရမယ်ဆိုတာ မျှဝေသိနိုင်ကြမှာပါ၊





အဲဒီလို စိတ်စေတနာထားတတ်တဲ့ အနာကြီးရောဂါကုဆရာဝန်ဟာ အနာကြီး ရောဂါကုသတဲ့ဆေးအကြောင်း သူတို့က ကျွန်တော်တို့ထက် ပိုသိ ပိုနားလည်ပါတယ်ဆရာ၊ ဒါကြောင့် အနာကြီးရောဂါပျောက်ဆေးကို အနာကြီးရောဂါကုသတဲ့ ဆရာဝန်တွေနဲ့ သုတေသနပညာရှင်တွေက ရှာဖွေထုတ်ဖော်နေ ကြတာပါဆရာ၊ အနာကြီးရောဂါပျောက်ဆေးကို အနာကြီးရောဂါ သည်တွေက မဖော်ထုတ်ပါဘူး၊ ဒါပေမယ့် အနာကြီးရောဂါကု ဆရာ ဝန်ကြီးတွေဟာ အနာကြီးရောဂါအကြောင်းကို သူတို့က ကျွန်တော်တို့ထက် ပိုသိချင်သိမယ်၊ ဒါပေမယ့် ရောဂါသည်ရဲ့ဘဝကိုတော့ သူတို့ဟာ ကျွန်တော်တို့လောက် ရာခိုင်နှုန်းပြည့်ဘယ်တော့မှ နားမလည်နိုင်ပါဘူး မခံစားနိုင်ကြပါဘူး၊ ကိုယ်ချင်းမစာနာနိုင်ပါဘူး **အနာကြီး ရောဂါဟာ ကိုယ်ချင်းစာလို့ရတဲ့ရောဂါ** မဟုတ်ပါဘူးဆရာ”

ဦးအုန်းမောင်(နံ့သာမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

## အနာကြီးရောဂါ နောက်ဆုံးပိတ်လူသားများ

ကျွန်တော်တို့ဟာ လူ့သမိုင်းမှာ အနာကြီးရောဂါသည် နောက်ဆုံးပိတ် လူသားတွေပါ၊ ကျွန်တော်တို့မသေခင် ကျွန်တော်တို့ကို နားလည်ပေးကြပါလို့ ကျွန်တော်တို့က တောင်းဆိုချင်တာပါ၊ တကယ်တော့ ကျွန်တော်တို့ကို အများစုက နားမလည်ကြပါဘူး၊ ကျွန်တော်တို့ရဲ့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ၊ နိမ့်ပါးလွန်းရှာတဲ့ ကျွန်တော်တို့ဘဝ၊ အမြဲတမ်း အစွန့်အပယ်ခံဘဝနဲ့ ပြောင်းထဲကမတက်နိုင်တဲ့ ကျွန်တော်တို့ရဲ့ အနေအထား။ ဆာလောင် မွတ်သိပ်နေတဲ့ ကျွန်တော်တို့ရဲ့ဝမ်းဗိုက်၊ အကူအညီကို မျှော်လင့်နေတဲ့ ကျွန်တော်တို့ရဲ့မျက်လုံးတွေ၊ ကျွန်တော်တို့ သေဆုံးရင် ဒီကမ္ဘာမှာ အနူဆိုတာ မူးလို့ရှာရင် အမူးပျောက်မယ်ဆိုရင်တောင် ရှာစရာမရှိတော့ဘဲ အနူကင်းရှင်းတဲ့ ကမ္ဘာအဖြစ် မကြာခင် ဖြစ်နိုင်တော့မယ့် အခုလိုအချိန်မျိုးမှာ ကျွန်တော်တို့ဘဝကို နားလည်





ပေးကြပါလို့ အသနားခံချင်တာ၊ ကျွန်တော်တို့ ကွယ်လွန်ပြီးရင်တော့ အနာကြီးရောဂါ ပြန်လည် ထူထောင်ရေးဆိုတာလဲ မလိုအပ်တော့ပါဘူး၊ ဘကြီးမြိုင်ဟာ အသက် ၈၅ နှစ်ရှိပါပြီ၊ ဘကြီးမြိုင်ဟာ နေဝင်ချိန် ရောက်နေပါပြီ၊ နေဝင်ပြီးမှ ရွှေချတဲ့အခေါင်းနဲ့ အသုဘပို့တာမျိုး မလိုအပ်ပါဘူးလို့ ပြောချင်တာပါပဲ၊ အနာကြီးရောဂါ ပြန်လည်ထူထောင်ရေးကို ကျွန်တော်တို့ မသေခင်ဆောင်ရွက်ပေးပါမှ သဘာဝကျမှာ ဖြစ်ပါတယ်။

ဦးစိုးမြင့်(နံ့သာမြိုင်)



www.burmeseclassic.com

www.burmeseclassic.com

# အနာကြီးရောဂါ ကင်းစင်သောနေရာ

မြန်မာနိုင်ငံမှာ အနာကြီးရောဂါပိုး လုံးဝကင်းစင်တဲ့နေရာအဖြစ်ကြေညာမယ်ဆိုရင် နံ့သာမြိုင်စခန်းကို စိတ်ချလက်ချ ယုံကြည်စွာ ကြေညာလို့ရပါတယ်၊ ဘာပြုလို့လဲဆိုတော့ ကျွန်တော်တို့က MDT ဆေးပေါင်း စားထားပြီးတဲ့ လူတွေလေ၊ ကျွန်တော်တို့က ကမ္ဘာပေါ်မှာ အနာကြီးရောဂါကင်းစင်တဲ့ ဒေသအဖြစ် နံ့သာမြိုင်ကို ကြေညာဝံ့တဲ့ အချိန်မှာ ဘယ်နေရာ၊ ဘယ်မြို့၊ ဘယ်ရွာက ကျွန်တော်တို့လိုရဲရဲဝံ့ဝံ့ ကြေညာလို့ရသလဲ။ မကြေညာနိုင်ကြသေးပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ တခြားလူစုလူဝေးနဲ့ နေတဲ့နေရာမှာ အနာကြီးရောဂါသည်ဆိုတာ ရှိနိုင်သေးတယ်၊ အဲဒီရှိတဲ့ လူနာတွေဟာ ဆေးပေါင်း မစားရသေးဘူး၊ နံ့သာမြိုင်မရမ်းချောင်းစခန်းနဲ့တောင်ဝိုင်း အနာကြီး ရောဂါစခန်းလို နေရာမျိုးကလွဲရင် အခြားဘယ်နေရာမှာမဆို အနာကြီးရောဂါကူးစက်မှုဆိုတာ ရှိနိုင်သေးတယ်၊ အနာကြီးရောဂါ ကူးစက်မှုဆိုတာ နံ့သာမြိုင်မှာ၊ မရမ်းချောင်းမှာ၊ တောင်ဝိုင်းမှာ





မရှိတော့ပါဘူး၊ နံ့သာမြိုင်မှာရှိတဲ့ လူ ၆၁၃ ဦးက ရောဂါပျောက်ကင်းနေကြပါပြီ၊ ပိုးမရှိတော့ပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့မှာ အနာကြီးရောဂါပိုး မရှိတော့ပေမယ့် ရောဂါရှိစဉ် ကျွန်တော်တို့ကို နှိပ်စက်ထားတဲ့ ဒုက္ခရာဒဏ်ချက်တွေ ကျန်ရှိနေတော့ ကျွန်တော်တို့ကို အများက ရောဂါသည်လို့ပဲ သတ်မှတ်ထားဆဲဖြစ်နေပါတယ်။

ဒီတော့ အဲဒီ ၆၁၃ ဦးဟာလဲ ရောဂါမရှိပေမယ့် ရောဂါသည်ဘဝနဲ့ပဲ ဆက်နေကြရပါသေးတယ်၊ လူတွေက ကျွန်တော်တို့ကို ရောဂါသည်အဖြစ်နဲ့ပဲ ဆက်မြင်နေကြသေးတယ်၊ ရောဂါသည်အဖြစ်နဲ့ပဲ ဆက်ဆံနေကြသေးတယ်၊ အနူလို့ပဲ ဆက်ခေါ်နေကြသေးတယ်။ သတ်မှတ်ထားကြသေးတယ်။

တက္ကသိုလ်မှာ စာတမ်းပြုစုနေတဲ့ တက္ကသိုလ်ကျောင်းသူလေး တစ်ဦးရှိတယ် ဆိုကြပါစို့၊ အဲဒီတက္ကသိုလ်ကျောင်းသူမှာ အနာကြီးရောဂါပိုးရှိနေတယ်၊ အကွက်ကလေးပဲ ပေါ်သေးတယ်၊ အကွက်ပေါ်နေတာကိုလဲ ကာယကံရှင် ကိုယ်တိုင်က မသိသေးဘူး၊ ဘယ်သူမှလဲ မသိသေးဘူး၊ ဒီလိုဆိုရင် ရောဂါပျောက်ပြီး ကိုယ်အင်္ဂါ ချို့တဲ့နေတဲ့ ၆၁၃ ဦးက အနူလား၊ အဲဒီ တက္ကသိုလ်ကျောင်းသူက အနူလား၊ ဘယ်သူ့ကို အနူလို့ခေါ်မလဲ၊ ဆေးပညာအတွေးအခေါ် အရတော့ အဲဒီတက္ကသိုလ်ကျောင်းသူလေးက အနူပဲ၊ ကျွန်တော်တို့ ၆၁၃ ဦးက ရောဂါပျောက်ကင်းပြီးတဲ့ သူတွေလေ၊ အနူ မဟုတ်တော့ဘူး၊ ၆၁၃ ဦးနဲ့ အတူပဲအိပ်အိပ်၊ အတူပဲနေနေ အနာကြီးရောဂါ မကူးနိုင်တော့ဘူး၊ ဒါပေမယ့် ခုန တက္ကသိုလ်ကျောင်းသူလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတူ စားကြည့်ပါလား၊ ရောဂါကူးနိုင်တယ်၊ သူနဲ့ ထိတွေ့ဆက်ဆံနေသူ တွေဟာ အဆင်မသင့်ရင် ရောဂါကူးခံရမယ်၊ ဒါက လက်တွေ့ ဖြစ်ရပ်၊ ဒါပေမယ့် ဘဝမှာက အလှမယ်ဘွဲ့ ရသူတွေနဲ့ တက္ကသိုလ် ကျောင်းသူလေးက လူကောင်းဖြစ်ပြီး ကျွန်တော်တို့ ၆၁၃ ဦးက အနူ ဆက်ဖြစ်နေတယ်ဆရာ၊ ဒါက တရားလား၊ လောကနိယာမတရားက ကျွန်တော် တင်ပြပါမယ်၊ ကျောက်ပေါက်မာနဲ့လူကို ကျောက်ရောဂါ သည်လို့ခေါ်လား၊ သူ့မျက်နှာမှာ ကျောက်ပေါက်မာတွေနဲ့၊ ကျွန်တော်တို့လည်း သူ့လိုပဲ ရောဂါမရှိတော့ဘူး၊ ရောဂါရဲ့ ဒဏ်ရာဒဏ်ချက်ပဲရှိနေတယ်၊ ဒါပေမယ့် ကျောက် ပေါက်မာနဲ့ လူကို ကျောက်ရောဂါသည်လို့ မခေါ်တော့ဘဲ ကျွန်တော်တို့ကတော့ သူ့လိုပဲ ရောဂါမရှိတော့ပေမယ့် အနူလို့ အခေါ်ခံနေရပါတယ်။

ဦးမောင်မောင်(နံ့သာမြိုင်)



## အားငယ်ရတဲ့ဘဝ

လူ့ဘဝကို စိတ်အားငယ်ကြတဲ့အထဲမှာ ဒီရောဂါဖြစ်လို့ စိတ်အားငယ်ရတာလောက် ညှိုးချုံးရတာ၊ စိတ်ကျရတာ တခြားမှာ မရှိပါဘူး၊ ရောဂါသည်ဟာ အလှူအတန်း ပွဲလမ်းသဘင်သွားလို့ မရပါဘူး၊ မဏ္ဍပ်ကြီးထိုးပြီး အရပ်လေးမျက်နှာကလာသမျှ ပုဂ္ဂိုလ်တွေကို အယုတ်အလတ်မရွေး စတုဒိသာ ကျွေးမယ်ဆိုတဲ့ မဏ္ဍပ်ထဲ ဝင်မသွားလေနဲ့။ ကျွန်တော်တို့ ဝင်သွားရင် မဏ္ဍပ်ထဲက လူတွေ အားလုံးနဲ့ အလှူရှင်ပါ အနူတွေလာတယ်ဆိုပြီး ကမန်းကတန်း ထွက်ပြေးကုန်လိမ့်မယ်။

ဦးအောင်သန်း(နံ့သာမြိုင်)



www.burmeseclassic.com

www.burmeseclassic.com



ရောဂါသည် ညီအစ်မသုံးဦးထဲမှ ဒေါ်သိန်းတူး

အခန်း (၁)

## ရောဂါသည် ညီအစ်မသုံးဖော်

ဒေါ်သိန်းတူးသည် မုံရွာမြို့နယ်အတွင်း ရွာတစ်ရွာမှဖြစ်သည်။ ဒေါ်သိန်းတူး၏ ငယ်စဉ်ဘဝက မိဘ ညီအစ်ကို မောင်နှမများနှင့် ပျော်ရွှင်ဖွယ်ရာဖြစ်၏။ တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေ သွန်းပွဲ၊ ဝါဆိုလတွင် ဝါဆိုဝါကပ်ပွဲများရှိ၍ ထိုပွဲများတွင် ပျော်ရွှင်စွာ ဝင်ရောက်ပါဝင်သည်။ သူတို့ သူငယ်ချင်းများထဲတွင် ဒေါ်သိန်းတူးက လည်လည်ဝယ်ဝယ် အရှိဆုံးဟုဆို၏။ ဘုရားကျောင်း ကန်များသို့သွားသောအခါတွင်လည်း သူငယ်ချင်းများကို ဒေါ်သိန်းတူးကသာ ဦးဆောင် သွားတတ်၏။

မသိန်းတူး၏မိခင်က ဝက်သားရောင်း၏။ ဒေါ်သိန်းတူး အသက်ကလေး တော်တော်ရလာတော့ အမေကိုဝိုင်းကူရင်း သူလည်း ဝက်သားဗန်း ခေါင်းပေါ်တင်ကာ ဈေးရောင်းသည်။ ဒေါ်သိန်းတူးက



www.burmeseclassic.com

www.burmeseclassic.com



သူ့ငယ်စဉ်ဘဝ၌ ကျန်းမာရေးလည်း ကောင်းသည်။ လစဉ်လည်း ထဘီ မှန်မှန်လျှော်ရသည်။ ထဘီ မလျှော်ရသောလဟူ၍ မရှိ။ တစ်ကြိမ်တွင်တော့ ဒေါ်သိန်းတူး ထဘီမလျှော်ရဘဲ နှစ်လသုံးလ ခန့်နေရ၏။ ထိုသို့ ထဘီ မလျှော်ရသည်မှစ၍ ဒေါ်သိန်းတူး၏ မျက်နှာနှင့် လည်ပင်းတို့တွင် အကွက်များ ပေါ်လာ၏။ ထဘီ လျှော်ရသည်ဆိုခြင်းမှာ ဓမ္မတာလာခြင်းကို ဆိုလိုခြင်းဖြစ်၍ ထဘီ မလျှော်ရသောလ ဆိုသည်မှာ ဓမ္မတာမီးယပ် ထိန်ခြင်းဖြစ်သည်။

ပထမတော့ ထိုအကွက်များကို သူမကပွေးကွက်ညှင်းကွက်ဟု သဘောထားကာ သနပ်ခါးနှင့်အုပ်၍ ဈေးရောင်းနေရာမှ အကွက်တွေက တစ်ကွက်မှ နှစ်ကွက်ဖြစ်လာ၏။ ထို့ကြောင့် ဆေးဆရာ မျိုးစုံနှင့် ပြသည်။ သို့သော် မပျောက်ဘဲရှိ၏။ တစ်နေ့တွင်တော့ နတ်ဆရာတစ်ယောက်နှင့်ပြသရာ နတ်ဆရာက ဒေါ်သိန်းတူး၏ အကွက်များကိုကြည့်၍ "အခုဖြစ်တာကတော့ နတ်ပြုစားတာပဲ၊ အလုပ်အကိုင်က ဘာလုပ်စားလဲ"ဟု မေးပါ၏။

"ကျွန်မက ဝက်သားရောင်းပါတယ်"

"အဲဒီဝက်သားရောင်းလို့ နတ်မကြိုက်တာ၊ ဒီအသားကို ခေါင်းပေါ်တင်ပြီးရောင်းဖို့မပြောနဲ့၊ ဒီအသားရဲ့အမည်ကိုတောင် ပါးစပ်ကနေ မပြောပါနဲ့၊ မလွှဲသာမရှောင်သာ ပြောရရင်လဲ ဟိုအသားလို့ပဲပြောပါ၊ ဒါကတော့ နတ်မကြိုက်တာလုပ်မိတဲ့အတွက် နတ်ကို ကန်တော့ပွဲ ပေး၍ တောင်းပန်ရမည်" ဆို၏။ ထို့ကြောင့် မုန့်ဖြူ မုန့်နီများနှင့် ကန်တော့ပွဲ ပေး၍ နတ်ကိုကန်တော့ရသည်။ မိမိမိုက်မှား မိခဲ့သည်ကို





ခွင့်လွှတ်ပါ၊ နောင် အရှင်မကြိုက်သောအသားကို မရောင်းပါဟု တောင်းပန်ရသည်။ နတ်ကို တောင်းပန်ပြီးသောအခါ ဒေါ်သိန်းတူးက သူ့တွင်ရှိသော အဖြူအနီကွက်များ ပျောက်ကွယ်သွားမည်ဟု ယုံကြည်၏။ ဝက်သားရောင်းတာကို နတ်မကြိုက်၍ ဖြစ်တာဆိုသောကြောင့် ဝက်သားမရောင်းတော့ဘဲ အမဲသားပြောင်း၍ ရောင်း၏။ သို့သော်အကွက်များက မပျောက်ဘဲရှိ၏။

ဒေါ်သိန်းတူးတို့ အိမ်ရှေ့တွင် ဧရာမမန်ကျည်းပင်ကြီးရှိ၏။ ထိုမန်ကျည်းပင်ကြီးအောက်တွင် ဒေါ်သိန်းတူးတို့ငယ်စဉ်က ကစားနေကြဖြစ်၏။ တစ်နေ့တွင်တော့ ရွာထဲမှ အဒေါ်တစ်ယောက်က ရောက်လာပြီး "ညည်းတို့ အိမ်ရှေ့က မန်ကျည်းပင်ကြီးက နတ်ကြီးတယ်၊ အခုရောဂါက မန်ကျည်းပင် နတ် ပြုစားတာ၊ ညည်းတို့ မိဘများရှိတုန်းက မန်ကျည်းပင်စောင့်နတ်ကို ကန်တော့တယ်၊ အခုညည်းတို့ လက်ထက်မှာ မန်ကျည်းစောင့်နတ်ကို ကန်တော့တာ မတွေ့တော့ဘူး၊ ဒါကြောင့် မန်ကျည်းစောင့်နတ်ကို ပူဇော်ပသဦး" ဟုဆိုသောကြောင့် ဒေါ်သိန်းတူးသည် မုန့်ဖြူ မုန့်နီ၊ ငှက်ပျောသီးမှည့်၊ ထန်းလျက် အုန်းသီးအဆန်တို့ဖြင့်ပူဇော်ကန်တော့၏။ သို့သော် မန်ကျည်းပင်စောင့်နတ်က စိတ်မပြေ၍လားမသိ၊ ရောဂါက မပျောက်ရုံသာမက တိုး၍တိုး၍ လာသည်။ ရောဂါက တဖြည်းဖြည်းချင်း ဆိုးလာကာ လုပ်ကိုင်စားသောက်၍ ဘယ်လိုနည်းနှင့်မှ မရနိုင်သည့် အဆုံးဈေးနား ကားဂိတ်နားတွင် တောင်းရမ်းစားသောက်ရာမှ မုံရွာမြို့ပေါ်သို့ ရောက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မုံရွာတွင် သူ့လိုရောဂါသည် တောင်းစားသူတစ်ဦးနှင့် တွေ့ရာ မုံရွာတွင် အနာကြီးရောဂါသည်များ စုဝေးနေထိုင်သည့် အိုးတစ်လုံးဆိုသောအရပ် ရှိသည်။ ထိုအရပ်တွင် ရောဂါသည်များ နေထိုင်၍ရသည်ဆိုသောကြောင့် ဒေါ်သိန်းတူးသည် အိုးတစ်လုံးသို့ ရောက်လာခဲ့၏။ တစ်နေ့တွင် မန္တလေးမှ ရောက်လာသော ဝေဒနာ ရှင်တစ်ဦးက မန္တလေးတွင် အနာကြီးရောဂါကု ဆေးရုံရှိသည်။ ထိုဆေးရုံက အနာကြီးရောဂါသည်များအား လက်ခံကုသပေးသည် ဆိုသောကြောင့် ဒေါ်သိန်းတူးသည် မုံရွာမှတစ်ဆင့် မန္တလေး၊ ထိုမှ မန္တလေး အနာကြီးရောဂါ အထူးကုဆေးရုံသို့ ရောက်ရှိခဲ့၏။ ဒေါ်သိန်းတူး မန္တလေး အနာကြီးအထူးကုဆေးရုံ၌ တက်ရောက်လာသောအခါ ရောဂါအတော်အတန်ပျောက်ကင်းခဲ့၏။ ထိုစဉ်က အမ်ဒီတီ ဆေးဝါး မပေါ်သေးသောကြောင့် ရောဂါအလျဉ်း ပျောက်ကင်းခြင်းကား မရှိ၊ ဒေါ်သိန်းတူးသည် မန္တလေးအနာကြီးရောဂါ အထူးကုဆေးရုံတွင် ဒေါ်တင်မြနှင့် မိတ်ဆွေဖြစ်ခဲ့၏။

*

ဒေါ်တင်မြသည် မိတ္ထီလာ မြို့တစ်မြို့မှဖြစ်၏။ မိဘများက ဗုဒ္ဓဘာသာဝင်များ ပီပီ ဒေါ်တင်မြသည်လည်း ဘုရားသွားကျောင်းတက်ရင်း ဗုဒ္ဓဘာသာမိသားစုအတွင်းကြီးပြင်းလာခဲ့၏။ အသက်လေး အရွယ်အတန်ရတော့ ဦးသိန်းထွန်းနှင့် အကြောင်းပါကာ သားလေး မောင်ဖြိုးဝေကို ဖွားမြင်၏။ မောင်ဖြိုးဝေ ဆယ်နှစ်သားသို့ အရောက်တွင် အခြားရွာတစ်ရွာသို့သွားရာ လမ်းတွင် ကန္တာရပင်မှ ကန္တာရဆူး





စူးမိရာမှ ရောဂါရရှိလာသည်။ ရရှိလာသော ရောဂါကို သားလေး တစ်ဖက်နှင့်ကုသရင်း တစ်နေ့တွင်တော့ ခင်ပွန်း ဖြစ်သူက “မတင်မြ မင်းအခုရနေတဲ့ ရောဂါက တို့ရွာက ဦးအောင်ထူးမှာရှိတဲ့ အနာကြီး ရောဂါမျိုးဖြစ်နေတာ၊ ကန္တာရစူးလိုဖြစ်တဲ့ ရောဂါမဟုတ်ဘူး၊ အခုလို ဆေးမြီးတိုတွေနဲ့ ကုသနေလို့လဲမရဘူး၊ မန္တလေးမှာ အနာကြီးရောဂါ အထူးကုဆေးရုံရှိတယ်၊ အဲဒီမှာတက်ပြီး သွားကုမှဖြစ်မယ် ”ဟု တိုက်တွန်း၏။

“ဆေးရုံတက်ပြီး ကုသတာကတော့ ဟုတ်ပါရဲ့၊ ကျွန်မသား လေးကို ကျွန်မ မခွဲနိုင်ဘူး”ဟု ဒေါ်တင်မြက ငြင်းသည်။

“မင်းသားကို ချစ်ရင် မင်း ဒီရောဂါကို အမြစ်ပြတ်အောင် ကုဖို့ လိုတယ်၊ သားက အရွယ်ရောက်လာပြီး အခု ကျောင်းလည်း တက်နေပြီ၊ မင်းရောဂါကြီးနဲ့ဆိုရင် သားကျောင်းမှာ မျက်နှာငယ် လိမ့်မယ်၊ အနူသား အနူသမီးဆိုရင် ကျောင်းတွေက လက်မခံရင် ခက်မယ်”ဟု ဦးသိန်းထွန်းက အကြောင်းပြ၏။

ထိုအခါ ဒေါ်တင်မြက ကျိတ်၍ ငိုနေခဲ့ပြီး နောက်ဆုံးတွင် သူ့သားလေးအတွက် သူ့ရောဂါကို မန္တလေးမြို့ရှိ ဆေးရုံတွင် တက်ရောက်ကုသရန် သဘောတူခဲ့၏။ ဒေါ်တင်မြ မိမိနေရပ်မှ မန္တလေးသို့ထွက်လာတော့ သားလေးမှာ ၁၆ နှစ်သားပင် ရှိနေပြီ ဖြစ်၏။ သားလေးအား “အမေ မန္တလေးမှာ ဆေးသွားကုဦးမယ်၊ သားပညာကို ကြိုးစားပြီး သင်ပါ”ဟုဆိုကာ မန္တလေးကိုထွက်လာတော့ ခင်ပွန်းဖြစ်သူက လိုက်ပို့သည်။ ဒေါ်တင်မြ က မျက်ရည်လည်ရွဲဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူနှင့်အတူ မွေးရပ်မြေကိုစွန့်ခွာ၍လာခဲ့ရပြီ။

"မတင်မြရား၊ သိပ်လဲ ဝမ်းနည်းမနေနဲ့၊ မင်းသားကို ချစ်ရင် မင်းရောဂါကို ပျောက်အောင်ကု၊ မင်းရောဂါပျောက်ရင် မင်းသားလေးနဲ့ မင်း အသက်ဆက်ဆုံး အတူနေရမှာ၊ ငါလဲ အမြဲ မင်းဆီလာနေမှာပဲ၊ ဘာမှ အားမငယ်နဲ့၊ အရေးကြီးတာက မင်းရောဂါပျောက်ဖို့ပဲ"ဟု ခင်ပွန်းဖြစ်သူကအားပေး၏။ ခင်ပွန်းဖြစ်သူပြောသည့် စကားသည် မှန်သည်။ ဒေါ်တင်မြသည် မန္တလေးသို့ရောက်သောအခါ အနာကြီးဆေးရုံက အတွင်းလူနာအဖြစ် လက်ခံကုပေး၏။ ခင်ပွန်းဖြစ်သူ ဦးသိန်းထွန်းသည် သူဆေးရုံသို့ရောက်ရှိပြီး သုံးလအကြာတွင် တစ်ခေါက်လာ၏။ ဒေသထွက်စားစရာများနှင့် သီးနှံပေါ် ချိန်မို့ ပဲမျိုးစုံလည်းပါသည်။ ဦးသိန်းထွန်းသည် တစ်ပတ်လောက် မန္တလေးတွင်နေပြီး ပြန်သွား၏။ ပထမနှစ်တွင် ဦးသိန်းထွန်း ဆေးရုံသို့ မှန်မှန်ရောက်ခဲ့သော်လည်း နောက်ပိုင်းတွင် အလာကျဲသွား၏။ နောက်တော့ လုံးဝမလာတော့ သူတို့အရပ်ဘက်မှ လာသောသူများကို စုံစမ်းတော့ ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားပြီ ဖြစ်ကြောင်း သိရ၏။ ဒေါ်တင်မြသည် ဦးသိန်းထွန်း ကွယ်လွန်ခဲ့ပြီ ဟူသောကြောင့် သားလေးအတွက် စိုးရိမ်မိ၏။ သားသည် လူမမယ် အရွယ်တော့ မဟုတ်ပြီ။ မိမိမှာလည်း ရောဂါကြီးတစ်ဖက်နှင့်မို့ သားထံ ပြန်ဖို့က အခက်ပင်ဖြစ်၏။ ထို့ကြောင့်လည်း ကြိုးစား၍ ဆေးစားရင်းဆေးရုံတွင် နေခဲ့ရာ ဒေါ်တင်မြတစ်ယောက် ဆေးရုံတွင် ဆယ့်ငါးနှစ်ခန့် ကြာပြီးသွားသည်။ ဆေးရုံတွင် ဒေါ်တင်မြက ရေနံချောင်းဘက်မှ





ဒေါ်လှသီနှင့် မိတ်ဆွေဖြစ်ခဲ့၏။ ခင်ပွန်းဖြစ်သူ ဦးသိန်းထွန်းက သူ့အရပ်တွင် ဒေါ်တင်မြ မန္တလေး၌ ကွယ်လွန်ခဲ့ပြီဟု ပြောကြားထားခဲ့ကြောင်း နောက်မှ သိရ၏။

* * *

ဒေါ်လှသီက ရေနံချောင်းသူဖြစ်၏။ သူ့မိဘများက တွင်းစားတွင်း ရိုးများဖြစ်သည်၊ ဒေါ်လှသီငယ်စဉ်က မိဘများ၏ အရိပ်ကိုခိုကာ တင့်တောင်းတင့်တယ်နေခဲ့ရပြီ ထိန်းကျောင်းသူများ၊ အိမ်ဖော်များနှင့် ရွှေပေါ်မြတင်နေခဲ့ရသည်။ သို့သော်လည်း ဒေါ်လှသီ အပျိုဘဝတွင် ဤရောဂါ စတင်စွဲကပ်လာ၏။ ရောဂါရစဉ်က ဘုန်းကြီးဆေး၊ ဆီမန်း ရေမန်း စသည်တို့ဖြင့် မျိုးစုံအောင်ကုသ၏။ ရောဂါမှာ တိုးလိုက်၊ လျော့သလိုလိုရှိလိုက်ဖြင့် နောက်ဆုံး အိမ်ထဲမှ အိမ်ပြင်သို့ မထွက်နိုင်သောဘဝသို့ ရောက်ရှိခဲ့၏။ ဒေါ်လှသီတွင် ကိုဘလှ ဆိုသော မောင်တစ်ယောက်ရှိ၏။ ကိုဘလှက ငယ်စဉ်ကပင် သူငယ်ချင်းများနှင့် သောက်သောက်စားစား နေသူဖြစ်၏။ တစ်နေ့တွင်တော့ ကိုဘလှ အရက်မူးမူးနှင့် အိမ်သို့ရောက်လာပြီး "အစ်မကို ဒီအိမ်မှာထားလို့ မဖြစ်တော့ဘူး၊ သူက နူနေတာ တစ်ရပ်လုံး တစ်ရွာလုံး သိတယ်၊ အဲဒါကြောင့် သူ့ကို ဆေးရုံကို ပို့ထားပါ၊ ဒါမှ မဟုတ်ရင် ရွာပြင်ပို့ထားပါ။ အစ်မအိမ်မှာရှိနေ၍ သူ့ သိက္ခာကျသည်"ဟု ပြောသောအခါ အဖေနှင့် အမေတို့က ကိုဘလှကို ချော့မော့ဖျောင်းဖျကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘလှရယ်၊ သမီးလှသီဟာ တခြားသူမဟုတ်ပါဘူး၊ မင်း အစ်မအရင်းပါ၊ သူက ရောဂါသည်လဲဖြစ်၊ မိဘအရိပ်ခိုနေရတာ၊ အခုလို မပြောပါနဲ့ကွယ်"ဟု မိဘများက တောင်းပန်ရှာသေး၏။ သို့သော်လည်း ကိုဘလှက မလှသီကို အိမ်ပေါ်မှ မောင်းချရမည်ဟု သာ တွင်တွင်ပြောခဲ့ပြီး နောက်နေ့များတွင်လည်း ကိုဘလှက အစ်မဖြစ်သူ မလှသီအိမ်တွင်ရှိနေပါက အိမ်သို့ မလာတော့ဟုဆိုကာ အိမ်ပေါ်မှ ဆင်းသွားသည်။

မိဘနှစ်ပါးမှာ သားနှင့်သမီးအတွက် အထူးစိတ်မကောင်း ဖြစ်ရ၏။ နောက်တော့ အရပ်ထဲမှ ပုဂ္ဂိုလ်တစ်ဦးက မန္တလေးတွင် အနာကြီးရောဂါ အထူးကုဆေးရုံရှိသည်။ ထိုဆေးရုံသို့ သွားပြီးကုသ သူများ ပျောက်တဲ့သူများရှိသည်။ အရပ်ထဲတွင် ကုသနေ၍ အကြောင်းမထူးဟုဆိုသဖြင့် မိဘများက ဒေါ်လှသီ၏ သဘောထားကို မေး၏။ ဒေါ်လှသီက သူမရှိမှ သူ့မိသားစု သောကကင်းဝေးမည် အမှန်ဖြစ်သည်ဟု စဉ်းစားကာ ဆေးရုံသို့ မသွားလိုသော်လည်း သွားပါမည်ဟု သဘောတူခဲ့၏။ ထို့ကြောင့် ဖခင်ကြီးက မန္တလေးသို့ လူလွှတ်ကာ ဆေးရုံဘယ်လို တက်ရသည်၊ ဘယ်မှာ ဆေးရုံရှိသည် ဆိုသည်များကို စုံစမ်းခိုင်း၏။ သွားရောက် စုံစမ်းသူ ပြန်ရောက်လာ သောအခါ သမီးဖြစ်သူအား ဖခင်ကြီးဖြစ်သူ ကိုယ်တိုင် မန္တလေးသို့ လိုက်ပို့၏။

"သမီး ဘာမှ အားမငယ်နဲ့၊ ဆေးကုသလို့ပျောက်ရင် အဖေ ကိုယ်တိုင် သမီးကို ပြန်လာခေါ်မှာ"ဟု အားပေး၏။





ဒေါ်လှသီသည် အဖေကိုရော အမေ့ကိုပါ ကန်တော့သည်။ အမေကတော့ "ငါ့သမီး ကံဆိုးမလေး အမေ့ဆီကဘယ်မှ မသွားရဘူး" ဟုဆိုကာ ဒေါ်လှသီကို ဖက်၍ ငို၏။ ဖခင်ကြီးကတော့ "သမီးလေး ရောဂါပျောက်ရင် မင်းဆီကို ပြန်လာမှာပဲ၊ ဘာပူလို့ သမီး စိတ် ကောင်းဖြစ်အောင် ငိုနေရတာလဲ အမေကြီးရယ်၊ ငါတို့က ရထားမီ အောင်သွားကြရမှာ"ဟု ဖျောင်းဖျပြောဆိုသည်။ ဒေါ်လှသီသည် သူ၏ မိခင်ကြီးနှင့် သူငယ်စဉ်က ချမ်းမြေ့ပျော်ရွှင်စွာ နေခဲ့ရသော ရေနံ့ ဝနေသည့် အိမ်ကြီးကိုစွန့်ခွာ၍ မန္တလေးသို့ ထွက်လာခဲ့၏။ ထိုအချိန်မှ စ၍ ဒေါ်လှသီသည် သူ၏ မိခင်ကြီးနှင့်တစ်ကြိမ်မျှ ပြန်လည်တွေ့ဆုံခွင့် မရတော့မည့်အဖြစ်ကို ဒေါ်လှသီကြိုတင်၍ မသိနိုင်ခဲ့။ ဆေးရုံရောက်တော့ ဒေါ်လှသီကို အတွင်းလူနာအဖြစ် ထားရှိကုသပေး၏။ ဒေါ်လှသီထံသို့ ဖခင်ကြီးသည် နှစ်ကြိမ်လောက် လာသေးသော်လည်း နောက်ပိုင်း လုံးဝ မလာခဲ့တော့၊ အခုတော့ ဒေါ်လှသီသည် မိဘများရော မောင်ဖြစ်သူပါ သေသည် ရှင်သည် မသိတော့။

* * *

ဒေါ်သိန်းတူး၊ ဒေါ်တင်မြနှင့် ဒေါ်လှသီတို့သည် ကံတူအကျိုး ပေးများ ဖြစ်ကြသည်။ မန္တလေးအနာကြီးရောဂါ အထူးကုဆေးရုံတွင် ဆယ့်ငါးနှစ်ကျော် အနှစ် ၂၀ နီးပါး အတူတကွ နေထိုင်၍ ဆေးဝါး ကုသမှု ခံယူခဲ့ရ၏။ သည်နေ့တော့ ဆရာဝန်ကြီးက ခေါ်ယူ၍



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သိန်းတူး၊ ဒေါ်တင်မြနှင့်ဒေါ်လှသိတို့သည် ကျန်းမာရေး အခြေအနေ အတော်အတန်ကောင်းပြီဖြစ်၍ မိမိတို့ရပ်ရွာများကို ပြန်လိုက ပြန်နိုင်ကြပြီ။ ဆေးရုံမှဆင်းနိုင်ကြပြီဟုဆို၏။ ရောဂါသည် အမျိုးသမီးကြီးသုံးယောက်သည် ဆေးရုံမှဆင်း၍ မိမိအရပ်သို့ ပြန်ရမည်ဟုဆိုသော်လည်း- ဒေါ်လှသိအဖို့ သူ့မောင်ဖြစ်သူ ကိုဘလှက မိမိကို လက်ခံမှ လက်ခံပါ့မလားဟု စိုးရိမ်စိတ်တွေ ပေါ်ခဲ့၏။ ဒေါ်တင်မြကတော့ သူ့သားငယ်နှင့် တွေ့ဆုံလို၍ ဆေးရုံမှ အိမ်ပြန်ရမည်ဆိုတော့ ပျော်ရွှင်သလို ရှိမိ၏။

ဒေါ်သိန်းတူးကတော့ "ကဲ မတင်မြနဲ့ မလှသိတို့၊ ညည်းတို့ အရပ်ကို ပြန်ကြမယ်ဆိုရင်လဲ ပြန်ကြ၊ ငါကတော့ ကိုယ့်ရပ်ကိုယ့်ရွာ ပြန်လို့လဲ မထူးတော့ဘူး၊ ဒါကြောင့် မုံရွာကို ပြန်မယ်၊ မုံရွာမှာ အိုးတစ်လုံးဆိုတဲ့ အနာကြီးရောဂါသည်တွေ စုပေါင်းနေထိုင်တဲ့ ရပ်ကွက်လေးရှိတယ်၊ အဲဒီရပ်ကွက်မှာက အနာကြီးရောဂါသည်ဆိုရင် နေလို့ရတယ်၊ ညည်းတို့လဲ ကိုယ့်အရပ် ကိုယ်ပြန်လို့မှ နေရာမကျရင် ငါ့ဆီကိုသာ လိုက်ခဲ့၊ ပထမ မုံရွာမြို့ကို အရောက်လာ၊ မုံရွာကို ရထားစီးလာရတာ အကောင်းဆုံးပဲ၊ မုံရွာရောက်ရင် အိုးတစ်လုံးကို စုံစမ်းပြီးသာ လိုက်ခဲ့၊ ညည်းတို့အတွက် နေစရာတော့ ရမှာပဲ"ဟု မှာကြားခဲ့၏။ ဒေါ်တင်မြနှင့် ဒေါ်လှသိတို့က ဒေါ်သိန်းတူး မှာကြားသည်ကို မှတ်သားပြီး သူတို့ရပ် သူတို့ရွာသို့ ပြန်လာခဲ့ကြ၏။ အမျိုးသမီးကြီး သုံးယောက်စလုံးတွင် ရောဂါပျောက်ပြီဟု ဆိုသော်လည်း အနာကြီးရောဂါလက္ခဏာ ဒဏ်ရာဒဏ်ချက်များက အပြည့်အစုံ





ကျန်ခဲ့သည်။ သူတို့ သုံးယောက်အနက် ဒေါ်သိန်းတူးက အသက်အကြီးဆုံး၊ ၁၀ အတွေ့အကြုံအများဆုံး ဖြစ်ပါသည်။

* * *

ဒေါ်တင်မြ မြို့သို့ ပြန်ရောက်၏။ ဘူတာရုံရောက်တော့ မြို့က အတော်ကြီးပြောင်းလဲနေသည်ကို တွေ့ရ၏။ မည်မျှပင် ပြောင်းလဲစေကာမူ ကိုယ့်မြို့ကိုယ့်ရွာဖြစ်၍ ဒီလမ်း ဒီတံတား ဒီဈေးသည်တို့ကို မှတ်မိ၏။ ဘူတာသို့ရောက်တော့ နေက အတန်ငယ်စောင်းနေပြီ။ ဘူတာမှ မိမိတို့အရပ်သို့ ဆိုက်ကားစီး၍ပြန်ရန် ဆိုက်ကား ငှားတော့ ဆိုက်ကားက မလိုက်ဟုဆို၏။ ထို့ကြောင့် ဒေါ်တင်မြ ဘူတာမှ သူ့အိမ်ရှိရာသို့ ကုန်းကြောင်းလျှောက်လာခဲ့၏။ အတော်ကြာ လျှောက်လာတော့ သူ့အိမ်နားသို့ ရောက်၏။ ငယ်စဉ်က သူနေထိုင်သော အိမ်ကလေးကိုတွေ့ရတော့ ငယ်မူငယ်စိယ်များ ပေါ်ပေါက်လာကာ တစ်ခဏ ဝမ်းသာသွား၏။ တစ်ထပ်အိမ်လေးသည် ယခင်ကအတိုင်း ရှိနေသေး၏။ အိမ်ရှေ့ရှိ တမာပင်သည် အတော်ကြီး၍ အရိပ်ကောင်းကောင်းရနေပြီ။ ဤတမာပင်ရိပ်တွင် အဖေ အမြဲထွက်ထိုင်နေကြ။ ဒေါ်တင်မြသည် သူ့အိမ်လေးကို ကြည့်ရင်း တမာပင်အောက်ကို ကြည့်လိုက်တော့ အဖေထိုင်နေသလို တွေ့ရသည်။ ထို့ကြောင့် အဖေများလားဟုဆိုကာ ခပ်သုတ်သုတ် ပြေးသွားတော့ သူ့စိတ်က ထင်မှတ်သွားခြင်းသာဖြစ်၍ တကယ်တော့ တမာပင်အောက်တွင် ကလေးနှစ်ယောက် ကစားနေ၏။ ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားတော့ ဒီကလေး နှစ်ယောက်သည် မိမိ၏မြေးများလားဟု ထင်၏။ ဩော်... သားဖြစ်သူတောင် အိမ်ထောင်ကျပြီး သားသမီး တွေနဲ့ ဖြစ်နေပါရောဟု တွေးလိုက်သည်။ ထို့ကြောင့် ဒေါ်တင်မြက တမာပင်နားဆီသို့တိုးသွားစဉ် အမျိုးသမီးငယ်တစ်ဦး ဘွားခနဲပေါ်လာပြီး ကလေးများကို ဗန်ဒါပင်အောက်မှ အိမ်ထဲသို့ဝင်ရန်ပြော၏။ သူ့ထံသို့လည်း တန်းတန်း မတ်မတ်လျှောက်လာကာ ငွေငါးကျပ်တန်တစ်ရွက်ကိုပေးပြီး အိမ်ထဲသို့ ပြန်ဝင်သွား၏။ အိမ်ထဲရောက်တော့ တံခါးတွေကို ထိုမိန်းကလေးက လိုက်ပိတ်ပစ်၏။ ယခင်ကဆို ဤတံခါးများကို ဒေါ်တင်မြ ပိတ်နေကြ။ ဒေါ်တင်မြ တံခါးပိတ်ပါက မိဘများမှာကြားထားသည့်အတိုင်း တံခါးကို ဖြည်းဖြည်းပိတ်၏။ သည်မိန်းကလေးကတော့ တအားဆောင့်၍ ပိတ်လေရာ ဒေါ်တင်မြက "ကလေးရယ် တံခါးတွေကို ဖြည်းဖြည်းပိတ်ပါ"ဟု ပြောမလို့လုပ်ပြီးမှ သူ့ကိုယ်သူ ပြန်၍ သတိထားလိုက်မိ၏။

ဤမိန်းကလေးသည် သားဖြစ်သူ၏ဇနီး သူ၏ချွေးမ ဖြစ်နိုင်၏။ ခုန ကလေးများက သူ၏မြေးများလည်းဖြစ်နိုင်မည်။ သားဖြစ်သူ အိမ်တွင်မရှိခိုက် ချွေးမဖြစ်သူက ဒေါ်တင်မြလာသည်ကို သူတောင်းစား အနူမကြီး တောင်းဖို့လာသည်ဟု ထင်မှတ်ကာ ကလေးများကို အိမ်တွင်းသို့ပို့၍ သူတောင်းစားအနူမကြီး မြန်မြန် ထွက်သွားစေရန် ပိုက်ဆံငါးကျပ် ပေးလိုက်ခြင်းဖြစ်၏။ ဒေါ်တင်မြသည် ဖြစ်ရပ်များကို စဉ်းစားရင်း သူ့မျက်နှာကို သဘက်နှင့်အုပ်ကာ သူ့အိမ် ရှေ့မှ တမာပင်အောက်တွင် အခင်းလေးတစ်ခုကိုခင်းပြီး တောင်းသလိုလို





လုပ်ကာ မရောင်မလည် ထိုင်နေမိ၏။ အချို့ကလည်း တောင်းနေသည့် သူတောင်းစားမကြီးထင်၍ ကျပ်တန်လေးတစ်ရွက်စီလောက် ထည့်သွားကြ၏။ သူငယ်စဉ်က အသိတစ်ယောက်ဖြတ်သွားပြီး သူကလည်း ငွေတစ်ကျပ် ထည့်သွားသော်လည်း ဒေါ်တင်မြဖြစ်ကြောင်း လုံးဝ သတိထားမိဟန်မတူ၊ တကယ်တော့ ဒေါ်တင်မြ၏ရုပ်ရည် ကလည်း အနာကြီးရောဂါ ပျောက်ကင်းပြီဟု ဆိုသည့်တိုင် မှတ်မိနိုင်စရာ နဂိုရုပ်ရည်က မရှိတော့။

ထိုင်နေရင်း ဒေါ်တင်မြက ဤနေရာမှ အမြန်ထွက်ခွာသွား ရမည်ကို သိလာ၏။ ဆိုးဝါးလိုက်သည့် ဘဝကံ။ ကိုယ့်အရပ်ဒေသ၊ ကိုယ့်အိမ်၊ ကိုယ့်ခြံဝန်းကို တွေ့မြင်နေပါလျက် သူ့ဘာယ်သူ့ဘာယ်ဝါပါဟု ထုတ်ဖော်မပြောဝံ့တော့ပြီဖြစ်သော ဘဝသို့ ရောက်နေပါပြီကော။ သို့သော်လည်း ဒေါ်တင်မြသည် သားဖြစ်သူကိုတော့ စောင့်လိုသေး၏။ သား၏မျက်နှာလေးကို ကြည့်ရှုလိုသေး၏။ ထို့ကြောင့် ထိုနေရာမှ စွန့်ခွာမသွားသေးဘဲ စောင့်နေမိ၏။ အတော်ကြာတော့ ယောကျ်ားလေးတစ်ယောက် ခြံဝသို့ရောက်လာ၏။ ထိုယောကျ်ားလေးသည် သားဖြစ်သည်မှာ သေချာ၏။ ထို့ကြောင့် ဒေါ်တင်မြက သားထံသို့ ပြေးသွားသည်။ သားက ဒေါ်တင်မြကို မမြင်၊ အိမ်တံခါးပေါက်ဝသို့ ရောက်တော့ ယခင်အမျိုးသမီးက သားဖြစ်သူအား တံခါးလာ၍ ဖွင့်ပေး၏။ သားဖြစ်သူက အိမ်ထဲသို့အဝင်တွင် အိမ်ထဲမှ မီးရောင်ဖြင့် သားမျက်နှာကို တွေ့လိုက်ရပြီး ခဏတွင် တံခါးပိတ်သွား၏။

ဆောင်းဝင်စဖြစ်၍ ညမိုးချုပ်သည်နှင့် အအေးဓာတ်ကသည်း



www.burmeseclassic.com

www.burmeseclassic.com



ဝင်စပြုပြီ။ ဒေါ်တင်မြသည် သူ့ဘဝ သူ့အခြေအနေကို အပြန်အလှန် သုံးသပ်ရင်း သူ့သားနှင့် မြေးများအတွက် ဤအရပ်မှ ခွာရမည်ကို ဆုံးဖြတ်လိုက်၏။ ခင်ပွန်းသည် ဖြစ်သူလည်း ကွယ်လွန်ခဲ့ပြီးဖြစ်၏။ ဒေါ်တင်မြသည် အမှောင်ဖုံးနေသော အိမ်လေးကိုကြည့်ကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျနေရှာသည်။ မျက်ရည်စများကို သိမ်း၍ မရနိုင်လောက်အောင်ရှိ၏။ သည်အရပ်ကခွာမည်ဟု ကြံသော်လည်း တကယ်တော့ ဒေါ်တင်မြသည် ဤအရပ်မှ မခွာရက်၊ တံခါးလေး တစ်ချပ်ပွင့်လာပြီး သားလေး၏မျက်နှာကို ဒုတိယအကြိမ် တွေ့မြင်ရလို တွေ့မြင်ရငြားဖြင့် ဒေါ်တင်မြ စောင့်စား၍ နေသေး၏။ သို့သော် မိုးကား တစ်စတစ်စ ချုပ်၍ လာသည်။ တံခါးသည်ဟာ၍ပင် မလာတော့။ ဒေါ်တင်မြသည် အိမ်မျက်စောင်းထိုးမှ တမာပင်ကိုမှီရင်း အိမ်လေးကို တစ်ညလုံး မျှော်ကြည့်နေမိ၏။ သန်းခေါင်ယံကျော်၍ အရုဏ်တက်လုပြီ။ ဒေါ်တင်မြ တစ်ညလုံး တမှေးမှပင် အိပ်၍ မရသေး။ နေရောင်မလာမီ သည်နေရာမှ ခွာရမည့်အကြောင်း၊ သူ့ကိုယ်သူ ဖျောင်းဖျကာ သူအင်မတန် သံယောဇဉ် ကြီးလှသော အိမ်ကလေးကို အပြီးအပိုင် စွန့်ခွာပြီး လာလမ်းအတိုင်း ပြန်ခဲ့ရပါ၏။

* * *

ဒေါ်လှသီအဖို့က သူ့အရပ် သူ့ဒေသသို့ရောက်အောင် မနည်းကြီးပြန်ရ၏။ ဒေါ်လှသီသည် ဗဟုသုတနည်း၊ ငယ်စဉ်ကလည်း ရွှေပေါ်မြတင်နေခဲ့ရကာ သည့်နောက်တော့သူ့ဘဝသည် အနာကြီးရောဂါဆေးရုံတွင်သာ အချိန်ကုန်ခဲ့ရ၏။ မေးရင်းစမ်းရင်း ထွက်လာခဲ့ရာ သူ့ဇာတိရပ်ရွာသို့တော့ရောက်၏။ သို့သော် သူတို့ အိမ်ကြီးရှိရာနေရာသို့ ရောက်ရှိသောအခါ ထိုနေရာတွင် ဘာမှမရှိတော့။ သူငယ်စဉ်မှ အပျိုဘဝတိုင် ဤနေရာတွင် ခံ့ညားထယ်ဝါသော သစ်သားအိမ်ကြီး တစ်အိမ်ရှိပါလျက် ယခုတော့ ဘာမှမရှိတော့။ ဆိတ်ကျောင်းနေသော အိန္ဒိယအမျိုးသားတစ်ဦးကို မေးကြည့်တော့ လွန်ခဲ့သောနှစ် အတန်ကြာက ဤခြံကြီးထဲမှအိမ်ကြီး မီးလောင်သွားကြောင်း၊ အိမ်ရှင်များလည်း မီးထဲပါသွားကြောင်း ကြားသိရသောအခါ သူ့နားကို သူမယုံနိုင်လောက်အောင်ရှိ၏။ အဖေဖြစ်သူနှင့် အမေဖြစ်သူတို့ မီးထဲပါပြီး သေလွန်ကြပြီး ဖြစ်ကြမည်။ သောင်းကျန်းသူများ ထကြွသောင်းကျန်း လျက်ရှိသောကာလမို့လည်း ထိုသတင်းကို သူမရရှိဘဲ ဖြစ်ခဲ့ရ၏။ အခြားဘာကိုမှ မေး၍မရ။ မေးစရာလည်း လူမရှိ။ အနူမကြီးတစ်ယောက်အား ဘယ်သူကမှ လက်ခံစကားပြောမည့်သူမရှိ၍ သူ့မောင်ဖြစ်သူအကြောင်းကိုမျှပင် မသိရှိရဘဲ သူအလွန်သံယောဇဉ် ကြီးလှသော ဇာတိမြေဖြစ်သည့် ထိုအရပ်ဆိုဒေသကို စွန့်ခွာကာ ဒေါ်လှသီတစ်ယောက် နောက်ဆုတ်၍ ပြန်ခဲ့ရ၏။

* * *

ဒေါ်တင်မြရော ဒေါ်လှသီပါ မေးရင်း စမ်းရင်း၊ သနားသူများက ဆေးကမ်းသမျှကို တောင်းရမ်းရင်းဖြင့် မုံရွာဘူတာသို့ ရောက်ခဲ့ကြပြီ ထိုမှ အိုးတစ်လုံးသို့ရောက်ခဲ့၏။ အိုးတစ်လုံးသို့ရောက်တော့ ကံကောင်းသည်ဟုဆိုရမည့်အဖြစ်က ဒေါ်သိန်းထူးနှင့် ဆိုက်ဆိုက်မြိုက်မြိုက်






www.burmeseclassic.com

www.burmeseclassic.com



ပြန်တွေ့ရခြင်းဖြစ်သည်။ ဒေါ်တင်မြနှင့် ဒေါ်လှသိတို့က သူတို့ကြုံခဲ့ရသည့် ဖြစ်ရပ်များကို ပြန်ပြောပြ၏။ ဒေါ်သိန်းထူးက ဖြစ်သမျှအကြောင်း အကောင်းလို့သာ သဘောထားကြပါစို့ကွယ်ဟု နှစ်သိမ့်ကာ သူတို့နှစ်ဦးကို ကြိုဆိုလက်ခံလိုက်သည်။ သူတို့နှစ်ဦးသည် နေ့လယ်ဘက်တွင် ကြုံသလို ထွက်တောင်းရမ်းကြရင်းနှင့်ဒေါ်သိန်းတူးအိမ်တွင် ရောဂါသည် ညီအစ်မသုံးဦး အတူတကွနေကြ၏။ သူတို့သည် ပထမတော့ အတူတကွ ချက်စားကြ၏။ သို့သော် တစ်ဦးနှင့်တစ်ဦး အကြိုက်ခြင်းကမတူ၊ ဒေါ်လှသိက အစပ်ပါက စား၍မရ၊ သို့သော် ဒေါ်တင်မြက စပ်စပ်လေးမှကြိုက်၏။ ဒေါ်သိန်းထူးက ထမင်းကို မာမာထန်ထန်လေးကြိုက်သော်လည်း၊ ဒေါ်လှသိနှင့် ဒေါ်တင်မြတို့က ထမင်းကို ပျော့ပျော့လေးမှကြိုက်၏။ ထို့ကြောင့် ထမင်း အတူတကွ ချက်စားရင်း သဘောထား မတိုက်ဆိုင်တာလေး များရှိရာ ရောဂါသည် ညီအစ်မသုံးဦးသည် သဘောထားမကွဲအောင် အိုးခွဲ၍ ချက်စားခဲ့ကြ၏။ တစ်ခါတစ်ရံ ထွက်၍တောင်းရမ်းကြရာတွင် အပြန်အချိန် မမှန်ကြပေ။ တစ်ခါတစ်ရံ အရနည်း၍ အချိန်ကုန်သည်အထိ တောင်းနေရတာမျိုးရှိသလို အချို့နေ့များတွင်လည်း ပေးသူကမ်းသူတို့က ပေါ၍ လသာတုန်း ဗိုင်းငင်ဆိုသလို ရသလောက် တောင်းနေရတာမျိုးရှိ၏။ ပြန်ချိန်မမှန်၍ ထမင်းအတူတကွ စားသောက်ဖို့ဆိုတာက ခက်၏။ အိုးခွဲစားကြတော့ ကိုယ်ရောက်သည့်အချိန် ကိုယ့်ဘာသာကိုယ် စိတ်ကြိုက် ချက်စားလိုက်ရုံနှင့် ကိစ္စပြီး၏။ တစ်ခါတစ်ရံ ထမင်းဟင်း လှူသူများရှိလျှင် မြို့ထဲမှ ဗိုက်ပြည့်လာတတ်တာလေးများလည်းရှိ၏။





တောင်းရမ်းလှူဒါန်းရသမျှလေးများကို မိမိတို့ဘာသာ သိုးခြားစီစုဆောင်းထားကြ၏။ ဒေါ်သိန်းတူး၊ ဒေါ်တင်မြနှင့် ဒေါ်လှသိရောဂါသည် ညီအစ်မသုံးယောက်တို့သည် အလှူအတန်းပြုလုပ်သောအခါတွင်တော့ အတူတကွပြုလုပ်ကြ၏။ အိုးတစ်လုံးသို့ နေ့စဉ်ကြွလာသည့် ဆွမ်းခံကိုယ်တော်တစ်ပါးရှိသည်။ ထိုကိုယ်တော်အား နေ့စဉ် ဆွမ်းလောင်းနိုင်အောင် ညီအစ်မသုံးယောက်က ကြိုးစားကြ၏။ ထိုဆရာတော်၏အဆုံးအမကို ရောဂါသည် ညီအစ်မသုံးယောက် နာကြ၏။ တရားဘာဝနာများလည်း ပွားများရန် အခွင့်သာကြ၏။ နောင်သံသရာတစ်ခါလှပဖို့၊ ရောဂါသည် ညီအစ်မသုံးဦးအတွက် တရား ဘာဝနာမှတစ်ပါး အားကိုးစရာမရှိပြီတကား။

■

www.burmeseclassic.com

www.burmeseclassic.com



နံ့သာမြိုင်အနာကြီးရောဂါသည်စခန်း စုပေါင်းရှင်ပြုပွဲ

## အခန်း (၂)

## ငွေခြည်ရောင် အနားသတ်ထားသော တိမ်မည်းညို

မဖြူဖြူဝင်းက နမ့်ခမ်းသူ ရှမ်းဗမာမလေး။ ရှမ်းဗမာမလေး မဖြူဖြူဝင်း၏ ရုပ်သွင်က ဖြူစင်သော အသားအရေနှင့် ရှမ်းသွေးရော ဗမာသွေးပါပါသောကြောင့် မိန်းမချောလေးဖြစ်၏။ အမေကဗမာ အဖေကရှမ်းဖြစ်၏။ သူတို့ မိသားစုသည် နမ့်ခမ်းတွင် ဝါးခမောက် လုပ်ငန်းလုပ်ကိုင်ကြသည်။ နမ့်ခမ်းဝါးခမောက်က နာမည်ကြီး၏။ နမ့်ခမ်းနောက်ခံ ပလောင်တောင်ကြောမှ ဝါးဖတ်များကို ဈေးနေ့တိုင်းတွင် သူတို့မိသားစု ထွက်ဝယ်ကြ၏။ ထို့နောက် ယင်းဝါးဖတ်များကို ပြုပြင်ကာ လုပ်ငန်းသုံး ခမောက်များရော၊ လက်ဆောင်ပေးအလှဆောင်း ခမောက်များကိုပါ ပြုလုပ်ကြ၏။ သူတို့ မိသားစုထုတ်လုပ်ပြီး ဝါးခမောက်များကို ဈေးနေ့များတွင်ပင် ထွက်ရောင်းကြ၏။ သူတို့ အိမ်တွင်လည်း ခမောက်ဆိုင်လေးဖွင့်ရောင်းသည်။ အချို့ကို ဘာရှတ်ပြည်ဘက်ကပါ ကြိုက်၍ လာဝယ်ယူတတ်သည်။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ မဖြူဖြူဝင်းဘဝက လိပ်ပြာမလေးတစ်ကောင်လို မိဘ အရိပ်တွင် ပျံသန်းရင်း ချမ်းမြေ့သာယာလှ၏။

သို့သော်လည်း ထိုချမ်းမြေ့သာယာမှုကို မဖြူဖြူဝင်း အစဉ် ထာဝရ မရခဲ့။ သူ ၁၅ နှစ်သမီး အရွယ်တွင် ဖခင်ကြီးကွယ်လွန် သွားသည်။ မဖြူဖြူဝင်းအတွက် ရွှေတောင်ကြီး ပြိုသည့်အလားပင် ဖြစ်သော်လည်း မိသားစု စီးပွားရေးလုပ်ငန်းက ပျက်စီး၍ မသွားခဲ့ပေ။ မဖြူဖြူဝင်းကလည်း ဖခင်ကြီးမရှိ၍ မောင်ငယ်နှစ်ဦးအတွက် ပို၍ အလုပ်ကြိုးစားလုပ်၏။ မောင်နှစ်ယောက်က ကျောင်းတက်သည်။ မဖြူဖြူဝင်းက ခုနစ်တန်းဖြင့် ကျောင်းထွက်ကာ မိခင်ဖြစ်သူနှင့် ဝါးခမောက်လုပ်ငန်းကို စွဲစွဲမြဲမြဲလုပ်ကိုင်၏။ မဖြူဖြူဝင်း အသက် ၁၈ နှစ်လောက်ရောက်တော့ သူမ၏လက်ဖျံတွင် အကွက်ကလေး တစ်ကွက်ပေါ်လာ၏။ သည်အကွက်ကလေးက ဟိုဆေးလိမ်း၊ သည် ဆေးလိမ်း၍လည်း မပျောက်ဘဲရှိသည်။ ဝါးဖတ်များကို ရေစိမ်ရာမှ ထိုအရေများ နှင့် မတည့်၍ ဖြစ်ပေါ်လာသောအကွက်ဟု ထင်မှတ်ကာ နေခဲ့၏။ သို့သော် ထိုအကွက်က နှစ်လ ကြာရှည်လာသည့်တိုင် မပျောက်ဘဲရှိ၏။ မဖြူဖြူဝင်းက ဝါးဖတ်ရေစိမ်သည့် လုပ်ငန်းကို မလုပ်ကိုင်တော့မှဘဲ သည်အကွက်ပျောက်တော့မှာဟု ထင်ခဲ့၏။ ထိုအကွက်နေရာက ကုတ်လို့ဖဲ့လို့ မနာမကျင်ဘဲ ရှိ၏။ ထိုအတော အတွင်း အမေက နောက်အိမ်ထောင်ပြုသည်။ အမေက မဖြူဖြူဝင်း၏ အကွက်များကို ရှမ်းဆေး၊ ဗမာဆေးများနှင့် ကုပေး၏။ သို့သော်လည်း မပျောက်၊ တစ်ကွက်က နှစ်ကွက်ဖြစ်လာသည်။ အကွက်များက





လူကွယ်ရာတွင် ဖြစ်၍ တော်သေး၏။ သို့သော်လည်း အကွက်များက ကိုယ်ပေါ်တွင် တင်းကြမ်းဖြစ်လာကြသောအခါ ရောဂါက ပွလာသည်။ သနပ်ခါးထူထူလိမ်း၍ ဖုံးဖိကာ ဆေးတိတ်တိတ်ကုကြည့်၏။ အမေနှင့် သမီးတို့ တိတ်တိတ်ကျိတ်၍ ဆေးကုနေရာ ဈေးနေ့တစ်နေ့တွင် အမေက ဝါးဖတ်ဝယ်သွားသည်။ မောင်လေးများကလည်း အိမ်တွင် မရှိ။ မဖြူဖြူဝင်းရေချိုး၍ အကွက်ကြီး အကွက်ငယ်များကို သနပ်ခါးနှင့် ဖုံးဖိရန် ပြုလုပ်နေစဉ် ပထွေးဖြစ်သူ အခန်းထဲသို့ အကြံနှင့်ဝင်လာ၏။ မဖြူဖြူဝင်းကို နောက်ကြောမှ တအားသိမ်းဖက်သည်။ မဖြူဖြူဝင်းက ရုန်းကန်စဉ် မဖြူဖြူဝင်း ကိုယ်ပေါ်မှ အကွက်များကို တွေ့သွားရာ ပထွေးကဖက်ရန် ကြိုးစားသည့်လက်များကို လွှတ်လိုက်ပြီး သူ၏ ကျောမှအကွက်များကို အတင်းဖြဲ၍ကြည့်၏။ နောက်တော့ မဖြူဖြူဝင်း ကို "အနူမ"ဟုဆိုကာ တံတွေးနှင့်ထွေးခဲ့ပြီး ဧည့်ခန်းသို့ ထွက်သွား သည်။

မဖြူဖြူဝင်း အိမ်ခန်းတွင်းမှာ တရှိုက်ရှိုက်နှင့် ငိုနေသည်။

အတော်ကြာတော့ အမေဈေးမှ ပြန်လာ၏၊ ပထွေးက "နင့် သမီး နူနေတာ ငါ့ကို ဘာလို့ မပြောတာလဲ၊ နင့်သမီးကို အိမ်မှာ ထားလို့မဖြစ်ဘူး"ဟုဝေါက်၏။ ထိုစကားကို ကြားရတော့ မဖြူဖြူဝင်း မိုးကြိုးပစ်သလို ခံစားရသည်။ အမေက အခန်းအတွင်းလာ၍ချော့၏။ ပထွေးဖြစ်သူက ဒေါသပုန်ထကာ သောင်းကျန်းသည်။ မောင်လေးနှစ် ယောက် ကျောင်းမှ ပြန်လာတော့လည်း "နင့် တို့အစ်မ နူနေတာ၊ ငါ်တို့ပါ နူကုန်မယ်"ဟုဆိုကာ မဖြူဖြူဝင်းကို အိမ်တွင်မထားဘဲ



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးဆေးရုံသို့ပို့ရန် အတင်းအကျပ်စီစဉ်၏။ မိခင်ဖြစ်သူက ရှင့်စိတ်ဆန္ဒအတိုင်း ဖြစ်စေရပါမည်ဟုဆို၍ အသုံးစရိတ်နှင့် လမ်းစရိတ်ယူကာ လိုအပ်သော အဝတ်အစားများကို ထုပ်ပိုးပြီး သားအမိနှစ်ယောက် မန္တလေးသို့ ထွက်လာခဲ့ကြ၏။

အမေရော၊ မဖြူဖြူဝင်းပါ မန္တလေးသို့မရောက်ဖူး၊ သို့သော်လည်း မေးရင်းစမ်းရင်း မန္တလေးတိုင်း မတ္တရာမြို့ ရေနံ့သာအနာကြီးရောဂါ အထူးကုဆေးရုံသို့ရောက်ရှိလာ၏။ ရှမ်းပြည်နယ်မှ မန္တလေးသို့ အလာခရီးတွင် အမေပါသောကြောင့် မဖြူဖြူဝင်း သိပ်အားငယ်မှုမဖြစ်ခဲ့။ သို့သော် ဆေးရုံရောက်တော့ မဖြူဖြူဝင်းကို ဆေးရုံတွင်ထားခဲ့ကာ အမေနမ့်ခမ်းကို ပြန်တော့မည်ဟုဆိုတော့ မဖြူဖြူဝင်း ဝမ်းနည်းကာ ငိုမိ၏။ အမေပြန်သွားတော့ ငယ်ရွယ်သူ မဖြူဖြူဝင်း တစ်ယောက် မူးမေ့သွားမလောက်ပင် ခံစားရ၏။ သို့သော် အမေက ဆေးရုံမှာ ဆရာဝန်ကြီးလည်း ရှိသည်။ ရောဂါသည် အဖော်များလည်း ရှိ၍ နမ့်ခမ်းမှာက မောင်လေးနှစ်ယောက်ကို ပထွေးနိုပ်စက်နေဦးမည်။ သို့အတွက် စိတ်မချရ၊ ထို့ကြောင့် ပြန်ဦးမည်။ ရောဂါပျောက်တော့ အမေလာခေါ်မည်ဟုဆိုကာ ပြန်သွား၏။

ဆေးရုံတွင် မဖြူဖြူဝင်းသည် တစ်နှစ်ကျော်ကျော် ဆေးဝါးကုသမှုခံရ၏။ မဖြူဖြူဝင်းက ပြန်လိုသည့်ဇောဖြင့် ဆေးကို ဂရုစိုက်စား၏။ ဆရာ ဆရာမများနှင့် အခြားသူနာများ ချစ်အောင်နေသည်။ တစ်နှစ်ကျော် ဆေးဝါးကုသပေးပြီးတော့ မဖြူဖြူဝင်း လက်ကလေးများ အနည်းငယ် ထုံနေသည်မှလွဲ၍ ရောဂါအားလုံး ပျောက်ကင်းသွားသည်။





ရောဂါရှင်းရှင်း ပျောက်သဖြင့် မဖြူဖြူဝင်းသည် ရပ်ရွာသို့ ပြန်ရန် စီစဉ်၏။ ရွာသို့ပြန်မည်ဟုဆိုသော်လည်း အပြန်စရိတ်မရှိ၍ ဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့်တကွ အမှုထမ်းများက ဝိုင်းဝန်းထောက်ပံ့လိုက်ကြရ၏။ မဖြူဖြူဝင်းသည် ရောဂါပျောက်ခဲ့ပြီမို့ သူချစ်သောဇာတိမြေသို့ ပေါ့ပါးဝမ်းမြောက်စွာ ပြန်ခဲ့၏။ အမေ၊ မောင်လေးများနှင့် သူမ၏ပျော်ရွှင်စရာကောင်းသော ဘဝလေးကို ပြန်လည် စတင်မည်ဟုဆိုကာ ရေနံ့သာမှ ပြန်ခဲ့၏။ မဖြူဖြူဝင်း နမ့်ခမ်းသို့ ချောမောစွာ ပင်ရောက်၏။ သို့သော် သူ့ရပ်သူ့ရွာရောက်တော့ မဖြူဖြူဝင်း ရောဂါပျောက်ကင်းခဲ့ပြီဆိုသော အချက်ကို ပထွေးဖြစ်သူက လက်မခံဘဲရှိ၏။ မောင်များက ငယ်ရွယ်သူများဖြစ်၍ ဘာမျှမပြော။ ပထွေးက မဖြူဖြူဝင်းသည် ရောဂါရှိသဖြင့် ဆေးရုံက လက်ခံပြီးဖြစ်၍ အိမ်၌ လက်မခံနိုင်ဟုငြင်း၏။ ပထွေးက မဖြူဖြူဝင်းကို အိမ်မှာ တစ်ညပင် လက်မခံ၊ မဖြူဖြူဝင်း အိမ်တွင်နေပါက ရပ်ထဲရွာထဲမှ ရပ်ကွက်လူကြီးများကိုပါ အနူမ ရောက်ရှိနေကြောင်းပြော၍ ရပ်ရွာထဲမှ သံပုံးတီး၍ နှင်ထုတ်မည်ဟုဆို၏။ ပထွေးက အမေကိုလည်း ရိုက်နှက်၏။ သည်တော့ မဖြူဖြူဝင်းသည် အခြားရွေးချယ်ရန် လမ်းမရှိဘဲ ရေနံ့သာ သို့ပြန်ရန် လမ်းကိုသာ ရွေးချယ်ခဲ့ရ၏။ အမေကသမီးငယ်အား မျက်ရည်စက်လက်နှင့် အပြန်စရိတ် ထုတ်ပေး၏။ သည်တစ်ခေါက်တော့ အမေသည် မဖြူဖြူဝင်းကို ရေနံ့သာ ဆေးရုံရောက်သည်အထိ လိုက်မပို့နိုင်တော့။ နမ့်ခမ်းမှ ကြုံရာကားနှင့် တင်၍ ရေနံ့သာဆေးရုံသို့ ပြန်လွှတ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အပြန်ခရီးတွင် ကားက လမ်းခရီး တစ်နေရာတွင် တစ်ည အိပ်ဖို့အကြောင်းပေါ်လာ၏။ မော်တော်ကား ဒီညဒီအရပ်တွင်ပင် တစ်ညအိပ်မည်၊ နံနက်စောစောမှ ထွက်မည်ဆို၍ အသိမရှိသော မဖြူဖြူဝင်းသည် ကားဂိတ်မှ ဈေးရောင်းသူတစ်ဦးနှင့် မိတ်ဖွဲ့ကာ တစ်ညတည်းခိုခွင့် တောင်းရ၏။ သဘောကောင်းရှာဟန်ရှိသော ဈေးသည်က အိမ်သို့ခေါ်သွား၏။ အကျိုးအကြောင်းပြောပြတော့ ယောကျ်ားကလည်း တစ်ညတည်းခွင့်ပြု၏။ သို့သော်လည်း ညနေဝင်ရီတရောအချိန်လောက်ကျတော့ အိမ်ရှင်လင်မယားထ၍ ရန်ဖြစ်ကြ၏။ ဘယ်ကစ၍ ဘယ်လိုရန်ဖြစ်သည်မသိ၊ မဖြူဖြူဝင်း မီးဖိုချောင်အဝမှနေ၍ မျက်စိသူငယ် နားသူငယ်နှင့်သာ ကြည့်နေရသည်။ ယောကျ်ားဖြစ်သူက မျိုးစုံအောင်ဆဲ၏။ မယားဖြစ်သူကလည်း တစ်လုံးမခံ ပြန်၍တုပ်သည်။ ယောကျ်ားက ရေနွေးကြမ်းအိုးတွေ ရိုက်ခွဲ၊ သောက်ရေအိုးတွေ ရိုက်ခွဲနှင့် ညော်ခန်းမှ ကက်ဆက်ကိုပင် ရိုက်ခွဲ၏။ သည်လိုနှင့် ရန်ဖြစ်နေကြပြီး ည ၇ နာရီလောက်ကျတော့ မိန်းမဖြစ်သူက ဘာမပြောညာမပြောနှင့် ကောက်ကာငင်ကာ အိမ်ပေါ်က ဆင်းသွား၏။ မဖြူဖြူဝင်းက ခဏကြာလျှင် သူပြန်လာမှာပဲဟု အထင်နှင့်စောင့်နေ၏။ စောင့်နေသော်လည်း တော်တော်နှင့် ပြန်မလာ။ သည်တော့ မဖြူဖြူဝင်းတစ်ယောက် မောကလည်းမော ခရီးကလည်း ပန်းသဖြင့် မီးဖိုချောင်အပေါက်ဝတွင်ပင် အိပ်ပျော်သွား၏။ ထိုသို့အိပ်ပျော်နေစဉ် ညသန်းခေါင်လောက်ကျတော့ အိမ်ရှင်ယောကျ်ားရောက်လာပြီး မဖြူဖြူဝင်း၏ပါးစပ်ကို ပိတ်ကာ အဓမ္မပြုကျင့်တော့၏။ မဖြူဖြူဝင်းလည်း ကြောက်ကလည်းကြောက် မရုန်းသာ မလွန့်သာဖြင့် ပြုသမျှကို နုရသည့်အဖြစ်သို့ ရောက်ခဲ့၏။





သူ့ကိစ္စပြီးတော့ အိမ်ရှင်က ဒီကိစ္စ ဘယ်သူမှ မပြောနှင့်ဟုဆိုကာ ငွေ ၁၅ ကျပ်ပေး၏။ မဖြူဖြူဝင်းသည် ကြောက်ကြောက်နှင့်ဆက်ပြီး မအိပ်ဝံ့တော့၊ မိုးလင်းခါနီးရောင်နီ လာသလိုရှိတော့ အိမ်ရှင်ယောကျ်ား နောက်တစ်ကြိမ်လာ၍ စော်ကားလျှင် ခက်ချေတော့မည်ဟုဆိုကာ မဖြူဖြူဝင်းသည် သူ့အထုပ်ကိုယူကာ ကားဂိတ်သို့ထွက်ပြေးခဲ့၏။ ကားက မနက် ငါးနာရီခွဲ လောက်ထွက်သဖြင့် ထိုကားနှင့် မဖြူဖြူဝင်း ဆက်၍လိုက်ကာ ရေနံ့သာအထိ ခရီးနှင်ခဲ့၏။

ရေနံ့သာရောက်တော့ လမ်းခရီးတွင် အစော်ကားခံရသည်မှ အပ ဖြစ်ကြောင်းကုန်စင်ကို ဆေးရုံအုပ်ကြီးကို ပြောပြကာ ဆေးရုံ၌ နေခွင့်ရရေးအတွက် တင်ပြ၏။ ဆေးရုံအုပ်ကြီးက မဖြူဖြူဝင်းသည် လူကောင်းပကတိဖြစ်နေ၍ လူနာအဖြစ်လက်ခံ၍မရ။ သို့သော် လူနာများကို ပြုစုသူအဖြစ် ခေတ္တ နေခွင့်ပြုလိုက်၏။ နောက်မှ ချည်သို့မည်ပုံ စီစဉ်ရမည်ကို စဉ်းစားနေစဉ် သုံးလလောက်ကြာတော့ မဖြူဖြူဝင်းထံတွင် ကိုယ်ဝန်ရှိမှန်းသိလာ၏။ သည်တော့ ဆေးရုံအုပ်ကြီးကိုထပ်၍ ဖြစ်သမျှအကြောင်း ပြန်ပြောရပြန်၏။ သည်လိုနှင့် မဖြူဖြူဝင်း ဗိုက်ကလေးပေါ်လာသည်။ ရေနံ့သာဆေးရုံ၌ပင် မဖြူဖြူဝင်း ကိုယ်ဝန်ကို မွေးဖွားခဲ့၏။ အခုတော့ ထိုကလေးပင် အခါလည်သား ရှိနေပြီဖြစ်၏။

*



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ရှမ်းဗမာမလေး မဖြူဖြူဝင်း၏အဖြစ်ကို နားထောင်ကာ စိတ်ထဲ ရင်ထဲက မကောင်းရုံသာမက မခံမရပ်နိုင်လည်း ဖြစ်လာ၏။

"ဒီအဖြစ်အပျက်ကို မဖြူဖြူဝင်းက ရဲကို မတိုင်ဘူးလား"

"ကျွန်မ ဘယ်လို လုပ်တိုင်ရမှာလဲ၊ ကျွန်မကိုယ်ဝန် ရှိတာတောင် သုံးလလောက်ကြာပြီးမှ သိတာပဲ၊ အဲသလိုဖြစ်ပြီး ကျွန်မမှာ ကိုယ်ဝန်ရှိလာလိမ့်မယ်ဆိုတာလဲ ကျွန်မ မသိပါဘူး၊ ဒါကြောင့်လည်း ဒီကိစ္စကို ဘယ်သူမှလဲ မပြောမိဘူး၊ အဲဒီတုန်းက ဆေးရုံမှာ နေရဖို့က အရေးအကြီးဆုံး၊ အဓမ္မပြုခံရတာရော အစော်ကားခံရတာရောက သိပ်အရေးမကြီးဘူး၊ နေစရာတစ်ခုရဖို့က အရေးကြီးနေတော့ တိုင်ရမယ်ဆိုတာလဲ မသိတော့ပါဘူးဆရာ"ဟု ဆို၏။

"ဆရာရေ၊ ရောဂါသည် အစော်ကားခံရတာက ရိုးနေပါပြီ၊ မဖြူဖြူဝင်း ကို အဓမ္မအစော်ကားမခံရလဲ အနာကြီးရောဂါသည် ဆိုတာနဲ့ အနည်းနှင့်အများ အမြဲစော်ကားနေကြတာချည်းပါပဲ ဆရာ" ဟု တစ်ယောက်က ဝင်ပြောပါ၏။

"အဲဒီအစော်ကားခံရတဲ့ ညက အဲဒီရပ်ကွက်က လူကြီးတို့၊ သူကြီးတို့၊ ဆယ်အိမ်မှူးတို့ တိုင်ရမှာပေါ့"

"တိုင်ဖို့လဲ သတိမရပါဘူး၊ ကျွန်မက နောက်တစ်ကြိမ် အစော်ကား မခံရမိ လွတ်အောင်ပြေးလာနိုင်တာကိုပဲ ကံကောင်းပြီလို့ ထင်နေတာပါ"

"အခု ကိုယ်ဝန်ရှိပြီး ကလေးမွေးပြီ၊ ဒီတော့ ဒီကလေးကိုလဲ





အဲဒီလူက သူ တာဝန်ယူရမှာပေါ့"ဟု ကျွန်တော် ဆို၏။

"အခုသွားပြောတော့ရော ဘယ်သူက လက်ခံမှာလဲ ဆရာရယ်၊ ကျွန်မကလဲ ကားလမ်းပေါ်က ရွာတစ်ရွာပဲသိတာ၊ ဘယ်ရွာမှန်းတောင် မသိတော့ဘူး"ဟု ဆို၏။

ကျွန်တော်သည် မဖြူဖြူဝင်းကို လှမ်းကြည့်လိုက်သည်။ သူသည် အစော်ကားခံရသည်ကို နာကြည်းရကောင်းမှန်းပင် မသိဘဲ သူ့ရင်ခွင်တွင်းမှ ကလေးငယ်ကို သူ့အတွက် ဘဝအဖော်အဖြစ် သိကြားမင်းပေးသည့် ကလေးအလား ထင်မှတ်နေဟန်ရှိ၏။ ထို့ကြောင့်လည်း မဖြူဖြူဝင်းထံတွင် အားမာန်များကို တွေ့ရှိနေရခြင်း ဖြစ်၏။


ကလေးကို မွေးစားမည့်သူ ရှိသော်လည်း မဖြူဖြူဝင်းက မပေးနိုင်ဟု ဆို၏။ မဖြူဖြူဝင်းက ရေနံ့သာတွင် ဆေးရုံအလုပ်တစ်ခုကို မျှော်ကိုးရင်း ဘဝတူရောဂါသည်များကိုပြုစုကာ သားငယ်ကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ကြိုးစားမည်ဟူသော အတွေးစိတ်ကူးများက မည်းမှောင်နေသော သူ့ဘဝမိုးတိမ်လိပ်များကို ငွေခြည်ရောင် အနားကွပ်ထားသလို ရှိနေ၏။

■



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သီတာ

## အခန်း (၃)

## မသေပွဲ

မရမ်းချောင်းအနာကြီးရောဂါစခန်းသည် လှည်းကူးမြို့နယ်အတွင်း ပဲခူးရိုးမအစပ်တွင် တည်ရှိ၍ ဖောင်ကြီးမှ သုံးမိုင်ခွဲဝေး၏။ အနာကြီးရောဂါသည် ရွာလေးကို တောင်ကြောတစ်ခုပေါ်တွင် အလျားလိုက်တည်ထားသောကြောင့် လှပသည့်အသွင် သဏ္ဌာန်ရှိသော်လည်း ခြေလက်ငုံးတိ ခြေသိုင်းကျ လက်သိုင်းကျ ဒုက္ခိတဝေဒနာရှင်များအဖို့ တောင်ဆင်းတောင်တက်များ၊ မြောင်များ၊ လျှိုများနှင့် အတော်သွားရလာရခက်သော အနေအထားဖြစ်သည်။

လျှိုများ၊မြောင်များ ရှိသောကြောင့် တစ်နှစ်ပတ်လုံးရေဝပ်နေတာ ခြင်ပေါ၊ ငှက်ဖျားထူသော နေရာလည်းဖြစ်သည်။ ကျွန်တော်တို့သည် ရွာလမ်းအတိုင်းလျှောက်လာရာ ရွာသားတစ်ဦးက "ငှက်ဖျားပေါသလားမပြောနဲ့ ဆရာရေ၊ ကျွန်တော်တို့ ထောက်ကြံ့ ကနေ



www.burmeseclassic.com

www.burmeseclassic.com



မရမ်းချောင်း ပြောင်းလာတော့ ငှက်ဖျားနဲ့ သေတဲ့လူမနည်းတော့ဘူး”ဟု ညည်းငြော ပြော၏။

ရွာသားတစ်ဦးက ထိုသို့ရွာသမိုင်းကို ရှင်းပြနေသည်ကို နားထောင်ရင်း လှိုုတစ်ခုကြားမှ ထွက်ပေါ်လာသော သီချင်းသံကို အာရုံစိုက်နေမိ၏။ အနာကြီးရောဂါသည် ရွာတွင် နရီစည်းဝါးကိုက် သာယာငြိမ့်ညောင်းသော တေးဂီတသံတစ်ခု သာယာဖြည်းညင်းစွာ ပျံ့လွင့်၍ ထွက်ပေါ်သည်ကို ကျွန်တော့်အာရုံက ရောက်ရှိသွားခြင်းဖြစ်၏။ အသံက အဆိုရော အတီးပါ အတော်ကလေး စေ့စေ့စပ်စပ်ရှိ၏။ သီဆိုနေသူကလည်း တကယ့်ကို ရင်ထဲမှ လှိုက်လှဲစွာ သီဆိုနေရခြင်းဖြစ်သည်။ ပထမတော့ စိမ်းစိုနေသော လှိုုတွေ၊ ချောက်တွေများကြားတွင် ငှက်ဖျားနှင့် သေဆုံးသူတစ်ဦး သီဆိုနေတာလားဟု ကြောချမ်းသွားမိ၏။

“ဦးလှဌေး၊ အသံလာနေတာကို ကြားလား”

“ဟုတ်ကဲ့”

“အတော့်ကို နရီကိုက်၊ စည်းကိုက် အသည်းလှိုက်အူလိုက် ဆိုနေတာပဲ၊ ဟို ခင်ဗျားခုနကပြောတဲ့ ငှက်ဖျားနဲ့ သေသွားတဲ့သူတွေများ သူတို့ အကြောင်းပြောလို့ ဆိုပြနေတာများလာဗျာ

“မဟုတ်ဘူးဆရာရဲ့၊ အခုဆိုနေတဲ့သူက ရောဂါသည်ပဲ၊ သီချင်းကို သူ့ဘာသာ သူစပ်၊ သူ့ဘာသာသူဆိုပြီး ကိုယ်တိုင်တီးနေတာ”

“အတီးကတော့ ဝါးပတ္တလားသံပဲ”





“ဒေါ်သီတာက အဆိုအတီးသာမက သီချင်းကို ကိုယ်တိုင်ရေး ကိုယ်တိုင်လဲ ကတတ်တယ်”

“ပါရမီရှင် ပါပဲ”

“ဟုတ်တယ် ဆရာရဲ့၊ ကဲ ဒေါ်သီတာ အိမ်ဝင်လည်ကြရအောင် ဆရာ”

“ဟို ဥစ္စာစောင့် မဟုတ်တာ သေချာတယ်နော်”

“ဆရာကလဲ အိမ်ပေါ်ရောက်တော့ သိမှာပေါ့” ဟု ဦးလှဌေးက ပြော၍ ကျွန်တော်ရော၊ ဦးလှဌေးနှင့် ဦးသန်းဦးတို့ပါ ဒေါ်သီတာ အိမ်ပေါ်သို့ တက်လာခဲ့ကြ၏။ ဦးလှဌေးက “ဒေါ်သီတာ ဒီမှာ ဧည့်သည်ပါတယ်”ဟုဆို၏။

ဒေါ်သီတာက အတီးကိုရပ်ကာ လေှကားထိပ်သို့လာ၍ ကြိုဆို၏။

“ဧည့်သည်ဆိုလို့ ဘယ်သူများ မှတ်တယ်၊ ဆရာ ပါလား၊ ကြွပါဆရာ ကြွပါ”

ဒေါ်သီတာက ကျွန်တော့်ကို ရင်းနှီးစွာ သိနေ၏။ ကျွန်တော်ကတော့သူမကို တစ်နေရာရာတွင် မြင်ဖူးသလိုရှိ၏။ ချက်ချင်းပင် ပြန်မှတ်မိသည်။ “ဆရာမောင်ဟေမာရဲ့ အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့နဲ့တွဲပြီး ရွှေမြိုင်ကိုလေးနဲ့အတူ မုန်းဆက်ဆက်မရှယ် သီဆိုခဲ့တာ ဒေါ်သီတာ မဟုတ်လား”

“ဟုတ်တာပေါ့ ဆရာရယ်၊ အဲဒီနေ့က ကျွန်မက ရွှေမြိုင်ကိုလေးနဲ့တွဲပြီး ဦးချစ်ဆွေရဲ့သီချင်းကို ဆိုခဲ့တာ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့လဲ ဦးချစ်ဆွေရဲ့ မုန်းဆက်ဆက်မရှယ်သီချင်းကို မကြားရတာ အတော်ကြာနေတဲ့အချိန်မှာ အဲဒီနေ့ကတော့ ဦးချစ်ဆွေကိုယ်တိုင်နဲ့ တွဲပြီးဆိုနေသလား အောက်မေ့လိုက်တာ"

"ဒီသီချင်းက နာမည်လဲကြီး၊ လူတိုင်းလဲ သိနေတော့ ဆိုရမှာ ပထမတော့မဝံ့မရဲဘဲ၊ ဒါပေမယ့် ကျွန်မတို့ကလဲ အမ်ဒီတီဆေးပေါ်လို့ အနာကြီးရောဂါပိုးက ကျွန်မတို့ခန္ဓာကိုယ်မှာ လုံးဝကင်းစင်ပပျောက်သွားပေမယ့် အသက် ၆၀ ရှိလို့ ဘုရားသွား ကျောင်းတက်နေတဲ့တိုင် လုံးဝမပျောက်ကင်းနိုင်နဲ့ ပိုးကတော့ ကျွန်မရင်ထဲက ခံစားမှုတေးဂီတ အလင်္ကာပိုးပါပဲဆရာရယ်၊ ကျွန်မတို့အရွယ်က အခုလိုပတ္တလားလေးခေါက်ပြီး နေရမယ့်အရွယ်မဟုတ်ပေမယ့် ဂီတ အလင်္ကာပိုးက သတ်လို့ မသေနိုင်ဘဲရှိလို့ ဆရာတို့တစ်ဖွဲ့ကြီး စာရေးဆရာတွေရော၊ ဂီတပညာရှင်တွေရော အစုံ ကျွန်မတို့ရွာကို လာဖျော်ဖြေတဲ့နေ့က ဆရာမောင်ဟေမာရဲ့ အလင်္ကာဝတ်ရည် အဖွဲ့ကိုလဲ တုံ့ပြန်ဧည့်ခံလေးစားတဲ့ အနေနဲ့ အဲဒီနေ့တုန်းက ကြိုးစားပြီး စင်ပေါ်တက်ဆိုခဲ့တာပါ၊ ကြည့်လေ၊ အသက် ၆၀ ရောဂါသည် အမျိုးသမီးတစ်ယောက်စင်ပေါ် ဘယ်သူက အတက်ခံမှာလဲ၊ ဒါပေမယ့် တက်ဆိုနိုင်ပါတယ်လို့ ဆရာတို့ကလဲ ခွင့်ပြုတာနဲ့ ကျွန်မလဲ ရှက်ရှက်နဲ့ စင်ပေါ်တက်ပြီး ကြိုးစားကြည့်တာ၊ အတီးအဖွဲ့က ကျွမ်းကျင်တာကြောင့် ကျွန်မအဖို့ အဆိုလဲ ဖြောင့်ခဲ့ရတာပါဆရာ"ဟုဆို၏။

ထိုနေ့က ဒေါ်သီတာတို့ စုံတွဲသီဆိုမှုကို ငွေတစ်သောင်းကျော်ဝိုင်း၍ ဆုချီးမြှင့်ကြသည်ကို ကျွန်တော် မှတ်မိပါ၏။





"ဒေါ်သီတာက တခြားသူမှမဟုတ်တာ၊ ကျွန်တော်မှတ်မိပြီ၊ ၂၀၀၂ ခု၊ ဒီဇင်ဘာလက ကျင်းပတဲ့ အမျိုးသားအနာကြီးရောဂါကင်းဝေးရေး အသိပညာပေး ရက်သတ္တပတ်ပွဲမှာ မေတ္တာပန်းခင်းလမ်းခင်းပေးပါဆိုတဲ့ ဆောင်းပါးနဲ့ ဆုရခဲ့တာလဲ ဒေါ်သီတာပဲမဟုတ်လား"

"ဟုတ်ပါတယ်ဆရာ၊ အဲဒီတုန်းက ကျွန်မဆုငွေတစ်သောင်း၊ တိုင်ကပ်နာရီတစ်လုံးနဲ့ ခရီးစရိတ် ၂၀၀၀ ကျပ် ရခဲ့ပါတယ်၊ အဲဒီလိုဆုတွေရတော့ ကျွန်မအဖေနဲ့အမေကို သတိရလိုက်တာ ဆရာရယ်"ဟုဆိုကာ ဒေါ်သီတာက ဆွေးရိပ်တွေနှင့် အတိတ်ကို တွေးနေ၏။

"ဒေါ်သီတာ အတိတ်က ဆွေးစရာတွေကို တွေးမနေနဲ့၊ ဘဝဆိုတာ ဒီလိုပဲ၊ ငှက်ခါးပျံသလို နိမ့်ချည် မြင့်ချည်ပျံနေရတာ၊ အခု ဒေါ်သီတာရဲ့ဘဝမှာ ဘာသာတရားလက်ကိုင်ထားပြီး အေးချမ်းတည်ငြိမ်တဲ့ဘဝကို ရနေပြီမဟုတ်လား"ဟု ဦးသန်းဦးကဝင်၍ပြောပါ၏။

"ဟုတ်ပါတယ် ကိုသန်းဦးရယ်၊ ဒါပေမယ့် ကျွန်မဘဝမှာ ငှက်ခါးလို တစ်ခါတစ်ရံ အမြင့်ပျံနိုင်တဲ့ အခွင့်အခါဆိုတာ မရှိခဲ့ပါဘူး" ဟုဆိုကာ ဒေါ်သီတာက မျက်ရည်များ စို့လာသည်။

* * *

မခင်သီတာဆိုသော မိန်းကလေးက လက်ပံတန်းတွင် မွေးခဲ့သော်လည်း ရန်ကုန်တွင်နေ၊ ရန်ကုန်တွင် ကြီးသူမို့ ရန်ကုန်သူအစစ်ဖြစ်သည်။ မခင်သီတာကို ၁၉၄၃ ခု၊ ဖေလ ၂၃ ရက်၊



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့တွင် မွေးသည်။ မွေးချင်း ခုနစ်ဦးရှိသည်။ မခင်သီတာ သုံးနှစ်သမီးအရွယ်တွင် မိဘများ ရန်ကုန်သို့ ပြောင်းလာခဲ့၏။ ရန်ကုန်ရောက်တော့ ၂၇ လမ်းတွင်နေ၍ ကုန်ရောင်းကုန်ဝယ် လုပ်ကိုင်စားသောက်သည် ထိုမှတစ်ဆင့် မိဘများက အမှတ် ၁၆၈၊ ၃၄ လမ်းသို့ ပြောင်းလာပြီး ၃၄ လမ်း ဆရာကြီး ဦးအုန်းခိုင်၏ မြူနီစပယ်ကျောင်းတွင် နေသည်။ စတုတ္ထတန်းရောက်တော့ ၃၃ လမ်းမှ ၃၆ လမ်းအထိ တစ်ရပ်ကွက်လုံး မီးလောင်ရာ မခင်သီတာတို့ အိမ်လည်း ပါသွား၏။ သည်တော့ မဟာဗန္ဓုလပန်းခြံထဲတွင် မီးဘေးဒုက္ခသည်အဖြစ် ပြောင်းရွှေ့နေထိုင်ရ၏။ မီးဘေးဒုက္ခသည် ဘဝမှ အစ်မအကြီးဆုံးနေထိုင်ရာ မီးရထားကွာတာလိုင်းသို့ ပြောင်းရွှေ့ နေထိုင်၏။ ထိုစဉ်က အမေက မုန့်ဟင်းခါးရောင်း၏။ အဖေဖြစ်သူက ကန်တော်ကလေး ဖို့မြေ မြူနီစပယ်ကျောင်းတွင် ကျောင်းဆရာလုပ်၏။ အဖေကျောင်းဆရာလုပ်သောအခါ အမှတ် ၅၄၊ မြူနီစပယ်ဝင်းသို့ ပြောင်းရွှေ့နေထိုင်ကြ၏။ အဖေ၏ကျောင်းဆရာလခနှင့် အမေဈေး ရောင်း၍ ရသောဝင်ငွေက မိသားစုအတွက် လုံလောက်သည်။ မခင်သီတာသည် ၁၉၅၆ ခုနှစ်တွင် သတ္တမတန်း အောင်မြင်၏။ စာတော်သော မိန်းကလေးတစ်ဦးဖြစ်၊ ရုပ်ရည်လေးကလည်း ပြေပြေပြစ်ပြစ်ရှိကာ မိဘ၏ထိန်းသိမ်းစောင့်ရှောက်မှုအောက်တွင် မြန်မာပီသ သော မခင်သီတာကို အားလုံးက ဝိုင်းဝန်းချီးကျူးကြသည်။ အဖိုးတန် မိန်းကလေးတစ်ယောက်။

သတ္တမတန်းအောင်ပြီးသောအခါ ကူးသန်းရောင်းဝယ်ရေး





သင်တန်းတက်ထားပါက အလားအလာကောင်းသည်ဟုဆို၍ လျှောက်လွှာတင်ရာ သင်တန်းတက်ခွင့် ရရှိရေးအတွက် ကျန်းမာရေး အစစ်ခံရ၏။ ကျန်းမာရေးအစစ်ခံပြီးနောက် စစ်ဆေးသူက မနက်ဖြန် သူတို့ ဆေးရုံသို့ လာခဲ့ပါဟု မခင်သီတာကို တိုးတိုးတိတ်တိတ် မှာ၏။ မခင်သီတာက မှာပုံထူး၍ နောက်တစ်နေ့တွင်ပင် မှာသော နေရာသို့ တစ်ယောက်တည်းသွားသည်။ သူမရောက်ခဲ့သော ဆေးရုံ အမည်ကိုတွေ့လိုက်ရသောအခါ အတော်ကြီး လန့်သွား၏။ ဆေးရုံမှ ထွက်ပြေး လိုစိတ်ပင် ပေါ်လာသည်။ ဆေးရုံထဲသို့ဝင်ရမည်ကိုပင် ရှုံ့ရှာကြောက်ရွံ့ နေမိ၏။

ထိုစဉ်က မခင်သီတာက ဗဟိုစံပြတန်းမြင့် ကျောင်းတွင် တက်နေလေတော့ ဆေးရုံနှင့် ကျောင်းက သံဆူးကြိုးသာခြား၏။

မနေ့ကတွေ့သော ကျန်းမာရေးဝန်ထမ်းကပင် မခင်သီတာအား အခန်းတစ်ခုအတွင်းသို့ ဖေးမစွာ ခေါ်သွားပြီး ထပ်မံစစ်ဆေးမှုပြုသည်။ ထို့နောက် “ကလေးမမှ အနာကြီးရောဂါရှိနေတယ်၊ ဘာမှ စိတ်မပူနဲ့၊ ဆရာတို့ ကုပေးမယ်၊ ဆေးကိုတော့ ဒီဆေးခန်းမှာပဲ လာယူပါ”ဟု ဆိုကာ ဆေးများပေးလိုက်၏။

ကူးသန်းရောင်းဝယ်ရေးကျောင်းကိုတော့ တက်ခွင့်ရ၏။ ဆေးရုံ ဘ ဆာလဖုန်းဆေးများကို စားရာ သိပ်သက်သာမှုမရှိ။ ကူးသန်း ရောင်းဝယ်ရေးကျောင်းတွင် လက်နှိပ်စက်၊ လက်ရေးတိုသင်ရသည်။ ဒုတိယနှစ်တွင် စွဲကပ်နေသော ရောဂါကြောင့် လက်နှိပ်စက်မရိုက်နိုင်သော ရှိ၏။ ဆေးတော့မှန်မှန်စားသည်။ မှန်မှန်စားသည့်ကြားက လက်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလေးများ ကိုက်ခဲလာ၏။ ဆေးကုတာကို လူမသိအောင် ဖုံးဖိရသည်ကတစ်မျိုး၊ ရောဂါ ဝေဒနာခံစားရသည်ကတစ်ဖုံဖြင့် စာတော်သော မခင်သီတာ ၂နှစ်ဆက်တိုက် စာမေးပွဲကျ၍ ကျောင်းထွက်လိုက်ရ၏။ သည်တော့ ကန်တော်ကလေး စာရိတ္တမြင့်တင်ရေးညကျောင်းတွင် ထပ်တက်သည်။ ထိုကျောင်းတွင် ဝါသနာတူသူငယ်ချင်းတစ်ယောက် ရရှိခဲ့၏။ သူ့အမည်က မသန်းချစ်ဖြစ်၏။ နောင်တွင် မသန်းချစ်က အဆိုတော် နာမည်ကြီး ချစ်စပယ်ဖြစ်လာ၏။ မသန်းချစ်နှင့်တွဲကာ ဂီတလေ့လာမှုပြု၏။ သီချင်းဆို၏။ သို့သော်လည်း ရောဂါကတစ်ဖက်နှင့်မို့ ထင်သလောက် မအောင်မြင်ဘဲရှိ၏။

ထိုအချိန်တွင် မိသားစုမှာလည်း စီးပွားရေးမပြေလည်ဘဲရှိရာ အလုပ်တစ်ခုခု လုပ်ရတော့မည့်အခြေအနေရှိသောကြောင့် မခင်သီတာသည် နေပြည်တော်ကုန်းလမ်း သယ်ယူပို့ဆောင်ရေးဌာနမှမြို့တွင်းနှင့်တောင်ဥက္ကလာပပြေးဆွဲနေသော အမှတ် ၁၇ ဟီးနိုးကားလိုင်းတွင် မိန်းကလေး လက်မှတ်ရောင်းအလုပ်ကို ဝင်လျှောက်ခဲ့၏။

ထိုစဉ်က တူညီဝတ်စုံလေးများနှင့် မိန်းကလေးချောချောလှလှလေးများ လက်မှတ်ရောင်းသောကြောင့် အကြောင်းမရှိဘဲ မြို့တွင်းနှင့်တောင်ဥက္ကလာကားကို အပျော်တမ်းလိုက်စီးသော သူများပင်ရှိ၏။ မြို့တွင်းမှ တောင်ဥက္ကလာဂိတ်ဆုံးအထိ ၃၅ ပြားပေးရ၏။ အလုပ်က အဆင်ပြေ သည်။ အရှေ့တောင်အာရှတွင် အကောင်းဆုံး ဘတ်(စ်)ကားပြေးဆွဲမှု စနစ်ဖြစ်၍ မခင်သီတာသည် အလုပ်ကို ရိုသေစွာလုပ်၏။ ကြမ္မာက ဆိုးချင်တော့ တစ်နေ့တွင် ဟီးနိုးကားကြီးပေါ်မှ အဆင်း





ရုံးခန်းရှေ့ အရောက်ချော်လဲရာ ဝတ်ထားသောစကတ် ဒူးဆစ်အထိလန်သွား ရာက ခြေသလုံးမှာ အနာကြီးရောဂါအကွက်များကို လူကြီးများတွေ့ရှိ သွား၏။ ထို့ကြောင့် လူကြီးများက မခင်သီတာအားခေါ်၍ ရောဂါကို ဆေးဝါးကုသမှု ခံယူပါဦး၊ ရောဂါပျောက်ပြီဆိုပါက အလုပ်ပြန်ခန့်ပါမည်ဟုဆိုပြီး ခံစားခွင့် တစ်လစာအပြည့်ပေးပြီး အလုပ်မှခွင့်ပေးလိုက်၏။ ခွင့်ပေးသည်ဟုဆိုသော်လည်း ထိုအလုပ်ကို တစ်သက်လုံး ပြန်လည်ရရှိနိုင်ခြင်း မရှိပါ။

ထိုအချိန်မှစ၍ ဘဝမုန်တိုင်းက ပြင်းထန်လာသည်ဟုဆိုရမည်။ မခင်သီတာတွင် အနာကြီးရောဂါရှိကြောင်း တစ်စတစ်စ မိတ်ဆွေများကလည်း သိလာတော့ အပြင်လည်းမထွက်ရဲ၊ မိတ်ဆွေ များနှင့်လည်း မတွေ့ရဲတော့ဘဲ ဘုရားတရားအလုပ်ကိုသာလုပ်ကာ မိမိခံစားချက်များကို စာရေးရင်း ကဗျာရေးရင်းဖြင့်နေခဲ့၏။ ဆေးတော့ မှန်မှန်စား၏။ ဆေးစားနေသည့်ကြားမှလည်း ရောဂါက နည်းနည်းခြင်းပိုတိုးလာ၏။ မခင်သီတာက လူတောမတိုးနိုင်သည့်အဖြစ်ကို ကြုံရမှတော့ လူသူကင်းဝေးရာတွင် လုပ်နိုင်သော အလုပ်၌ ထူးချွန်အောင်လုပ်ဆောင်မည်ဟုဆိုကာ စာများရေး၍ ဘားမားစတား ဖလင်စတားဟာသ၊ ဥဩ၊ အချစ်တော်၊ သင့်ဘဝ၊ ချိုတေးရှင် စသည့် စာစောင်များသို့ စာတိုက်မှတစ်ဆင့် ဆက်သွယ်၍ စာမူများရေးပို့၏။

စာကြိုးစား၍ရေးသော်လည်း အတွေ့အကြုံက လိုနေသေး၍ မခင်သီတာအဖို့ ကြိုးစားသလောက် မအောင်မြင်ခဲ့ပေ။ ထိုအချိန်ထိဆိုးမသွားရာ မိုးလိုက်လို့ရွာဆိုသလို တောင်ဥက္ကလာပ သီတာရေ



www.burmeseclassic.com

www.burmeseclassic.com



စင်လမ်း၊ အိမ်အမှတ် ၆၁၂ တွင် ဖခင်ကြီးသည် မခင်သီတာ၏ စိတ်ဖြင့်ပင် ဆုံးပါးခဲ့ရှာ၏။ အဖေဆုံးတော့ မိခင်ကြီးက မိသားစု တာဝန်ကို တစ်ဦးတည်း ထမ်းဆောင်လာရ၏။ မခင်သီတာကလည်း မကူညီနိုင်။

တစ်နေ့တွင်တော့ ရန်ကုန်ဆေးရုံသို့သွား၍ ဆေးယူစဉ် ဒေါက်တာအက်ဒွက်အား မခင်သီတာက "ကွေးနေသောလက်ကလေး များဖြောင့်နိုင်ရင် ကျွန်မအမေကို ကူညီနိုင်မှာပဲ"ဟု ပြောမိ၏။ "လက်ချောင်းလေးတွေ ဖြောင့်အောင် ကျွန်တော်ကူညီနိုင်ပါတယ်၊ မော်လမြိုင်တောင်ဝိုင်းမှာ အနာကြီးဆေးရုံရှိတယ်၊ အဲဒီဆေးရုံကိုသွား၊ ကျွန်တော်စာရေးပေးလိုက်မယ်၊ အဲဒီမှာ လက်ချောင်းလေးတွေဖြောင့် အောင် ဆေးရုံက ခွဲစိတ်ကုသပေးတယ်"ဟု ဆိုကာ ဒေါက်တာ အက်ဒွက်က စာရေးပေး၏။ သူမအတွက်တော့ မျှော်လင့်ချက်တစ်ရပ် ဖြစ်၏။ လက်ကလေးများဖြောင့်လျှင် အမေ့ကို ကူနိုင်မည်။

သည်လိုနှင့် ၁၉၆၁ ခုနှစ်တွင် မခင်သီတာ မော်လမြိုင် အနာကြီးဆေးရုံသို့ ထွက်လာခဲ့၏။ မော်လမြိုင်တွင် ခွဲစိတ်ကုသမှု ခံယူခဲ့၏။ ခွဲစိတ်မှု ခံယူရင်း မော်လမြိုင်တွင် ဘဝတူစာပေနှင့်ဂီတ ဝါသနာပါသူ ပျဉ်းမနား ခင်နှယ်ဝင်း၊ စစ်ကိုင်းခင်မာထွေး၊ ရွှေမြိုင် ကိုလေး၊ ကိုကိုလေး၊ လယ်ဝေးမြနှင်းဖြူ အစရှိသော စာပေ ဝါသနာရှင် ကဗျာဝါသနာရှင်တို့နှင့် မိတ်ဆွေဖြစ်ခဲ့၏။ မခင်သီတာက တောင်ဝိုင်းဆေးရုံတွင် နေစဉ်အတွင်း စာသင်ကျောင်းတွင် လုပ်အားပေး ဆရာမ အဖြစ် ဝင်ရောက်လုပ်ကိုင်ကူညီ၏။ ခရစ်စမတ်ပွဲတွင်





ကျောင်းသားများ နှင့် ကပွဲပြုလုပ်ရန် ပြင်ဆင်ကြစဉ် ညာဘက်လက်မှ လက်ချောင်း သုံးချောင်း တံခါးညပ်၍ အရေးပေါ် ဖြတ်တောက်ပစ် လိုက်ရလေရာ ကောက်နေသော လက်ကလေးများ ပြန်ဖြောင့်လာပြီးမှ အပြီးတိုင် ပြတ်တောက်သွားခဲ့ပါတော့၏။ မော်လမြိုင်တောင်ဝိုင်း ဆေးရုံမှ ပြန်လာပြီး ထောက်ကြံ့ဆေးရုံတွင် တစ်လစာ တစ်လစာ ဆေးထုတ်၍ စားရသည်။ ထိုစဉ် ဘယ်ဘက်လက်ညှိုး၌ အနာဖြစ်လာ သောကြောင့် ယင်းလက်ညှိုးကို ဆရာကြီးဦးဆိုင် လက်ထက်တွင် ဆေးရုံတက်ဖြတ် ခဲ့ရ၏။

အနာကြီးရောဂါသည် အဖြစ်ကြာလာတော့ အစ်ကိုနှင့်ညီမ များကလည်း ကူညီရိုင်းပင်းမှု တစ်စတစ်စကျဲလာ၏။ ထောက်ပံ့မှု များလည်း နည်းလာက စားဝတ်နေရေးအတွက် အခက်အခဲရှိလာ၏။ ထိုအချိန်တွင် မခင်သီတာသည် ထောက်ကြံ့အနာကြီးဆေးရုံတွင် ဆေးလာကုရင်း တောင်ဥက္ကလာပ အမေ့ထံသို့မပြန်တော့ဘဲ ဆေးရုံ အနားတွင်ပင် ဖြစ်သလို ဘဝတူများနှင့် နေလိုက်တော့၏။ ရပ်ထဲရွာထဲ ပြေန်လို၍ ထောက်ကြံ့တွင်နေရသော်လည်း စီးပွားရေးအရ ပြေလည် သည်မဟုတ်။ ကိုယ့်ဒူးကိုယ်ချွန် နေရခြင်းဖြစ်၏။ ထောက်ကြံ့ အနာကြီးရောဂါသည်စခန်းတွင် ရောဂါသည်များက အရက်ချက်၍ ရောင်းကြရာ စီးပွားရေးအတော်ဖြောင့်ကြ၏။ မိဘမျိုးရိုးကလည်း အရက်ချက်သော အလုပ်ကို မလုပ်၊ ကုသိုလ်ကံမွဲရှာ၍ သည်လိုရောဂါ ဆိုးကြီးရကာမှ အကုသိုလ်လုပ်ငန်း တစ်ရပ်ဖြစ်သော အရက်ချက် လုပ်ငန်းကိုလည်း မလုပ်လို။ ထို့ကြောင့် အများက တိုက်တွန်း



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မခင်သီတာသည် အရက်ချက်လုပ်ငန်းကို မလုပ်ဘဲ ကြံ့ကြံ့ခံ၍ နေသေး၏။

သို့သော်လည်း ကြာကြာကြံ့ကြံ့ခံ၍ မနေနိုင်တော့ပါ။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် အများမိုးခါးရေသောက်သည်ကို မခင်သီတာလည်း ဝင်၍သောက်ရ၏။ အရက်ချက်လုပ်ငန်းကလည်း တာဝန်ကြီးလှသည်။ စိမ်ရည်အိုးလုပ်ရသည်။ စိမ်ရည်အိုးက သန့်ရှင်းမှ အရက်အရည်အသွေး ကောင်း၏။ ထန်းလျက်၊ ကြံသကာ၊ သကာရည်စသည်တို့ သန့်မှကောင်းမှ စားသုံးသူတို့ ဘေးကင်း၏။ မလွှဲသာ၍ အရက်ချက်ရောင်းသော်လည်း မခင်သီတာက မိမိလုပ်ငန်းအပေါ် သစ္စာရှိရှိနှင့် ပြုလုပ်၏။ ရဲ၊ ယစ်မျိုးတို့နှင့်လည်း ပြေလည်အောင် ပေါင်းရသည်။ အရက်ချက်ရတာ ပိုက်ဆံရလွယ်သည်ဟု ဆိုသော်လည်း မိန်းမသားတစ်ယောက်အတွက် အတော်ပင်ပန်းသော လုပ်ငန်းဖြစ်၏။ မိုးလင်းမှ မိုးချုပ် စိတ်ပင်ပန်း ကိုယ်ပင်ပန်း လုပ်ဆောင်ရ၏။ တစ်ခါတစ်ရံ ယစ်မျိုးက ရှာဖွေဖမ်းဆီး တရားစွဲဆိုခြင်း၊ အရက်ချက်ကိရိယာများ၊ စိမ်ရေအိုးများကို ရိုက်ခွဲပစ်ခြင်းများ ပြုတတ်၏။ ကြာတော့ မခင်သီတာအဖို့ အရက်ချက်လုပ်ငန်းကို စိတ်ကုန်လာ၏။ ပင်ပန်းတော့ မူလရောဂါကတစ်မျိုး၊ ပင်ပန်း၍ ဖျားတာ နာတာကတစ်ဖုံဖြင့် မိမိတစ်ဦးတည်းဘဝကို ရပ်တည်ရန် မဖြစ်နိုင်တော့မည့် အခြေအနေသို့ ရောက်လာ၏။ သည်ကြားထဲ ဝါသနာကမစွန့်နိုင်၍ ရပ်ကွက်ထဲတွင် မိမိတတ်သောပညာလေးဖြင့် အသုံးလုံးဆရာမအဖြစ်လည်း လုပ်ကိုင်နေရသေး၏။





တစ်နေ့တွင်တော့ မခင်သီတာ၏ မိတ်ဆွေများက မိန်းမသားတစ်ဦးတည်း အခုလို လုပ်ကိုင်နေရတာ မသင့်တော်ပါဘူးဟုဆိုကာ စစ်မှုထမ်းဟောင်းတစ်ဦးဖြစ်သူ ကိုစိုးတင့်နှင့် နေရာချထားပေးပါ၏။

အရက်ချက်လုပ်ငန်းကို မိန်းမသားတစ်ဦးတည်း မဦးစီးနိုင်မှန်း သိလာသော မခင်သီတာသည် အားကိုးအားထားအဖြစ် ကိုစိုးတင့်ကို ခင်ပွန်းသည် လင်ယောကျ်ားအဖြစ် လက်ခံလိုက်၏။ ယောကျ်ားတစ်ယောက် မားမားမတ်မတ် အိမ်ထောင်ဦးစီးသည်ကသိသာ၏။ မခင်သီတာတို့ မိသားစု စီးပွားရေးလေးဖြောင့်ဖြူးလာ၏။ မောင်တစ်ထမ်း မယ်တစ်ရွက်ဖြင့် သားလေးတစ်ယောက်နှင့် သမီးလေးတစ်ယောက်ထွန်းကားလာ၏။

ထိုအချိန်တွင်မှ ကိုစိုးတင့်က ဖွေဖောက်လာသည်။ အရက်လုပ်ငန်းက ငွေကြေးက မြိုးမြိုးမြက်မြက်ရတော့ အရက်ပို့သွား ရင်းအခြားအမျိုးသမီးတစ်ဦးနှင့် မျက်မှန်းတန်းမိရာမှ ထိုအမျိုးသမီးနှင့် အိမ်ထောင်ကျသွားသည်။ မခင်သီတာ၏ ဘဝသည်လည်းတစ်ဖန် ပြိုကွဲသွားခဲ့ပြန်တော့၏။

သည်တော့ မခင်သီတာ သားနှင့်သမီးကို တောင်ဥက္ကလာပ အဘွားအိမ်သို့ ပို့ထားရပြီး သားသမီးများကို ကျောင်းတက်စေ၏။ မိမိကတော့ သားနှင့်သမီး ကျောင်းစရိတ်အတွက် အရက်ကိုပို၍ ချက်လာရ၏။ အရက်ချက်ရင်း ရပ်ကွက်အသုံးလုံး သင်တန်းတွင် ဆရာမ ဝင်ရောက်လုပ်ကိုင်ပေးသည်။ ထို့ပြင် ဘဝတူ ဝါသနာတူများနှင့် ဘဝမြှင့်တင်ရေး စာကြည့်တိုက်ကို ဖွင့်လှစ်ကာ နံရံကပ်စာစောင်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကြိမ်ထုတ်ဝေခဲ့၏။ အရက်လုပ်ငန်းက ကောင်းလာသော်လည်း သားနှင့်သမီးနှင့်က အတူမနေရဘဲ ရှင်ကွဲ ကွဲနေရသဖြင့် ရင်ထဲမှာတော့ လွမ်းနာကျနေရရှာ၏။ မိမိကလွမ်းတိုင်း သားသမီးများထံသို့ သွား၍လည်း မဖြစ်၊ သားသမီးများကို အနူမသားသမီးဟု လူတွေက သိကုန်မှာလည်း စိုးရသောကြောင့် လွမ်းစိတ်ကို မိမိဝါသနာပါရာ လုပ်ငန်းများနှင့် ဖြေသိမ့်၍ နေရ၏။

စိတ်ပြေလက်ပျောက် မခင်သီတာတို့က တီးဝိုင်းလေးဖွဲ့ထား၏။ သူတို့တီးဝိုင်းတွင် ဂစ်တာရွှေတိုင်ကြည်၊ ဒုံမင်း ဦးကျော်စိန်၊ ဘင်ဂျို ကိုစိုးမြင့်၊ မယ်ဒလင် ဦးမြခိုင်၊ ဘာဂျာကိုစိုးမြင့်၊ ခြောက်လုံးပတ် ကိုကြည်လေး၊ စည်းဝါး ဦးအီစွတ်တို့ပါဝင်သည်။ မခင်သီတာတို့အဖွဲ့တွင် ဒုံမင်းတွဲတေး သောင်းညွန့်၊ အောင်သန်းဝင်း၊ သံလျင်စန်းစန်းတို့လည်းပါကြသည်။ အားလုံးဝေဒနာရှင် ရောဂါသည်များဖြစ်ပြီး တီးဝိုင်းလေးက စိုစိုပြည်ပြည် ညည်စည်ကားကားရှိ၏။ တီးဝိုင်းအတွက် လိုအပ်သော တူရိယာပစ္စည်းများကို ဝါသနာရှင် ဦးမင်းပန်းခင်က ဝယ်ပေးပြီး တီးဝိုင်းအမည်ကိုတော့ "ပန်သစ္စာရှင် တီးဝိုင်းအဖွဲ့"ဟု အမည်ပေးထား၏။

တီးဝိုင်းလေးက ဒေါ်ခင်သီတာ၏ဘဝကို အပန်းဖြေစရာဖြစ်စေခဲ့သော်လည်း အသက်အရွယ်က ထောက်လာတော့ ဒုက္ခတိဘဝ ရောက်မှန်းမသိ ရောက်လာ၏။ မကြာခဏ အဖျားဝင်လာ၍အိပ်ရာထဲမှ မထနိုင်သောအခါ ဦးမင်းပန်းခင်က လာရောက်သတင်းမေးကာ ဆေးဝါးနှင့်ခာတ်စာများ ပေး၏။ ဒေါ်ခင်သီတာ နာလန်ထလာတော့





ဦးမင်းပန်းခင်က မခင်သီတာအား လက်ထပ်ခွင့် တောင်း၏။ တီးဝိုင်းအဖွဲ့ဝင်များကလည်း တိုက်တွန်း၏။ ဦးမင်းပန်းခင်ကိုယ်တိုင်ကလည်း လေးစားထိုက်သူ တစ်ဦးဖြစ်သောကြောင့် ၁၉၈၂ ခု၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဦးမင်းပန်းခင်နှင့်ဒေါ်ခင်သီတာတို့သည် မိတ်ဆွေများအား ဖိတ်ကြားကာ ပန်သစ္စာရှင် တီးဝိုင်းဖြင့် ဧည့်ခံ၍ မင်္ဂလာပွဲလေးကို စီစဉ်ခဲ့၏။

ဒေါ်ခင်သီတာ၏ ဒုတိယအိမ်ထောင်သည်ဘဝတွင် စီးပွားရေးလည်း ကောင်းလာပါသည်။ သားနှင့်သမီးကို ထောက်ပံ့ရသည်ကို ဦးမင်းပန်းခင်က ကြည်ဖြူစွာခွင့်ပြုပါ၏။ သို့သော်လည်း ကုသိုလ်ကံအကြောင်းတရားဟုဆိုရပါမည်။ တစ်နှစ်ခန့်ကြာတော့ ဒေါ်ခင်သီတာနှင့် ဦးမင်းပန်းခင်တို့ စိတ်သဘောထားခြင်း မတိုက်ဆိုင်၍ နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြသည်။ ဒေါ်ခင်သီတာသည် ဦးမင်းပန်းခင်နှင့် သားသမီး မရရှိခဲ့ပါ။

အခုတော့ ဝါသနာပါရာဂီတနှင့် အနာကြီးရောဂါသာလျှင် ဒေါ်ခင်သီတာနှင့် အစဉ်ရှိနေသော ဘဝအချင်းအရာနှစ်ရပ်ဖြစ်၏။ ဒေါ်ခင်သီတာ ကိုယ်ပေါ်ရှိ အနာကြီးရောဂါလက္ခဏာများသည် ဒီဘဝတွင် ဘယ်တော့မှ ပျောက်တော့မည်မဟုတ်။ ၁၂ နှစ်သမီးအရွယ်မှ စတင်၍ စွဲကပ်ခဲ့သော အနာကြီးရောဂါသည် ယခုအသက် ၆၀ သို့ပင် ရောက်ခဲ့ပြီး ရောဂါသည်ဘဝက ကင်းလွတ်ခဲ့သည်ဟူ၍ မရှိခဲ့။ ဂီတကိုလည်း ဒေါ်ခင်သီတာ ၁၂ နှစ်သမီးလောက်က၍ ဝါသနာပါခဲ့ရာ ယခုတိုင် မစွန့်နိုင်ဘဲရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အခြေအနေတစ်ရပ်က ပြောင်းလဲလာခဲ့၏။ ၁၉၈၉ ခုနှစ်တွင် ဒေါ်ခင်သီတာတို့ တစ်ရပ်ကွက်လုံး ထောက်ကြံ့မှ လှည်းကူးမြို့နယ် မရမ်းချောင်ကျေးရွာသို့ ပြောင်းခဲ့ရ၏။ မရမ်းချောင်းရောက်တော့ အရက်ချက်စီးပွားရေးလည်း မလုပ်ရတော့ဘဲ ငှက်ဖျားက အားကြီးကာ ငှက်ဖျားရောဂါနှင့် ရွာလုံးကျွတ်နီးပါး ပျက်စီးခဲ့၏။ တစ်နေ့သုံးလောင်း မရမ်းချောင်းဟုပင် စာဆိုခဲ့ရာ မခင်သီတာ ကံကောင်းခဲ့သည်ဟု ဆိုရမည်ဖြစ်၏။ ငှက်ဖျားရောဂါနှင့် မသေဘဲ ရှိခဲ့၏။

ယခုတော့ ဒေါ်ခင်သီတာသည် တစ်ဖက်မှ ဘာသာရေးလုပ်ငန်းများကိုလုပ်ဆောင်ကာ တစ်ဖက်မှလည်း သီချင်းရေး စာရေးခြင်းအမှုကို ပြုသည်။ အားလပ်ချိန်များတွင် ပတ္တလားခေါက်၍ ဘဝအေးချမ်းမှုကို ရှာ၏။ အနာကြီးရောဂါကို လုံးဝပျောက်ကင်းအောင် ကုသနိုင်သော အမ်ဒီတီဆေးဝါး ပေါ်ပေါက်လာသောအခါ ဒေါ်ခင်သီတာ၏ နှလုံးသားထဲမှ အောင်ပွဲရခံစားမှု သံစဉ်တစ်ရပ် ပေါ်ပေါက်လာခဲ့၏။

(တို့ငယ်စဉ်ဘဝ x x xရောဂါဖြစ်စ၊ သူငယ်ချင်းတွေက လှောင်ပြောင်ကြ x x x မတူရင်မတုနဲ့ နူရင် မကုနဲ့လို့ ဆိုခဲ့တာ)၂

ဒီလိုကြားရx x x နားဝကမကြည်သာ x x x အခုတော့ x x xပြောင်းလဲခဲ့ပြီ တစ်ခါ၊ ကျန်းမာရေးဝန်ကြီးဌာန x x xလမ်းပြပေးလို့ အေးချမ်းသာယာ x x xဆေးမသန်းရန်ကွာ x x xဆေးခန်းဆီသို့သာ အရောက်လာခဲ့ပါ x x x။





သူနာပြုဆရာမလေးများ x x xအကြင်နာယုယပိုကာ ကုသပေး၊ x x x အခုမှ စံပြုအရေး x x x အနာကြီးရောဂါပိုးတို့ x x x ပြေးကြရပြီတစ်ခါ ကျွန်မတို့ဘဝ x x x ကျွန်တော်တို့ဘဝ x x x အဟုတ်လှပြီတစ်ခါ–

(တို့ငယ်စဉ်ဘဝ x x x မကုနဲ့လို့ဆိုခဲ့တာ)

(ဒီလိုကြားရ x x x အရောက်လာခဲ့ပါ)

(သူနာပြုဆရာမ x x x ဟုတ်လှပြီတစ်ခါ)

* * *

ဒေါ်ခင်သီတာသည် MDTဆေးသောက်သုံးပြီးဖြစ်၍ အနာကြီးရောဂါ လုံးဝပျောက်ကင်းခဲ့ပြီဖြစ်သော်လည်း ရောဂါဖြစ်စဉ်က ရရှိခဲ့ သော ရောဂါလက္ခဏာများကြောင့် လူတောမတိုးနိုင်သေးဘဲ ရှိပါ၏။ ခြေတို့လက်တို့ ညောင်းချင်းအိုဘဝဖြင့် နေရဆဲဖြစ်သည်။ သို့သော်လည်း ရှိသမျှခွန်အားကိုသုံး၍ မိမိဝါသနာပါရာ တေးဂီတဖြင့် ကျန်းမာရေးအသိပညာများပေးကာ ဘဝတူလူတန်းစားကို အားမာန်ရှိသောစာသားများနှင့် မြှင့်တင်ပေးလျက် ရှိပါ၏။

တစ်ဖက်မှလည်း သစ်ပင်စိုက်ခြင်း၊ တံမြက်စည်း လုပ်ရောင်းခြင်း၊ နှီးထိုးရောင်းခြင်း၊ တံခွန်ကုက္ကားပြုလုပ်ရောင်းချခြင်းတို့ကိုပြုလုပ်ကာ စာတိုပေစများကို ရေးသားလျက်ရှိနေ၏။

ဒေါ်ခင်သီတာက "ကျွန်မ ဖြတ်သန်းလာခဲ့ရတဲ့ အနာကြီးရောဂါသည်ဘဝ ခံစားမှုဖြစ်စဉ်ကို ဝတ္ထုတစ်ပုဒ်ရေးဖို့ ကြိုးစားနေပါတယ်၊ အခုတော့ တေးရေးရင်း စာစီရင်းနဲ့ ကျွန်မမွေးစားသားလေး



www.burmeseclassic.com

www.burmeseclassic.com



မောင်သန်းမြင့်နဲ့အတူ မရမ်းချောင်းရွာမှာ နေပါတယ်"ဟုဆို၏။

"ကျွန်မတို့ရွာကိုရောက်လာရင်တော့ ကျွန်မတို့အိမ်ကို ဝင်ဖြစ်အောင်ဝင်ခဲ့ပါ၊ ကျွန်မတတ်စွမ်းသမျှ ဂီတာလေးနဲ့ ညှော်ခံပါမယ်"ဟု ဒေါ်ခင်သီတာက ဖိတ်ကြား၏။

ထို့နောက်တော့ ဒေါ်ခင်သီတာသည် မနုဿလူသားဆိုသော ကိုယ်တိုင်ရေး သီချင်းတစ်ပုဒ်ဖြင့် သီဆိုညှော်ခံပါသည်။

## မနုဿလူသား

(မနုဿဘာဝေါ ဒုလ္လဘော xxxလူ့အဖြစ်ကိုတော့ ရခဲ့ပါပြီ၊ သို့သော် xxxသို့သော် xxx လူချင်းတူပေမယ့် xxxမုန်တိုင်းကထန် ရောဂါဒဏ် ဖိစီးခံရသည်)၂

(ခြေတိုလက်တို ညှောင်ချင်းအိုလို့ xxx သူတို့ဆိုကြသည် xxxဘယ်ဝယ်ဘယ်ဆီ xxxရှောင်ကာပုန်းလို့ xxxအဆုံးသတ်ချင်ပါပြီ)၂

(မီးဘေးရှောင် xxx မလောင်ခင်တား xxxဆိုစကားတွေနဲ့ အညီ xxxခေတ်အခါမီ xxxစနစ်လာပြီ xxx ရွာပြင်ထုတ် x x x ဇနပုဒ်မှာ x x x တဲကုပ်နဲ့ မထားတော့ပြီ x x x အမ်ဒီတီဆေးကောင်းတစ်လက် x x x ရောဂါပိုးကို ထိုးနှက်နိုင်လေပြီ)

ရောဂါပျောက်ပြီး xxxရောဂါမကြောက်ပြီ ဗြဟ္မစိုရ်တရားဆက်ကိုင်ထား xxxအားပေးကူညီ xxxစားရမည်။ ဝတ်ရမည်။ နေရမည်။ အားအမြန်လည်း ထူထောင်ပြီ xxx(အလှူရှင်တွေသည်)





ယနေ့ကစ၍ ကျန်းမာချမ်းသာမည်x x x။

အစ x x xအဆုံး ပြန်ဆို x x x။


မှတ်ချက်။ ။ ညှောင်ခြင်းအိုနတ်ဆိုသည် ၃၇ မင်းထဲမှ အနာကြီးရောဂါ စွဲကပ်နေသော နတ်ဖြစ်သည်။

■



www.burmeseclassic.com

www.burmeseclassic.com



မရမ်းချောင်းမှ ကိုတာ

## အခန်း (၄)

## ကိုတာ၊ ရှင်ယောက်ျား မဟုတ်ဘူးလား

မရမ်းချောင်းအနာကြီးရောဂါသည် စခန်းသည် လှည်းကူးမြို့ မောင်ကြီးသင်တန်းကျောင်းအလွန် ပဲခူးရိုးမတောင်စွယ်အစပ်၌ တည်ရှိ၏။ ရန်ကုန်မှ ၅၂ မိုင်ဝေး၏။ ယခင်က ဤစခန်းရှိ အနာကြီး ရောဂါသည်များသည် ထောက်ကြံ့ အနာကြီးဆေးရုံအနီးတွင် နေထိုင်ကြရာမှ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးချဲ့လာသောအခါ ထိုစခန်းအား လှည်းကူးမြို့နယ်အတွင်းရှိ မရမ်းချောင်းရွာလေးဆီသို့ ပြောင်းရွှေ့ခဲ့ရာမှ မရမ်းချောင်း အနာကြီးရောဂါသည်စခန်း ဖြစ်ပေါ်လာသည်။

မရမ်းချောင်း အနာကြီးရောဂါသည်စခန်းကို ၁၉၈၉ ခုနှစ် ဇော်လ ၂၀ ရက်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီး ရွာတွင် အနာကြီးရောဂါသည် ဆဒနာရှင်ပေါင်း ၂၂၀ ဦးရှိ၏။ အနာကြီး ရောဂါသည် မိသားစုများ သည် မီးသွေးသယ်ခြင်း၊ သစ်သီးဝလံ စိုက်ပျိုးခြင်း လုပ်ငန်းများနှင့်



www.burmeseclassic.com

www.burmeseclassic.com



အသက်မွေးဝမ်းကျောင်းပြုကြ၍ ကျေးရွာတွင် အလယ်တန်းကျောင်းတစ်ကျောင်းနှင့် တိုက်နယ်ဆေးရုံတစ်ခု ရှိ၏။ အခြေအနေဆိုးဝါးသော အနာကြီးရောဂါသည် ဝေဒနာရှင် ၁၀၀ နည်းပါးခန့်ကို ရွာထိပ်၌ ပရဟိတဂေဟာတစ်ရပ် ထူထောင်ကာ စောင့်ရှောက်ထားရှိ၏။ ထိုပရဟိတဂေဟာသို့ လူမှုဝန်ထမ်းဌာနမှ လူနာတစ်ယောက်ကို တစ်ရက် ၅၀ ကျပ်မျှ ထောက်ပံ့၍ အခြားလိုအပ်မှုများကို ပြည်သူလူထုက ကြုံလျှင်ကြုံသလို ထောက်ပံ့ငွေများနှင့် ဝိုင်းဝန်းကူညီပေးရှိသည်။

ထိုအရပ်တွင် ငှက်ဖျား အလွန်ပေါ၏။ မိုးရာသီကာလတွင် မိုးများသောကြောင့် ရောဂါသည်များ အအေးပတ် ချောင်းဆိုး ဝမ်းလျှော ဝမ်းကိုက်ရောဂါများကို အလူးအလဲ ခံစားကြရ၏။ မရမ်းချောင်းရွာတွင် တစ်နေ့လျှင် တစ်ကြိမ် နှစ်ကြိမ်မျှ ကြေးစည်သံ ကြားရ၏။ ကြေးစည်သံ ကြားရခြင်းသည် ရွာမှ ဝေဒနာရှင်တစ်ဦး ကွယ်လွန်ခဲ့သဖြင့် အသုဘချသည့် အမှတ်အသားပင် ဖြစ်၏။ သချိုင်းက ရွာအနောက်ဘက်တွင်ရှိရာ ရောဂါသည်တစ်ဦး သေလျှင် ရွာဘုန်းတော်ကြီးကျောင်းမှ ကြေးစည်ငှား၍ သချိုင်းသို့ပို့ကြ၏။ ဘုန်းကြီးကျောင်းမှ ကြေးစည်မှာ အထုခံရပါများ တော့ တစ်နေ့တွင် ကြေးစည် ကွဲ ရှာပါတော့၏။ ကြေးစည်မရှိ၍ အသုဘကို တိတ်ဆိတ်စွာပင် ချကြရလေရာ ရွာရှိဆရာတော်က "ကဲ ကြေးစည် တစ်ခုတော့ အလှူခံကြဦးကွာ"ဟုမိန့်သောကြောင့် ရွာလူကြီး အချို့ မြို့ပေါ်တက်၍ ကြေးစည်အလှူ ခံကြ၏။





ရွာမှလူကြီးများက သူတို့ရွာအကြောင်းကို ကျွန်တော့်အား ရှင်းပြကြ၏။ ကျွန်တော်က "ကြေးစည်လဲ လှူပါ့မယ်၊ ခင်ဗျားတို့ရွာလဲ ကျွန်တော်တို့ လိုက်ကြည့်ပါရစေ"ဟု ဆိုတော့ ရွာလူကြီးများကို "ဆရာရေ ကျွန်တော်တို့ရွာက အနူရွာဆိုတော့ ဘယ်သူမှ မလာချင်ကြဘူး၊ ဆရာလာမယ်ဆိုတော့ လူနာတွေလဲ ဝမ်းသာကြမှာပါ"ဟု ပြော၏။ တစ်နေ့တွင် မရမ်းချောင်း အနာကြီးရောဂါသည် စခန်းသို့ ကျွန်တော် သွားရောက်လည်ပတ်ပြီး ရောဂါသည်များအား တွေ့ဆုံ၍ ဘာတွေလိုအပ်သလဲဟု မေးကြည့်တော့တစ်ဦးကတော့ ဆပ်ပြာလေးပဲ လိုအပ်ပါသည်ဟု ဆို၏။ ကျွန်တော့်အမြင်မှာတော့ ဆပ်ပြာရော၊ အဝတ်အစားရော၊ ဆေးဝါးရော အစုံလိုအပ်နေသည်ကို တွေ့ရ၏။

ကျွန်တော့်အား မရမ်းချောင်း ပရဟိတစခန်းတစ်ခွင်လုံး လိုက်လံပြသပေးသူသည် ဦးတာဆိုသူဖြစ်၏။ ဦးတာသည် သူကိုယ်တိုင်က အနာကြီးရောဂါသည်တစ်ဦးဖြစ်သည်။ ရောဂါလက္ခဏာများ ထင်ထင်ရှားရှား ကျန်ရှိနေ၍ ကြည့်ရတာ ကုလားသွေးပါပုံရသည်။ အသား ညိုညိုမျက်နှာဝိုင်းဝိုင်းနှင့် ရယ်လိုက်ပါက ဖွေးနေသော သွားများကို အထင်းသားမြင်ရ၏။

သူသည် ပရဟိတစခန်း တည်ဆောက်ခဲ့ပုံနှင့် စခန်းရှေ့ရှိ ထပ်ကျော်ကိုးနဝင်း စေတီတော် တည်ခဲ့ပုံတို့ကို အပ်ကျမတ်ကျ ပြောပြနိုင်၏။ သူ့အိမ်က မရမ်းချောင်း အလကကျောင်းရှေ့ရွာထိပ်တွင်ရှိ၏။ "ဦးတာ ခင်ဗျားက ဒီပရဟိတမှာ ဘာတာဝန်နဲ့လာရောက်နေတာလဲ"ဟု မေးတော့ သူ၏သွားများကို မြင်သာ ထင်သာ



www.burmeseclassic.com

www.burmeseclassic.com



ရှိအောင်ရယ်ရင်း "ကျွန်တော် ပရဟိတမှ ဘာတာဝန်မှ မယူထားပါဘူး၊ ကျွန်တော့် ရောဂါလက္ခဏာတွေက ထင်ထင်ရှားရှားဆိုတော့ မြို့ပေါ်တို့ ဘာတို့ တက်ဖို့လဲ မလွယ်ပါဘူး၊ ဒါကြောင့် ပရဟိတမှာ နေ့စဉ် လိုအပ်တဲ့ အလုပ်တွေကိုသာ ကျွန်တော် လာလုပ်ပေးနေ တာပါ"

"နေ့စဉ် လိုအပ်တဲ့ အလုပ်တွေကလဲ အရေးကြီးတာပဲ၊ ဒီလို လူမျိုးလဲ ပရဟိတမှာ လိုပါတယ်၊ ဆက်လုပ်ပါဗျာ"

"ဆက်လုပ်ရမှာပါဆရာ၊ ဒီအလုပ်ကလဲ ကျွန်တော်ရဲ့ဘဝပေး တာဝန်ပါခင်ဗျာ"ဟု ဦးတာက ဆို၏။

"ဘယ်လိုဘဝပေး တာဝန်လဲ၊ ဦးတာရဲ့ ဘဝက ဘယ်လို ပေးခဲ့လို့လဲ"ဟုမေးတော့ သူသည် အတိတ်ကို ပြန်၍ တစ်မျှော်တစ်ခေါ် စဉ်းစားကာ လွမ်းစရာ၊ တွေးစရာ၊ အကွေ့တွေ၊ အကောက် အတက်တွေ၊ အဆင်းတွေများပြားလှသည်။ သူ့ဘဝဇာတ်နိဒါန်းကို ယခုလို အခပျိုးခဲ့ပါသည်။

"ကျွန်တော့်ကို ကျွန်တော် မိဘတွေက ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ အမေရိကန်က ဟီရိုရှီးမားကို အဏုမြူဗုံးကြဲတဲ့နေ့မှာ မွေးတာ၊ ဂျပန်မှာတော့ ဗုံးချလို့ လူတွေသေကြ၊ အဲဒီနေ့ဟာ လူ့သမိုင်းအတွက် ကံဆိုးမိုးမှောင်ကျတဲ့နေ့လို့ပဲ ထင်ပါတယ်ခင်ဗျာ၊ ဘာပြုလို့လဲဆိုတော့ အဲဒီနေ့မှာ မွေးခဲ့တဲ့ ကျွန်တော်ဟာ ဘဝ တစ်လျှောက်မှာလဲ ကံဆိုးမှုတွေနဲ့သာ ဆုံခဲ့ရ ကြုံတွေ့ခဲ့ရလို့ပါ"

* * *





ကိုတာ၏ဖခင်က အိန္ဒိယအမျိုးသား တမီးလ်လူမျိုး တောင်ငူ ဇာတိသား ဦးသိန်းမောင်ဖြစ်၏။ ဦးသိန်းမောင်သည် မီးရထားမောင်း သည့် လုပ်ငန်းကို ကျွမ်းကျင်သည်။ ပထမတန်း ရထားမောင်းသမား တစ်ဦးဖြစ်သည်။ ရန်ကုန်မော်လမြိုင်ရထားကို မောင်းရ၏။ ရထား မောင်းရင်း ကိုတာ၏ဖခင်သည် မော်လမြိုင်သူမမြနှင့် အကြောင်းပါ သည်။ အကြောင်းပါပြီး သိပ်မကြာခင်ပင် ဦးသိန်းမောင် မြစ်ကြီးနား ရထားလမ်းသို့ ပြောင်းရွှေ့ရကာ မြစ်ကြီးနား နဘားရထားကို မောင်းရ၏။ ဦးသိန်းမောင်၊ ဒေါ်မြတို့မှ သားသမီးသုံးဦး ထွန်းကားပြီး သားသမီးများမှာ အကြီးဆုံးအစ်ကိုကြီးက ကိုထွန်းထွန်း၊ ဒုတိယ မြောက်သားက ကိုမြ၊ တတိယမြောက် အထွေးဆုံးသားက ကိုတာ ဖြစ်၏။

ကိုတာကို မှတ်မှတ်ရရ ၁၉၄၅ ခု၊ ဩဂုတ်လ ၆ ရက်နေ့တွင် ဖွားမြင်သည်။ ကိုတာကို မွေးပြီးခြောက်လခန့်အကြာတွင် ဖခင်ကြီး ဖြစ်သူနှင့် မိခင်ဖြစ်သူတို့ အကြီးအကျယ်စကားများကြကာ အိမ်ထောင် ပြိုကွဲသည်။ အမေဖြစ်သူက စိတ်ဆိုးပြီး မော်လမြိုင်သို့ပြန်သွားရာ ထိုအချိန်မှစ၍ ကိုတာသည် အမေဖြစ်သူအား ဖြူသလား၊ မည်းသလား မသိတော့၊ အမေနှင့်လည်း တစ်ခါမှ ပြန်မတွေ့ရတော့၊ အမေနှင့်ကွဲပြီး မကြာခင် အဖေက နောက်မိန်းမယူ၏။ နောက်မိန်းမက ဂေါ်ရခါး အမျိုးသမီးကြီးဖြစ်သည်။ အဖေသည် အမေမရှိသည့်နောက် ဆိတ်မကြီး တစ်ကောင်ဝယ်၍ ကိုတာကို ဆိတ်နို့တိုက်၍ မွေးခဲ့၏။

ကိုတာသည် မိထွေးဖြစ်သူ ဂေါ်ရခါးအမျိုးသမီးကြီးနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



နေပြီး အသက် လေးနှစ်အရွယ်သို့ ရောက်ရှိလာ၏။ အနည်းငယ်သိတတ်သော အရွယ်သို့ရောက်တော့ ကိုတာနှင့် မိထွေးဂေါ်ရခါးမကြီးတို့က လုံးဝမတည့်ကြ။ ထို့ကြောင့် အဖေက ညီအစ်ကိုသုံးယောက်စလုံးကို သူ၏အမေ၏ညီရှိရာ တောင်ငူသို့ပို့လိုက်၏။ တောင်ငူသို့ရောက်တော့ အဖေ၏ညီ ဦးလေးတော်သူက သုံးယောက်စလုံးတော့ သူလက်ခံရန် မတတ်နိုင်၊ အချက်အပြုတ်နားလည်သော အလတ်ကောင်ကို ထားခဲ့ဟုဆို၍ အစ်ကိုလတ် ကိုမြက တောင်ငူတွင်နေခဲ့၏။

သူ့အဖေတွင် ညီတစ်ယောက်နှင့် ညီမနှစ်ယောက်ရှိသေး၏။ သူတို့က ဓေယျဝတီတွင်နေ၏။ ဓေယျဝတီ၌နေသူသည် အငယ်ဆုံးညီမဖြစ်၏။ ထွန်းထွန်းနှင့် ကိုတာတို့က ဓေယျဝတီတွင်ရှိသော အဖေ့ညီမထံ ဆက်သွားကြသည်။ ဓေယျဝတီမှ အဒေါ်အငယ်ဆုံးက သားသမီးမရှိ၍ ကိုထွန်းထွန်းနှင့် ကိုတာတို့နှစ်ဦးစလုံးအား အပြီးပိုင်မွေးစားလိုက်၏။ အဒေါ်၏ခင်ပွန်းဖြစ်သူက ဓေယျဝတီသကြားစက်ရုံ၌ ကြီးကြပ်ရေးမှူးဖြစ်၏။ အဒေါ်နှင့်နေရသော ထိုကာလသည် ကိုတာတို့ ညီအစ်ကိုအတွက် အေးချမ်းမှုရှိသော ကာလလေးဟု ဆိုနိုင်၏။ မကြာမီ အဒေါ်က သမီးတစ်ယောက်မွေး၍ ကိုတာတို့တွင် ညီမလေးတစ်ယောက်ရှိလာသည်။ ဦးလေးဖြစ်သူက ကလေးများကို မြန်မာပြည်မှာမထား၊ အိန္ဒိယသို့ ပို့မည်ဟုဆိုကာ မြန်မာစာမသင်စေဘဲ တမီလ်စာကိုသာ သင်စေသောကြောင့် ကိုတာသည် တမီးလ်စာ နှစ်တန်းအထိ သင်ခဲ့ရ၏။

ကိုတာက ...သင်ရတာထက် ဘောလုံးကန်ရတာကို ပို၍





ဝါသနာပါ၏။ ကိုတာသည် ဘောလုံးကို ထမင်းမေ့ဟင်းမေ့ကန်၏။ တစ်ခါတစ်ရံ အိမ်သို့ ထမင်းစားပင်မပြန်ဘဲ ကြံစုတ်၍ဘောလုံးကန်၏။ အိမ်သို့ ထမင်းစားပြန်ပါက ဦးလေးနှင့်အဒေါ်က ပြန်မလွှတ်မည်စိုး၍ အိမ်သို့ မပြန်ခြင်းဖြစ်၏။ ဗိုက်ဆာလာလျှင် ကြံစုတ်လိုက်၊ မုန့်လေး ဝယ်စားလိုက်နှင့် ဘောလုံးကန်၏။ ဓေယျဝတီတွင် သကြားစက်ရှိ၍ ကိုတာတို့ ဘော်လုံးကွင်းအနီးတွင် ကြံလှည်းများ၊ ကြံခင်းများရှိသည်။ ထိုအချိန်တွင် ကိုတာ၏အသက်သည် ကိုးနှစ်မျှရှိပြီ တစ်နေ့တွင် ဦးလေးနှင့် အဒေါ်ဖြစ်သူတို့က ကျောင်းတော့မတက်၊ ဘောလုံးပဲကန်နေရသလားဟု ဆူသောကြောင့် ကိုတာသည် ဓေယျဝတီမှ ရထားစီးကာ ပျဉ်းမနားသို့ ထွက်ပြေးလာခဲ့၏။

ပျဉ်းမနားဘူတာတွင် နေထိုင်ကာ ကျပန်းလုပ်ကိုင်စားနေ၏။ ပျဉ်းမနားဘူတာမှ ထမင်းဆိုင်များက သူတို့ဆိုင်က ထမင်းတစ်ကျပ်တန် တစ်ထုပ်ရောင်းပေးပါက ရောင်းပေးသူကို ပြား ၂၀ ပေး၏။ မီးရထားဆိုက်လာပါက ထမင်းထုပ်ရမယ် ထမင်းထုပ်ရမယ်ဟုဆိုကာ အော်ရောင်းရသည်။ ထမင်းတစ်ထုပ်လျှင် တစ်ကျပ်ရောင်းရာ ရထားတစ်ခါဆိုက်လျှင် တစ်ဆယ်ဖိုး ဆယ့်ငါးကျပ်ဖိုးအထိ ရောင်းရ၏။ တစ်ခါတလေတော့လည်း ကိုတာက ထမင်းတစ်ထုပ်ကို ငါးမတ်နှင့်ရောင်းရာ ထမင်း တစ်ထုပ်ရောင်းရရုံမျှဖြင့် ဝယ်သူထံမှ တစ်မတ်၊ ရောင်းသူထံမှ ပြားနှစ်ဆယ်ရ၏။

ထိုသို့နေရင်း သူ့လက်နှင့် မျက်နှာတွင်ရှိ အကွက်များပေါ်လာ၏။ ထိုအကွက်များသည် ဓေယျဝတီတွင်နေကတည်း



www.burmeseclassic.com

www.burmeseclassic.com



ကရှိနေရာ ယခုပို၍ ထင်ရှားလာခြင်းဖြစ်၏။ သူငယ်ချင်းတစ်ယောက်က။ "ဟေ့ ငတာ၊ မင်း ပွေးကွက်တွေနဲ့ဆို ဈေးရောင်းလို့ မကောင်းဘူး၊ ဘူတာရုံက ကွမ်းယာဆိုင်မှာပွေးဆေးရှိတယ်၊ တစ်ဘူးမှ ပြား ၅၀ ပဲ ပေးရတယ်၊ ဝယ်လိမ်းကွာ၊ ငါပွေးကွက်တွေ့တုန်းက အဲဒီဆေးဝယ်လိမ်းတာ ပျောက်တယ်" ဟုဆို၏။

ထို့ကြောင့် ကိုတာသည် ပျဉ်းမနားကွမ်းယာဆိုင်မှာ ပွေးဆေးနှစ်ဘူးခန့် ဝယ်လိမ်း၏။ သို့သော် မပျောက်ကင်းရုံသာမက ရောဂါပင်တိုးလာသည်။ မိမိမျက်နှာနှင့် မြင်သာထင်သာရှိသောနေရာများတွင် အကွက်များရှိလာ၍ ခရီးသွားသူများအား ထမင်းထုပ်ရောင်းသောလုပ်ငန်းသည် မအောင်မမြင် ဖြစ်လာသည်။ ခရီးသည်များက အကွက်များနှင့်မို့ သူ့ထံမှထမင်းထုပ်ကို ဝယ်မစားကြသောအခါ မောင်တာသည် ဇေယျာဝတီမှ အဒေါ်နှင့် ဦးလေးထံသို့ ပြန်လာခဲ့၏။

ထိုအခါ ဦးလေးဖြစ်သူက "မင်းရောဂါဟာ အနာကြီးရောဂါဖြစ်တာ ကျိန်းသေပဲ၊ ရန်ကုန်က ဟံသာဝတီဆေးရုံမှာ အနာကြီးရောဂါသည်တွေကို ဆေးဝါးကုသပေးနေတယ်လို့ ငါသိထားတယ်၊ ဒီတော့ ရန်ကုန်မှာ ငါ့အစ်မတစ်ယောက်လဲရှိနေတာမို့ သူ့ဆီကို မင်းသွား၊ သူက မင်းကို ဟံသာဝတီဆေးရုံ လိုက်ပို့လိမ့်မယ်"ဟု ဆိုသောကြောင့် ကိုတာသည် ရန်ကုန်သို့ ထွက်လာခဲ့ရ၏။ ထိုအချိန်တွင် ကိုတာ၏ အသက်သည် ၁၀ နှစ်မျှသာ ရှိသေး၏။ ဟံသာဝတီဆေးရုံသို့ ရောက်သောနေ့က ၁၉၅၅ ခု၊ နိုဝင်ဘာလ ၂ရက်နေ့။ ဆေးရုံတွင် ကလေးများ နေသောအဆောင်၊ လူကြီးများနေသောအဆောင်နှင့်





လူလတ်ပိုင်းနေသော အဆောင်ဟူ၍ အဆောင်များကို အသက်အပိုင်းအခြားအလိုက် ခွဲ၍ ထား၏။ ဆေးရုံကို ရောက်စက ညှိစော်နံနေ၍ အစားလည်း စားမရ၊ ရေပင်သောက်မရဘဲဖြစ်၏။ ၁၅ ရက်လောက်နေတော့မှ ကိုတာသည် ဆေးရုံမှအနံ့များနှင့် ယဉ်ပါးလာ၏။

ဆေးရုံတွင် ဖာသာရှဖားလီးယား၊ မာသာတောမတ်(စ်) မာသာဗစ်တိုးရီးယားစသော ဖာသာနှင့် မာသာကြီးများရှိ၏။ သူတို့က လူနာများကို စောင့်ရှောက်ဆေးဝါးကုသမှု ပေး၏။ ထို့ပြင် ကိုတာသည် ခရစ်ယာန်ဘုရားကျောင်းသို့ တက်ရ၏။ သို့သော် စာကိုတော့ မြန်မာစာကိုပဲ သင်ပေးသည်။ ခရစ်ယာန်ဖာသာနှင့် မာသာကြီးတို့က လူငယ်များကို အင်္ဂလိပ်စာ သင်မပေး။ သူတို့ စကားပြောဆိုသည်ကို နားလည်မှာစိုးလို့ဟု ဆိုကြ၏။ မာသာတောမတ်(စ်) က ဒတ်ပဆုန်းဆေးကို ရေဖျော်တိုက်သည်။ ဆေးသောက်ပြီးပါက သကြားလုံးတစ်လုံးပေး၏။ ဖာသာရှက်ဖားလီးယားကတော့ တနင်္ဂနွေတစ်ပတ်တွင် မုန့်ဖိုး ၁၅ ပြားပေးသည်။ ကိုတာသည် ၁၉၅၅ ခုနှစ်က ဟံသာဝတီ ဆေးရုံသို့ စရောက်ရာ ၁၉၆၄ ခုနှစ်သို့ ရောက်ရှိသည်အထိ ဆေးရုံတွင် ၉ နှစ် နေရ၏။ ကိုးနှစ်ပြည့်မှ ဆေးရုံမှဆင်းခွင့်ပြု၏။ ရောဂါများ လုံးဝကောင်းသွား၍ ခြေထောက်တွေလည်း ကောင်းလာ၏။

ထိုအခါ ကိုတာ၏အသက်သည် ၁၉ နှစ်အရွယ်သို့ရောက်နေပြီဖြစ်၏။ လူပျိုလူရွယ်တစ်ယောက် ဖြစ်လာသည်။ ဆေးရုံမှဆင်းပြီး အလုပ်လိုက်ရှာတော့ ကြည့်မြင်တိုင် ကမ်းနား အမှတ်(၅)



www.burmeseclassic.com

www.burmeseclassic.com



သစ်စက်တွင် နေ့စားအလုပ်ရရှိသည်။ နေ့စား အလုပ်မှာ တစ်နေ့ ၃ ကျပ်နှင့် ၁၅ ပြားရရှိ၏။ သစ်သားများကို ရွှေ့ပေး၊ ခွဲသားများကို ပုံပေးရသည်။ တစ်နေ့တွင်တော့ အလုပ်မှူးက "မင်းဘောလုံးကန် တတ်လား"ဟု မေးရာ ကိုတာက "ကောင်းကောင်းကန်တတ် တယ်"ဟုပြောသောကြောင့် သူ့အား ရန်ကုန်တက္ကသိုလ် ဘောလုံးကွင်း သို့ ခေါ်သွားကာ ဘော်လုံးကန်ခိုင်းသည်။ ကိုတာအဖို့ ရေငတ်တုန်း ရေတွင်းထဲ ချခံရသလို ဘော်လုံးကန်ချင်စိတ်တွေ ကြွရွနေချိန်တွင်မှ ဘောလုံးကန်ခိုင်းရာ ကျကျနန ကန်ပြ၏။ ထိုနေ့မှာပင် ကိုတာ သည် အမှတ် (၁) သစ်စက်၏ ဘောလုံးသမားအဖြစ် အရွေးခံရပြီး သစ်စက်ပေါင်းစုံ ဘောလုံးပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရာမှ သစ်လုပ်ငန်း ဌာန၏ လက်ရွေးစဉ် ဘောလုံးသမားဖြစ်ခဲ့၏။ လက်ရွေးစဉ် ဘောလုံး သမားဘဝဖြင့် အောင်ဆန်းကွင်းထိ သွားရောက်ယှဉ်ပြိုင်ရာ ကိုတာ၏ ခြေစလက်စကိုတွေ့မြင်ပြီး ဆည်မြောင်းက သူ့ကိုထံတွင် လာရောက် ကစားမလားဟု မေး၏။ ကိုတာသည် သစ်စက်ပေါင်းစုံ အသင်းထက် အခွင့်အရေးပိုရသောကြောင့် ဆည်မြောင်းသို့ ပြောင်းသွားပြီး ဆည်မြောင်းတွင် ဂိုးသမားအဖြစ် ပါဝင်ကစား၏။

ထိုအခါက ကိုတာသည် ဟံသာဝတီ ဆေးရုံအနီးမှ ဒရိုင်ဘာ ကိုသောင်းမြင့်ထံတွင် နေ၏။ ဆည်မြောင်းက ကိုတာအား နံနက် ၁၀ နာရီ၊ ၁၁ နာရီတွင် လာကြို၍ လေ့ကျင့်မှုပေးပြီး ညနေ ၃ နာရီ၊ ၄ နာရီတွင် အိမ်တိုင်ရာရောက်ပြန်ပို့ပေး၏။ ကိုတာသည် တကယ့် ဘောလုံးသမားတစ်ယောက် ဖြစ်လာသည်။ ၁၉၆၇ ခုနှစ်သို့





ရောက်သောအခါ သူသည် ဆည်မြောင်းအသင်းမှ ရွှေတိဂုံဘုရား လမ်းရှိ ပလကအသင်းသို့ ပြောင်းခဲ့၏။

ထိုစဉ်က ပလကအသင်းက ဘောလုံးသမားများကို အထူးအခွင့် အရေးပေး၏။ ဘောလုံးသမားကောင်းဆိုလျှင် မရအရ စုဆောင်း၏။ ပလကမှ ဘော်လုံးအသင်းကို ပြုစုပျိုးထောင်သူမှာ ဗိုလ်မှူးချုပ်စိန်ဝင်း ကိုယ်တိုင်ဖြစ်၏။ တစ်ဖက်မှ လေယာဉ်ပျံကွင်း အဝင်အဝရှိ ကျောက် ခွဲစက်တွင် ကိုတာအား တာလီစာရေးအဖြစ် ခန့်ထား၍ တကယ် လုပ်ဆောင်သောအလုပ်မှာ ဘောလုံးကန်သည့်အလုပ်ဖြစ်၏။ ဘောလုံး ကန်သော အလုပ်ကို အဓိကလုပ်ရသော်လည်း ဘောလုံးမကန်သော နေ့များတွင် ကျောက်ခွဲစက်သို့သွားရ၏။ ကျောက်ခွဲစက်သည် ဖုန်မှုန့် များနှင့် နေက ပူသောကြောင့် ရောဂါပြန်ထ၏။ ရောဂါပြန်ထလာ သောကြောင့် ဘောလုံးမကန်နိုင်တော့၊ သို့သော် ခြောက်လအထိ အလုပ်မဖြုတ်ဘဲ ထားရှိ၏။

ခြောက်လကျော်သောအခါ အလုပ်က လခမပေးတော့၍ ကိုတာသည် ပလကက ထွက်ခဲ့၏။ အလုပ်ထွက်ပြီး သူငယ်ချင်း သောင်းမြင့်ထံတွင်သာ နေခဲ့၏။ သောင်းမြင့်က သူ့အိမ်တွင်ပင် ငြိမ်မငြင်ထား၏။ သို့သော်လည်း ဝင်ငွေက မရှိ။ တစ်နေ့တွင်တော့ "ဟော့ သောင်းမြင့် ငါအလုပ်တစ်ခုလုပ်ချင်တယ်ကွာ၊ ဒီအတိုင်းနေ နေတာ မျိုမကျဘူး"ဟုဆိုတော့ "အေး ငါ အလုပ်ရှာကြည့်မယ်" ဟုပြောသည်။

ထိုသို့ပြောပြီး မကြာမီ သောင်းမြင့်က "အလုပ်တစ်ခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ မင်းကြိုက်ရင်လဲလုပ်၊ မကြိုက်ရင်လဲ မလုပ်နဲ့၊ အလုပ်ကတော့ ပစ္စည်းသယ်ရမှာ သိပ်တော့ မပင်ပန်းဘူး၊ ဒါပေမယ့် တရားဝင်တော့ မဟုတ်ဘူး”ဟုပြော၏။

“ဘာပစ္စည်း သယ်ရမှာလဲ၊ သောင်းမြင့်ရ”

“ပစ္စည်းသယ်ရမှာက၊ အိတ်တစ်လုံးကို တချို့က ၈၂ကျပ်သား ရှိတယ်၊ ၆၂ ကျပ်သားရှိတယ်၊ အဲဒါ တစ်လုံး သယ်ပို့နိုင်ရင် ငွေ ၁၂ ကျပ် ရမယ်။

ထိုစဉ်က တစ်နေ့ အနည်းဆုံး လုပ်ခသည် ၃ ကျပ် ၁၅ ပြားဖြစ်ရာ ၁၂ ကျပ်သည် အရာရှိငယ်တစ်ဦး တစ်နေ့ရရှိသော လစာလောက်ရှိ၏။

“ဘယ်ကနေဘယ်လို သယ်ရမှာလဲ”ဟု ကိုတာက မေး၏။

“တာမွေကနေ ကြည့်မြင်တိုင်၊ သမိုင်းဘူတာကနေ ကြည့်မြင်တိုင် ၂၉ လမ်း ၁၅ လမ်းကနေ ကြည့်မြင်တိုင် သယ်ရမယ်၊ ကြို့တောသုသာန်ကနေ ကမာရွတ် သံလမ်း စသဖြင့် သင့်သလို အမှာရှိသလို သယ်ပေးရမယ်”

“အေး ငါ စဉ်းစားဦးမယ်ကွာ” ဟု ကိုတာက ပြော၏။ စဉ်းစားဦးမည်ဟု ဆိုသော်လည်း သိပ်ပြီး ကြီးကြီးကျယ်ကျယ် စဉ်းစားစရာအကြောင်း မရှိ။ ကိုတာအတွက် ထိုအလုပ်ကို လက်ခံ၍ ဆောင်ရွက်ရုံက လွဲ၍ အခြားအကြောင်းမရှိ၊ ကိုတာတွင် အခြားအလုပ် အကိုင်လည်း မရှိ။ မိမိရောဂါကလည်း ရှိနေ၏။ အလုပ်တစ်လုပ်ရရှိဖို့ ရာ အရေးတွင် ဤရောဂါရှိနေခြင်းကြောင့် ခက်နေ၏။





နောက်တစ်နေ့တွင် သောင်းမြင့်ရောက်ရှိလာပြီး “ဟော့ မောင်တာ မင်းကို ကိစ္စတစ်ခုပြောဖို့ ရှိတာနဲ့ လာတာ”ဟုဆို၏။

“ဘာကိစ္စရှိလို့လဲပြောကွာ”ဟု ပြန်မေးတော့ သောင်းမြင့်က “မောင်တာ မင်းစိတ်ကူးမလွဲနဲ့၊ မင်းတစ်ယောက်တည်းနေရင် စိတ်လေလွင့်နေတာတွေ ရှိတယ်၊ ဒီတော့ မစန်းဝေနဲ့ လက်ထပ် လိုက်ပါ၊ အေး သူ့မှာကတော့ ကလေးသုံးယောက်ပါတယ်၊ ပါတော့ လဲ မွေးစားသားသုံးယောက် ရတာပေါ့”

“အေး ဒီကိစ္စလဲ ငါစဉ်းစားမယ်ကွာ”

“မောင်တာ စဉ်းစားတော့စဉ်းစား၊ သိပ်တော့အချိန်မဆွဲနဲ့ကွာ” ပြောပြီး သောင်းမြင့် ပြန်သွားသည်။

မစန်းဝေ ကိစ္စကတော့ တကယ်စဉ်းစားရမည့်ကိစ္စ ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် ထိုအချိန်တွင် ကိုတာနှင့် သောင်းမြင့်၏ နှမ မစီစီဝင်းတို့က နှစ်ဦးနှစ်ဝ မေတ္တာမျှကာ ချစ်သူတို့ဘဝသို့ ရောက်ရှိနေ၏။ မစီစီဝင်းက မစ်ရှင်လမ်းက ခရစ်ယာန်ကျောင်းမှ ကိုးတန်းကျောင်းသူဖြစ်သည်။ ခရစ်ယာန်ကျောင်းတွင် နေသောကြောင့် ဖျတ်ဖျတ်လတ်လတ် ရဲရဲတင်းတင်းရှိသည်။ ကိုတာကလည်း မစီစီဝင်းကို ချစ်သည်။ သို့သော် မစီစီဝင်းကို ရှောင်ဖယ်ရှောင်ဖယ် လုပ်နေမိ၏။ အဘယ့်ကြောင့်ဆိုသော် သူ့မှာ ရောဂါကြီးနှင့်ဖြစ်သည်။ သည်ရောဂါဆိုးက သူ့အား ဘယ်အထိ ဒုက္ခပေးလေမည်မသိ။ သူ့ဒုက္ခစက်ဝန်းအတွင်းသို့ မစီစီဝင်းကို ဝင်ရောက်မလာစေလို။ သို့သော်လည်း တစ်နေ့တွင်တော့ ကိုတာအိမ်အပေါ်ထပ်၌ အိပ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



မစီစီဝင်း ရောက်လာ၏။ သူ အိပ်နေသည်ကို မစီစီဝင်းက ခုတင်ဘေးတွင် ဝင်ထိုင်ပြီး ယပ်ခပ်ပေး၏။ မစီစီဝင်းက "ကိုတာ ကျွန်မတို့ ယူကြရအောင်" ဟုဆို၏။ ငယ်ငယ်ရွယ်ရွယ် မစီစီဝင်းလို မိန်းကလေးတစ်ယောက်ကို ကိုတာသည် မိမိအိပ်ရာထဲတွင် ပွေ့ပြီးထားလို၏။ စီစီဝင်းကလည်း ကိုတာ သူ့ကိုယ်လေးကို ပွေ့လိုက်လျှင် အလိုက်သင့် အနေအထား လေးဖြစ်အောင်ရှိ ပြင်ဆင်ထားသည်။

"မောင်တာ မင်းကရောဂါသည်၊ မင်း စိတ်အလိုလိုက်ရင် မင်းချစ်တဲ့သူ ဒုက္ခရောက်လိမ့်မယ်၊ တကယ် မင်း စီစီဝင်းကို ချစ်ရင် မပြစ်မှားသင့်ဘူး"ဟု သူ့ကိုယ်သူ ဆုံးမကာ စီစီဝင်း၏ ပခုံးလေးအား အသာအယာကိုင်၍ သူ့နဖူးလေးကိုနမ်းပြီး အခန်းထဲမှ ထွက်တော့မည်ပြုတော့ စီစီဝင်းက "ကိုတာ ရှင် ယောကျာ်းမဟုတ်ဘူးလား"ဟု ဆို၏။

"ပြောတော့ စီစီဝင်းရေ၊ ပြောတော့၊ မင်းကို ငါက ချစ်တာကိုး၊ ဒါကြောင့် မင်းလို အညွန့်အဖူးလေးကို ငါမချိုးရက်၊ မချူးရက်ဘူး၊ မထိရက် မကိုင်ရက်ထာပါ၊ ငါ့ဘဝနဲ့ ငါသာရှိပါစေတော့ စီစီရယ်" ဟုဆိုကာ အိမ်အောက်ထပ်သို့ ဆင်းလာ၏။ အိမ်အောက်ထပ်တွင်လည်းဘယ်သူမှမရှိ။ များသောအားဖြင့် သည်အချိန်မျိုးတွင် အိမ်တွင် ဘယ်သူမှ မရှိတတ်။

ကိုတာသည် စီစီဝင်းကို ချစ်လွန်း၍ သောင်းမြင့်ကိုခေါ်ကာ "အေး မစန်းဝေကို ငါယူမယ်၊ မင်းပြောတဲ့ အလုပ်လဲ ငါလုပ်မယ်၊ နှစ်ခုစလုံးအတွက် စီစဉ်တော့"ဟုဆိုလိုက်၏။ သောင်းမြင့်က





မစန်းဝေးကို "အေး မောင်တာက နင့်ကို ယူမယ်လို့ ပြောတယ်"ဟု ဆိုရုံဖြင့် ကိုတာနှင့် မစန်းဝေတို့သည် အကြင်လင်မယား ဘဝသို့ ရောက်ရှိတော့၏။ ကိုတာက မစန်းဝေတို့ နေထိုင်ရာ တောင်ဥက္ကလာပသို့ လိုက်နေ၏။ မစန်းဝေနှင့် အိမ်ထောင်ကျသော နှစ်က ၁၉၆၇ ခုနှစ်ဖြစ်၏။ ထိုနှစ်က တရုတ်အရေးအခင်းဖြစ်သည်။ ၁၉၆၉ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ကိုတာနှင့် မစန်းဝေတို့မှ သမီး သေန်းသန်းရီကို မွေး၏။

ကိုတာ အလုပ်က ဘိန်းသယ်သည့်အလုပ်ဖြစ်သည်။

တစ်နေ့တွင်တော့ ဘိန်းလုပ်ငန်းရှင် ဦးကျင်ပိန်က "ဟေ့ မောင်တာ၊ မင်းက ပစ္စည်းကိုပဲ သယ်နေတယ်၊ မင်းသယ်တဲ့ပစ္စည်းက အထိုးလား အမလား၊ ခေါင်းလားအမြီးလား မသိဘူး၊ မင်းကိုယ်တိုင်လည်း လုပ်ကြည့်ဦး၊ မြည်းစမ်းကြည့်ဦး"ဟုဆို၏။ သည်တော့မှ ကိုတာက "အေး ဟုတ်သားပဲ၊ မြည်းကြည့်ဦးမှပဲ"ဟုဆိုပြီး ဘိန်းရှူကြည့်ရာ ဘိန်းသယ်ယူသူအဖြစ်သာမကဘဲ ဘိန်းစားဘဝသို့ ရောက်သွားတော့၏။ မစန်းဝေကို ကိုတာက အစန်းဟု ခေါ်၏။ သည်လိုနှင့် အိမ်ထောင်သက် ၁၅ နှစ်ရှိပြီး သမီးကြီး ၁၀ နှစ် အရွယ်သို့ ရောက်ရှိလာသောအခါ ဘိန်းသယ်ယူမှုဖြင့် ကိုတာ အဖမ်းခံရ၏။ အာရွတ် တရားရုံးတွင် စွဲချက်အတင်ခံရ၏။ သူတို့အမှုတွဲတွင် ချစ်ရှင်မင်းသားတစ်ဦးလည်း ပါ၏။

တရားသူကြီးက ရဲမင်းကြီးဟောင်း သီရိပျံချီ ဦးစံရီဖြစ်သည်။ တရားသူကြီးက အပြစ်ရှိလားဟုမေးရာ ကိုတာက မရှိပါဟု ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် တရားသူကြီးက "လက်ဝယ်တွေ့ရှိမှု ၆/ခ အရ ထောင် ၁၀ နှစ်၊ ရောင်းဝယ်ဖောက်ကားမှု ၁၀/ခအတွက် တစ်သက်တစ်ကျွန်း ကျခံရန် အမိန့်ချသောကြောင့် ဘောလုံးသမားဟောင်းတစ်ဦးဖြစ်သူ ကိုတာသည် ပုဂံ ညောင်ဦး ထောင်သို့ ရောက်သွားတော့၏။ လက်ဝယ်တွေ့ရှိမှုကဆယ်နှစ်၊ တစ်သက် တစ်ကျွန်းက အနှစ် ၂၀ ဆိုတော့ စုစုပေါင်း အနှစ်၃၀ မျှ ထောင်ချလိုက်ခြင်းခံရ၏။ ယခု ကိုတာ၏အသက် ၃၃ နှစ်ဖြစ်၏။ အနှစ် ၃၀ ထောင်ကျမည်ဟုဆိုပါက သူ အသက် ၆၃ နှစ်မှ ထောင်မှလွတ်တော့မည်ဟု စိတ်ကူးမိ၏။

ထိုစဉ်က ပုဂံညောင်ဦး ထောင်ပိုင်ကြီးက ဦးကျော်လှိုင်ဖြစ်၏။ ထောင်သို့ရောက်ရှိပြီး မကြာမီ ထောင်ပိုင်ကြီးက "မောင်တာဆိုတာ ဘယ်သူလဲ၊ ရုံးခန်းကိုလာခဲ့"ခေါ်၏။

ထို့ကြောင့် ကိုတာက ရုံးခန်းသို့သွား၏။

"မင်း ထောင်ဘယ်လောက်ကျတယ်ဆိုတာ သိလား"ဟု မေး၏။

"ကျွန်တော် လက်ဝယ်တွေ့ရှိမှု ဆယ်နှစ်၊ ရောင်းဝယ်ဖောက်ကားမှုက တစ်သက်တစ်ကျွန်းဆိုတော့ အနှစ် ၂၀၊ စုစုပေါင်း အနှစ် ၃၀ ပါ"

"မဟုတ်ဘူးကွ၊ တစ်သက်တစ်ကျွန်းဆိုတာ ဟောဒီစာအုပ်ထဲမှာကြည့် (က)အဆင့်က အနှစ် ၃၀ နှစ်၊ (ခ)အဆင့်က ၂၅ နှစ်၊ (ဂ) အဆင့်က အနှစ် ၂၀၊ မင်းက (ခ)ဖြစ်နေတော့ မင်းအတွက် တစ်သက်တစ်ကျွန်းဆိုတာ ၂၅ နှစ်ကွ"ဟုဆို၏။ နေရင်းထိုင်ရင်း





အနှစ် ၃၀ မှ ငါးနှစ်တိုးလာ၍ ၃၅ နှစ်ဖြစ်သွားသောကြောင့် ကိုတာသည် မကြည်မသာ ဖြစ်သွားသည်။

"ငါးနှစ်တိုးသွားလို့ မင်းအားငယ်သွားလား၊ အားမငယ်ပါနဲ့ကွာ၊ ကြက်ဥနဲ့ ဘဲဥမှာ ဝင်ပေါက်ထွက်ပေါက်ရှိလား"ဟု ထောင်ပိုင်ကြီးကမေး၏။

"မရှိပါဘူး ထောင်ပိုင်ကြီး"

"အေး ကြက်ပေါက်လေးတွေ ဘဲပေါက်လေးတွေဟာ ဥထဲက တိုးဝင် တိုးထွက်ကြတာပဲ၊ ထောင်ထဲမှာ ၃၅နှစ်လုံးလုံးပိတ်မိနေပြီ၊ ထွက်ပေါက်မရှိလို့ အားမငယ်နဲ့၊ ဘဝဆိုတာ ကြက်ပေါက်လေးတွေလိုပဲ တိုးဝင်တိုးထွက်ကွ၊ ဘယ်သူကမှ လမ်းဖောက်မပေးဘူး"ဟု ထောင်ပိုင်ကြီးကပညာပေးလိုက်သည်။

ကိုတာသည် ဟံသာဝတီအနာကြီးဆေးရုံတွင် ကိုးနှစ်နေစဉ်က သူနာပြုလုပ်ငန်း၊ ဆေးပေးဆေးယူလုပ်ငန်း စသည်တို့ကို လုပ်ဆောင်ခဲ့ဖူးပြီ။ ဆေးဝါးနှင့်ပတ်သက်၍လည်းကောင်း၊ သူနာပြု လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း ကျွမ်းကျင်မှုရှိ၏။ ထို့ကြောင့် ထောင်သို့ရောက်ရှိပြီး ခြောက်လခန့်အကြာ တန်းစီးသောအခါ ထောင်ပိုင်ကြီးက ကိုတာအား ထောင်ဆေးမှူးအဖြစ် ခန့်လိုက်၏။ ထို့နောက် ကိုတာကို သူတို့အဆောင်၏ တန်းစီးအဆောင်မှူးအဖြစ်ပါ ခန့်လိုက်သည်။

ကိုတာသည် ဆေးမှူးအဖြစ် စေတနာရှေ့ထား၍ လုပ်ဆောင်ပေး၏။ လုပ်ငန်းကျွမ်းကျင်မှုရှိသောကြောင့် အကျဉ်းသားများက လည်း ကြိုက်၏။ ကိုတာသည် သူ့အပြစ်ဒဏ်နှစ်ခုစလုံး အတွက်



www.burmeseclassic.com

www.burmeseclassic.com



အယူခံဝင်ရာ တစ်သက်တစ်ကျွန်း (၂၅) နှစ် အပြစ်ဒဏ်မှလွတ်သွားခဲ့၏။ ထို့ကြောင့် အပြစ်ဒဏ် ၁၀ နှစ်သာ ကျန်တော့၏။ ကိုတာက ထောင်ပိုင်ကြီး ပြောတဲ့ တိုးထွက်ရတယ် ဆိုတာ ဒါကို ခေါ်တာပဲဟု မှတ်သားထားလိုက်၏။ မကြာမီ သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အကျဉ်းခံရသောရက်များမှ ထက်ဝက်ကို လျှော့ပေးရာ သူ့အပြစ်ဒဏ်မှာ ငါးနှစ်သာ ကျန်တော့၏။

ငါးနှစ်ဆိုသည်မှာ လပေါင်း ၆၀ ဖြစ်၏။ သို့သော်လည်း ဆေးမှူးအဖြစ်လည်းကောင်း၊ တန်းစီးအဖြစ်လည်းကောင်း လုပ်ဆောင်ရသောကြောင့် လျှော့ရက်ခံစားခွင့်ရလေရာ ယင်းလျှော့ရက်သည် ထောင်ကျရက်များ အားလုံး၏သုံးပုံတစ်ပုံဖြစ်၏။ ထို့ကြောင့် လပေါင်း ၆၀ မှ လ ၂၀ လျှော့ရက်ရလေရာ တောင်ထဲ၌ သုံးနှစ် လေးလနှင့် ၁၆ ရက်အကြာတွင် ထောင်မှလွတ်လာ၏။ ၁၆ ရက်မှာ စာရင်းများ မပြီးသောကြောင့် ဆက်နေပါဦးဆို၍ ၁၆ ရက် ပိုနေပေးခဲ့ရခြင်းဖြစ်၏ ၁၉၈၁ ခု၊ ဧပြီလ ၂ ရက်နေ့တွင် ထောင်မှ လွတ်ခဲ့၏။

ထောင်မှထွက်လာတော့ ဇနီးဖြစ်သူ ဒေါ်စန်းဝေထံသို့ ပြန်ခဲ့၏။ သူတို့က မြောက်ဥက္ကလာပတွင်နေသည်။ ဒေါ်စန်းဝေနှင့် မိသားစုသည် ပလတ်စတစ်အဟောင်းများကို ဝယ်ယူ၍ စက်ရုံသို့ သွင်းသော လုပ်ငန်းကို လုပ်ကြ၏။ ၁၉၈၁ ခုမှ ၁၉၈၃ ခုနှစ်အထိ ကိုတာသည် ဒေါ်စန်းဝေ တို့နှင့်အတူနေကာ ပလတ်စတစ်လုပ်ငန်းကိုပင် လုပ်ဆောင်ခဲ့၏။ သို့သော်လည်း ထိုလုပ်ငန်းက များစွာ မထွန်းကား၍ ထောက်ကြံ့ အနာကြီးရောဂါသည်များ နေထိုင်ရာ စခန်းသို့ ပြောင်းရွှေ့





ကာအရက်ချက်သည်။ ထို့ပြင် ကုန်စုံဆိုင်လေးတစ်ခုကို တည်သည်။ ကုန်စုံဆိုင်က ဝင်ငွေကောင်းသည်။ စီးပွားလည်းဖြစ်၏။

သို့သော် ၁၉၈၉ ခုနှစ်၊ ဧပြီလ ၂ ရက်နေ့တွင် ကိုတာတို့ ထောက်ကြံ့မှ အနာကြီးရောဂါသည် စခန်းသည် မရမ်းချောင်းကျေးရွာသို့ ပြောင်းရွှေ့ခဲ့ရသောကြောင့် ကိုတာလည်း မရမ်းချောင်းသို့ လိုက်ပါလာခဲ့၏။ မရမ်းချောင်းသို့ ပြောင်းခဲ့ပြီးကာမှ ဒေါ်စန်းဝေ၏ ဘက်မှ ပါလာသော မြေးဖြစ်သူ၏ အိမ်ထောင်ရေးကိစ္စနှင့် ပတ်သက်၍ ဒေါ်စန်းဝေနှင့် စကားများခဲ့ရာမှ လင်မယား နှစ်ယောက် ကွဲခဲ့ကြ၏။ ဒေါ်စန်းဝေနှင့် လင်မယားကွဲပြီး ကိုတာသည် မရမ်းချောင်းကျေးရွာ၌ ဝင် နေခဲ့၏။ သူ့ဘဝတွင် ဘိန်းရောင်းဝယ် ဖောက်ကားခဲ့သည်ဆိုသော အမည်းစက်ကြီးကထိုးလျက်ရှိရာ သည်အကြွေးကို ကျေအောင်ဟု ဆိုကာ မရမ်းချောင်းကျေးရွာရှိ ဘဝတူအနာကြီးရောဂါသည်များ၏ အလုပ်များကို ကိုတာက တတ်အားသမျှ ဝိုင်း၍ လုပ်ဆောင်ပေး၏။

မရမ်းချောင်းကျေးရွာသို့ ပြောင်းရွှေ့လာခဲ့ရသော အနာကြီးရောဂါသည်တို့မှာ ငှက်ဖျားမိ၊ အာဟာရပြတ်၊ ဝမ်းရောဂါရသဖြင့် အတိဒုက္ခရောက်ကြရာ အလွန်ဆိုးဝါးသော အနာကြီးရောဂါသည် ဆဒနာရှင်လူနာများအား ပရဟိတစခန်းဖွင့်၍ စောင့်ရှောက်ရာတွင် သူသည် မြေကျင်းတူးရာမှအစ ပါဝင်ဆောင်ရွက်ပေးခဲ့၏။ မရမ်းချောင်းကျေးရွာအနာကြီးရောဂါသည်စခန်းတွင် စခန်းဥက္ကဋ္ဌအဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့၏။ သူတတ်ကျွမ်းသော သူနာပြုလုပ်ငန်းဖြင့် အနာကြီးရောဂါသည်ပေါင်း ၂၀၀ ကျော်ရှိသည့် မရမ်းချောင်းစခန်းတွင်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်လျှင် လိုအပ်သလို ပြုစုပေးလျက်ရှိ၏။ သူ အသက်ရှင်သရွေ့ သူ့ဘ၀ ခရီးတွင်တင်ရှိခဲ့သော ကြွေးအား လူမှုရေးလုပ်ငန်း အရပ်ရပ် လုပ်ဆောင်ရင်း ဆပ်သွားမည်ဟု ဦးတာတစ်ယောက် ဆုံးဖြတ်ချက် ချထားပါသည်။

■



## အခန်း (၅)
## ဝမ်းနည်းဝမ်းသာ

ဦးလှဝင်းသည် ဖိတ်စာလေးကို တစ်မနက်လုံးလုံး အပြန်ပြန် အလှန်လှန် ကြည့်နေမိ၏။ သူ့ထံသို့ ဤကဲ့သို့ ဖိတ်စာမျိုး မလာ ဖူးသည်မှာ အနှစ် ၃၀ ရှိခဲ့ပြီဖြစ်သည်။ ဖိတ်စာပေါ်တွင် ပါလာသော နာမည်မှာ သူ့ကို့မှ ရည်ညွှန်းသော နာမည်ဟုတ်ပါလေစ ဟူ၍ သံသယစိတ်ဝင်မိသည်။ သမီးဖြစ်သူကို "ဖိတ်စာ ဘယ်သူ လာပေး တာလဲ" မေးတော့ ဒီစာက စက်ဘီးနဲ့ လူတစ်ယောက်က ပေးသွား တာ" ဟု ဖြေ၏။ အနာကြီးရောဂါ တိုက်ဖျက်ရေးရုံးက ပေးလိုက်တာ ဆိုမှ သူကိုပေးသော ဖိတ်စာအဖြစ် လက်ခံလိုက်၏။ ဖိတ်စာ လက်ထဲမှာ ကိုင်ထားပါလျက် ဖိတ်ကြားစာနှင့် စပ်လျဉ်း၍ ဦးလှဝင်း သံသယရှိခြင်းသည် ခိုင်လုံသော အကြောင်းရှိ၏။

လူတိုင်းတွင် နာမည်ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလူတွင် ကုဋ္ဌနူနာစွဲကပ်ခြင်း ခံရပြီဟုဆိုပါက ထိုလူသည် သူ၏နာမည်ကို အသုံးပြုခွင့်မရတော့။ အနာကြီးရောဂါသည်တို့အား လူတကာက နာမည်ကို ညွှန်းဆို၍ မခေါ်။ အနူဟူ၍သာ ခေါ်တော့၏။ မိမိ ၏အမည်ကို မိဘတို့က မြန်မာတို့၏ ထုံးစံအတိုင်း နေ့သင့်နံသင့် ဗေဒင်ကိန်းခန့်မှန်း၍ လှဝင်းဟုပေးခဲ့၏။ ငါ့သားလေး လှရမယ်၊ ဝင်းစက်နေရမယ်ဟုဆိုကာ လှဝင်းဟု အမည်ပေးထားသော်လည်း သူ့ ခန္ဓာတွင် အနာကြီးရောဂါပိုးစွဲကပ်၍ ရောဂါလက္ခဏာထင်ရှားစွာ ပြလာချိန်မှစ၍ သူ့ကို ဘယ်သူက လှဝင်းဟူ၍ မခေါ်တော့ အနူဟု သာ ခေါ်တော့၏။ သူ့အဖေ၊ အမေ၊ ဇနီးမယား၊ သားသမီး၊ ညီအစ်ကို မောင်နှမတို့အားလည်း အနူအမေ၊ အနူအဖေ၊ အနူမယား၊ အနူသား၊ အနူသမီး၊ အနူအစ်ကို၊ အနူညီ၊ အနူညီမဟူ၍သာ အခေါ်ခံကြရ၏။ ထိုအခါ လူတွင်ရှိသော အမည်နာမသည် ပျောက်ရ တော့သည်။

သန်းခေါင်ဆိုသည်မှာ နေ့တစ်နေ့၏ နောက်ဆုံးအပိုင်းအမှောင်တကာ့အမှောင်ဆုံး အချိန်ဖြစ်၏။ လူ့ဘဝတွင် နောက်ဆုံးအပိုင်း အမှောင်တကာ့ အမှောင်ဆုံးဘဝကတော့ ကုဋ္ဌနူနာသည်တို့၏ ဘဝဖြစ်၏။ ခန္ဓာကိုယ်တွင် ဘယ်အကြောင်းကြောင့်ပဲ ထိုရောဂါစွဲစွဲ၊ ထိုရောဂါအစွဲကပ်ခံလာရပြီဟု ဆိုပါက လူအများက သူတို့အသိုင်းအဝိုင်းမှ ဖယ်ကြဉ်ကြသည်။ ရှောင်ကြဉ်ကြသည်။ ရွာပြင်သို့ ထုတ်ထားကြသည်။ ရွံရှာနှလုံးနာသည့် အသွင်ပြကြ၏။ ထိုရောဂါသည် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုရှိသောကြောင့် လူအသိုင်းအဝိုင်း





ပတ်ဝန်းကျင်က ထိုသူကို မိမိတို့ပတ်ဝန်းကျင်တွင် မရှိစေလိုကြ။ ပတ်ဝန်းကျင်က မည်မျှဖယ်ခွာ ကြသည်ကိုထား၊ အနူဖြစ်လာပြီဟု ဆိုပါက မိမိ၏ နာမည်ကပင် မိမိကိုယ် ဖယ်ကြဉ်သွားတတ်၏။

ဦးလှဝင်းသည် ၁၉၆၅ ခုနှစ်က မြန်မာနိုင်ငံအောက်ပိုင်းမှ စက်ရုံတစ်ရုံတွင် အရာရှိတစ်ဦးဖြစ်သည်။ ထိုနှစ်တွင်ပင် ပညာတော်သင်သွားရန် အကြောင်းကိစ္စတစ်ရပ်ပေါ်၍ စက်ရုံမှ ဦးလှဝင်းကို ပညာတော်သင်အဖြစ် ရွေးချယ်သည်။ အပြည်ပြည်ဆိုင်ရာမှ ပညာတော်သင်များအကြား ဦးလှဝင်းသည် စာတော်၍ ဉာဏ်ထက်မြက်သော ပညာတော်သင်တစ်ဦးဖြစ်၏။ ထို့ကြောင့် နိုင်ငံခြား ပညာတော်သင်ဘဝတွင် အချီးအကျူး ဂုဏ်ပြုမှုခံရ၏။ ဤကျေးဇူးကို သိတတ်သည့် အနေနှင့် မိမိတိုင်းပြည်အတွက် အလုပ်ကိုကြိုးစားမည်ဟု နိုင်ငံခြားတွင် ရှိနေစဉ်ကပင် စိတ်ပိုင်းဖြတ်ပြီးဖြစ်ပါ၏။ နိုင်ငံခြားတွင် ပညာသင်ယူနေသည်မှာ တစ်နှစ်ခွဲအထိ ကြာမြင့်ခဲ့၏။

ပြန်ရောက်လာတော့ စက်ရုံတွင်ပင် ဝင်ရောက်လုပ်ကိုင်၏။ ဦးလှဝင်းက အလုပ်ကိုကြိုးစားပြီး တီထွင်မှုပြု၏။ အလုပ် သမားများနှင့် အတူအရာရှိများကို ဦးဆောင်မှုပေးနိုင်သည်။ သို့သော် တစ်နေ့တွင်တော့ လက်ချောင်းလေးများကွေးကောက်၍ လက်တွင် ဒဏ်ရာအထင်ချွက် အချို့ကို တွေ့ခဲ့ရ၏။ သူက စောစောပိုင်းတွင် အလုပ်လုပ်စဉ်က ရေနွေးငွေ့အပူများကြောင့် ရရှိသော ဒဏ်ရာဟု ထင်ခဲ့၏။ သူ၏မိတ်ဆွေတစ်ယောက်က အရေပြားဆရာဝန်တစ်ယောက်နဲ့ ပြကြည့်ပါဆို၍ ဆရာဝန်နှင့်ပြကြည့်ရာ ဆရာဝန်က အနာကြီးရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ဟုဆို၏။ ထိုအခါက အနာကြီးရောဂါကို ကုသသော ဆေးက ဒက်ပဆုန်းဆိုသော ဆေးဖြစ်၏။ ဒက်ပဆုန်းသည် အနာကြီးရောဂါကို ကုသရန်တစ်ခုတည်းသော ဆေးဖြစ်၍ အလွန်ရှည်ကြာစွာ စားသုံးရ၏။ အချို့တစ်သက်လုံး စားသုံးရမည်။ တစ်ဖန် ဒက်ပဆုန်းနှင့် ဆေးယဉ်ပါးသူများလည်း ရှိသည်ဟုဆို၏။ ဦးလှဝင်းသည် ဒက်ဖ္စုဆုန်းနှင့် စနစ်တကျကုသမှုပြု၏။ အလျှင်းပျောက်သည်မဟုတ်၍ မကြာမီလုပ်ငန်းခွင်မှ ဦးလှဝင်းထံတွင် အနာကြီးရောဂါ စွဲကပ်လျက်ရှိကြောင်း သိရှိသွားကြ၏။ ထိုအခါ အလုပ်သမားများနှင့် ဘဝတူဝန်ထမ်းများက ဦးလှဝင်းတွင် အနာကြီးရောဂါရှိနေ၍ အလုပ်မှဖယ်ရှားပေးပါရန်စာတင်ကြ၏။ စာတင်ရုံသာမက သူနှင့်တွေ့ပါက ရှောင်ကြသည်။ ဖယ်ခွာ၍ နေကြ၏။ တချို့ ဦးလှဝင်း၏ လက်အောက်မှ အလုပ်သမားများက တာဝန်အရ စေခိုင်းလျှင်ပင် 'အနူခိုင်းတာခံရတာ နာတယ်ကွာ' ဟု မကြားတကြား ဆိုလာသည်။ ဦးလှဝင်း အလုပ်ဆက်လက်လုပ်ကိုင်ရေးက အနာကြီး ရောဂါတိုက်ဖျက်ရေး ခေါင်းဆောင် ဆရာဝန်ကြီးက ဦးလှဝင်းဘက်မှ မားမားမတ်မတ်ရပ်ခဲ့သော်လည်း ပတ်ဝန်းကျင်၏ နေ့စဉ်တိုက်ခိုက်မှုဒဏ်ကို ဆက်လက်မခံနိုင်တော့ဘဲ ဦးလှဝင်းသည် မိမိဘာသာ မိမိ ဆန္ဒဖြင့် အလုပ်မှထွက်ခဲ့၏။

အနူဖြစ်လာပါက မိမိနိုင်ငံအား ဖွံ့ဖြိုးအောင် နိုင်ငံတကာမှ တတ်မြောက်လာသော နည်းပညာအတတ်ပညာဖြင့် မိမိနိုင်ငံအတွက် လုပ်ဆောင်ရန် ဆန္ဒရှိပါသော်လည်း လုပ်ဆောင်ခွင့်မရ။ ဦးလှဝင်း တစ်ယောက် မိမိချစ်သော စက်ရုံကိုကျောခိုင်း၍ ထွက်လာခဲ့ရ၏။





ဦးလှဝင်းအဲနေနှင့် ဒါ ငါ့စက်ရုံ၊ ငါ့နိုင်ငံ၊ ငါဟာ အရာရှိတစ်ဦး၊ အင်ဂျင်နီယာတစ်ဦး၊ ပညာတတ်တစ်ဦးဆိုသောအရာများကို မေ့ပျောက်ကာ အနူက အနူဘဝတွင်သာ နေခဲ့ရ၏။ အခုတော့ အလုပ်မှ ထွက်လာခဲ့သည်မှာ နှစ်ပေါင်း ၃၅ နှစ်မျှ ရှိခဲ့ပြီ။ ထို ၃၅ နှစ်ကာလအတွင်း သူ့ကို မည်သူကမှ လှဝင်းဟူ၍ မခေါ်၊ အနူဟုသာ ခေါ်ခဲ့၏။သူ့ထံသို့ မည်သူကမှ လည်း ယခုလို ဖိတ်စာတစ်စောင်မျှ ဆးပို့ခြင်းကို မခံခဲ့ရ။ အခုလို အနှစ်၃၀ နှစ်အတွင်း စာနှင့်ပေနှင့် ဖိတ်စာနှင့် အဖိတ်ခံရတာမို့ ငါသွားမည်ဟု စိတ်ကို တင်းတင်းဆုံးဖြတ်လိုက်၏။ ဖိတ်စာထဲတွင် ၁၇-၆-၉၉ နေ့ ၁၀:၃၀ နာရီတွင် အနာကြီးရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ရောက်ရှိလာမည်ဖြစ်၍ ကြွရောက်ပါရန် ဖိတ်ကြားပါသည်" ဟုပါရှိ၏။

ဖိတ်ကြားသောနေ့သို့ရောက်တော့ ဦးလှဝင်းသည် ရေမိုးချိုး၊ အဝတ်အစားလဲကာ ခပ်စောစောကပင် အိမ်မှထွက်ခဲ့သည်။ သူရောက်ရှိပြီး မကြာမီပင် ဆရာဝန်ကြီးများအဖွဲ့ ရောက်ရှိလာကာ လူနာများကို တစ်ဦးချင်းစီခေါ်တွေ့ကြ၏။ အလျှင်ရောက်လာသူတို့အား အလျှင်ကြည့်ပေးသော စနစ်အရ ဆရာမလေးက သူ၏လူနာကတ်ပြားကို သူ့အားပေးကာ အခန်းထဲသို့ဝင်စေပါ၏။ ထိုအခါ ဆရာဝန်ကြီးက "လာဗျို့ ဦးလှဝင်း၊ အခု နေထိုင်ကောင်းရဲ့လား၊ ဘာများထူးခြား သေးလဲ"ဟု မေးလိုက်၏။

ဦလှဝင်းက သည်ဆရာဝန်ကြီးနှင့် တစ်ကြိမ်ကြုံခဲ့ဖူးသည်။ သို့သော် ထိုတစ်ကြိမ်ကြုံရုံမျှနှင့် သူက နာမည်ကို မှတ်မိနေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com



မယူဆ။

"ကျွန်တော့်ကို မမှတ်မိဘူးလား၊ ဦးလှဝင်း အမ်ဒီတီစစား တုန်းက ကျွန်တော်ပဲလာတာလေ၊ ဦးလှဝင်းက အင်ဂျင်နီယာ–– စက်ရုံက မဟုတ်လား၊ ကျွန်တော်မှတ်မိပါတယ်"ဟုဆိုတော့ ဦးလှဝင်း သည် ငုတ်တုတ်ထိုင်ရင်း ကျောက်ရုပ်လိုဖြစ်သွား၏။ ကျောက်ရုပ် ဖြစ်သွားသော ဦးလှဝင်း၏မျက်လုံးထဲမှ မျက်ရည်များ ကျလာသည်။

"ဘာဝမ်းနည်းစရာရှိလို့လဲ ဦးလှဝင်းရာ၊ ဦးလှဝင်းအမ်ဒီတီ စားပြီးပြီမဟုတ်လား၊ ဦးလှဝင်းက ထိန်းထိန်းသိမ်းသိမ်းနေလို့ ခြေထောက်တွေ လက်တွေလဲ အကောင်းပဲ၊ လက်ချောင်းလေး တွေ ကောက်နေတာက ကျွန်တော်တို့ခွဲစိတ်ကုသမှုပြုပြီး လေ့ကျင့်ခန်း လေးတွေလုပ်ရင်ပျောက်မှာ"ဟု ဆရာဝန်ကြီးက ပြောဆိုရင်း နှစ်သိမ့် ၏။

ဦးလှဝင်း မျက်လုံးထဲမှ မျက်ရည်များက ဆက်ကျနေဆဲ ဖြစ်၏။ ဆရာဝန်ကြီးက ဦးလှဝင်း၏ ပိုးပိုးပေါက်ပေါက် မျက်ရည်များ ကျနေသည်ကို အချိန်ပေး၍ စောင့်နေရှာပါ၏။

"ကျွန်တော် ဆရာကြီးကို မှတ်မိပါတယ်၊ ကျွန်တော် အခု မျက်ရည်ကျတာ ဝမ်းနည်းလို့ မဟုတ်ပါဘူး၊ ဝမ်းသာလွန်းလို့ မျက်ရည်ကျတာပါ ဆရာ"

"ကျွန်တော်ပညာတတ်တစ်ယောက်ပါ၊ အင်ဂျင်နီယာတစ် ယောက် ဖြစ်ပါလျက် လွန်ခဲ့တဲ့ အနှစ် ၃၀ ဒီရောဂါစွဲကပ် ကတည်းက ဘယ်သူကမှ အရေးတယူ ဂရုတစိုက် ကျွန်တော့်ကို





ဦးလှဝင်းလို ဘယ်သူကမှ မခေါ်ကြတော့ပါဘူးဆရာ၊ ခေါ်ရင်တော့ အနူလှဝင်းလို့ပဲ ခေါ်ကြတာပါ၊ အခုတော့ အနှစ် ၃၀ အတွင်း ဒီဖိတ်စာရတဲ့နေ့ကမှ ဦးလှဝင်းလို့ ခေါ်တာကို ကျွန်တော့်နားနဲ့ ဆတ်ဆတ်ကြားရ တာ ဖြစ်လို့ ငိုမိတာပါဆရာ"ဟု ဦးလှဝင်းက ဆိုပါ၏။

■



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးကျောင်းပေါင်

## အခန်း (၆)

## ဘဝပေးအလှူပ်နှင့် ဘကြီးကျောင်းပေါင်

နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းတွင် အစိုးရမူလတန်းကျောင်း အမှတ် ၁၄၁ သို့ ရောက်ရှိပါက ပန်းမျိုးတစ်ရာစိုက်ခင်းတို့ကို တွေ့မြင်ရမည်ဖြစ်သည်။ စိုက်ခင်းတွင် ပြည်တွင်း သရက်မျိုးကောင်းမျိုးသန့် အပင် ၃၀၀ နှင့် ဟော်လံမျိုးသန့် သံပုရာအပင် ၄၀၀ ကိုလည်း စိုက်ပျိုးထားသည်။ ကျောင်းဝင်း မြေ ၆ ကေထဲမှ မြေ ၅ ကေတွင် ယခုကဲ့သို့ သီးနှံပင်များ စိုက်ပျိုးထားခြင်းဖြစ်၏။

စိုက်ပျိုးထားသော သရက်ပင်များအကြားတွင် ရာသီအလိုက် ပဲမျိုးစုံ၊ ပြောင်း၊ သဘော်၊ ဗူး၊ ကျောက်ဖရုံစသော အပင်များကိုလည်း စိုက်ပျိုးထားသည်။ ထိုစိုက်ခင်းများတွင် နံ့သာမြိုင်ရွာမှ လူကြီးလေးငါးဦးခန့် တကုတ်ကုတ်နှင့် မြေတူး၊ မြေဆွ၊ ဆေးဖြန်း၊ ရေလောင်း လုပ်နေတတ်ကြ၏။ ထိုသို့ လုပ်ဆောင်နေသူတို့မှာ ဦးအောင်ဆန်း၊



www.burmeseclassic.com

www.burmeseclassic.com



ဦးစန်းမောင်၊ ဦးသောင်း၊ ဦးတင်မောင်၊ ဦးဖြူ၊ ဆရာဦးဇော်ဝင်း၊ ဘကြီးပေါင် စသူများ ဖြစ်ပါ၏။

အမက ၁၄၀ တွင် ဆရာမကြီး ဒေါ်ဝင်းမေနှင့် ဆရာဆရာမများက နံ့သာမြိုင်ရွာမှ ကလေးများကို ပြုစုစောင့်ရှောက်နေကြသလို ပန်းမျိုးတစ်ရာစိုက်ခင်း အတွင်းမှ ဝေဒနာရှင်ရောဂါသည်များကလည်း စိုက်ပျိုးပင်များကို စောင့်ရှောက်နေကြခြင်းဖြစ်သည်။ ထိုသို့စောင့်ရှောက်နေသူများထဲတွင် စိုက်ပင်ပျိုးပင်များကိုလည်း ပြုစု၊ ရောက်ရှိလာသူများအားလည်း ဧည့်ခံ၊ တစ်ရာသီပြီး တစ်ရာသီ ဘာပြီးလျှင် ဘာစိုက်ရမည်။ ဘယ်ပိုးမျိုး ကျရောက်လျှင် ဘယ်ပိုးသတ်ဆေးရည်ကို သုံးရမည်ဟုဆုံးဖြတ်ကာ ပန်းမျိုးတစ်ရာ စိုက်ခင်းကြီး တစ်နှစ်ထက်တစ်နှစ် တရိပ်ရိပ်တက်အောင် ပြုစုနေသူကား ဘကြီးပေါင်ဖြစ်သည်။ ဘကြီးပေါင်သည် ပေါ်ဦးပေါ်ဖျား စိုက်ပျိုးရရှိလာသော သီးနှံများကို ကျောင်းသားမိဘများအား လက်ဆောင်ပေးသည်။ မတ္တရာမြို့ပေါ်ရှိ အာဏာပိုင်များနှင့် နံ့သာမြိုင် အနာကြီးရောဂါကုဆေးရုံမှ ဆရာဝန်ကြီးများ၊ ရောဂါသည်များအားလည်း လက်ဆောင်ပေး၏။ ရှေ့ရည်တွင် ကျောင်းရန်ပုံငွေအတွက် ရည်မှန်းစိုက်ပျိုးထားခြင်းဖြစ်၏။

ဘကြီးပေါင်နှင့်အဖွဲ့သည် အမက ၁၄၀ စိုက်ကွင်းထဲ၌ တကုတ်ကုတ် စိုက်ပျိုးနေကြသည်ကို တွေ့သူတိုင်းက "ဘကြီးပေါင် စိုက်လုပျိုးလုချည်လား"ဟု မေးလျှင် ဘကြီးပေါင်က "ဒါ ဘကြီးပေါင်ရဲ့ ဘဝပေးအလုပ်"ဟု ပြန်ပြောလေ့ရှိ၏။

တစ်နေ့တွင်တော့ နံ့သာမြိုင်စခန်းမှ လူငယ်တစ်ဦးဖြစ်သူ





ကိုသာအောင်က "ဘ ကြီးပေါင်ကို စိုက်လုချည်လား၊ ပျိုးလုချည်လားလို့ပြောတိုင်း ဘကြီးပေါင်က ဒါ ဘကြီးပေါင်က ဘဝပေးအလုပ်လို့ ပြောတယ်၊ စိုက်ခြင်းပျိုးခြင်းက ဘကြီးပေါင်က ဘဝပေးအလုပ်ဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်လေး ပြောစမ်းပါ"ဟု မေးခဲ့၏။

လူငယ်ဖြစ်သူ ကိုသာအောင်က ဘကြီးပေါင်၏ ဘဝနှင့် စိုက်ခင်းကို ဆက်စပ်မေးလာတော့ ဘကြီးပေါင်က မိမိ၏စိုက်ခင်းများကို ကျော်လွန်ကာ ဟိုးအဝေးအဝေးကြီးသို့ မျှော်တွေး၍ကြည့်နေ၏။

* * *

ဘကြီးပေါင်သည် မန္တလေးတိုင်း၊ မလှိုင်မြို့နယ်၊ ရေထွက်ရွာ ဇာတိဖြစ်၏။ အဖ ဦးညိုလေး၊ အမိ ဒေါ်စိန်ခင်တို့မှ ၁၃၀၁ ခု၊ ဝါခေါင် လဆန်း ၁၄ ရက် (၁၉၃၉ ခု ဩဂုတ်လ ၂၈ ရက်) တနင်္လာနေ့တွင် မွေးဖွားသန့်စင်ခဲ့၏။ ဘကြီးပေါင်တွင် အစ်ကိုတစ်ယောက်နှင့် အစ်မတစ်ယောက် ရှိခဲ့ဖူး၏။ သို့သော် သူတို့နှစ်ဦးသည် သုံးနှစ်သားအရွယ်သို့ရောက်သောအခါ ဆုံးပါးသွားရှာ၏။ ဘကြီးပေါင်အား မွေးဖွားလာခဲ့သောအခါ မိဘနှစ်ပါးက ယကြာချေသည့်အနေဖြင့် ဦးဆရာတော်ထံတွင် ၅၀ ပြားနှင့် သွားရောက် ပေါင်နှံခဲ့၏။ ထိုအခါ ဆရာတော်က "အေး ဒီကလေးကို ငါ့ဆီမှာ လာရောက်ပေါင်နှံထားတဲ့အတွက် မင်းတို့လဲ ပြန်မရွေးနဲ့တော့၊ ဒီကလေး ငါ့ကလေးဖြစ်ပြီ၊ ဒါကြောင့် ဒီကလေးကို ကျောင်းမှာ လာရောက်ပေါင်နှံတဲ့ကလေးဖြစ်လို့ ကျောင်းပေါင်လို့ ငါအမည်ပေးလိုက်တယ်"ဟု ဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍ ဘကြီးပေါင်၏အမည်သည် ကျောင်းပေါင် ဖြစ်လာ၏။ ကျောင်းပေါင်ခမျာ ဆရာတော်ထံတွင် ပေါင်နှံ၍ထားခဲ့ဖြင့် အသက်ရှည်ခဲ့သော်လည်း ကံမကောင်းသည်က သူ့အသက် ရှစ်နှစ်တွင် မိခင်ကြီး ဆုံးပါးခဲ့၍ အသက်တစ်ဆယ့်နှစ်နှစ်သား အရွယ်တွင် ဖခင်ဆုံးခဲ့၏။ မိဘမဲ့ဖြစ်ရှာသော ကျောင်းပေါင်သည် ဖခင်ကြီး၏အမေဖြစ်သူ အဘွားဒေါ်ဆွဲနှင့် နေခဲ့ရ၏။ ဒေါ်ဆွဲက မြေးဖြစ်သူ ကျောင်းပေါင်ကိုချစ်သည်။ ဆရာတော်ကလည်း မိဘမဲ့ ရှာသူ ကျောင်းပေါင်ကို ကရုဏာရှေ့ထားကာ စာပေသင်ကြားမှု ပြုပေး၏။ ကျောင်းပေါင်သည် မိဘမဲ့ရှာသော်လည်း ကံကောင်းခဲ့ သည်က အဘွားဖြစ်သူနှင့် ဆရာတော်၏ဆိုဆုံးမမှုများအောက်တွင် ကြီးပြင်းလာရ၍ လိမ္မာရေးခြားရှိသောလူငယ်တစ်ယောက်ဖြစ်လာခဲ့၏။

ထပ်မံ၍ ကံကောင်းသည်က အဘွားဖြစ်သူဒေါ်ဆွဲသည် စိုက်ပျိုးရေး ဝါသနာပါ၏။ ဝါသနာပါရုံသာမက စိုက်တတ်ပျိုးတတ် သူလည်း ဖြစ်၏။ အဘွားက ကျောင်းပေါင်ကို စိုက်ပျိုးရေးလုပ်ငန်း တွင် ဝါသနာပါအောင် အမြဲဆုံးမ၏။ "ငါ့မြေး၊ လောကကြီးမှာ လူတွေဟာ သစ်ပင်နဲ့အတူနေကြတာ၊ ငါ့မြေးလူဖြစ်လာရင် သစ်ပင် စိုက်ရမယ်၊ အဘွားတို့ နေ့စဉ်စားနေတဲ့ ဆန်စပါး၊ ဟင်းသီးဟင်းရွက် တွေဆိုတာ သစ်ပင်ကလာတာ၊ အဘွားတို့နေတဲ့အိမ်ကို ဆောက်ထား တာက သစ်နဲ့ဝါးနဲ့ဆောက်ထားတာ၊ အဘွားတို့ဝတ်နေတဲ့ အဝတ် အစားဝါဂွမ်းက၊ ဝါချည်ကလုပ်တာ၊ လူ့ဘဝဆိုတာ သစ်ပင်နဲ့မကင်း ရဘူး၊ သစ်ပင်ကို မိမိခြံထဲမှာ စိုက်ရမယ်၊ ရွာထဲမှာ စိုက်ရမယ်၊





လမ်းဘေးမှာ စိုက်ရမယ်၊ မြေလွတ်ရှိတဲ့ နေရာမှာ စိုက်ရမယ်"ဟု ဆုံးမ၏။

အဘွားက "အိမ်ဝိုင်းထဲမှာ သစ်ပင်စိုက်ရင် ဟင်းတစ်ခွက် အတွက် အပြင်ထွက်မရှာရဘူး၊ ခြံစည်းရိုးက အပင်နဲ့ ဟင်းဖြစ်တယ်၊ ဟင်းချက်လို့ ငန်သွားရင်တော ခြံထဲက အရွက်တစ်မျိုးမျိုးခူးထည့် လို့ ရတယ်၊ ငါ့မြေး သစ်ပင်စိုက် ဝါသနာပါအောင် အဘွားနဲ့အတူ မြေတူးမြေဆွ သစ်ပင်စိုက်၊ ငါ့မြေးကြီးလာလို့ ကျောင်းကန်ဇရပ် စေတီပုထိုး ဆောက်လုပ်လှူဒါန်းနိုင်ရင်လှူဒါန်း၊ မလှူဒါန်းနိုင်ရင် သစ်ပင်စိုက်ပျိုးပေး၊ ကုသိုလ်ရတာ အတူတူပဲကွဲ့ ငါ့မြေးရဲ့"ဟု ဆုံးမ၏။ ဆရာတော်၏အဆုံးအမ၊ အဘွား၏သွန်သင်မှုအောက်တွင် ကြီးပြင်းလာရသော ကျောင်းပေါင်သည် လိမ္မာရေးခြားရှိ၏။ အနေ အထိုင် သိမ်မွေ့သည်။

ထို့အပြင် အဘွားက အလုပ်ကို လက်နှင့်အပြတ်မခံ၊ အလုပ် ကြိုးစားသောအလေ့အကျင့် အဘွားထံမှ ရရှိခဲ့၏။ တစ်နေ့တွင်တော့ အဘွားနှင့်အတူ အလုပ်လုပ်ရင်း ကျောင်းပေါင်တွင် အကွက်တစ်ကွက် ဆွေ့ရာမှ ဟိုဆေးနှင့်ကု၊ သည်ဆေးနှင့်ကုသော်လည်း မပျောက်ဘဲ အနာကြီးရောဂါမှန်းသိတော့ ကျောင်းပေါင်သည် ဆရာတော်ကျောင်း မှ ထွက်ခဲ့၏။

အဘွားက အနာကြီးရောဂါကို ကုသသောဆရာများနှင့် နေအောင်လိုက် ကုသည်။ အဘွားပိုင် ထန်းတောလေးကို ရောင်းသင့် တာရောင်း ပေါင်သင့်တာ ပေါင်ပြီး ဆေးကု၏။ အဘွားပိုင်ထန်းတော



www.burmeseclassic.com

www.burmeseclassic.com



လေးသာ ကုန်သွားသည်၊ ရောဂါက မပျောက်၊ တစ်နေ့တွင်တော့ ဦးလေးတစ်ယောက်ရောက် ရှိလာပြီး ဆေးကုသရေးအတွက် အဘွားနှင့် တိုင်ပင်ကြ၏။ ဦးလေးက မန္တလေးတွင် အနာကြီးရောဂါကုဆေးရုံ ရှိသည်။ ရောဂါသည်အားလုံးလည်း အဲဒီဆေးရုံမှာ တက်ရောက် ကုသနေကြသည်။ ပျောက်ကင်းသူများလည်း ရှိသည်။ မန္တလေးဆေးရုံ ပို့ရအောင်ဟုဆိုတော့ အဘွားက မြေးဖြစ်သူ ကျောင်းပေါင်အား မန္တလေးသို့ ပို့လိုစိတ်မရှိ။ ဒါဖြင့် ဘာလုပ်မှာလဲဟုမေးတော့လည်း အဘွားကိုယ်တိုင်၌ ဘာစီမံရမှန်း မသိ။ ထို့ကြောင့် နောက်ဆုံးတွင် ဦးလေးဖြစ်သူအား မင်းတို့ပဲ ကြည့်စီမံကြပါတော့ ပြောဆိုခဲ့ရာမှ ကျောင်းပေါင် မန္တလေးသို့ ရောက်လာ၏။

မန္တလေးသို့သွားရန် ရွာမှထွက်လာခဲ့တော့ ကျောင်းပေါင် အသက် ၁၇ နှစ်ရှိပြီဖြစ်၏။ အဘွားက ဦးလေးဖြစ်သူနှင့် မြေးဖြစ်သူ ကျောင်းပေါင်အား ရွာမှ ပန်းအိုင်ဘူတာအထိ နွားလှည်းနှင့်လိုက်ပို့၏။ လှည်းပေါ်တွင် အဘွားက ကျောင်းပေါင်ကို ပွေ့ထားသည်။ အဘွား မျက်ရည် များကျနေသည်။ ကျောင်းပေါင်လည်း အဘွားငိုတော့ ငိုချင်သည်။ ကျောင်းပေါင်တို့ ဘူတာရောက်ပြီး မကြာခင် ရထား ဆိုက်လာ၏။ ရွာမှထွက်လာတော့ အဘွားရယ်၊ ဦးလေးရယ်၊ ဦးလေး၏ဇနီး အဒေါ်ရယ်၊ လှည်းမောင်းသမားနှင့် ကျောင်းပေါင်တို့ ပါ၏။ ကျောင်းပေါင်ကို မန္တလေးအထိ လိုက်ပို့မည့်သူက အဒေါ် ဖြစ်သည်။ မိမိအသက်လို ချစ်မြတ်နိုးသော အဘွားနှင့် ဦးလေးတို့အား ပန်းအိုင် ဘူတာတွင် ထားရစ်ခဲ့ကာ ကျောင်းပေါင်နှင့် အဒေါ်ဖြစ်သူတို့





မန္တလေးသို့ ထွက်လာ၏။ အဘွားဖြစ်သူက လက်တပြပြနှင့်နှုတ်ဆက် သည်။ နောက်တော့ အဘွားက မိမိခေါင်းမှ သဘက်ကိုဖြုတ်ကာ သဘက်ကိုလှုပ်ရင်း လက်ခါပြ၍ နှုတ်ဆက်၏။ ကျောင်းပေါင်သည် အဘွားကို မျက်စိမမှိတ် မျက်တောင်မှျမခတ်ဘဲ ကြည့်နေ၏။ အဘွားနှင့် ကျောင်းပေါင်တို့ ဝေး၍ဝေး၍ လာခဲ့၏။ ထိုအချိန်မှစ၍ ကျောင်းပေါင်နှင့်အဘွားတို့သည် ဒီတစ်သက်တွင် တစ်ကြိမ်မျှ ပြန် ဆုံခြင်းမရှိတော့ပါ။

ထိုအချိန်က မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် သောင်းကျန်းသူများ ရှိသည်။ သောင်းကျန်းသူတို့က မီးရထားလမ်း ကားလမ်းတို့ကို မိုင်းထောင်ကြသည်။ ဘယ်နေရာသွားသွား အန္တရာယ်ရှိ၏။ ကျောင်းပေါင်တို့ ရထားပန်းအိုင်ရွာမှ ထွက်လာပြီး တစ်နာရီလောက် အကြာတွင် မိုင်းထိ၍ ရပ်သွားတော့၏။ သည်တော့ မီးရထားမှ တာဝန်ရှိသူများက တွဲများကိုဖြုတ်၍ ရထားလမ်းကို ပြင်ကြသည်။ ထိုအခါ အဒေါ်ဖြစ်သူက "ကျောင်းပေါင် မင်း မန္တလေးပဲ ဆက်သွား မလား၊ ရွာပြန် ချင်သလား"ဟု မေး၏။

ထိုအခါ ကျောင်းပေါင်က မိမိရောဂါသည် ရွာတွင် မပျောက် တော့။ မပျောက်ပါက အဘွားရော ဆွေမျိုးများပါ တစ်သက်လုံး ရှက်နာငယ်ကြရမည်။ ဆေးရုံတွင်တော့ မိမိဘဝသစ် စနိုင်လေ မလားဟုစဉ်းစားကာ၊ "အဒေါ်၊ မန္တလေးပဲ ဆက်သွားမယ်၊ ရွာမပြန် တော့ပါဘူး"ဟုဆိုကာ မန္တလေးသို့ ဆက်လာခဲ့၏။

အဒေါ်ဖြစ်သူက မန္တလေး အနာကြီးရောဂါကု ဝက်ဒေပီ



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှ ခင်မင်သူများထံ အပ်နှံကာ ရှာပြန်သွား၏။ ဆေးရုံမှ အချို့က ကျောင်းပေါင်အား ဆရာဝန်ကြီး ဦးဂျမားဒင်ထံခေါ်သွားပြီး ပြသရာ ဆရာဝန်ကြီးက ကျောင်းပေါင်ကို အတွင်းလူနာအဖြစ် လက်ခံလိုက်၏။ ထို့ပြင် ဆရာဝန်ကြီးက မင်းအသက်ငယ်သေးတယ်၊ ပညာသင်ဦးဆိုကာ ဆေးရုံတွင်ရှိသော မူလတန်းကျောင်းတွင် တက်စေရာ ဆရာမက စာအချို့ကို ဖတ်ခိုင်းပြီး ချောမောစွာ ဖတ်နိုင်၍ သုံးတန်းတွင် တက်ခွင့်ပြု၏။

ကျောင်းပေါင် လေးတန်းအောင်တော့ ဆရာဝန်ကြီးများက သူနာပြုလုပ်ငန်းကို သင်ကြားပေးကာ ဆေးရုံတွင် သူနာပြုအလုပ်ကို ဝင်ရောက်လုပ်ကိုင်ရ၏။ သူနာပြုလုပ်ပြီး သုံးနှစ်လောက်ကြာတော့ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ မတင်လှိုင်နှင့်အိမ်ထောင်ကျသည်။ အိမ်ထောင်ကျတော့ ကိုကျောင်းပေါင်၏အသက် ၂၂ နှစ်ရှိပြီဖြစ်၏။

အိမ်ထောင်ကျတော့ ဆေးရုံမှာ မနေတော့ဘဲ ဆေးရုံအနီးအနားတွင် မြေလေးတစ်ကွက်ကို ငှားကာ အပြင်လုပ်ငန်းများလုပ်ရ၏။ အပြင်တွင် အလုပ်လုပ်ရင်း ငွေလေးနည်းနည်း စုမိတော့ ဆေးရုံက စာကြည့်တိုက်တွင် မိမိဖတ်ခဲ့ဖူးသော "ဂျပန်မိသားစုနှင့် မြေတစ်ဧက" ဆိုသော စာအုပ်ထဲမှာပါသည့်အတိုင်း မိမိတတ်ကျွမ်းသော စိုက်ပျိုးရေးပညာဖြင့် မြေတစ်ဧကကို ငှားရမ်းလုပ်ကိုင်ခဲ့၏။ နောက်တော့ မြေတစ်ဧကဝယ် ကိုယ်ပိုင်ဝယ်လိုက်သည်။ မြေတစ်ဧကပေါ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ခဲ့ရာ အောင်မြင်ခဲ့၍ သွပ်မိုးပျဉ်ကာ အိမ်လေးတစ်လုံးဆောက်နိုင်၏။ ဂျစ်ကားတစ်စီးပင် ဝယ်နိုင်ခဲ့၏။





သည်တော့ မွေးရပ်ပြန်ပြီး မိမိဆရာရင်းကျောင်းကို ပြန်၍ ဆောက်ခဲ့၏။ ရွာတွင်ရေတွင်းရေကန်များတူး၍ လှူဒါန်းခဲ့၏။ ထိုအချိန်တွင်တော့ ဆရာတော်ဘုရားရော၊ အဘွားဖြစ်သူပါ မရှိတော့ပြီမို့ ဦးကျောင်းပေါင်က သူပြုသမျှသော ကုသိုလ်တရားကို ရောက်ရာဘဝမှ ဆရာတော်နှင့် အဘွားဖြစ်သူတို့ သာဓုခေါ် နိုင်ဖို့ အမျှပေးဝေ၏။

ဦးကျောင်းပေါင်ဘဝမှ ဘကြီးကျောင်းပေါင် ဖြစ်လာခဲ့၏။ ဘကြီးကျောင်းပေါင်သည် သူ၏ ကြိုးစားမှုကြောင့် အလှူရေစက် လက်နှင့်မကွာ ပြုနိုင်ခဲ့၏။ အားနည်းသူများကိုလည်း ကူညီနိုင်ခဲ့၏။ ဘကြီးကျောင်းပေါင်သည် ငါးနှင့်နွားမွေးမြူရေးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် အဘွားပေးသောအမွေ စိုက်ပျိုးရေးကိုလည်း လက်မလွှတ်ဘဲ လုပ်ဆောင်ခဲ့၏။

ခေတ်စနစ်တွေလည်း ပြောင်းလာပြီ။ မန္တလေးမြို့ကြီးသည်လည်း တိုးတက်ဖွံ့ဖြိုးလာခဲ့၏။ ယခင်က မြို့စွန် မြို့ဖျားတွင်ရှိသော ဘကြီးကျောင်းပေါင်တို့ အနာကြီးရောဂါဆေးရုံသည် ယခုတော့ မြို့လယ်ခေါင်ဖြစ်လာ၏။ ထို့ကြောင့် မတ္တရာမြို့နယ် နံ့သာမြိုင်စခန်းသို့ ပြောင်းရွှေ့ရမည်ဟုဆို၍ ဘကြီးကျောင်းပေါင်တို့ရောဂါသည်များသည် မန္တလေးမှ မန္တလေး၊ မိုးကုတ်လမ်း အရှေ့ဘက် ရှမ်းရိုးမတောင်ခွယ် ဆင်ဖြူတောင်ခြေသို့ ပြောင်းလာခဲ့ရသည်။

ဘကြီးကျောင်းပေါင်သည် နံ့သာမြိုင်သို့ရောက်လာတော့ စာကြည့်တိုက်တစ်ခုကို ဘဝတူ ဦးစိုးမြင့်၊ ဦးဇော်ဝင်း၊ ဦးအောင်ဆန်း၊ ဦးနီ၊ ဦးတင်အောင်တို့နှင့် တွဲဖက်ကာ တည်ဆောက်ခဲ့၏။ ဘဝတူ



www.burmeseclassic.com

www.burmeseclassic.com



အနာကြီးရောဂါသည်များနှင့် ရောဂါသည်သားသမီးများအား စာကြည့်တိုက်မှ တစ်ဆင့် မျက်စိဖွင့်ပေးခဲ့၏။ ဘကြီးကျောင်းပေါင်သည် မိမိဖတ်ခဲ့ဖူးသော "ဂျပန်မိသားစုနှင့် မြေတစ်ကေ" စာအုပ်က မိမိဘဝကို ပြောင်းလဲစေခဲ့သလို ရောဂါသည် သားသမီးလူငယ်များ စာတွေဖောဖောသီသိ ဖတ်နိုင်ရန် နံ့သာမြိုင် စာကြည့်တိုက်ကို ထူထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၏။

ယခုတော့ ဘကြီးကျောင်းပေါင်သည် မိမိအဘွားဖြစ်သူထံမှ ရရှိခဲ့သော စိုက်ပျိုးရေးပညာနှင့် စိုက်ပျိုးရေးစိတ်ဓာတ်ကို မိမိတို့ အနာကြီးရောဂါသည် လူတန်းစား၏သားသမီးများအား အမွေပေးလျက်ရှိ၏။

■



အခန်း (၇)

## အောင်ဖွေ့ ဦးသောင်း

"ကျွန်တော်တို့မှာ
လက္ခဏာကြည့်ရအောင် လက်မရှိဘူး။
တချို့ လက်ရှိပေမယ့်
လက္ခဏာအရေးအစင်းတွေ မရှိတော့ဘူး။
ဗေဒင်မေးရအောင် မွေးသက္ကရာဇ် မသိဘူး။
ကျွန်တော်တို့ ဘဝက
လက်ဆယ်ဖြာ ထိပ်မှာမိုးပြီး
ဆုတောင်းလို့မရတဲ့ ဘဝဆိုးပါ
ဒါပေမယ့်
ကျွန်တော်တို့ဘဝကို အရှုံးမပေးဘူး။
ကျွန်တော်တို့က
ဗေဒင်မမေး၊ လက္ခဏာမကြည့်၊ ယတြာမချေဘဲ



www.burmeseclassic.com

www.burmeseclassic.com



အောင်ဇမ္ဗူဦးသောင်း



ဘဝကို စိန်ခေါ်ပြီး

တိုက်ပွဲဝင်နေတဲ့သူတွေပါ”ဟု သက် ၇၀ခန့်ရှိပြီဖြစ်သော အနာကြီးရောဂါသည် ဦးသောင်းက ဆို၏။ ကျွန်တော်က ဦးသောင်းကို ကြည့်လိုက်တော့ အရုပ်ခပ်ပြတ်ပြတ်၊ အသားညိုညို၊ အနာကြီးရောဂါ လက္ခဏာ အသွင်အပြင်များ အတော်လေး ထင်ထင်ရှားရှား ရှိသော်လည်း အားမာန်အပြည့်ရှိနေသော လူတစ်ယောက်–

“ဦးသောင်းက အသက်ဘယ်လောက်ရှိပြလဲ”ဟု ကျွန်တော်က မေး၏။

“ကျွန်တော့်အသက် ၇၀ လောက်လို့ ထင်တာပါပဲ”

“အောင်ဇမ္ဗူ ဦးသောင်းရယ်လို့ နာမည်တစ်လုံးရအောင် ဘယ်လိုများ ကြိုးစားခဲ့တယ်ဆိုတာ သိပါရစေခင်ဗျား”ဟုဆိုတော့ ရှည်လျားစွာ ဖြတ်သန်းလာခဲ့သော သူ့ဘဝကို သူပြန်၍ စဉ်းစား နေသည်။ တကယ်တော့ ဦးသောင်း၏ဘဝသည် ချောမွေ့ ပြေပြစ် သည်မဟုတ်။ ရုန်းကန်လှုပ်ရှားခဲ့ရသော ဘဝဖြစ်၏။ သာမန်လူများ အဖို့ ဘဝကို ရုန်းကန်ရသည်ဆိုသောအဓိပ္ပာယ်က လုံ့လဝီရိယ ဖြင့် ကြိုးစားအားထုတ်ခြင်းကို ရည်ညွှန်းခေါ်ဆိုခြင်း ဖြစ်သည်။ ထိုသော် အနာကြီးရောဂါသည် ဝေဒနာရှင်တစ်ဦး ရုန်းကန်ရသည်က လုံ့လဝီရိယကို အရင်းတည်၍ ကြိုးစားရုံမျှဖြင့်မရ။

လူအများ၏ ဝိုင်းပယ်မှု၊ စက်ဆုတ်ရွံရှာမှုတို့ကို လက်ဝဲဘက်က ရင်ဆိုင်ရသလို လက်ယာဘက်ကလည်း ဝေဒနာ၏ နှိပ်စက်မှု၊ အရည်တရွဲရွဲနှင့် နာကျင်ကိုက်ခဲကာ ခြေချောင်းလေးများ ပြတ်ကျပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျ၊ လက်ချောင်းလေးများ ပြုတ်ကျလိုကျဖြင့် လူကောင်းတစ်ယောက်ကြိုးစားသလို ကြိုးစား၍ မရသောဘဝဆိုးမျိုးဖြစ်၏။ သို့သော် ဦးသောင်းက ဘဝကို ခွဲမလျော့၊ ဦးသောင်း၏ဘဝတွင် ကြိုးစားရသည်က မရှက်မကြောက် အားမငယ်စတမ်း လူတောထဲဝင်နိုင်ရန် ကြိုးပမ်းရခြင်းဖြစ်၏။ အနာကြီးရောဂါသည်တို့ဘဝက အရှက်ကို ငုံ့နေ၍ မရသောဘဝဖြစ်၏။

* * *

ဦးသောင်း၏ မိဘများက ဦးထွန်းအေး၊ ဒေါ်ရွှေဖြစ်၏။ ဦးသောင်း ဆယ်နှစ်သားအရွယ် စတုတ္ထတန်းအရောက်တွင် ရောဂါလက္ခဏာပြလာသည်။ ရောဂါလက္ခဏာများနှင့်ပင် ဦးသောင်းက ကျောင်းကိုရသလောက်တက်သေးသည်။ သို့သော် သူငယ်ချင်းများက စာသင်ကြား၍မရလောက်အောင် ဘေးမှ ပြောဆိုဝိုင်းပယ်မှုများကို ကြုံရတော့မှ ဦးသောင်း ကျောင်းထွက်လိုက်၏။ ဦးသောင်း၏ ဆရာများက ဆရာကြီးဦးထွန်းအောင်၊ ဆရာမကြီးဒေါ်အုန်းမြတို့ ဖြစ်ပါ၏။ ဦးသောင်းက ကျောင်းထွက်တော့မည်ဟုဆိုတော့ ဆရာကြီး ဦးထွန်းအောင်က "ငါ့တပည့် ငါစိတ်မကောင်းပါဘူးကွာ၊ မင်းလို စာကြိုး စားပြီး ဘဝတက်လမ်းရှာလိုတဲ့ ကလေးတစ်ယောက်အတွက် ဒီရောဂါဟာ မင်းကို စုံးစုံးနစ်အောင် မနှစ်နိုင်ဘူးလို့ ငါယုံပါတယ်၊ ငါ့တပည့် ခွဲလုံ့လ မလျော့ဘဲ ကြိုးစားကွာ၊ ငါ့တပည့် ဘဝမှာ လိုရာ ပြည့်စေကွာ"ဟု ဆုပေးသည်။





ဦးသောင်းက ဆရာကြီးပေးတဲ့ ဆုပြည့်အောင် ကျွန်တော်ကြိုးစားပါမယ်ဟုဆိုကာ ကျောင်းမှထွက်ခဲ့၏။ ကျောင်းမှထွက်ပြီး လူများနှင့်ဆက်ဆံရမှုနည်းသော မိဘများ၏ တောင်ယာလုပ်ငန်းတွင် အတူတကွ တွဲလုပ်ခဲ့၏။ ဆေးမြီးတိုများ၊ မြန်မာဆေးဝါးများနှင့် ကုသရင်း အသက် ၁၈ နှစ်တိုင် မိဘများနှင့် လက်ရည်တစ်ပြင်တည်း လုပ်ကိုင်နေထိုင်ခဲ့၏။ အသက် ၁၈ နှစ်သို့ရောက်တော့ အခုလို ဆေးမြီးတိုများနှင့် ဒီရောဂါကို ကုသနေလို့တော့မဖြစ်၊ အနာကြီးရောဂါ ဆေးရုံတွင် စနစ်တကျ ကုသမှဖြစ်မည်ဟုဆိုကာ မန္တလေး စိန်ဂျွန်း ဆေးရုံသို့ မိမိဘာသာ တက်ရောက်ကုသ၏။ ထိုစဉ်က ဆေးရုံအုပ်ကြီးက ဖာသာမန်းဒလ်ရဲလား ဖြစ်၏။ ဆေးရုံအုပ်ကြီးက ဦးသောင်း၏ ရောဂါ လက္ခဏာများကို ကြည့်ရှုကာ ချက်ချင်း အတွင်းလူနာအဖြစ် လက်ခံလိုက်သည်။

ဦးသောင်းက ဆေးရုံတွင် အလကားမနေ၊ ဆေးရုံမှအလုပ်များကို အောက်ခြေသိမ်း ကူညီလုပ်ဆောင်ပေး၏။ ကူညီပေးရင်း တစ်နေ့တွင် ကြိမ်ပညာရှင် ဦးစပ်ကြီးနှင့်တွေ့၏။ ဦးစပ်ကြီးက ဦးသောင်းကို သဘောကျသည်။ "မောင်သောင်း မင်း ကြိမ်ပညာ သင်မလား"ဟု မေး၏။

"ကျွန်တော်သင်လို့ ရပါ့မလား ဆရာကြီး"

"ဘာလို့မရရမှာလဲ၊ မင်းတို့ကို ရောဂါသည်တွေအတွက် ဘဝ ထွက်ရာလမ်းပေါက်တစ်ခုအနေနဲ့ သင်ပေးတာ"ဟု ဆရာစပ်ကြီး ကဆို၏။ "ကျွန်တော်လေ့လာပါရစေဦး ဆရာကြီးရာ"ဟုဆိုကာ



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ထိုးလုပ်ငန်းကို စောင့်ကြည့်လေ့လာသည်။ ကြိမ်ပစ္စည်းများ ဘယ်ကနေဘယ်လို ရောက်လာသည်ကို ဦးသောင်း လေ့လာခွင့်မရ၊ ကြိမ်များက ဆေးရုံသို့လိုသလောက်ရောက်လာ၏။ ကြိမ်ကို နှီးများ ဖြစ်အောင် ပြုလုပ်ရသည်ကို ကြိမ်ဖြာသည်ဟုဆို၏။ ကြိမ်ဖြာရာတွင် ဓားကောင်းကောင်းလိုသည်။ ဓားမောက်၊ ဓားချွန်၊ ရူး စသည့် လက်နက်ကိရိယာများကောင်းမှ နှီးကောင်းကောင်းရ၏။ နှီးကောင်းကောင်းရမှ ကြိမ်ပစ္စည်း ကောင်းကောင်းရသည်။ ဦးသောင်းသည် မိမိ၏ဝသီအတိုင်း ကြိမ်လုပ်ငန်းကို ကောင်းကောင်းလေ့လာ၏။ ထို့နောက် ကောင်းကောင်းသင်ယူသည်။ ဆရာစပ်ကြီးကလည်း "အေး မောင်သောင်း မင်လို ပညာလိုချင်တဲ့သူမျိုး ပညာပေးရတာ ကောင်းတယ်ကွ"ဟုဆိုကာ ကြိမ်ပညာကို သင်ကြားပေး၏။ တစ်နှစ် လောက် ပညာသင်ယူပြီးသောအခါ ဦးသောင်းသည် ကြိမ်အုန်းဆွဲချင်း၊ ကလေးစီး ကြိမ်တွန်းလှည်း၊ ကြိမ်ပုခက်၊ ကြိမ်လက်ဆွဲချင်း၊ ကြိမ် ကုလားထိုင်၊ ကြိမ်စားပွဲစသည့် ကြိမ်နှင့်ပတ်သက်သော အထည်ကြီး များရော ကြိမ်နှင့်ပတ်သက်သည့် အလှအပပစ္စည်းများပါ လုပ်တတ် ကိုင်တတ် ရှိလာ၏။

ဦးသောင်းသည် စိတ်ရှည်လက်ရှည် ကြိမ်နန်းဆွဲသည်။ ထို့နောက် သေသပ်လှပစွာ ကြိမ်ပစ္စည်းများကို ပြုလုပ်၏။ ဦးသောင်းက ကြိမ်နန်းဆွဲရာတွင် ရူးဆောက်၊ တန်ဆာပလာပစ္စည်း အကောင်းများ ကိုမှ သုံး၏။ ထို့ကြောင့်လည်း ဦးသောင်းထံမှ ကြိမ်ပစ္စည်းကောင်း များထွက်ရှိ၏။ ထိုစဉ်က ဦးသောင်း၏ လက်ချောင်းလေးများက





ကောင်းဆဲ၊ လှုပ်ရှားဈ်ရဆဲ၊ မိမိခန္ဓာကိုယ်နှင့် လက်ချောင်းများ တစ်ဆက်တည်း ရှိနေဆဲဖြစ်၏။ ဦးသောင်းသည် သူကိုယ်တိုင် ပြုလုပ်သော လှပခံ့ထည်လှသည့် ကြိမ်ချောပစ္စည်းများကိုကြည့်ရင်း ပီတိများ ဖြာနေသည်။ ကြိမ်ပစ္စည်း များကို အရောင်တင်ရာတွင်လည်း ဖိတ်ဖိတ်တောက်နေအောင် အရောင်တင် ပစ္စည်းကောင်းများသာ သုံး၏။

ပြဿနာက သည်ပစ္စည်းတွေကို ဖောက်သည်များထံ မည်သို့ သွင်းရမည်နည်း၊ ထုံးစံကတော့ အနာကြီးရောဂါသည်လုပ်သော ပစ္စည်းဖြစ်သောကြောင့် လူကောင်းများကတစ်ဆင့် ဖောက်သည်များထံ သွင်းပေးကြစမြဲဖြစ်၏။ သို့သော် ဦးသောင်းက ဖောက်သည်များနှင့် တိုက်ရိုက် ဆက်ဆံလို၏။ ကြားခံလူများကို အလိုမရှိ ။ သို့မှသာ ဖောက်သည်တို့၏ စိတ်ကြိုက်ကို သိမည် ဖြစ်၏။ တတ်နိုင်ပါက ဦးသောင်းက ဝယ်ယူသူတို့နှင့်ပါ တိုက်ရိုက် ဆယ်သွယ်လို၏။ သို့မှသာ စားသုံးသူစိတ်တိုင်းကြ ပစ္စည်းကို သူဖန်တီးနိုင်မည်ဖြစ်၏။

"ကိုသောင်း ခင်ဗျားကိုယ်တိုင် ဖောက်သည် သွားရှာလို့တော့ မဖြစ်ဖူးနဲ့တူတယ်"ဟု မိတ်ဆွေတစ်ယောက်က ဆို၏။ "ခင်ဗျားပစ္စည်း ကောင်းမှန်းသိရင် ခင်ဗျားနဲ့မုချ လာဆက်သွယ်မှာပဲ၊ ဒါပေမယ့် ထမဆုံး ဖောက်သည်သွားစပ်မယ်ဆိုရင်တော့ ကြားလူနဲ့ပဲ လုပ်တာ ကောင်းတယ်"ဟုဆိုသောကြောင့် ဦးသောင်းက အလျှော့ပေးလိုက်၏။

လက်ရာကောင်းသော ဦးသောင်းပစ္စည်းများကို ကြိမ်ပစ္စည်း အရောင်းဆိုင်များက အကုန်ယူလိုက်ကြ၏။ နောက် ဒီလိုလက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းပစ္စည်းများ လိုချင်သည်၊ ရသလောက် ယူမည်ဟု ဆိုသည်။ ပထမဆုံး ဆက်သွယ်ရသော ကြိမ်ပစ္စည်းဆိုင်ကြီးမှာ မန္တလေးမြို့ပေါ်ရှိ ကြွယ်အေးဆင်ဆန်း ဆိုင်ဖြစ်၏။ ထိုဆိုင်မှ အော်ဒါက များ၏။ ထို့ကြောင့် ဦးသောင်း က မိမိတစ်ဦးတည်းနှင့် မနိုင်၍ အခြားဝေဒနာရှင်များ၊ လူငယ်များကိုပါ စည်းရုံး၍ ကြိမ်ထည် ပစ္စည်းယူပြင်၏။ ထို့နောက် အာရှကြိမ်ထည် ပစ္စည်းအရောင်းဆိုင်နှင့် ဆက်မိ၏။ အာရှကလည်း ဦးသောင်းပစ္စည်းများကို ကောင်းကောင်း ဖြန့်ပေးသည်။ ထို့နောက် ဦးအုန်းမောင်၊ ဒေါ်သန်းရင်၊ ကျောက်ဆည် မြို့မှ ဦးကျော်ဇင်၊ ဒေါ်ပေါ်မြိုင်၊ ရွှေဘိုမြို့က ဦးအုန်းမောင်၊ မုံရွာမှာ ဦးတင်အောင်၊ ဒေါ်တင်ဦး၊ မိတ္ထီလာမှ ဦးတင်အောင်၊ ဒေါ်ပု၊ မလှိုင်မှ ဦးလှအောင်နှင့် ဦးမောင်မောင်ဆိုင် စသည်ဖြင့် အထက်မြန်မာ နိုင်ငံတစ်ခုလုံးရှိ ဆိုင်များနှင့် ဦးသောင်းနှင့် ဖောက်သည်ဖြစ်လာခဲ့၏။ မကြာမီပင် ဆိုင်များအားလုံးက သူတို့ထံ လုပသော ကြိမ်ထည်ပစ္စည်း များကို ပေးသွင်းနေသူသည် အသားညိုညို၊ အရပ်ပုပု၊ ရောဂါလက္ခဏာ များ ထင်ထင်ရှားရှား ပေါ်ပေါ်လွင်လွင်နှင့် ရှိနေသော အနာကြီးရောဂါ သည်တစ်ဦး ဖြစ်သည်ဆိုသည်ကိုသိကြသည့်တိုင် ကြိမ်ပစ္စည်းများကို ဆက်မှာ၏။ အချို့ဆို ဆေးရုံသို့ လိုက်လာ၍ပင် သူတို့အလိုရှိသော ဒီဇိုင်းများကိုပေး၍ ယက်လုပ်ခိုင်း၏။

ကြိမ်ပစ္စည်းယက်လုပ်သည့် လုပ်ငန်းသည် ဦးသောင်းအတွက် ခိုင်မာသော အသက်မွေးဝမ်းကျောင်း လုပ်ငန်းတစ်ရပ်သာမက ဂုဏ်ယူစရာလုပ်ငန်း တစ်ရပ်လည်း ဖြစ်လာ၏။ ၁၉၆၄ ခုနှစ်သို့





ရောက်သောအခါ အနာကြီးရောဂါဆေးရုံ၍ကို ပြည်သူပိုင် သိမ်းလိုက် သည်။ ပြည်သူပိုင်သိမ်းရာတွင် ဦးသောင်း၏ကြိမ်လုပ်ငန်းလည်း ပါဝင်သွားရာ ဦးသောင်း၏ ကြိမ်လုပ်ငန်းမှာလည်း ပျက်စီး ဆုံးရှုံးခဲ့ရုံ သာမက ဆေးရုံမှပါ ထွက်ခဲ့ရ၏။

သို့သော်လည်း ဦးသောင်းက အားမလျော့၊ သူ့တွင် အရင်းအနှီး လက်ဝယ်ရှိပြီဖြစ်၏။ အရင်းအနှီးမရှိစဉ်ကပင် ကြိမ်လုပ်ငန်းကို ပညာသင်၍ လုပ်ဆောင်ခဲ့ရာ အရင်းအနှီးရှိမှတော့ ဘာကို ကြောက်ရ မှာလဲဟုဆိုကာ ဆေးရုံအနီးအနားတွင်ပင် အိမ်မြေနေရာတစ်ခု ကို ငှား၍ ကြက် စတင်မွေးသည်။

ကြက်အကောင် ၂၀၀ မွေး၏။ ကြက်မွေးရင်း ဖူးစာကံဆုံ လာ၍ ဒေါ်အုန်းရင်နှင့် အိမ်ထောင်ကြ၏။ ဒေါ်အုန်းရင်ကလည်း အရှိသော မိန်းမသားတစ်ဦးဖြစ်၍ ဦးသောင်းအတွက် အားကိုးအားထား ပြုရ၏။ ဦးသောင်းသည် ကြက်သာမက ဝက်ရှစ်ကောင်ပါ မွေးခဲ့၏။ မွေးမြူရေးလုပ်ငန်းက ကောင်းသည်။ ကြက်ဥ လှိုင်လှိုင်ရ၏။ ဦးသောင်းက ကြက်များကို ဒုက္ခခံ၍ အစာမှန်မှန်ကျွေးသည်။ ဝလင်လင် ကျွေးသည်။ ကြက်ခြံကို သန့်ရှင်းအောင်ထားရှိ၏။ ထို့ကြောင့် ဦးသောင်း၏ကြက်ဥများက အလုံးကြီးသည့်အပြင် သန့်ရှင်း သောကြောင့် ဖောက်သည်များ ဝိုင်းဝိုင်းလည်နေ၏။ ဝက်မွေးမြူရေး ကလည်း စီးပွားဖြစ်၏။ ဝက်စာတစ်ဝက်ကို မွေးမြူရေး အစာကိုဝယ်၍ ကျွေးပြီး တစ်ဝက်ကို အရပ်ထဲ ရွာထဲမှ ထမင်းကျန် ဟင်းကျန်များကို ကိုတ်တောင်း ကျွေး၏။ လွှင့်ပစ်မည့် ထမင်းကျန် ဟင်းကျန်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဝက်ကို အသားပို၍တိုးစေ၏။ ထို့ကြောင့် ဦးသောင်း၏ ဝက်ကိုပေါ်၍ ရောင်းသောအခါ၌ အသားဈေးပို၍ရ၏။ ဦးသောင်းတို့ မိသားစုက ဈေးမှ လွင့်ပစ်သော ဟင်းသီးဟင်းရွက်များ၊ ကန်များ၊ မြောင်းများတွင် အလေ့ကျပေါက်နေသော ကန်စွန်းရွက်များကို သယ်ယူကာ သန့်ရှင်းအောင် ရေဆေး၍ စနစ်တကျ ပြုတ်ပြီး ဝက်စာထဲထည့်ကျွေး၏။ ဝက်တစ်ချိုထုတ်လျှင်လည်း ငွေအတော်လေးရပေရာ မကြာမီ ဦးသောင်း၊ ဒေါ်အုန်းရင်တို့ တိုက်ကလေးတစ်လုံး ဆောက်နိုင်လာ၏။ ပြီး ပဲခွဲစက်နှင့် ဆီကြိတ်စက်တစ်လုံးကိုပါ ထူထောင်ကာ အောင်ဇမ္ဗူ ဆီစက်ဟု အမည်ပေးခဲ့၏။

"အောင်ဇမ္ဗူဆိုတာကတော့ ဒီဇမ္ဗူမှာ အောင်မြင်မှုသရုပ်ကို ဆောင်းရမယ်ဆိုတဲ့ သဘောအဓိပ္ပာယ်ပါပဲ" ဟု ဦးသောင်းက အောင်ဇမ္ဗူဆိုသော အမည်ယူမှုနှင့် ပတ်သက်၍ ရှင်းပြ၏။ သူသည် ဆီစက် ဆီကြိတ်လုပ်ငန်းကို ဆယ်နှစ်မျှ လုပ်ကိုင်ကာ ဝီလီဂျစ်ကားတစ်စီး ဝယ်စီးကာ ဂျစ်ကားကို ကိုယ်တိုင်မောင်းသည်။ ထို့နောက် ထန်းလျက်ရောင်းဝယ်ရေး လုပ်ငန်းကိုပါ လုပ်ဆောင်၏။ အနာကြီးရောဂါသည် အချို့က အရက်ချက်ရောင်းကြရာ ဦးသောင်း၏ ထန်းလျက်လုပ်ငန်းက ထိုရောဂါသည်များအတွက် ကုန်ကြမ်း အလွယ်တကူရစေခဲ့၏။

ဦးသောင်းသည် မန္တလေးတွင် နာမည်ရ စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်ခဲ့၏။ သူ့အိမ်တွင် ကုန်စုံဆိုင်ဖွင့်၍ ဆီဆန်ဆား ကုန်မျိုးစုံရောင်းသည်။ သူ့ဆိုင်အမည်ကိုလည်း အောင်ဇမ္ဗူကုန်စုံဆိုင်ဟု





အမည်ပေးခဲ့၏။ သူ၏ကုန်စုံဆိုင်မှ အကျွေးပေးသောကြောင့် သာရောက်အားပေးသူ ဖောက်သည်အလွန်များသည်။ သူသည် အတိတည်သည့်အပြင် သူ၏ကုန်စုံဆိုင်က အနုပ်အသိမ်းကောင်းသောကြောင့် မန္တလေးဈေးချိုမှ လက်ကားကုန်သည်ကြီးများက သူလိုသမျှကုန်ကို ဖြည့်ဆည်းပေး၏။

ဝေဒနာရှင်အနာကြီးရောဂါသည် ဦးသောင်းသည် လက်ချောင်းလေးများ မရှိသော်လည်း ပိုးလုံချည်၊ ပိုးတိုက်ပုံ အင်္ကျီကိုဝတ်ကာ အကောင်းစားနာရီကိုပတ်၍ ဝီလီဂျစ်ကို ကိုယ်တိုင်မောင်းပြီး မန္တလေးကုန်သည်လောကထဲသို့ ဝင်ခဲ့၏။ ဝါးတန်းမှ ဦးဘသင် ထန်းလျက်ရုံ၊ ဦးသိန်းထွန်း ဆန်နှင့်ကုန်စုံပွဲရုံ၊ အောင် ကုန်မျိုးစုံ ပွဲရုံတို့သည် ဦးသောင်း၏ဖောက်သည်များ ဖြစ်၏။ ထို့နောက်တော့ ဦးသောင်းက မန္တလေးစကြာသီဟ ဘုရားအနောက်မြောက်ဘက်ရှိ ဦးထွန်းကြည် ဆန်ပွဲရုံနှင့် အကျိုးတူရောင်းဝယ်မှု ဖက်စပ်လုပ်ငန်းကို ထူထောင်ခဲ့သည်။

နိုင်ငံတော်အစိုးရက ဦးသောင်းတို့အနာကြီးရောဂါ သည်များ နေထိုင်ရာအရပ်ကို မြို့ပြအဆောက်အအုံသစ်များ တည်ဆောက်ရန်အတွက် နံ့သာမြိုင် အနာကြီးစခန်းသို့ ပြောင်းရွှေ့ရှေးသောအခါ အစီအစဉ်အတိုင်း လိုက်နာပြောင်းရွှေ့ခဲ့ရသောကြောင့် ဦးသောင်း၏ စီးပွားရေးလုပ်ငန်းများ တစ်စခန်းရပ်ခဲ့ရ၏။ နံ့သာမြိုင် ရောက်တော့လည်း ဦးသောင်းက ခွဲတော့မလျှော့၊ နံ့သာမြိုင်တွင် အောင်ဇမ္ဗူဆန်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကုန်မျိုးစုံဆိုင်ကိုဖွင့်လှစ်ကာ တစ်ဖက်မှ တောင်သူ လုပ်ငန်းကိုလည်း လုပ်ဆောင်၏။ ဦးသောင်းသည် ပညာရေး ထောက်ပံ့အစီအစဉ်တွင်လည်း ပါဝင်လုပ်ဆောင်ကာ အနာဂတ် အနာကြီးရောဂါသည် သားသမီးများ၏နောင်ရေးကို မြေတောင် မြှောက်ပေးရာတွင် ပါဝင်ဆောင်ရွက်လျက်ရှိ၏။ ဦးသောင်းကား အသက်အရွယ် အတော်အတန်ရရှိလာသော်လည်း ဖွဲ့ရှိဆဲဖြစ်၏။ အရင်းအနှီး လုံလုံလောက်လောက်ရှိပါက မန္တလေးဈေးချိုလောကသို့ တစ်ချိုတစ်မောင်း ပြန်လည်ဝင်ရောက်ရန် တာစူနေဆဲဖြစ်၏။

ဦးသောင်းသည် ယခုလည်း လက္ခဏာကြည့်စရာ လက်မရှိ၊ အစင်းအကြောင်းမကျန်၊ ဗေဒင်မေးရအောင် သက္ကရာဇ်မသိ၊ လက်ဆယ်ဖြာထိပ်မှာ မိုး၍ မြတ်ဘုရားစိန္တေ့တွင် ဆုတောင်းရအောင်လည်း လက်ချောင်းများ မရှိတော့၍ ဆုမတောင်းနိုင်သော ဘဝဆိုးနှင့် ရင်ဆိုင်ရပါသော်လည်း ဘဝကို အရှုံးမပေး၊ ဗေဒင်မမေး၊ လက္ခဏာမကြည့်၊ ယတြာမချေဘဲ ဘဝကို စိန်ခေါ်၍ တိုက်ပွဲဝင်လျက်ရှိပါသည်။

■



## အခန်း (၈)

## မမြင့်ကြည်အလှူကိုစတင်ဖွင့်လှစ်ခဲ့သူ လူတစ်ယောက်အကြောင်း

၂၀၀၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့ နံနက်က မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ စီးပွားရေး ဗဟိုဌာန အိုင်ဘီစီတွင် အနာကြီးရောဂါ ကင်းဝေးရေး အသိပညာပေး ရက်သတ္တပတ်လုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ အနာကြီးရောဂါနှင့် ပတ်သက်၍ စိတ်ဝင်စားသူများ၊ ကျန်းမာရေးဌာနမှ ပုဂ္ဂိုလ်များနှင့် စာနယ်ဇင်းသမားများစုံညီစွာ တက်ရောက်ကြသည်။

ထိုအခမ်းအနားတွင် အနာကြီးရောဂါကင်းဝေးရေး ဝတ္ထုဆောင်းပါး ကဗျာပြိုင်ပွဲမှ ဆုရရှိသူ အသီးသီးတို့အား ဆုချီးမြှင့်သည့် အစီအစဉ်တစ်ရပ်လည်း ပါဝင်၏။ အခမ်းအနားမှူးက ပြိုင်ပွဲမှ ဆုရသူများအား တစ်ဦးချင်း ကြေငြာဆုပေးရာဆုရသူ အသီးသီးတို့က ဆုများ တက်ရောက်ယူကြသည်။ ဆုရသူများသည် မြန်မာနိုင်ငံအရပ်ရပ်မှပါဝင်သလို ဆရာဝန်၊ တပ်မတော်သား၊ ကုန်သည်၊



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းမောင်



ကျောင်းသား၊ စာရေးဆရာ၊ အင်ဂျင်နီယာ အစရှိသည်ဖြင့် ပုဂ္ဂိုလ် အမျိုးမျိုး ပါဝင်သည်။ ဆုပေးပွဲစ၍"ဆောင်းပါးပြိုင်ပွဲ တတိယဆု နှံ့သာမြိုင် စခန်းမှ ဦးဝင်းမောင်ဆုယူရန် ကြွရောက်ပါ"ဟု ဆိုသော အခါ ပရိသတ်ကြားထဲမှ ရောဂါလက္ခဏာ ထင်ရှားစွာရှိသော လူ တစ်ယောက်သည် ကူညီသူတစ်ဦးနှင့်အတူ စင်မြင့်ပေါ်သို့ တက်ရောက်လာခဲ့ပါ၏။ တစ်ကိုယ်လုံး အနာကြီးရောဂါ၏ ဒဏ်ရာ ဒဏ်ချက်များ ထင်ထင်ရှားရှားနှင့် တွေ့ရသော်လည်း သူ့မျက်နှာ တွင်ကား အားမာန်အပြည့်နှင့်ဖြစ်သည်။ သူသည် ရရှိသောဆုကို ဂုဏ်ယူဝင့်ကြွားစွာ လက်ခံရယူသည်။ အခမ်းအနားပြီး၍ ထိုအဆောက် အအုံမှ ပြန်ထွက်လာသောအခါ ကျွန်တော်၏ရှေ့ အင်းလျားကန်စောင်း တစ်နေရာတွင် အခမ်းအနား ကျင်းပစဉ်က ဆုတက်ရောက်ယူခဲ့သော အဆိုပါ ဝေဒနာရှင်ကို တွေ့လိုက်၏။ ဦးဝင်းမောင်သည် အပြည်ပြည် ဆိုင်ရာ စီးပွားရေးဗဟိုဌာန အဆောက်အအုံ၏ တောင်ဘက် တစ်နေရာ တွင်ထိုင်ကာ အင်းလျားရေပြင်ကို ငေးကြည့်နေ၏။ အင်းလျားရေပြင် သည် ခေါင်းဖြူဖြူလှိုင်းများနှင့် ပြည့်နေ၏။ ယခုအချိန်တွင်တော့ ဦးဝင်းမောင်၏ ရင်ထဲတွင်လည်း အင်းလျားရေပြင်လို လှိုင်းထ၍ နေမည်မှာ အမှန်ဖြစ်သည်။ ဦးဝင်းမောင် ၏ ဘဝဆိုတာကလည်း လှိုင်းထန်သောဘဝဖြစ်၏။

ဦးဝင်းမောင်ထံ ကျွန်တော် လျှောက်သွားပြီး သူ့ကို နှုတ်ဆက်တော့ သူက ဝမ်းသာနေရှာ၏။ "ခင်ဗျားကို ကျွန်တော် တွေ့ချင်နေတာ"ဟုဆိုတော့ သူက အံ့အားသင့်စွာဖြင့် "ဘာကိစ္စရှိလို့



www.burmeseclassic.com

www.burmeseclassic.com



လဲဗျာ” ဟုဆိုပါ၏။

“ဒီလိုပါခင်ဗျာ၊ ဆုရရှိတဲ့အကြောင်းလေးနဲ့ ခင်ဗျားဘဝဖြစ်စဉ်လေး သိချင်လို့ပါ”

“ဆရာရယ် ဟောဟိုက အင်းလျားရေပြင်ကို ကြည့်လိုက်စမ်းပါ၊ ရေပြင်တစ်ခုလုံးမှာ လှိုင်းခေါင်းဖြူတွေနဲ့ ဖွေးနေသလို ကျွန်တော့်ဘဝကလဲ ဒီလိုပဲ လှိုင်းတွေလို တွန့်နေ၊ လှုပ်နေ၊ ရွေ့နေရတဲ့ဘဝပါ၊ ငြိမ်သက်နားနေခွင့်မရှိတဲ့ ဘဝပါ ဆရာ”ဟုဆို၏။

“ငြိမ်သက်ပြီး မနေရခဲ့တဲ့ အနာကြီးရောဂါသည် စာသမားတစ်ဦးရဲ့ဘဝကိုပဲ ကျွန်တော်သိချင်တာပါဗျာ”

“ဒီလိုဆိုရင် ကျွန်တော်ပြောပါမယ်ဆရာရယ်၊ ဆရာ ယခုလို လာရောက်ပြီး အရေးတယူ မေးတာကိုပဲ ကျွန်တော်က ကျေးဇူးတင်လှပါပြီ၊ အခုလိုမေးတာဟာ ကျွန်တော့်အတွက် မည်သည့် ထောက်ပံ့ကူညီမှုနဲ့မှ မလဲနိုင်တဲ့ ဝမ်းသာဂုဏ်ယူမှုကြီး တစ်ခုပါ ဆရာရယ်”ဟု ဦးဝင်းမောင်က ဝမ်းပန်းတသာ ဆို၏။

ထိုနောက်တွင်တော့ သာယာလှပသည့် အင်းလျားကန်စောင်းတွင် မလှပရှာသည့် သူ့ဘဝဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောပြရှာသည်။

* * *

“ကျွန်တော့်ကို ၁၉၄၄ ခုနှစ်မှာ မန္တလေးမှာ မွေးပါတယ်၊ ညီအစ်ကို မောင်နှမ ၅ ယောက်အနက် ဒုတိယသားပါ။ ကျွန်တော်





တို့မိသားစုထဲမှာ ကျွန်တော်ဟာ ဉာဏ်အကောင်းဆုံး၊ အသွက်လက်ဆုံးဖြစ်လို့ မိဘများကသာမက အိမ်နီးနားချင်းများကပါ ဝိုင်းချစ်ကြပါတယ်။

၁၉၅၃ ခု ကျွန်တော် ၉ နှစ်သားမှာ ကျွန်တော်ရဲ့ဘယ်ဘက်တင်ပါးနဲ့ နောက်ကျောဘက် ဘယ်ခြမ်းအလယ်လောက်မှာ ဂုံညှင်းလောက်ရှိတဲ့ နီညိုအကွက် နှစ်ကွက် စထွက်ပါတယ်၊ ကျွန်တော်ကတလေးဆိုတော့ ဘာမှခံစားမှု မရှိပါဘူး၊ ဒါပေမယ့် အဖေနဲ့အမေကတော့ ဒီအကွက်တွေကိုကြည့်ပြီး မျက်ရည်နဲ့ မျက်ခွက်ပါပဲ၊ အမေဆိုရင် ကျွန်တော့်ခေါင်းကို သူ့ရင်ဘတ်ထဲထည့်ပြီး ကျွန်တော့်ဆံပင်၊ ကျွန်တော့်ကျောပြင်၊ နဖူးဆံစပ်တွေကို ပွတ်သပ်ပြီး အံတကြိတ်ကြိတ်နဲ့ မျက်ရည်ကျ ခံစားနေပေမယ့် အဲဒီတုန်းက ကျွန်တော်ကတော့ဘာမှ သိပ်မခံစားရပါဘူး၊ မခံစားရတဲ့အပြင် ဝမ်းတောင်သာပါသေးတယ်။

ဘာပြုလို့လဲဆိုတော့ အမေက ကျွန်တော့်ကို ဘီစကစ်ပုံး၊ ထိတ်ခြောက်၊ နန်ကထိုင်မုန့်တွေ၊ ကုလားတွေရောင်းတဲ့ ဂျလေဘီလိုင်လုံးတွေ အမြဲမပြတ်ဝယ်ကျွေးလို့ပါပဲ၊ အမေက ဒီရောဂါရလို့ ကရုဏာစိတ်နဲ့ ဝယ်ကျွေးတာပါ၊ ကျွန်တော်ကတော့ ဒီရောဂါဖြစ်လို့ ချစ်ဉ်မမီ လူတောမတိုး လူ့အခွင့်အရေး ဆုံးပါးရပါလားဆိုတာမှ သိလို့ ဝမ်းသာတာပါ။

ဒါပေမယ့် ၁၉၅၇ ခုနှစ် ၁၃ နှစ်သားလောက်ရောက်တော့ ရောဂါက လူမြင်ကွင်းဖြစ်တဲ့ နဖူးမှာ သဖန်းသီးလို အဖုအနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာတဲ့အပြင် မေးစေ့နဲ့ ပါးနှစ်ဖက်မှာလဲ ရောဂါလက္ခဏာတွေ ထင်ထင်ရှားရှား ဖြစ်လာတော့ လူမြင် မခံဝံ့တာကြောင့် ကျောင်းက ထွက်လိုက်ရပါတယ်၊ ကျွန်တော့်မှာလဲ အသက်ကကြီးလာလို့ အသိတရားကလဲ ဝင်လာတော့ အရင်ကလို အမေမုန့်ဝယ်ကျွေးတဲ့ အခွင့်အရေး ဆက်ရနေပေမဲ့ မပျော်နိုင်တော့ပါဘူး၊ ပတ်ဝန်းကျင်ကလဲ ရောဂါသည်ဆိုပြီး လက်မခံကြတော့ အိမ်ထဲက အိမ်ပြင်ကို မထွက်ရဘူး။

အဲဒီကျမှ လူ့ဘဝမှာ ဒီရောဂါဟာလွတ်လပ်မှုမရှိ၊ အပြင်ထွက်လို့မရဘဲ လူဖြစ်ရှုံးမှန်း သိရပါတယ်၊ ဒါတောင် အမေက အပြင်မထွက်နဲ့လို့ ဆုံးမနေ တဲ့ကြားက ကျွန်တော် အိမ်ထဲမှာချည်း အောင်း မနေနိုင်တော့လို့ လမ်းထိပ်ထွက်ပြီး ရွယ်တူကလေးတွေနဲ့ သွားကစားတော့၊ အရပ်ထဲက လက်သမားဆရာရဲ့သား ကျွန်တော့် သူငယ်ချင်းစန်းတင့်ဆိုတဲ့ ကောင်ကလေးက အတူတူကစားရင်း ဘာစိတ်ကူးရတယ်မသိပါဘူး၊ "အနူကြီး၊ အနူကြီး" ဆိုပြီး အော်ပြေးတာကြောင့် ကျွန်တော့် စိတ်ထဲဘယ်လိုခံစားရမှန်း မသိဘူး၊ ရှက်ကလဲရှက်၊ ဒေါသကလဲ ထွက်တော့ အနီးတွေ့တဲ့ လက်သီးဆုပ်လောက်ရှိတဲ့ အုတ်နီခဲနဲ့ ကောက်ပြီးပေါက်လိုက်တာ စန်းတင့် ခေါင်းပေါက်သွားပါတယ်၊ ကျွန်တော်လဲ အိမ်ပြန်ပြေးလာခဲ့ပါတယ်၊ စန်းတင့်မိဘတွေကလဲ အနူကလူပါးဝလို့ သူတို့သားကို ခေါင်းကွဲအောင်လုပ်တယ် ဆိုပြီး ကက်ကက်လန်ရန်တွေ့တော့ ကျွန်တော်တို့ မိသားစု ဘာမှ ပြန်ပြောခွင့် မရပါဘူး၊ အမေကတော့ ကျွန်တော့်ကို





ဖက်ပြီး ငိုတာပါပဲ၊ အမေက ကျွန်တော့်ရဲ့ အနာကြီးရောဂါအကွက်တွေကို သူ့ဆံပင်နဲ့ ပွတ်ပေးတယ်၊ ကျွန်တော့်အနာတွေကို သူ့လက်နဲ့ ပွတ်ပေးတယ်၊ တစ်ခါတလေ ငိုရင်း ကျွန်တော့်အနာတွေကို သူ့ပါးစပ်နဲ့ငုံပေးတာ တွေတောင်ရှိပါတယ်၊ အမေကျေးဇူး ကြီးလှပါတယ် ဆရာရယ်၊ နောက်တော့ ကျွန်တော့်အစ်မတစ်ယောက်ကနေ တစ်ဆင့် ခရစ်ယာန် အနာကြီးဆေးရုံကို သွားပြဖြစ်ပါတယ်။

ဆရာဝန်ကြီး ဦးဂျမားဒင်းနဲ့တွေ့ပြီး သူက ကုပေးပါတယ်၊ ဒါပေမယ့် ရောဂါ မထူးခြားလှပါဘူး၊ ကျွန်တော့်မှာ ရောဂါကလဲ ခံသက်သာ၊ လူထဲလဲ မသွားနိုင်တော့ အကြီးအကျယ် စိတ်ညစ်နေရတယ်၊ အစ်ကိုက "မင်းစိတ်မပျက်နဲ့၊ အပြင်မှထွက်လို့ မရတာ၊ မင်းအိမ်ထဲမှာပဲ စာကြည့်ကွာ" ဆိုပြီး အိမ်မှာ ကိုယ်ပိုင်စာကြည့်တိုက် ဖွင့်ပေးပါတယ်၊ ရောဂါရှိလို့ လူသူတွေနဲ့ မဆက်ဆံရ၊ ဘယ်မှသွားစရာ မရှိတော့ ကျွန်တော်လဲ အချိန်အားနေတာနဲ့ စာကို စဖတ်ဖြစ်ပါတယ်၊ ကျွန်တော့်ဘဝမှာ ပထမဦးဆုံး စဖတ်ဖြစ်တဲ့ ဝတ္ထုကတော့ ဆရာကြီး မြသန်းတင့်… စာအုပ်တွေပါပဲ၊ စာကြည့်တိုက်မှာ ဆရာမြစကြာစာအုပ်တွေ ကုန်သွားတော့မှ ဆရာဦးသာနုရဲ့ အတာစာအုပ် စဖတ်ပါတယ်၊ နောက်တော့ ဘယ်သူဘယ်ဝါ စာအုပ်ရယ် မဟုတ်ဘူး၊ တွေ့တဲ့ စာအုပ်တွေ အကုန်ဖတ်တာ၊ စာဖတ်ရင်းနဲ့ သုံးနှစ်လောက် အချိန်ကုန်သွားပါတယ်။

အဲဒီနောက်တော့ ကျွန်တော့်မှာ ရောဂါတွေကလဲ ပိုပြီး …နဲ့ထွက်လာ၊ အရပ်ထဲမှာကို နေလို့မဖြစ်တော့တာနဲ့ ဝက်…



www.burmeseclassic.com

ခရစ်ယာန်ဆေးရုံကို ရောက်ခဲ့ပါတယ်။ ကျွန်တော်ဟာ လူကြားထဲလဲ သွားလို့မရ၊ လူတောထဲကိုလဲ မတိုးဝံ့ပေမယ့် ဘဝတော့ အဆုံးမခံဘူး၊ ငါစာရေးရင် ရမလားဆိုပြီး ဆေးရုံမှာစာစရေးပါတယ်၊ ပထမတော့ စာရေးရတာ မလွယ်ပါဘူး၊ နောက်တော့ ကျွန်တော် စာကိုဖြောင့်အောင် ရေးတတ်လာပါတယ်။ ကျွန်တော် ၁၉၆၈ ခုနှစ်မှာ မမြင့်ကြည်ဆိုတဲ့ အမျိုးသမီးကို စတွေ့ပါတယ်။ ကျွန်တော်လဲ ကျွန်တော်တတ်တဲ့ စာရေးခြင်းအတတ်နဲ့ မမြင့်ကြည်ရဲ့ အလှကို စာဖွဲ့ပြီး ရည်းစားစာ ပေးရာက ပထမပိုင်းတော့ မမြင့်ကြည်ဟာ ကျွန်တော့်ကို မေတ္တာမမျှ နိုင်ရှာပါဘူး၊ ဒါပေမယ့် ကျွန်တော်ဟာ ဖွဲ့မလျှော့ဘဲ မမြင့်ကြည်ရဲ့အလှကို ခံစားရတဲ့အတိုင်း ဖွဲ့နွဲ့ပြီး မမြင့်ကြည်ဆီ ရောက်အောင် ပို့ပါတယ်၊ နောက်တော့ ရည်းစားစာ အပေးခံရတာများတော့ မမြင့်ကြည်က ကျွန်တော့်ကို သနားလာပြီး မေတ္တာတုံ့ပြန်လာပါတယ်၊ မမြင့်ကြည်ဟာ ရောဂါသည်တစ်ဦး မဟုတ်ပါဘူး။

ကျွန်တော်လဲ ဘဝကို ဘာလို့ အရှုံးပေးရမှာလဲ၊ စာရေးခြင်း အတတ်ပညာနဲ့ ရောဂါသည်တွေရဲ့ဘဝကို ဖော်ထုတ်နိုင်မယ်၊ အနာကြီးရောဂါသည်တွေရဲ့ ခံစားချက်တွေကို ရေးမယ်ဆိုပြီး စာကို ကြိုးစားပြီး ရေးပါတယ်၊ အဲဒီလို စာရေးနေတဲ့အချိန်မှာပဲ အနာကြီး ရောဂါကို လုံးဝပျောက်ကင်းစေတဲ့ အမ်ဒီတီဆေးကို သောက်သုံးခွင့် ရပါတယ်။ အမ်ဒီတီဆေးသောက်လို့ ရောဂါပျောက်ပြီးတဲ့နောက် ကျွန်တော် စာဆက်ရေးပါတယ်။ ကျွန်တော် မမြင့်ကြည်နဲ့ပဲ






အိမ်ထောင်ကျပြီး သားသမီးငါးယောက် ထွန်းကားခဲ့ပါတယ်။ ကြာပန်းရေစင် မဂ္ဂဇင်းထုတ်ဝေတဲ့အခါ ကျွန်တော့်စာမူကို ပထမဆုံး ပုံနှိပ်စာလုံးနဲ့ မြင်ရတော့ ဝမ်းသာလိုက်တာ မပြောပါနဲ့တော့ ဆရာရယ်၊ ကျွန်တော် အခုစာဆက်ရေးတာ အခြားမဂ္ဂဇင်းတွေမှာလဲ ကျွန်တော်စာမူတွေပါလာပြီး အခု အနာကြီးရောဂါ ကင်းဝေးရေး ရက်သတ္တပတ် စာပေပြိုင်ပွဲမှာ ဆုရလို့ မန္တလေးကနေ ရန်ကုန် အထိလာပြီး ဆုယူရတာပါ။

အနာကြီးရောဂါသည်ဆိုပြီး ဘဝကို အရှုံးပေးရင် ဒီဆုကို ရနိုင်ပါဘူး၊ ဘဝကို အရှုံးမပေးဘဲ စာရေးခြင်းအလုပ်ကို ဇွဲနဲ့လုပ်လို့ အောင်မြင်မှု ရရှိတာပါ၊ ကျွန်တော် စာဆက်ရေးပါမယ်၊ ကျွန်တော်နဲ့ ကျွန်တော့်လို ဘဝတူ အနာကြီးရောဂါသည် လူတန်းစားအတွက် ကျွန်တော် စာဆက်ရေးပါမယ်၊ အခု ဒီဆုပေးပွဲကပြန်ရင် ကျွန်တော် ကိုရင်ကြီးဝတ်ဖို့ စိတ်ကူးထားပါတယ်၊ ဘုရားရဲ့သားတော် ရှင် သာမဏေဘဝနဲ့ဆိုရင် ကုသိုလ်တရားတွေ ပိုလုပ်နိုင်မယ်လို့ ယူဆ လို့ပါဆရာ”ဟု ဆိုပါသည်။

■



www.burmeseclassic.com



နံ့သာမြိုင်ရွာမှ ကြာပန်းရေစင်စာကြည့်တိုက်

## အခန်း (၉)
## လည့်စရာ အိမ်တွေ တိုးခဲ့ပြီ

မြန်မာနိုင်ငံတွင် အနာကြီးရောဂါကင်းဝေးရေး လုပ်ငန်းကို သုံပ်ဆောင်ခဲ့သည်မှာ ကြာခဲ့ပါပြီ။ အနာကြီးရောဂါလုပ်ငန်းကို အခြေခံကျန်းမာရေး ဝန်ထမ်းများသာမက စာပေ စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ အနုပညာရှင်များ၊ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များလည်း ပါဝင်ဆောင်ရွက်ခဲ့ကြ၏။ အနာကြီးရောဂါ ကင်းဝေးရေးအတွက် အနုပညာရှင်များက ပညာပေးဗီဒီယို ရုပ်ရှင်များ ရိုက်ကူးခဲ့ကြ၏။

စာရေးဆရာများက ဝတ္ထုများရေးဖွဲ့၍ သတင်းစာဆရာများက သတင်းများရေးခဲ့ကြသည်။ ထို့ကြောင့် အနာကြီးရောဂါကင်းဝေးရေးပညာပေးလုပ်ငန်းများနှင့် အနာကြီးရောဂါသည်များ အမ်ဒီတီဆေးသောက်သုံးရန် လှုံ့ဆော်မှုများသည် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် လွှမ်းခြုံမှုရရှိရုံသာမက အနာကြီးရောဂါသည်များအပေါ် ပြည်သူလူထုကထားရှိသည့် သဘောထားများသည်လည်း သိသာထင်ရှားစွာ

www.burmeseclassic.com



ပြောင်းလဲသွားခဲ့၏။ စာနယ်ဇင်း မီဒီယာသမားတို့သည် စာနာမှု နားလည်ခံစားမှုများနှင့်အတူ လူရာမဝင်၊ လူတောမတိုး၊ အပစ်ပယ်ခံများဖြစ်ကြသော အနာကြီး ရောဂါသည်များနှင့် ပြည်သူတို့အကြား စာပေမှတစ်ဆင့် ပေါင်းကူးတံတားများ ထိုးပေးနိုင်ခဲ့သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ရိုက်ကူးပြသသော လူနဲ့လူ ဗီဒီယိုဇာတ်ကားသည် အနာကြီးရောဂါသည် လူတန်းစားအပေါ် ညာတာသိတတ်မှုနှင့် အကြင်နာတရားများကို လောင်းချပေးသကဲ့သို့ ရှိပါ၏။

ရောဂါသည်များအနေနှင့် အလိုလား အတောင့်တဆုံးအရာက သူတို့ကို လူထဲက လူတွေလို ဆက်ဆံစေလိုခြင်း ဖြစ်၏။ ထိုအရာသည် ဘယ်တုန်းကမှ သူတို့ မရရှိခဲ့သောအရာဖြစ်၏။ ဘယ်တော့မှ မရနိုင်တော့ဘူးဟု တွက်ဆ လက်လွှတ်ထားသော အရာလည်း ဖြစ်သည်။

တကယ်တော့ လူတိုင်းက ငွေကိုမက်မောကြသည်။ သို့သော် အနာကြီးရောဂါသည်များထံမှ ငွေကိုတော့ ဘယ်တော့မှလက်ဖျားနှင့် မတို့ချင်ကြသည်မှာ ဓမ္မတာဖြစ်သည်။ အနာကြီးရောဂါသည်များ ပိုက်ဆံကိုင်ပြီး တစ်ခုခုဝယ်လျှင်လည်း မရောင်းကြ၊ တစ်ခါတလေ တစ်ယောက်တည်း ခရီးသွားရသော အခါမျိုးတွင် ပိုက်ဆံရှိပါလျက် စားစရာသောက်စရာ ဆေးလိပ်၊ သောက်ရေဘူး စသည်တို့ကိုပင် ဝယ်မရ၊ မဝယ်ရဲကြပေ။ အချို့ကလည်း အနာကြီးရောဂါသည် ဝေဒနာရှင်တစ်ယောက် သူ့ဆိုင်တွင် ဈေးလာဝယ်သည်ကို လာဘ်တိတ်သည်ဟုဆိုကာ မောင်းလွှတ်ကြသည်။ အချို့ဆိုလျှင်





ရိုက်နှက်မောင်းထုတ် ပစ်လိုကြ၏။ ထို့ကြောင့်လည်း ခရီးသွားရာတွင် ဇိုက်ဟောင်းလောင်းနှင့် ခရီးသွားရသည့်အခါများစွာ ကြုံခဲ့ရ၏။ အနာကြီးရောဂါသည်များကို တွေ့ပါက အချို့သောသူများသည် နှာခေါင်းကို လက်နှင့်ပိတ်၍ ထွက်ပြေးကြသည်များလည်း ရှိ၏။

တကယ်တော့ မြန်မာနိုင်ငံတွင် အနာကြီးရောဂါသည် အများစုသည် အမ်ဒီတီဆေးကို သုံးစွဲပြီးဖြစ်ကြသည်။ ထို့ကြောင့် သူတို့၏ ခန္ဓာကိုယ်ထဲတွင် အနာကြီးရောဂါကိုဖြစ်စေတတ်သော ရောဂါပိုးတစ်ကောင်တစ်မြီးမှ မရှိတော့။ သို့သော် သူတို့တွင် အနာကြီးရောဂါဖြစ်ပွားခဲ့စဉ်က ကိုယ်ခန္ဓာပျက်စီး ချွတ်ယွင်းမှုများ ရှိခဲ့ရာ၊ ထိုအရာများကတော့ ပြန်လည်ကောင်းမွန်လာခြင်း မရှိတော့သည်မှာ အမှန်ဖြစ်ပါ၏။ ထို့ကြောင့် အနာကြီးရောဂါသည်များသည် အမ်ဒီတီ ဆေးဝါးစားသုံးပြီး၍ အနာကြီးရောဂါပိုး သူတို့ထဲတွင် မရှိတော့သော်လည်း ရောဂါရှိစဉ်က ရုပ်ပျက်ဆင်းပျက် ဖြစ်ခဲ့ရခြင်းများကြောင့် အနာကြီးရောဂါသည်ဟုသာ ဆက်လက်သဘောထားကြသဖြင့် သူတို့သည် အနာကြီးရောဂါသည်ဟု အခေါ်ခံရသည့်ဘဝမှ မကင်းလွတ်နိုင်ကြဘဲ ရှိကြ၏။ တစ်ကြိမ် အနာကြီး ရောဂါဖြစ်ဖူးလျှင် တစ်သက်လုံး အနာကြီးရောဂါသည်အဖြစ်မှ မကျွတ်မလွတ်တော့သည့်အဖြစ်မျိုး ဖြစ်၏။

လူတစ်ယောက်၏မျက်နှာတွင် ကျောက်ပေါက်ရာများ ရှိပါက ထိုသူ့ကို တစ်ခါက ကျောက်ပေါက်ဖူးသူဟု လူတိုင်းသိကြ၏။ ထိုသူ လက်ဖက်ရည်ဆိုင်တစ်ခုထဲသို့ ဝင်လာပါက မည်သူမျှ



www.burmeseclassic.com

www.burmeseclassic.com



ထမသွားကြပါ။ ထိုသူက စကားတွေ ဖောင်လောက်အောင်ပြောနေလျှင် အလွန်ဆိုး ကျောက်ရူးသူဟုသာဆိုကြသည်။ သို့သော် အမ်ဒီတီဆေးဝါး စားသုံးပြီး၍ အနာကြီးရောဂါပိုးမရှိတော့သည့် လူတစ်ဦး လက်ဖက်ရည်ဆိုင်တစ်ဆိုင် အတွင်းသို့ ဝင်လာပါက ထိုလက်ဖက်ရည်ဆိုင်တွင် စားသောက်နေသူများအားလုံး ထပြေးကြ၍ ဆိုင်ရှင်ကလည်း ထိုရောဂါသည်အား စိတ်ဆိုးမာန်ဆိုးဖြင့် မောင်းထုတ်တတ်ကြ၏။ ဒါက ဓမ္မတာဖြစ်၏။ သို့သော်လည်း မြန်မာနိုင်ငံတွင် အနာကြီးရောဂါကင်းဝေးရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့်အချိန်မှစ၍ ထိုသို့သော အပြုအမူအယူအဆများ စတင်ပြောင်းလဲလာခဲ့၏။ အနာကြီးရောဂါသည်ဝဝို့အတွက် အရဏ်ဦးပင်ဖြစ်၏။ စာပေစာနယ်ဇင်းရုပ်ရှင်အနုပညာရှင်များနှင့် မီဒီယာသမားတို့၏လှုံ့ဆော်မှု၊ ရေးသားမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ အဆက်မပြတ်ပြောဟောမှု များကြောင့် အနာကြီးရောဂါဆိုင်ရာ အယူအဆများ ပြည်သူလူထု အတွင်း ပြောင်းလဲလာခဲ့သည်မှာ ကောန်အမှန်ဖြစ်ပါ၏။

*

ကိုအိဆာဆိုသူ အနာကြီးရောဂါသည် ဝေဒနာရှင်တစ်ဦး အကြောင်းကို ပြောပြချင်သည်။ သူက မတ္တရာမြို့နယ်ရှိ နံ့သာမြိုင် အနာကြီးရောဂါသည် စခန်းအိမ်နံပါတ် ၄၂၃ တွင် နေထိုင်၏။ ကိုအိဆာ၏ အမေဖြစ်သူ ဒေါ်နှင်းမေက မန္တလေးတွင် နေသည်။ မန္တလေးနှင့် မတ္တရာက မိုင် ၃၀ ကျော်ဝေး၏။





၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့သည် မြန်မာလိုတပို့တွဲလပြည့်နေ့ ဖြစ်သောကြောင့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့အတွက် အထွတ်အမြတ်နေ့ဖြစ်၏။ ကိုအိဆာ၏ မိခင်ကြီးက အသက် ၈၃ နှစ်ရှိပြီ။ ကိုအိဆာက နံ့သာမြိုင်တွင်ပဲစိုက်သည်။ ယခုနှစ် ရာသီဥတု ကောင်းသောကြောင့် ကိုအိဆာ၏ယာတွင် ပဲစဉ်းငုံအထွက်ကောင်းခဲ့၏။ ထို့ကြောင့် မန္တလေးတွင်နေသော အမေအား ပဲစဉ်းငုံဖြင့် သွားရောက်ကန်တော့ရန် စိတ်ကူးနေသည်မှာ ကြာပြီဖြစ်၏။ သို့သော်သည်း မသွားဖြစ်ခဲ့။ ယခု တပို့တွဲလပြည့်နေ့တွင်တော့ အခြားအလုပ်များအား ထားရစ်ကာ ပဲစဉ်းငုံအိတ်ကလေးကို ထမ်း၍ အမေ့ထံသို့ ထွက်ခဲ့၏။ ပဲစဉ်းငုံဆိုတာက အသက်ကြီးသူများနှင့် အင်မတန် သင့်မြတ်သော အစာဖြစ်၏။

ကိုအိဆာအဖို့ အမေ့အတွက်မို့ ရွာမှ ထွက်လာခဲ့သော်လည်း မန္တလေးကဲ့သို့သော မြို့ကြီးပြကြီးထဲသို့ ဝင်ရောက်ရန်မှာ အလွန်မှ စိတ်အားငယ်စရာဖြစ်၏။ စိတ်အားငယ်ငယ်နှင့် ထွက်လာစဉ် ရွာထိပ်ရောက်တော့ သူငယ်ချင်းကိုတင်ဆောင်နှင့် တွေ့၏။ ကိုတင်ဆောင်က "ကိုအိဆာကြီး ဘယ်သွားမလို့လဲ"ဟု မေးသည်။

"ပဲစဉ်းငုံလေး အမေစားဖို့မြို့တက်ပို့မလို့ပါဗျာအမေ့ဆီလရောက်တာကြာလို့ အမေလဲ ကန်တော့ရင်း မန္တလေးသွားမလို့ပါ"

"အမေ့ဆီသွားတာတော့ ကောင်းပါတယ်ဗျာ၊ ဒါပေမယ့် သတိတော့ထားသွား၊ လူတွေက ကျွန်တော်တို့ ခင်ဗျားတို့ကို အနူတွေလို့ပဲ သိထားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့မှာ အမ်ဒီတီဆေး စားသုံးပြီးလို့ ဘာရောဂါမှ မရှိတော့ဘူး၊ ကျန်းမာရေး ဌာနကလဲ ကျွန်တော်တို့ကို အနာကြီး ရောဂါ မရှိသူများအဖြစ် အသိအမှတ်ပြုထားတယ် မဟုတ်လား၊ နောက်ပြီး အခုစာနယ်ဇင်းတွေ ရုပ်ရှင်တွေထဲမှာလဲ ဒီအကြောင်းတွေ ရေးနေပြနေကြတော့ ပြည်သူတွေလဲ အသိပညာတွေ ပြောင်းလဲ ကုန်ပါပြီဗျာ"

"ဒါတော့လဲ အမှန်ပါပဲ၊ ဒါပေမဲ့ အနာကြီးရောဂါသည် ဆိုရင် တွေ့တာနဲ့ နှာခေါင်းပိတ်ပြေးကြတာ မဟုတ်လား၊ ဒါကြောင့် သတိပေးရတာပါ"

"ခင်ဗျားသတိပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော် လည်း မန္တလေးရောက်ရင် ည လူခြေတိတ်မှ အမေ့အိမ်ဝင်မှာပါ"

"ကဲ သွားတော့ဗျာ၊ နေလဲမြင့်နေပါပြီ၊ ခင်ဗျား အမေဆီ သွားတဲ့လမ်းခရီး အောင်မြင်ပါစေဗျာ"ဟု ကိုတင်ဆောင်က ဆုတောင်း လိုက်၏။

အမေ့ဆီသို့သာ အရဲစွန့်၍ ရွာမှ ထွက်လာခဲ့ရသည်ဆိုပြား မြို့ထဲသို့ဝင် ရောက်ရမည့်အရေးက ကိုအိဆာအဖို့ စွန့်စားရသည့်ကိစ္စ ဖြစ်ပါ၏။ အချိန်က မှောင်စပျိုးနေပြီ မှောင်စပျိုးသည့်တိုင် အမေ့အိမ် ရှိသော ရပ်ကွက်ထဲသို့ ကိုအိဆာ မဝင်ရဲသေး။ အတော်လေးမှောင်မှ မှောင်ရိပ်ခိုကာ အရပ်ထဲသို့ ဝင်ခဲ့၏။ ကိုအိဆာက အသံကိုအုပ်၍ တံခါးဝမှ "အမေ အမေ"ဟု ခေါ်လိုက်သောအခါ သား၏အသံကို ချက်ချင်းကြားပြီး အသက် ၈၃ နှစ်အရွယ် အမေက ကမျောသောပါးဖြင့်





တံခါး လာဖွင့်ပေးရှာ၏။ အမေသည် ကိုအိဆာကို ကလေးတစ်ယောက် လို သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းရင်း "သားရယ် အမေလဲ သားကို သတိရနေတာ"ဟု ဆို၏။

"ကျွန်တော်လဲ အမေ့ဆီ လာမလို့ပါပဲ၊ ပဲခင်းကလေးကလဲ မပြီးတာနဲ့၊ အမေ့ဆီလာတုန်း ဟောဒီပဲစဉ်းငုံလေးပဲ ယူလာချင်လို့ စောင့်နေတာ"

"ဘာမှ မပါရင် နေပါစေ၊ သားလာရင် အမေဝမ်းသာလှပါပြီ ကွယ်၊ အမေက အသက်ကြီးလာတော့ အထိုင်အထလဲ မလွယ်တော့ သားဆီလာဖို့ဆိုတာကလဲ မလွယ်လှဘူး သားရဲ့"ဟု ဝမ်းနည်း စကားဆို၏။

တစ်ညလုံး သားအမိနှစ်ယောက် စကားတွေ ဖောင်ဖွဲ့ပြီး ပြောနေကြ၏။ အနာကြီးရောဂါသည်များအပေါ် လူတွေအမြင် ပြောင်းလာသည့်အကြောင်းလည်းပါသည်။ သားအမိနှစ်ယောက် သန်း ခေါင်ကျော်မှ အိပ်ရာဝင်ခဲ့ကြ၏။ နောက်တစ်နေ့ အမေက အစောကြီး နိုး၏။ ကိုအိဆာက နံနက် ၇ နာရီလောက်မှနိုးသည်။ ကိုအိဆာနိုးတော့ အမေကသားစားဖို့ အပြည့်အစုံ ပြင်ဆင်ထားပြီးဖြစ်၏။

"ဟာ အမေရာ ပဲပြုတ်လေးနဲ့ ထမင်းစားရရင် တော်ပါပြီ၊ အကြော်တွေရော၊ ကော်ဖီတွေရော စုံလို့"

"စားပါသားရယ်၊ သားတစ်ခါတလေလာမှ အမေကကျွေး ရတာ၊ ငါ့သားကို အမေက နေ့တိုင်း ဒီလိုကျွေးနေချင်တာ"

"သားကသာ အမေ့ကို ပြုစုရမှာပါ အမေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားက ရောဂါသည်လေ"

"အမေကလဲ သားက အမ်ဒီတီ စားပြီးပြီ"ဟုဆိုသောအခါ ဘာကြောင့်ရယ်မသိ အမေရော သားပါ ပြိုင်တူ ရယ်မိကြပါ၏။

ထိုအချိန်တွင် အမေ့အိမ်နှင့် မလှမ်းမကမ်းတွင်နေသော အသက် ၂၀ နှင့် ၂၅ နှစ်ကြားအရွယ် လူငယ်သုံးယောက်က ကိုအီဆာနှင့် တွေ့ချင်လို့ဟုဆိုကာ ခြံပေါက်ဝသို့ ရောက်လာ၏။ ကိုအီဆာက အိမ်ထဲသို့ဝင်ပုန်းနေရ၏။ အမေကလည်း ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။ အမေသည် အိမ်ရှေ့သို့ထွက်ကာ "လူကလေးတို့ အမေ့အိမ်မှာ ဘယ်သူမှ မရှိပါဘူး"ဟု မှသားကို ဆိုလိုက်သည်။

"အမေ ဘာမှ စိတ်မပူပါနဲ့၊ ကျွန်တော်တို့ ကိုအီဆာနဲ့တွေ့ချင်လို့ပါ၊ ကိုအီဆာကို ကျွန်တော်တို့အိမ်ကို ခေါ်ချင်လို့ပါ"ဟုဆိုသောအခါ အမေ့ငယ်ထိပ်ကို မြွေပေါက်လိုက်သလို ဖြစ်သွား၏။ ကိုအီဆာသည်လည်း ပုန်းနေရာမှ အတော်ကြီး စိုးရိမ်သွားသည်။ အရပ်ထဲသို့ အနူဝင်ရောက်လာသည်ဟုဆိုကာ လူငယ်တွေကသားဖြစ်သူအား ဖမ်း၍ အနူထောင်များ ပို့မလို့လားဟု အထူးစိုးရိမ်သွား၏။ အနူကို အိမ်အလည်ခေါ်တယ်ဆိုတာက တစ်သက်လုံး တစ်ဘဝလုံး တစ်ခါမှ မကြုံဖူး မကြားဖူးသော ကိစ္စဖြစ်ပါ၏။ ထိုအခါ အမေက "သားတို့ရယ် မောင်အီဆာ မရှိပါဘူး၊ သူကနံ့သာမြိုင်မှာ နေတာပါ"ဟု ထပ်၍ မှသားဆိုပြန်၏။

"အမေကြီး ဘာမှ မပူနဲ့၊ ကိုအီဆာ မနေ့ညက အဆေးဆီ လာတယ်ဆိုတာ ကျွန်တော်တို့သိပါတယ်၊ အမေ့သားကို ကျွန်တော်တို့





လက်ဖျားနဲ့တောင် မတို့ပါဘူး၊ ကျွန်တော်တို့လူငယ်တွေ ကိုအီဆာကို တောင်းပန်စရာရှိလို့ပါ"

တောင်းပန်စရာရှိလို့ဆိုကာမှ အမေက ပို၍စိတ်မောသွား၏။ လောကတွင် အနူကို တောင်းပန်သည့် ထုံးစံကမရှိ၊ အနူကသာ ခံဘက်ကချည်း ဖြစ်၏။ ရှောင်လွှဲ၍ မရသောအခါ အမေက အမှန်ကိုဆို၍ တောင်းပန် နေသေးသည်။

"သားတို့ ပြောသလို မောင်အီဆာ မနေ့ညက ရောက်တာတော့ အမှန်ပါပဲကွယ်၊ ဒါပေမယ့် ငါ့သားတို့က အရပ်ထဲကို အနူမလာရဘူးဆိုရင် အခုချက်ချင်း ထွက်ပေးပါမယ်၊ အမေ့သား ဒုက္ခိတလေးကိုတော့ ရိုက်မနှက်ကြပါနဲ့ သားတို့ရယ်၊ အမေရှိခိုးပါတယ်"

"အမေ့သားကို ကျွန်တော်တို့ လက်ဖျားနဲ့တောင် မထိပါဘူး၊ ကိုအီဆာက အမေ့အိမ်ကနေ ပြန်စရာလဲ မလိုပါဘူး၊ ကျွန်တော်တို့နဲ့သာ ကိုအီဆာနဲ့ ခဏတွေ့ပေးပါ"

ထိုအခါ ကိုအီဆာက မနေသာတော့ဘဲ အိမ်ထဲမှထွက်လာပြီး "သူငယ်ချင်းတို့ရယ်၊ အစ်ကိုအမေ့ဆီလာတာ ဒီတစ်ကြိမ်တော့ ခွင့်လွှတ်ပါကွယ်၊ နောက်အမေ့ဆီကို အစ်ကို ဘယ်တော့မှ မလာတော့ပါဘူးလို့လဲကတိပေးပါတယ်၊ အစ်ကိုက အမေစားစေချင်လို့၊ တပို့တွဲလပြည့်နေ့မှာ အမေဆွမ်းလောင်းရင်လဲ လောင်းရအောင်လို့ အစ်ကို ငွေဦးငုံလေး လာပို့မိတာပါ ညီလေးတို့ရယ်၊ အစ်ကို အခုပြန်ဆိုပြန်ပါ့မယ်၊ ညီလေးတို့ကို အစ်ကို တောင်းပန်ပါတယ်"ဟု ရှိခိုးမတတ် တောင်းပန်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း လူငယ်များက ကိုအိဆာ၏လက်ကိုဆွဲ၍ အတင်းခေါ်၏။

"ကိုအိဆာ ခဏလေး လိုက်ခဲ့ပါ၊ ကျွန်တော်တို့ ကိုအိဆာကို လက်ဗျာနဲ့ မတို့ဘူး၊ ကိုအိဆာ အမေ့ဆီမှာလဲ နေချင်သလောက်နေ"

"ညီလေးတို့ရာ အစ်ကို အမေ့ကို ကန်တော့ပါရစေဦး"

"ကျွန်တော်တို့က အစ်ကို့အမေ့ဆီပြန်ပို့မှာပါ ဘာမှ မပူပါနဲ့"

ဟုဆိုကာ ဆွဲခေါ်သဖြင့် ကိုအိဆာသည် အမေ့အား လှည့်ကြည့် လှည့်ကြည့်ဖြင့် လူငယ်များနှင့်အတူ ယက်ကန် ယက်ကန် ပါသွား၏။

အမေက ခြံတံခါးဝအထိ ဆင်းလာပြီး လူငယ်များက ကိုအိဆာအား ခေါ်သွားသည်ကို ခြံတံခါးအား ဆုပ်ကိုင်ကာ ကြည့်နေရှာ၏။ အမေ့မျက်လုံးအိမ်ထဲတွင်တော့ မျက်ရည်များ အပြည့်ဖြင့်ရီဝေနေသည်မှာ မေ့မှူးမတတ် ရှိနေသည်။

ကိုအိဆာသည် လူငယ်များခေါ်ရာသို့ ပါသွားသည်။ တပို့တွဲ၊ တပေါင်း မန္တလေး နွေကလည်း နေထွက်လျှင် ထွက်ချင်း အတော်ပူ၏။

"ကိုအိဆာ ဘာမှ မပူပါနဲ့၊ အစ်ကို့ကို ကျွန်တော်တို့ ဧည့်ခံချင်လို့ ခေါ်တာပါ" ဟုဆိုမှ ကိုအိဆာ ပို၍ ကြောက်အားပိုခဲ့၏။ ကိုအိဆာ၏တစ်ကိုယ်လုံး ချွေးပြိုက်ပြိုက် ကျနေသော်လည်း အေးစက်နေ၏။ အနူကို ဧည့်ခံသည့်ဆိုရိုးထုံးမှာ လုံးလုံးမဖြစ်နိုင်။ လူငယ်တွေက သူတို့အရပ်ထဲသို့ အနူဝင်သည်ကို မကြိုက်၍ လက်သီးနှင့်ဧည့်ခံကြမှာလား၊ ကြိမ်လုံးနှင့်မှတ်လောက်အောင် ဧည့်ခံမှာလား၊ တစ်သက်လုံးဝေဒနာကြီးကို ခံစားခဲ့ရသူတို့အဖို့ လေကြမ်းကြမ်း တိုက်လျှင်





တောင် လဲချင်နေသည့် ဘဝအနေအထား။ အခုတော့မှ ကိုတင်ဆောင်ရှာထိပ်တွင် ပြောကြားသည့် သတိပေးစကားများကို ပြန်ကြားယောင်နေမိ၏။

သည်လိုနှင့် လူငယ်များ ခေါ်ဆောင်ရာသို့ ကိုအိဆာပါသွားခဲ့၏။ အရပ်ထဲမှ အိမ်တစ်အိမ်ရောက်တော့ ထိုအိမ်တွင်းသို့ ခေါ်ကာ သပ်သပ်ရပ်ရပ် ဧည့်ခန်းလေးတွင် ကိုအိဆာကို ထိုင်စေ၏။ ထို့နောက်တော့ မောင်ဇော်ဇော်လှိုင်ဆိုသော လူငယ်က သောက်ရေခွက်တစ်ခွက်ကို ယူလာခဲ့ပြီး "ကဲ ကိုအိဆာ၊ အစ်ကိုလဲ ကြောက်ကြောက်နဲ့ သိုက်လာတာ ချွေးတွေလဲ ရွှဲလို့၊ ဒီရေအေးအေးလေး တစ်ခွက်သောက်လိုက်ပါ"ဟု ဆို၏။ ကိုအိဆာက "ကိစ္စမရှိပါဘူး၊ မသောက်ပါရစေနှင့်"ဟု ငြင်းလိုက်သည်။ ဘာကြောင့် ငြင်းရပါသနည်း။

တကယ်တော့ အနူကို လူကောင်းများက သူတို့သောက်နေကြ ဖန်ခွက် ရေခွက်ဖြင့် ရေတိုက်သည်ဆိုသော အစဉ်အလာဆုံးစံက မရှိ။ သဒ္ဒါတရားအဆုံးစွန်ရှိ၍ ရေတစ်ခွက်တိုက်လျှင်ပင် လူကောင်းများက သူတို့၏ဖန်ခွက်နှင့် ရောဂါသည်၏ခွက် မထိအောင် ရေသွန်ပေးသည်က များ၏။ တစ်တောင်လောက်ခွာ၍ ရေသွန်ပေးသည့်တိုင် ထိုခွက်ကို ထပ်မံ၍ ဆပ်ပြာနှင့် စင်စင်ဆေးပြီးမှ သူတို့ပြန်လည်အသုံးပြုခြင်းသည် လူကောင်းများ၏ ထုံးစံဖြစ်၏။

အခုလို သူတို့အိမ်က သောက်သောခွက်နှင့်ရေတိုက်နေသောအခါ ကိုအိဆာက တစ်ခါတည်းသေအောင် အဆိပ်ထည့်တိုက်တာများလား ထင်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကိုအိဆာက မသောက်ပါရစေနှင့်ဟု ဆိုကာ ဆက်ငြင်းဆန်သည်။ ထိုအခါ ကိုဇော်ဇော်လှိုင်က ထိုရေခွက်ထဲမှ ရေ တစ်ဝက်ကို သောက်ပြပြီး ကျန်တစ်ဝက်ကို ကိုအိဆာအားပေးမှ ကိုအိဆာက ထိုရေကို ကြောက်ကြောက်ရွံ့ရွံ့နှင့်သောက်၏။

ထိုအေးမြသောရေစင်သည် မေတ္တာရေစင်ဖြစ်သည်။ ထိုအေးမြသောရေစင်သည် မောင်ဇော်ဇော်လှိုင်တို့၏ မေတ္တာရေစင်ဖြစ်သလို မြန်မာပြည်သူ တစ်ရပ်လုံး၏ အနာကြီးရောဂါသည်များအပေါ်သဘောထားပြောင်းလာသည့် မေတ္တာရေစင်လည်း ဖြစ်၏။

လူငယ်များက "ဒီလိုပါ ကိုအိဆာ၊ ကိုအိဆာဟာ ဒီရပ်ရွာထဲက ရပ်ကွက်သား တစ်ယောက်ပါ၊ ဒါပေမယ့် အနာကြီးရောဂါအကြောင်းကို ကျွန်တော်တို့ မသိခဲ့ကြလို့ ကိုအိဆာ အမေ့ဆီလာရင် ကျွန်တော်တို့ ငြိုငြင်ခဲ့ကြပါတယ်၊ တစ်ခါတလေ ခင်ဗျားအမေ့အိမ်ကို ကျွန်တော်တို့ ခဲနဲ့တောင် ပေါက်ခဲ့ကြပါတယ်။ ဒါပေမယ့် အနာကြီးရောဂါအကြောင်း ရေးထားတဲ့ သစ္စာရေစင်ဆိုတဲ့ စာအုပ်ကိုဖတ်၊ လူနဲ့လူဆိုတဲ့ ရုပ်ရှင်ကို ကြည့်ပြီးရာက ဒီရောဂါအကြောင်းကို ကျွန်တော်တို့ သိလာကြပါတယ်။ ဒဲမ်ဒီတီဆေး ပေါ်ပေါက်နေတာနဲ့ အနာကြီးရောဂါသည်များအပေါ် အများကထားရှိတဲ့ သဘောထားတွေ မှားခဲ့တာကို သိလို့ ကိုအိဆာ ဒီတစ်ခါ အရပ်ထဲလာရင် အခုလို ညှော်ခံတောင်းပန် မလို့ ကျွန်တော်တို့တစ်တွေက စီစဉ်ထားကြတာပါ"ဟု ဆိုကြ၏။

ကိုအိဆာသည် သူကြားနေရသောစကားများကို မယုံနိုင်လောက်အောင်ဖြစ်မိသည်။ လူငယ်များသည် သစ္စာရေစင်စာအုပ်



နှင့် လူနှင့်လူဇာတ်လမ်းပါ အကြောင်းအရာများကို ဆက်၍ ပြောနေကြ၏။ ခဏကြာတော့ မမြင့်ဝင်း၊ မသန်းအေးနှင့် အခြားလူငယ်များက လက်ဖက်ရည်နှင့် ကိတ်မုန့်များကို ယူလာပြီး ကိုအိဆာအား တိုက်ကျွေး၏။

ကိုအိဆာသည် လူငယ်များကို ကြည့်ကာ ဝမ်းသားလုံးဆို့မတတ် ရှိပါ၏။ ဝမ်းသာမှုများကလည်း ဖော်မပြနိုင်အောင်ရှိ၏။ ကြည်နူးမှုများကြောင့် သူ၏မျက်လုံးအစုံမှ မျက်ရည်များ လည်လာကြသည်။

"မျက်ရည်ကျစရာမလိုတော့ပါဘူး ကိုအိဆာ၊ ကိုအိဆာ အမေ့ဆီ ပြန်လာချင်တယ်ဆိုလဲ အချိန်မရွေးပြန်လာ၊ အမေ့အိမ်မှာ နေတော့မယ်ဆိုလဲ အချိန်မရွေးနေ၊ ကျွန်တော်တို့အတွက် ဘာမှ ခိုးရိမ်နဲ့တော့၊ အမေ့ဆီ လာလည်တဲ့အခါမှာလဲ ကျွန်တော်တို့ဆီကိုလဲ အခုလိုလာလည်ပါ"ဟု မောင်တင်ထွန်းဆိုသော လူငယ်က ပြော၏။

ထိုအခါ မမြင့်ဝင်းက "ဟုတ်တယ် ကိုအိဆာ၊ သမီးတို့အယူအဆမှားခဲ့တာ တောင်းပန်ပါတယ်၊ နောက် နံ့သာမြိုင်ကနေ အမေ့ဆီလာရင် သမီးတို့အိမ်ကိုလဲ ဝင်လည်ပါ"ဟု ဖိတ်ခေါ်၏။ မသန်းအေးကလည်း "သမီးတို့အိမ်လဲ လာလည်ရမယ်နော်" ဟုဆို၏။

ကိုအိဆာသည် ဝမ်းသာလွန်းလို့ မျက်ရည်များ ပို၍ကျလာသည်။ ထိုနောက် မျက်ရည်များကိုသုတ်ကာ "ညီလေးတို့ရယ် အခုကို အခုပြန်လာပါ့မယ်၊ ညီလေးတို့ရဲ့ စိတ်သဘောထားပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လာတာတွေကို အမေ့ကို ပြေးပြောချင်လို့ ခဏလေး ခွင့်လွှတ်ပါ ညီလေး၊ ညီမလေးတို့ရယ်”ဟုဆိုကာ အမေ့ထံသို့ သူအပြေးပြန်ခဲ့၏။ ပြုံးနေသော သူမျက်နှာကြီးဖြင့် အမေကိုပြေးဖက်ကာ “အမေရေ သား လည်စရာအိမ်တွေ တိုးခဲ့ပြီဗျာ လည်စရာ အိမ်တွေ တိုးခဲ့ပြီ”ဟု လှိုက်လှဲဝမ်းသာစွာ ပြောပြလိုက်၏။

အမေသည် သားကိုတအံ့တသြ တွေကြည့်ရင်း လိပ်ပတ်လည် အောင် နားမလည်နိုင်သေး။

■



အခန်း (၁၀)

## မန်းမျိုးသူ

ပုသိမ်ကြီးမြို့နယ်အတွင်း ရန်ကုန် မိုးကုတ်လမ်းမကြီးပေါ် တွင် အေးချမ်းသာယာလှပသော ဆားခါးတောင်ဆိုသည့် ရွာငယ်တစ် ရွာရှိသည်။ ထိုရွာသည် မန္တလေးမှ ၁၂ မိုင် ဖြာလုံမှုဝေးပြီး ရွှေလောင်းချောင်းသည် ဆားခါးတောင်ရွာလေးကို ကွေ့ပတ်ရစ်ခွေ စီးဆင်းလျက်ရှိ၏။

ထူးခြားသည်က ဆားခါးတောင်ရွာ မြောက်ဘက် မန္တလေး မိုးကုတ် လမ်းမကြီးဘေးရှိ ပျိုးဥယျာဉ်ခြံဖြစ်သည်။ ထိုပျိုးဥယျာဉ် ခြံ၏နံဘေးတွင် ရွှေလောင်းချောင်းက စီးလျက်ရှိသည်။ ရွှေလောင်း ချောင်းမှ ရေကိုသယ်ကာ ပျိုးဥယျာဉ်အတွင်းမှ အလုပ်သမားများက ပျိုးပင်များအား ရေလောင်းနေသည်ကို မနက်တိုင်း ညနေတိုင်း တွေ့မြင်နေကျဖြစ်သည်။

ပျိုးဥယျာဉ်အတွင်းဝယ် ပျိုးပင်များသာမက ပွင့်ဖူးဝေဆာနေ



www.burmeseclassic.com

www.burmeseclassic.com



ပန်းပျိုးသူ ဦးထွန်းရင်



သော နှင်းဆီအခင်းများကိုလည်း တွေ့ရ၏။ရေမွှေးနှင်းဆီအိုကလာဟိုးမား၊ ဥျွန်အက်ဖ်ကနေဒီ အစရှိသော နှင်းဆီမျိုးကောင်းမျိုးသန့်များလည်း ဝေဆာစွာ ရှင်သန်ပွင့်ဖူးနေသည်။ သဖြေပျိုးပင်များ၊ သရက်၊ ဓိး၊ ရှောက်၊ မာလကာနှင့် သံပရာပျိုးပင်များကိုလည်း တွေ့ရ၏။ အများဆုံးက နှင်းဆီပျိုးပင်များ ဖြစ်၏။

ထိုပျိုးဥယျာဉ်လေးတည်ရှိရာ မန္တလေး၊ မိုးကုတ်လမ်းမကြီးပေါ်တွင် ကားကြီးများထိုးရပ်၍ နှင်းဆီပျိုးပင်များ တင်ဆောင်နေသည်ကို တွေ့ရသလို တစ်ခါတစ်ရံ အဖိုးတန်ဂျပန်ကားများ ဆိုက်ရောက်လာပြီး ထိုကားပေါ်မှ ရွှင်ပြုံးချိုသာသောမျက်နှာနှင့် ခေတ်ဆန်လှပသော အမျိုးသမီးကလေးများ ပန်းဝယ်ရန် ပျိုးပင်ဝယ်ရန်မျိုးဥယျာဉ်အတွင်းသို့ ဆင်းလာကြသည်ကို တွေ့ရတတ်သည်။

ပျိုးဥယျာဉ်၏ပိုင်ရှင်ဖြစ်ဟန်တူသော ပုဂ္ဂိုလ်တစ်ဦးသည် သစ်ပင်များကို ရွှေ့ပြောင်းရင်း၊ အကိုင်းကူးရင်း၊ အလုပ်သမားများကို ညွှန်ကြားရင်း ပြောဆိုနေတတ်၏။ ဂျပန်ကားလှလှလေးပေါ်မှ အမျိုးသမီးသည် ပျိုးဥယျာဉ်မှူးဖြစ်သူ အဆိုပါ ပုဂ္ဂိုလ်ထံသို့ ပြေးသွားသည်။ ပျိုးဥယျာဉ်မှူးဖြစ်သူသည် သူ၏ပျိုးပင်များကို အာရုံစိုက်နေသောကြောင့် ကားလှလှလေးပေါ်မှ ဆင်းလာသော အမျိုးသမီးငယ်ကို သတိမထားမိ။ အမျိုးသမီးငယ်သည် ပျိုးဥယျာဉ်မှူးကြီး၏ လက်တစ်ဖက်ကိုဆွဲကာ "အန်ကယ် အန်ကယ်၊ သမီးလာတာ မမြင်ဘူးလား၊ သမီး ပျိုးပင်ငါးထောင်လောက် ချက်ချင်း လိုချင်တယ်၊ တောင်ကြီးခြံက အခြိန်မှာနေလို့" ဟုဆို၏။ တောင်ကြီးသည် မြန်မာနိုင်ငံ၏



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်အပန်းဖြေမြို့တော် ဖြစ်၏။ ထိုအခါမှ အမျိုးသမီးငယ် ရောက်ရှိနေသည်ကို ယခုမှသတိထားမိသော ဥယျာဉ်မှူးက "တူမရယ် တစ်ရက်နှစ်ရက်တော့ဆိုင်းပါ"ဟုဆို၏။ "ဆိုင်းလို့မရ အန်ကယ်ရယ်၊ သမီးက တောင်ကြီးကို ပို့ရမယ့်ရက်က ရှိသေးတယ်"ဟု ဆိုသည်။ ပျိုးဥယျာဉ်မှူးသည် သူ့တွင်ရှိသောပျိုးပင်နှင့် လတ်တလောပေးရမည့် အမှာများကို စိတ်ကူးဖြင့် တွက်ချက်ရင်း ပျိုးပင်ကနည်း၊ မှာထားသူတို့က များနေချိန်တွင် သည်မိန်းကလေးက ပျိုးပင်ငါးထောင်လောက် ကြားဖြတ်လာဝယ်၍ အခက်တွေ့နေ၏။

မိန်းကလေးက ပျိုးဥယျာဉ်မှူးအား ဆွဲထားသောလက်ကို မလွှတ်သေးဘဲရှိစဉ် ကြံရခက်နေသော ပျိုးဥယျာဉ်မှူးက သူ၏ညာဘက်လက်ဖြင့် သူ၏နဖူးမှချွေးကို သုတ်လိုက်၏။

ထိုအခါ ပျိုးဥယျာဉ်မှူး၏လက်များကို ထင်ရှားစွာ မြင်လိုက်ရ၏။ သူ၏လက်ချောင်းလေးများအားလုံးလိုလို တိုနေသည်။ လက်နှစ်ဖက်စလုံး တိုနေခြင်းဖြစ်၏။ တစ်ဖန်သူ၏ခြေနှစ်ဖက်ကို ငုံ့ကြည့်လိုက်ပါကလည်း ခြေထောက်နှစ်ဖက်စလုံး တိုနေသည်။ မိန်းကလေးမျက်နှာ ချက်ချင်းပျက်သွားသည်ကို ပျိုးဥယျာဉ်မှူးက ရိပ်စားမိလိုက်သည်။ သူ့အဖို့တော့ ဒီအဖြစ်မျိုးက ရိုးနေပုံရသည်။

*

ထိုဥယျာဉ်မှူးဖြစ်သူ၏ အမည်က ဦးထွန်းရင် ဖြစ်၏။

ဦးထွန်းရင်သည် အနာကြီးရောဂါလက္ခဏာများ ထင်ရှားစွာ ရှိနေသည့်ရောဂါသည် ဖြစ်သည်။ ဦးထွန်းရင်၏မိဘများက ဦးဆွဲနှင့်





ဒေါ်လုံးဖြစ်၏။ သူ့ကို ၁၉၄၉ ခု၊ မတ်လ ၅ ရက်တွင် ဖွားမြင်သည်။ မွေးချင်းလေးဦးအနက် အငယ်ဆုံးဖြစ်သည်။ မွေးဖွားစဉ်က ရေဆေးငါးလို လုံးလုံးကျစ်ကျစ်လေး ဖြစ်သည်။ သားထွေးလေးမို့လည်း အစ်မများနှင့် အစ်ကိုနှစ်ယောက်က ဝိုင်း၍ ချစ်ကြ၏။ မိဘနှစ်ပါးက သားလေးမောင်ထွန်းရင်ကို ပညာတတ်လေးတစ်ယောက်ဖြစ်စေရန် ရည်မှန်းထားကြ၏။ ဦးထွန်းရင်၏မိဘများက မန္တလေးမြို့ပေါ်တွင် နေကြ၏။ မန္တလေးသည် မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သည်။ ၁၅ လမ်းနှင့် ၁၆ လမ်း အကြား ၈၆ လမ်းမကြီးပေါ်တွင် သူတို့အိမ်ရှိ၏။ ငယ်စဉ်က အစိုးရမူလတန်းကျောင်းတွင်နေ၏။ ကျောင်းအုပ်ဆရာမကြီးက ဒေါ်ဖူးဖြစ်၏။ ဆရာမကြီးကလည်း သူ့ကို စာတတ်ရုံသာမက လိမ္မာရေးခြားရှိအောင် သင်ပေးသည်။ သူ အသက် ၉ နှစ်သားအရွယ် လက်နှစ်ဖက်စလုံး၌ တွင် အကွက်များပေါ်လာ၏။ နားနှစ်ဖက်ကလည်း ထူလာ၏။ သို့သော် ပညာကိုလိုလားသော သူ့အဖို့ သူငယ်ချင်းများ၏ "အနူ အနူ"ဟု ဝိုင်းစကြ နောက်ကြသည့်အကြားမှ ကြိုးစား၍ ကျောင်းဆက်တက်၏။ အသက် ၁၀ နှစ်အရွယ်တွင် လေးတန်းအောင်သည်။

ကလေးအချင်းချင်း စကြနောက်ကြသည်က ပို၍ များလာသောကြောင့် ကျောင်းဆက်၍ မနေနိုင်လောက်အောင် အခြေအနေက ဆိုးဝါးလာ၏။ ထို့ကြောင့် သူသည် မိဘများ၏ ခွင့်ပြုချက်အရ တော်ဝန်းကျင်ကို အရှုံးပေးကာ ကျောင်းမှထွက်ခဲ့ရ၏။ တကယ်တမ်း ဆန်းစစ်ပါက အမေ့ထံတွင် အနာကြီးရောဂါရှိ၏။ အမေ့ထံမှ



www.burmeseclassic.com

www.burmeseclassic.com



ကူးစက်ခံရခြင်းဖြစ်သည်။ အမေက သူ အသက် ၁၂ နှစ်အရွယ်တွင် ကွယ်လွန်သည်။ မောင်ထွန်းရင်သည် ရောဂါတစ်ဖက်နှင့်ပင်အသက် ၁၄ နှစ်အရွယ်တွင် စာအုပ်ချုပ် လုပ်ငန်း ဝင်လုပ်သေး၏။ အသက် ၁၇ နှစ်၊ ၁၈ နှစ်လောက်ရှိလာ သောအခါ အနာကြီးရောဂါလက္ခဏာများ ပို၍ သိသာထင်ရှားလာသည်။ ပထမပိုင်းတွင် မြန်မာဆေးမြီးတိုများနှင့် ကုသသည်။ အနာတခြား ဆေးတခြားဖြစ်၍ ရောဂါအခြေအနေပိုဆိုးလာသည်။ ထို့ကြောင့် မန္တလေးရှိ အနာကြီးဆေးရုံသို့ သွားပြရာ ဆရာဝန်ကြီးဂျမားက ဆာလဖုန်းဆေးများကို ပေးသည်။ ဆေးစားသော်လည်း ရောဂါကမပျောက်၊ သို့သော် ရောဂါတိုးမှုကားမရှိ။

ဦးထွန်းရင်၏ မိဘမျိုးရိုးက စိုက်ပျိုးရေးမျိုးရိုးဖြစ်၏။ ဖခင်ဖြစ်သူက ပန်းစိုက်သည်။ အမေက ပန်းရောင်းသူဖြစ်၏။ နှင်းပန်း၊ စံပယ်ပန်း စသည်တို့ကို အဖေကစိုက် အမေကရောင်း၏။ ကိုထွန်းရင်သည် အသက် ၁၉ နှစ်အရွယ်သို့ရောက်သော် အဖေနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းကို စတင်လုပ်ဆောင်၏။ ရပ်ထဲရွာထဲတွင် နေပါက မခေါ်ဝံ့သူ မခေါ်ချင်သူတို့များသည်။ ထို့ကြောင့် ရပ်ထဲရွာထဲတွင် မနေတော့ဘဲ အဖေ၏စိုက်ပျိုးရေးခြံထဲသို့ ပြောင်းနေသည်။ စိုက်ပျိုး ရေးလုပ်ငန်းကို ကြိုးစား၍ လုပ်ဆောင်၏။ "အနူဆိုပြီး ဘဝမှာအညံ့ခံ အရှုံးပေးလို့တော့ မဖြစ်ဘူး၊ လူ့ဘဝ တန်ဖိုးရှိကြောင်း ပြရမယ်"ဆိုပြီး စိုက်ပျိုးရေးပညာကို ပို၍ ဂရုတစိုက်သင်ကြား၏။ ပန်းစိုက်ပျိုးရေး လုပ်ငန်းကိုတိုး၍လေ့လာလေ တိုး၍ တတ်လေသိလေ





ဖြစ်သည်။ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ပန်းမျိုးကောင်း မျိုးသန့်များ ဝင်ရောက်လာ၏။ စိုက်ပျိုးရေးလောက တစ်ခေတ်ဆန်း လာသည်။ ယင်းသို့ နည်းပညာများ ဆန်းသစ်လာသည်ကို ဦးထွန်းရင် မီအောင်လိုက်သည်။ သူက "ကျွန်တော် စိတ်ဓာတ်ကျပြီး ဘဝကို အရှုံးပေးရင် ဘာမှဖြစ်လာမှာ မဟုတ်၊ အနူဆိုပြီး စိတ်ဓာတ်ကျနေရင် ပိုနိမ့်ကျတော့မှာပဲ၊ ရောဂါသည် ရောင်းတာမဝယ်ဘူး ဆိုပေမယ့် ရောဂါသည်က ရွှေရောင်းရင်တော့ ဝယ်ချင်ကြမှာပဲ၊ ဒီတော့ ငါရဲ့ တိုနေတဲ့ လက်နဲ့ ရွှေဖြစ်အောင်လုပ်မယ်ဆိုပြီး ကြိုးစားတာ အောင်မြင်မှုရှိပါတယ်၊ အခုကျွန်တော့်ပျိုးဥယျာဉ်ခြံက ရွှေဖြစ်နေပါပြီ၊ ကျွန်တော့် မျိုးခြံက သူများထက် မျိုးပိုကောင်းတယ်၊ ဈေးလဲ လျှော့တယ်၊ ကျွန်တော့်ပျိုးပင်တွေက မျိုးကောင်းမျိုးသန့်ဖြစ်တာလဲ သေချာတယ်၊ ကျွန်တော့်ပျိုးပင်ကိုဝယ်ရင် ရွှေဖြစ်တာသိတော့ နှင်းဆီစိုက်ပျိုးသူတွေဟာ ကျွန်တော့်ဆီမှာ အခုလို ဝိုင်းဝိုင်းလည်နေတာပါ"ဟုဆို၏။

ဦးထွန်းရင်သည် ယခုအခါ အမ်ဒီတီကို စားသုံးပြီးဖြစ်သည်။ ရောဂါလုံးဝ ကင်းစင်နေသူဖြစ်သည်။ သူသည် လယ်မြေဆယ်ဧက၊ ခြံမြေသုံးဧကနှင့် ပျိုးခြံတစ်ကေတွင် ပင်တိုင် အလုပ်သမား ၆ဦးခန့်ဖြင့် အလုပ်လုပ်လျက်ရှိ၏။ အချို့ပန်းပျိုးရာသီများတွင် နေ့စားသမားများ ထိုင် ငှား၍ လုပ်ဆောင်ရသည်။ ဦးထွန်းရင်က သူ့ခြေတွေ လက်တွေပိုပြီး ပျက်စီးမသွားစေရန် ကျန်းမာရေးဌာနက ပညာပေးချက်များအတိုင်း လိုက်နာဆောင်ရွက်သည်။

ရေမွှေးနှင်းဆီပျိုးတစ်ပင်ကို ၄၅ ကျပ်နှင့် ရောင်း၏။



www.burmeseclassic.com

ပန်းရင့်ရောင် ရေမွှေးနှင်းဆီများဆိုလျှင် ၇၅ ကျပ်မှ ၈၀ ကျပ်အထိ ရောင်းရသည်။ သရက်မျိုးကောင်းတစ်ပင်ကို ၂၅၀ ကျပ်နှင့်ရောင်းသည်။ တစ်နှစ်ကို နှင်းဆီ ပျိုးပင်ပေါင်းလေးသောင်းခန့်အထိနှင့် အခြားပျိုးပင့်သုံးသောင်းခန့် ရောင်းရသည်။ ဝင်ငွေတစ်နှစ်သိန်း ၄၀ ရရှိသည်ဟုဆို၏။ မြန်မာတစ်နိုင်ငံလုံးမှ ပန်းမျိုးအလိုရှိကြသော ဖောက်သည်များက ဦးထွန်းရင် ထံမှ မျိုးများကို ဝယ်ယူစိုက်ပျိုးကြ၏။ မန္တလေး၊ တောင်ကြီး၊ မိုးညှင်း၊ မိုးကောင်း၊ ရန်ကုန်၊ မှော်ဘီ အစရှိသော ပန်းစိုက်ဒေသများတွင် ဦးထွန်းရင်၏ ဖောက်သည် အများအပြားရှိသည်။ စီးပွားဖြစ် ရောင်းချရန် မျိုးပင် လာရောက် ဝယ်ယူသူများသာမက၊ အိမ်တွင် အလှပန်းစိုက်သူတို့သည် ဦးထွန်းရင်၏ ပျိုးဥယျာဉ်မှ ပျိုးပင်များကို လာရောက်ဝယ်ယူကြ၏။ အချို့ ဓာတ်သိ ခရီးသွားများကလည်း မိုးကုတ် မန္တလေးအသွားအပြန် ခရီးတွင် ကားရပ်၍ နှင်းဆီပျိုးပင် များဝယ်ယူကြ၏။

အနာကြီးရောဂါသည် ဝေဒနာရှင်ဟူ၍ စိတ်ဓာတ်မကျဘဲ အားမာန်ဖြင့် ဘဝကို ရင်ဆိုင်ပါက လူဖြစ်မရှုံးဘဲ ဘဝအောင်ပွဲများ ရနိုင်ကြောင်း၊ ပန်းပျိုးသူ ဝေဒနာရှင် ဦးထွန်းရင်က ရွှေလောင်းချောင်းဘေးမှ လက်ခမောင်းခတ်၍ သက်သေပြလျက်ရှိသည်။



## အခန်း (၁၁)
## အမေ့မေတ္တာ ရေသိတာ

ကိုမျိုးမြင့်သည် ဝါးရုံတန်းလမ်းကို ရွေးခဲ့သည်မှာ အခုတော့ မှားပြီဟု သိရပြီ။ လမ်းမတန်းက သွားမလား၊ ဝါးရုံတန်းလမ်းက သွားမလားဟု ဝေခွဲစဉ်က ဝါးရုံတန်းလမ်းသည် လူသူရှင်းသောကြောင့် သည်လမ်းကလေးကို ရွေးခဲ့ခြင်းဖြစ်၏။ ဝါးရုံတန်းလမ်းကို ဆယ်မိနစ် လောက် လျှောက်လာပြီးသောအခါတွင်ကား သူနှင့်တစ်မြို့တည်း တစ်ရပ်တည်း၊ တစ်ရွယ်တည်း လူငယ်တစ်သိုက် မျက်နှာချင်း ဆိုင်မှလာနေသည်ကို တွေ့လိုက်ရ၏။ ထို့ကြောင့် ကိုမျိုးမြင့်က သူရွေးချယ်သောလမ်း မှားပြီဟု သိရှိလိုက်ခြင်းဖြစ်၏။ သို့သော် ပြန်လှည့်ပြေးပါက ပို၍ အရုပ်ဆိုးတော့မည်။ ထို့ကြောင့် သူသည် မျက်လွှာကိုချကာ လမ်းလယ်က မလျှောက်ဘဲ လမ်းဘေးကျကျမှ ရှောင်၍ လျှောက်ကာမှ လူအုပ်ထဲမှ တစ်ယောက်က "ဟေ့ မျိုးမြင့်၊ အတွက်နှင့်အကောင်ပါလားကွ"ဟု ဆိုလိုက်၏။ ထိုစကားသံများကို

www.burmeseclassic.com



ကြားလိုက်ရရုံဖြင့် ကိုမျိုးမြင့်သည် မိုးကြိုးဖြင့် အပစ်ခံလိုက်ရသကဲ့သို့ တုန်လှုပ်သွားတော့သည်။

"ဒီကောင် နူနေတာကွ၊ အနားမကပ်နဲ့၊ တို့ပါ နူသွားဦးမယ်" ဟု အုပ်ထဲမှ တစ်ယောက်ကထပ်ဆို၏။ ထိုလူငယ်များသည် သူနှင့် ကစားဖော် ကစားဖက်များ ဖြစ်သည်။ ကစားဖော်ကစားဖက်များက ထိုသို့ဆိုသဖြင့် ကိုမျိုးမြင့်သည် အရှက်ရရုံမျှမက များစွာ တုန်လှုပ်ကာ စွတ်၍ ပြေးလာခဲ့၏။ ကိုမျိုးမြင့်ပြေးသောအခါတွင်မှ လူငယ်အုပ်က 'လိုက်ဟ၊ လိုက်ဟ' ဟု ညာသံပေး၏။ ကြောက်အား လန့်အားဖြင့် ဆက်ပြေးခဲ့ရာ နောက်ဆုံး ခလုတ်တိုက်၍ ဗုန်းခနဲ ပစ်လဲသောအခါတွင်မှ အပြေးရပ်သွားခဲ့ရ၏။ သူ့အားသွန်၍ ပြေးလာခဲ့သည်မှာ သူတို့မြို့ငယ်လေး၏ထိပ်ရှိ စေတီခြေရင်းသို့ ရောက်လာ၏။ ဤစေတီတွင် ယခင်က ဤသူငယ်ချင်းများနှင့်ပင် အတူတကွ ဘုရားဖူးလာခဲ့ဖူးသည်။ ပန်းရူးထွက်ခဲ့ဖူးသည်။ အခုတော့ ဒီသူငယ်ချင်းများနှင့် ဘဝခြားခဲ့ပြီဖြစ်၏။ ကိုမျိုးမြင့်သည် ဘုရား၏ အရိပ်ကိုခိုရင်း အတန်ကြာအမောဖြေနေရသေး၏။ ဘုရား၏အရိပ်ကိုခို စေတီမြတ်အားရှိခိုးကာ "မြတ်စွာဘုရား တပည့်တော်တွင် ဝဋ်ကြွေး ရှိပါကလဲ ကျေပါစေဘုရား၊ တပည့်တော်၏ ခန္ဓာကိုယ်တွင် စွဲကပ် နေသော ဤရောဂါသည် ပိန်းကြာဖက်ပေါ် ရေမတင်သကဲ့သို့ ပျောက်ကင်းရပါလို၏ ဘုရား"ဟု ဆုတောင်း၏။ ထို့နောက် သူ စဉ်းစား၏။ ဤမြို့ဤမြေကို သူမြတ်နိုး၏။ မိခင်ကြီးရှိရာ ဤအရပ်မှ တစ်ဖဝါးမခွာလို၊ သို့သော်သူ့အဖို့ ဤအရပ်၌ ဆက်နေ၍ မဖြစ်တော့။





သူတို့ မိသားစုတွင် ညီအစ်ကို မောင်နှမ ၇ ယောက် ရှိ၏။ သူက သားယောကျ်ားအကြီးဆုံး ဖြစ်သည်။ ကျန် မွေးချင်း ခြောက် ယောက်စလုံးက မိန်းမသားများချည်းဖြစ်၏။ ဤမြို့တွင် သူဆက်နေ ပါက အမေကို အနူအမေဟု ခေါ်ကြလိမ့်မည်။ ညီမများကိုလည်း အနူညီအစ်မများဟုခေါ်ပါက ညီမလေးများ၏ဘဝပါ ထိခိုက်ရှာ တော့မည်။ ထို့ကြောင့် ဤအရပ်ဤမြေမှ ခွာမှဖြစ်မည်ဟု ကိုမျိုးမြင့် က ဆုံးဖြတ်၏။

၁၉၇၄ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် မည်သူ့ကိုမျှ အသိ မပေးဘဲ သူချစ်မြတ်နိုးသော မွေးရပ်မြေမှ ထွက်လာသည်။ ကိုမျိုးမြင့် ရွာမှ ထွက်လာသောအချိန်တွင် သူ့အသက် သည် ၂၄ နှစ်ရှိပြီဖြစ်၏။

* * *

သားဖြစ်သူရောဂါသည်ကို အရိပ်တကြည့်ကြည့်နေခဲ့သော မိခင်ကြီးသည် သားဖြစ်သူ ထိုနေ့က အချိန်မီ အိမ်ပြန်မလာ၍ သောကမီး တောက်လောင်ခဲ့ရ၏။ သားရောဂါသည်လေးကို ရောဂါ သည်ထောင်ပို့ရန်များ ခေါ်သွားပြီလားဟုလည်း စိတ်ပူသည်။ အမေ သည် ထိုနေ့ညက သားပျောက်ကိုရှာခဲ့ရာ မြို့အရှေ့ဖျားလည်းရောက် ၏၊ အနောက်ဖျားလည်းရောက်၏။ သူငယ်ချင်း မိတ်ဆွေများအိမ်သို့ ဘယ်နည်းနှင့်မျှ သွားမည်မဟုတ်၊ သားလေး သူ့ကိုယ်သူများ ချောင်းထဲ ခုန်ချပြီး သတ်သေသွားလေသလားဟု တွေးမိတွေးရာ အားကာ ရေတွင်းပေါင်းစုံသို့လည်း သွားရောက်ရှာဖွေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



သားအတွက် အပူမီးတောက်လောင်ခဲ့သော အမေသည် တစ်ညလုံး အိပ်၍မပျော်ခဲ့၊ မိုးလင်းတော့လည်း သားဖြစ်သူအား ခြေရာထပ်အောင်ရှာခဲ့သည်။ အမေသည် သားဖြစ်သူအား ကိုးလလွယ်ဆယ်လဖွားခဲ့သည်။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်အရွယ်မှ လူဖြစ်အောင် ပြုစုခဲ့သည်။ မှက် ခြင် ယင် လေ မသန်းရအောင် ပင်ပန်းကြီးစွာ စောင့်ရှောက်ခဲ့သည်။ အခုတော့ အသက်လိုချစ်တဲ့သား၊ ရင်ကိုခွဲပြီး အသည်းကို ပေးအပ်လိုတဲ့သားသည် ပျောက်ချင်းမလှ ပျောက်ခဲ့ပြီဖြစ်၏။ အမေသည် သားဖြစ်သူအား ပညာတတ်တစ်ဦး ဖြစ်စေလို၏။ စာတတ်ပေတတ်တစ်ဦး ဖြစ်စေလို၏။ သားဖြစ်သူက စာလည်းတော်သည်။ လေးတန်းတွင် ပညာသင်ဆုရခဲ့၏။ ထိုစဉ်က အမေမော်မဆုံး ပျော်မဆုံးဖြစ်ခဲ့ရဖူး၏။

သို့သော် ကြမ္မာဆိုးက အငြိုးနှင့် ရောက်လာခဲ့၏။ ၇တန်းတက်သောနှစ်က သား၏မျက်နှာလေးက ရဲလာသည်။ အမေသည် အစပထမတွင် သားဖြစ်သူ ပို၍လှလာသည်ဟုဆိုကာ ကျေနပ်၍ပင် နေသေး၏။ သို့သော် လအတန်ကြာတော့ နားရွက်ထူလာသည်။ ထိုအခါ အမေသည် အနာကြီးရောဂါများလားဟု စိုးရိမ်စိတ်ပေါ်လာ၏။ အမေ၏ စိုးရိမ်စိတ်သည် အမှန်ဖြစ်၍လာသည်။ သည်တော့ သားငယ်ကို ရင်မှာပွေ့လျက် ဆေးကု၏။ ဆေးမျိုးစုံနှင့်ကုသည်။ ရောဂါက တိုး၍သာ လာသည်။ ပျောက်ကင်းသည်ဟူ၍ မရှိ။ သည်လိုနှင့် တစ်စတစ်စ သားဖြစ်သူ အနာကြီးရောဂါဖြစ်နေကြောင်း ပတ်ဝန်းကျင်မှ သိသွားတော့ သားကို ကျောင်းမှ ထုတ်ထားလိုက်ရ၏။





သားဖြစ်သူသည် အိမ်မှ သိပ်မထွက်တော့။

အခုတော့ ခဏဆိုပြီး ထွက်သွားသောသားသည် ပြန်လာခြင်းမရှိ။ သားပြန်မလာသည်မှာ တစ်ရက်မှ တစ်ပတ်၊ တစ်ပတ်မှ တစ်လ၊ တစ်လမှတစ်နှစ်၊ တစ်နှစ်မှ ဆယ်နှစ်တိုင်ကြာသည့်တိုင် ပြန်မလာတော့။ ရာသီတွေ အလီလီပြောင်းခဲ့လေပြီ။ နွေမှဆောင်း၊ ဆောင်းမှနွေ၊ နွေမှမိုးသို့ကူးကာ ရွက်ဟောင်းတို့သည်လည်း အကြိမ်ကြိမ် ကြွေခဲ့ပြီ။ သို့သော် အမေကတော့ သားကို ချစ်သည့် ဇောနှင့် စောင့်မျှော်နေဆဲ ဖြစ်၏။ သမီးများသည်လည်း အရွယ်ရောက်၍ အိမ်ထောင်ရက်သား ကျကြပြီ။ အမေကတော့ သားကို မျှော်နေဆဲ ဖြစ်၏။

"အမေရယ်၊ အမေ့သားကြီး ပြန်မလာတော့ပါဘူး၊ သူ့အသက်ရှင်နေတယ်ဆိုရင်လဲ စာလေးဘာလေးတော့ ရေးမှာပေါ့၊ အခုတော့ ဆယ်နှစ်ကျော်ကြာတဲ့တိုင် ဘာအဆက်အသွယ်မှ မရတော့ ဆုံးရှာပါပြီ အမေရယ်၊ စိတ်လျှော့လိုက်ပါတော့"ဟု သမီးများက ဝိုင်းပြောကြ၏။ သို့သော် အမေက စိတ်မလျှော့၊ နေ့စဉ်ရက်ဆက် သားဖြစ်သူအား မျှော်နေဆဲ သားဖြစ်သူ ထွက်ခွာသွားသော နေ့ရက်များ ကိုသက်ရေချိုး၍ မျှော်ခဲ့သည်မှာ ဆယ်စုနှစ် နှစ်စုတိုင်ကြာခဲ့ပြီ ဖြစ်သည်။ သားဖြစ်သူကား ပြန်မလာ။ သို့သော် အမေသည် "ငါနှင့် ငါ့သားနေသေခင် တွေ့ကို တွေ့ရဦးမည်။ သားကို မတွေ့ရသမျှ အမေမသေသေးဘူးဟေ့"ဟု ကြွေးကြော်ကာ ရင်မှဖြစ်သော သားကို စောင့်လျက်ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ မျှော်သူ အမေ့ခမျာ မောဈသာနေသည်။ နံနက်ချိန် ဗျိုင်းလေးတစ်အုပ် အစာရှာထွက်သည်ကိုတွေ့လျှင် အမေက "ရွှေဗျိုင်းဖြူတို့ရယ်၊ သားလေးကို တွေ့လျှင် ပြောလိုက်ပါ၊ အမေမျှော်နေတယ်လို့" ဟုဆို၏။ ဗျိုင်းတစ်အုပ် အိပ်တန်းဝင်လာလျှင်လည်း "ရွှေဗျိုင်းဖြူတို့ရယ် ကျွန်မသားလေးကို မတွေ့ခဲ့ဖူးလား" ဟု တသသ မေးရှာ၏။ နာရီတွေကို ရက်စား၊ ရက်တွေကိုလစား၊ လတွေကို နှစ်စားကာ သားလေးအိမ်မှ ပျောက်ကွယ်သွားခဲ့သည်မှာ ၂၅ နှစ် တင်းတင်းပင် ပြည့်ခဲ့လေပြီ။

*

ကိုမျိုးမြင့်သည် အမေ့အိမ်မှ ထွက်လာပြီး ထောက်ကြံ့ရှိ အနာကြီးရောဂါကုဆေးရုံသို့ထွက်လာခဲ့၏။ ထိုဆေးရုံတွင် ဆားလဖုန်းဆေးများကို စား၍ နေခဲ့ရာ ရောဂါမှာ မတိုးသော်လည်း ပျောက်ကင်းမှုကား မရှိဘဲဖြစ်၏။ သည်ရုပ် သည်ရေဖြင့် ကိုမျိုးမြင့်သည် အမေ့ထံသို့ မပြန်လိုပေ။ အမေ့အိမ်တွင် အမေကကြည်ဖြူပါသော်လည်း တစ်ရပ်လုံး တစ်ရွာလုံး တစ်မြို့လုံးက ကြည်ဖြူမည်မဟုတ်၊ အနာကြီးရောဂါသည်ဟု ဆိုပါက အော့နှလုံးနာကာ ရှောင်ခွာ၍ ပြေးတတ်ကြသည်။ ထို့ကြောင့် အမေ့ဆီပြန်ဖို့အရေးက ဝေးလေ ဝေးလေ ဝေးလေဖြစ်ရသည်။ ထောက်ကြံ့အနာကြီးဆေးရုံ မှာကား သူ့ကြည့်တော့လည်း လက်တစ်ဖက်ကတို၊ ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့လည်း ခြေထောက်တစ်ဖက်က မရှိ၊ သူပြန်ကြည့်တော့ သူကလည်း နှာခေါင်း





ကချိုင့်၊ အတူတူနှင့်အနူနူသာဖြစ်သောကြောင့် နေရသည်က နေသာသေး၏။ မိမိထောက်ကြံ့တွင် ရှိကြောင်း အမေ့ကို အသိပေးလိုက်ပါက ထောက်ကြံ့သို့ အမေလိုက်လာမည်ဖြစ်သည်။ ထိုအခါ မိမိအသက်ရှင်နေမှန်းသိလျှင် နှမများလည်း မျက်နှာငယ်ကြရမည်။ အမေကိုလည်း ဒုက္ခပေးရာကျမည်ဟု ထင်မှတ်ကာ အမေနှင့်လည်း အဆက်အသွယ်မလုပ်ဘဲ နေ၏။ တစ်ကြိမ်တွင်တော့ အမေကိုယ်တိုင် ထောက်ကြံ့သို့ လာရှာ၏။ သို့သော် ကိုမျိုးမြင့်တစ်ယောက် မျက်ရည်စက်လက်ဖြင့် အမေမမြင်ရအောင်ပုန်းနေခဲ့သည်။ သည်ဘဝ သည်မျှသာရှိစေပါတော့ အမေဟုဆိုကာ အမေ့ကို အဝေးမှ လက်အုပ်ချီ၍သာ ဘန်တော့၏။

၁၉၈၆ ခုနှစ်လောက်ရောက်တော့ ထောက်ကြံ့အနာကြီးရောဂါ စခန်းကို သက်ဆိုင်ရာက ပြောင်းရွှေ့သည်။ ပြောင်းရွှေ့တော့ ကိုမျိုးမြင့် မန္တလေးသို့ပြောင်းသွားရ၏။ ထိုအခါ အမေနှင့် ပိုဝေးခဲ့သည်။ ၁၉၉၀ ပြည့်နှစ်သို့ ရောက်သောအခါ မန္တလေးရှိ အနာကြီးရောဂါဆေးရုံကို မတ္တရာမြို့နယ် နံ့သာမြိုင်စခန်းသို့ ပြောင်းရွှေ့ရသောအခါ ကိုမျိုးမြင့် မတ္တရာသို့ လိုက်ပါလာခဲ့ရ၏။ ထိုအခါ အမေနှင့်ပို၍ ဝေးခဲ့ရ၏။ သည်ဘဝ သားနှင့်အမေ သည်မျှသာပဲရှိပါစေတော့ အမေဟု ဆုတောင်းရင်း ကိုမျိုးမြင့်သည် မန္တလေးမှ မတ္တရာမြို့နယ်ရှိ နံ့သာမြိုင် အနာကြီးရောဂါသည်စခန်းသို့ ပြောင်းရွှေ့လိုက်ပါလာစဉ် အားပေါ်တွင် အမေ့ကို သတိရ၍ မျက်ရည်များကျရသည်။ သည်လို ဖြင့် ဘဝမျိုးစုံ ကြင်လည်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ်တွင်ပင် ကိုမျိုးမြင့်သည်



www.burmeseclassic.com

www.burmeseclassic.com



ဘဝတူ အမျိုးသမီးတစ်ဦးနှင့် အိမ်ထောင်ကျကာ သားငယ်တစ်ယောက်ကို ဖွားမြင်ခဲ့၏။

*

အနာကြီးရောဂါသည်တို့အတွက် ခေတ်ပြောင်းခဲ့လေပြီ။ အမ်ဒီတီဆေးပေါ်ပေါက်ခဲ့ပြီဖြစ်သည်။ ကိုမျိုးမြင့်သည်လည်း ဦးမျိုးမြင့်ဘဝသို့ရောက်ခဲ့ပြီဖြစ်၏။ ဦးမျိုးမြင့်သည်လည်း အမ်ဒီတီဆေးကိုမှီဝဲခဲ့သည်။ အမ်ဒီတီဆေးသည် အနာကြီးရောဂါကို လုံးဝပျောက်ကင်းအောင် ကုသနိုင်သည်။ ဦးမျိုးမြင့်အဖို့ အမ်ဒီတီဆေး သုံးဆောင်ပြီးရုံမျှမက နံ့သာမြိုင်အနာကြီးရောဂါစခန်းတွင် စာကြည့်တိုက်တစ်တိုက်ကို စုပေါင်းတည်ထောင်ခဲ့ကြ၏။ စာကြည့်တိုက်တွင် ဦးမျိုးမြင့်က စာကြည့်တိုက်မှူးဖြစ်၏။ "အမေရေ သားရောက်ရာဘဝမှာပဲ သားပျော်သလို နေပါရစေတော့၊ ဒီစာကြည့်တိုက်လေးဖွင့်ပြီး ဘဝတူရောဂါသည်များကို ပညာပေးတဲ့လုပ်ငန်းလေးနဲ့ပဲ သားဘဝ ကျေနပ်ပါရစေတော့"ဟု လက်အုပ်ချီကာ အဝေးမှ ဆုတောင်း၏။

မြန်မာပြည်သူ လူထုသည်လည်း အမ်ဒီတီ ဆေးဝါးပေါ်ပေါက်မှုနှင့်အတူ အနာကြီးရောဂါသည်များအပေါ် ထားရှိသော သဘောထားများလည်း ပြောင်းလဲလာခဲ့၏။ ဦးမျိုးမြင့်တို့ နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းသို့လည်း အလှူရှင်များ၊ မီဒီယာသမား၊ စေတနာရှင်များမကြာခဏလာရောက်ရုံမျှမက၊ အဖွဲ့တစ်ဖွဲ့က ပညာရေးထောက်ပံ့မှု အစီအစဉ်တစ်ရပ်ကို ရေးဆွဲကာ ကူညီထောက်ပံ့လျက် ရှိသည်။





ဆို့ကြောင့် နံ့သာမြိုင် အနာကြီးရောဂါသည် စခန်းကို ပြည်သူလူထုအလည်း ပိုမိုသိရှိလာခဲ့၏။

*

အမေကတော့ သားဖြစ်သူ ကိုမျိုးမြင့် ပြန်ရောက်လာမည့်ရက်ကို လက်ချိုး၍ ရေတွက်နေဆဲဖြစ်၏။ အမေ့သားဟာ အမေ့ရင်ခွင်ထဲကို မလွဲမသွေ ပြန်ရောက်ရမည်ဆိုသော မျှော်လင့်ချက်သည် အမေ၏ဘဝ တစ်သက်တာ မျှော်လင့်ချက်ဖြစ်၏။ သို့သော်လည်း အမေ့အသက် ကလည်း ၇၀ ကျော်လာ၍ အမေ၏မျှော်လင့်ချက်သည် သည်းမှုန်ဝါး၍ လာသည်မှာ အမှန်ဖြစ်၏။ အများက အမေ၏ မျှော်လင့်ချက်ကို အရိပ်အရောင်မျှမရှိဘဲ ဆန္ဒသာရှိသော မျှော်လင့်ချက်ဟု ဆိုကြ၏။ အမေကို အချို့ကတော့ သားအတွက် စိတ်ရောဂါဖြစ်နေရှာသူဟုဆိုသည်။ တချို့ကလည်း သားအတွက် ရူးသွပ်နေရှာသောအမေဟု ဆို၏။ သို့သော် တစ်နေ့တွင်တော့ အမေ့ထံသို့ မိတ်ဆွေတစ်ဦးက စာတစ်အုပ်ကိုကိုင်ကာ ရောက်ရှိလာ၏။ ထိုစာအုပ်မှာ နံ့သာမြိုင် အနာကြီးရောဂါသည်စခန်းမှ ထုတ်ဝေသော ကြာပန်းရေစင်မဂ္ဂဇင်းဖြစ်သည်။ ကြာပန်းရေစင်မဂ္ဂဇင်းကို ပညာရေးထောက်ပံ့မှု အစီအစဉ်မှ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ထိုမဂ္ဂဇင်းထဲတွင် ဦးမျိုးမြင့်၏ နံ့သာမြိုင် စာကြည့်တိုက်အကြောင်းကို ရေးသားထားရာ ဦးမျိုးမြင့်အကြောင်းလည်းပါသည်။ ဦးမျိုးမြင့် ဓာတ်ပုံလည်းပါသည်။

"အမေ ဟောဒီက နံ့သာမြိုင် စာကြည့်တိုက်မှူး ဦးမျိုးမြင့်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



အမေ့သား မဟုတ်လား”

“ဘယ်မလဲအေ၊ ပြစမ်းပါဦးဟယ်”ဟုဆိုကာ အမေက စာအုပ်ကို ဆွဲယူကြည့်သည်။ သို့သော် စာကြည့်မျက်မှန်မပါဘဲ အမေ့မျက်စိများက မမြင်ရ၊ သည်တော့ အမေက သူ့မျက်မှန်ကို တစာစာ တောင်း၏။

“ဒီမှာ မဂ္ဂဇင်းထဲမှာ စကားပြောနေတာ ကိုမျိုးမြင့်က ငယ်ရုပ်မပျောက်သေးဘူး၊ ဟောဒီမှာကြည့်”

“သမီးတို့ရဲ့၊ မျက်မှန် မြန်မြန်ယူခဲ့ပါဦး”

အမေက ကြာပန်းရေစင် မဂ္ဂဇင်းထဲမှ ဓာတ်ပုံကို သေချာစွာကြည့်သည်။ အမေ့သားမှ အမေ့သား၊ အမေမွေးထားသည့် သားကြီးဖြစ်သည်။ အနှစ်နှစ်အလလ ရှာခဲ့ရသော သားကို အခုတော့ တွေ့ပေပြီ။ အမေ့မေတ္တာစကား သစ္စာတရားဖြစ်ချေပြီ။

*

ဦးမျိုးမြင့်သည် မိမိ၏သားငယ်ဖြစ်သူကို စာသင်ကြားပေးနေသည်။ မြေးဖြစ်သူကို အမေတွေ့မြင်ရလျှင် အဘယ်မျှ ချစ်လေမည်မသိ။ မြန်မာစကားပုံတွင် သားအချစ်မြေးအနှစ်ဟု ဆိုသည်။ မိမိငယ်စဉ်ကကဲ့သို့ ရေဆေးငါးလို လှပရှာသောသားလေးကို အမေ့အား ပြလိုက်ချင်သည်။ သည်က ဦးမျိုးမြင့်၏ ဆန္ဒဖြစ်၏။ သြော်— အမေရော အသက်ရှင်ဆဲမှ ရှိပါလေစ၊ အမေတစ်ယောက် ဘဝတစ်ပါးသို့များ ကူးပြောင်းသွားလေပြီလားဟု တွေးတောနေချိန်တွင် အိမ်





ဦးထွန်းရင်နှင့် စာရေးဆရာ

www.burmeseclassic.com

www.burmeseclassic.com



တံခါးဝတွင် အမေ့ကို တွေ့လိုက်ရ၏။ အမေများ ဘဝတစ်ပါးပြောင်းသွားလို့ အရိပ်အရောင် ပြတာလားဟု ဦးမျိုးမြင့်က တုန်လှုပ်စွာ ခံစားလိုက်ရ၏။ ကိုမျိုးမြင့်သည် မိမိမျက်လုံးကို အကြိမ်ကြိမ်ပွတ်ကာ ကြည့်သည်။ အမေသည် ခြံဝမှသည် ခြံထဲသို့ လျင်စွာရောက်လာ၏။

ကိုမျိုးမြင့်က "အမေ အမေ အမေ"ဟု ခေါ်ရင်း အိမ်ပေါ်မှ ပြေးဆင်းသွားသည်။ အမေ့ဆီသို့ သားဖြစ်သူ ပြေး၍လာချေပြီ။ သားကို မြင်ရတော့ အမေခမြာ ရှေ့ဆက်လျှောက်၍ မရတော့။ အမေက သားထံ လျှောက်လာခဲ့သော ခရီးသည် ဝေးလွန်းလှ၏။ နှစ်ပေါင်း ၂၅ နှစ်ခရီးကို အမေ လျှောက်ခဲ့ခြင်းဖြစ်၏။ အမေသည် ပြေးလာသောသားကို ပွေ့ဖက်၍ ထားလိုက်သည်။ "သား"ဟူ၍ တစ်ခွန်းခေါ်ရန်အတွက်ပင် နှုတ်ခွန်အား မရှိရှာတော့။ သို့သော် အမေ၏ မှုန်ဝါးနေပြီဖြစ်သော မျက်လုံးများထဲမှာကား မျက်ရည်ပေါက်ကြီးများက တသွင်သွင်ကျဆင်းနေသည်။ ဦးမျိုးမြင့်ကလည်း အမေ့ခြေထောက်ကိုဖက်ကာ ငိုသည်။ ဦးမျိုးမြင့်သည် အမေ့မျက်နှာကို မော့ကြည့်သည်။ အမေ့မျက်ရည်ပေါက်များ ဦးမျိုးမြင့်၏ မျက်နှာပေါ်သို့ ပိုးပိုးပေါက်ပေါက် ဆက်ကျလာ၏။

အမေ့မျက်ရည်များသည် မျက်ရည်ပူများ မဟုတ်တော့၊ စမ်းရေပမာ အေးမြလျက် ရှိသည်ကို ဦးမျိုးမြင့် ခံစားနေရပြီ တည်း။

■



## အခန်း (၁၂)

# ကြည်နူးဝမ်းသာစရာ ဖြစ်ရပ်

တစ်နေ့တော့ မိတ်ဆွေတစ်ယောက် ခေါ်သွားလို့ မန္တလေးမြို့ ဥယျာဉ်တန်းရပ်က မိတ်ဆွေတစ်ယောက်ရဲ့အိမ်ကို ရောက်သည်။ ရောက်သွားတော့ အိမ်ရှင်များဖြစ်ကြသည် ဦးမြင့်ကျော်နှင့် ဒေါ်မြမေတို့က ပျာပျာသလဲကြိုကြ၏။ အိမ်ရှင်များက ငယ်ရွယ်သူများဖြစ်ပြီး လက်ဖက်ရည် မုန့် လက်ဖက်သုတ်စသော စားစရာများနှင့် ဧည့်ခံ၏။ ဘုန်းတော်က တည်ခင်းတဲ့လက်ဖက်ရည်ကိုသောက်ရင်း အိမ်ရှင်များကို လူကြီးမိဘတွေကော မရှိကြဘူးလားလို့မေးတော့ သူတို့က ဓာတ်ပုံ တစ်ပုံကို ထုတ်ပြ၏။

ဓာတ်ပုံထဲတွင် ရောဂါအခြေအနေဆိုးဝါးသော အနာကြီးရောဂါသည် အမျိုးသမီးကြီးတစ်ဦး၏ပုံကို တွေ့ရသည်။ နားရွက်၊ မျက်နှာ၊ နှာခေါင်း ခြေချောင်း လက်ချောင်းများ တိုနေသည်က အနာကြီးရောဂါသည် အမျိုးသမီးကြီးတစ်ဦးဖြစ်ကြောင်း ပိုသေချာစေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့အခါ အိမ်ရှင် ဦးမြင့်ကျော်က "ဒီပုံက ကျွန်တော့်အမေ့ပုံပါ၊ အမေက အနာကြီးရောဂါသည်တစ်ဦးပါ"ဟုဆို၏။

မိခင်ရောဂါသည်ကြီး၏ အသက်သည် ၆၀ ခန့် ရှိမည်ဟု ခန့်မှန်းရ၏။

"ဒါက ကျွန်တော့်အမေရဲ့ ရောဂါအသက်သာဆုံးအချိန်မှာ ဓာတ်ပုံရိုက်ထားတာပါ၊ ဒီနောက်ပိုင်းမှာတော့ ရောဂါက ဆိုးလာတော့ ဓာတ်ပုံမပြောနဲ့၊ အမေဟာ သေတဲ့အထိ သူ့မျက်နှာသူ မှန်တောင်ကြည့်မသွားတော့ပါဘူး၊ အမေ့ရောဂါက အစိုမျိုးလဲဖြစ်၊ စားနေတဲ့ ဆာလဖုန်းဆေးကလဲ ယဉ်သွားပြီး အခြေအနေ အတော်ဆိုးပါတယ်" ဟု ဦးမြင့်ကျော်က ရှင်းပြသည်။

"မမြမေကရော ရောဂါသည်သားသမီးပဲလား"

"မဟုတ်ပါဘူးဆရာ၊ ကျွန်မက တခြားရပ်ကွက်ကပါ၊ ကိုမြင့်ကျော်နဲ့ အိမ်ထောင်ကျပြီးမှ အမေ့ကို မြင်ဖူးတာပါ"

"ကိုမြင့်ကျော်ကို ရောဂါသည် သားသမီးမှန်း မသိလို့ ယူခဲ့တာလား မမြမေ"

"မဟုတ်ဘူးဆရာ၊ သူ့အမေက ရောဂါသည်၊ ရောဂါသည်ထဲမှာမှ အမေက တစ်ရပ်ကွက်လုံးထဲမှာ အဆိုးဆုံးလို့ ကိုမြင့်ကျော်က မယူခင်ကတည်းက ပြောပါတယ်ဆရာ၊ ကျွန်မလဲ ကိုမြင့်ကျော်နဲ့က မေတ္တာမျှပြီးဖြစ်နေတော့ တစ်မျက်နှာကနေ နောက်တစ်မျက်နှာ မပြောင်းချင်ဘူး၊ နောက်ပြီးတော့"ဟုဆိုကာ မမြမေက ရှက်နေသည်။

"နောက်ပြီးတော့ ဘာပြုလဲ မမြမေရဲ့ ဆက်ပါဦး"





"အဲဒီတုန်းက အသက်ကလဲ ငယ်သေးတယ်ဆိုတော့ ကျွန်မ သူ့ကို မခွဲနိုင်ဘူး"ဟု ဆိုသည်။ မမြမေက ခေါင်းကလေးကို ငုံ့ကာ ရှက်သွေးဖြာနေပါသည်။

"အဲဒီတုန်းက မခွဲနိုင်တော့ ခုရော"ဟု တစ်ယောက်က လှမ်းနောက်လိုက်တော့ မမြမေက ထိုသူ့ကို မျက်စောင်းထိုးလိုက်ပါ၏။

နောက်တော့ ကိုမြင့်ကျော်က သူ့တို့ဘဝဖြစ်ကြောင်းကုန်စင်ကို ပြောပြ၏။

*

ဒေါ်ပိုသည် တောင်သာမြို့နယ်၊ ရေခါးရွာမှဖြစ်၏။ ဒေါ်ပိုသည် ရောဂါလက္ခဏာများ ထင်ထင်ရှားရှားနှင့် မန္တလေးမနော် ယမံ ဆေးရုံသို့ဆေးလာကု၏။ မနော်ယမံ ဆေးရုံဆိုသည်မှာ ခရစ်ယာန် သာသနာပြုပုဂ္ဂိုလ်များဆောက်ထားသော ဝက်စလေစီနီ၀ွှန်းစသော အနာကြီးရောဂါကုဆေးရုံများကို မြန်မာလိုခေါ်ခြင်းသာဖြစ်၏။ ဒေါ်ပို ခနော်ယမံ ဆေးရုံသို့ရောက်တော့ အစပထမပိုင်းတွင် ဆာလ်ဖုန်းဆေး ဖြင့် ရောဂါအတော်အတန် သက်သာမှုရရှိခဲ့၏။ ထိုအချိန်တွင် မလှိုင် မြို့နယ်၊ ရွာသာအေးရွာမှ ဦးစိုးကလည်း ရောဂါဖြစ်၍ ဆေးကုလာရင်း ဒေါ်ပိုနှင့် မန္တလေးဆေးရုံတွင် တွေ့ဆုံကြသည်။ ဦးစိုးနှင့် ဒေါ်ပိုတို့သည် ဆေးဝါးကုသမှုခံယူရင်း တစ်ဦးနှင့်တစ်ဦး မေတ္တာမျှကာ ဆေးရုံမှ ဆင်းတော့ ဆေးရုံအနီး မဟာမြိုင်ရပ်ကွက်တွင် တစ်အိုးတစ်အိမ် ထူထောင်၍ နေကြ၏။ ဦးစိုး၏ရောဂါက အခြောက်မျိုးဖြစ်၍ ရောဂါသည်မှန်းပင် မသိသာ။ ဦးစိုးက အသံချဲ့စက်ထောင်တာ



www.burmeseclassic.com

www.burmeseclassic.com



အလှမြင်လာဆောင်များတွင် အသံချဲ့စက်အငှားလိုက်ဖွင့်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုကြ၏။ မိုးအခါများ၌ ကောက်ပေါ်ချိန် စပါးပေးနှင့် လိုက်ဖွင့်လျှင် ပို၍ကိုက်၏။ ထိုပြင် မြို့ထဲ၌လည်း တွင်ခုံတစ်ခုထောင်ကာ စီးပွားရေးကောင်း၏။ ဦးစိုးနှင့်ဒေါ်ပိုတို့မှ သားဦးလေး ကိုမြင့်ကျော်ကို ဖွားမြင်သည်။

ကိုမြင့်ကျော်သည် ရောဂါသည်သားသမီးများ စာသင်ရာ ခရစ်ယာန်သာသနာပြုကျောင်းတွင် အင်္ဂလိပ်စာသင်၏။ နောက်တော့ အမေက သာသနာပြု အင်္ဂလိပ်ကျောင်းတွင်နေပါက ဘာသာပျောက် မည်ကို စိုးရိမ်ရသည်ဟုဆိုကာ တောင်သာ ရေခါးဘုန်းတော်ကြီး ကျောင်းသို့ ပြန်ပို့ကာ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်စေ၏။ တောင်သာတွင် သုံးလေးနှစ် ကျောင်းနေပြီးသောအခါ အဖေက နောက်အိမ်ထောင်ပြုသွားသည်။ အဖေကလည်း နောက်အိမ်ထောင်ပြု၊ အမေ့ရောဂါကလည်း တိုးလာ၍ ကိုမြင့်ကျော်သည် တောင်သာမှ ဥယျာဉ်တန်းသို့ ပြန်ခဲ့သည်။ "ဥယျာဉ်တန်းမှာနေလျှင် များသော အားဖြင့် ရောဂါသည် သားသမီးဟူ၍သာ မှတ်ကြတာ၊ ဒီတော့ အများက ဝိုင်းပြီမစရ၊ မပြောင်ရလေအောင် အမေက ဥယျာဉ်တန်း လိပ်စာနဲ့ ကျောင်းမနေနဲ့ဆိုတာနဲ့ မြင်းတန်းက အဖေ့သူငယ်ချင်း တစ်ဦး အိမ်လိပ်စာနဲ့ ကျွန်တော်ကျောင်းတက်ရပါတယ်၊ ဒါပေမယ့်လဲ အတူနေ အတူသွား သူငယ်ချင်းတွေကတော့ ဥယျာဉ်တန်းက ထွက်လာတယ်ဆိုတော့ ရောဂါသည် သားသမီးလို့ အများက သိကြတာပါပဲ၊ ကျွန်တော်တို့ကတော့ ရောဂါသည်သားသမီးဆိုတော့





အစကတည်းက စိတ်အားငယ်နေရပြီး သူငယ်ချင်းတွေနဲ့ တည့် အောင်ပေါင်း၊ ဆရာတွေကလဲ အလွန်ကောင်းပါတယ်၊ ကျောင်းသား အချင်းချင်း မစဖို့ မနောက်ဖို့ ဆုံးမကြပါတယ်၊ အမေက ငယ်ငယ် ကတည်းက ဆရာ့စကားနားထောင်ဖို့၊ ဆရာသမား မိဘကို လေးစား ချစ်ခင်ဖို့ အမြဲတမ်း ဆိုဆုံးမပါတယ်၊ ကျွန်တော်ခြောက်တန်း၊ ခုနစ်တန်းလောက်မှာ အမေ့ရောဂါပိုဆိုးလာတယ်၊ အဲဒီအခါမှ ကျွန်တော်က အမေ့ကိုတိုးပြီး ပြုစုရပါတယ်"ဟု ကိုမြင့်ကျော်က ဆို၏။ ထို့နောက် ကိုမြင့်ကျော်က သူနှင့်သူ့အမေနေထိုင်ခဲ့စဉ်က ဖြစ်ရပ်များကို စိတ်လို လက်ရ ပြန်ပြောပြပါ၏။

"အမေနဲ့ နေတုန်းက မနက်မိုးလင်းလာရင် စောစောထ၊ ခြေသံမကြားအောင် အမေ့အိပ်ရာဆီကိုသွား၊ အမေ့ခြင်ထောင်လေးကို အသာမပြီး ချောင်းကြည့်ရပါတယ်၊ အမေမနိုးသေးဘူးဆိုရင် ကျွန်တော် အိမ်သန့်ရှင်းရေးလုပ်၊ ထမင်းချက်၊ ရေနွေးအိုးတည်၊ လမ်းထိပ်ပြေးပြီး လက်ဖက်ရည်နဲ့ နံပြားဝယ်၊ အဲသလို လုပ်ပြီး အတော်လေးကြာရင် အမေနိုးလာတတ်ပါတယ်။ အမေနိုးလာရင် အမေ့ခြင်ထောင်တင်၊ အမေမျက်နှာသစ်ဖို့ရေပေး၊ သွားတိုက်ဖို့ လုပ်ပေးရပါတယ်၊ သွားက သူ့ဟာသူ မတိုက်နိုင်ပါဘူး၊ အမေ့လက်ချောင်းတွေက အကုန်ကွေး ကောက်ကုန်ပါပြီ၊ လက်မရှိတော့ မုန့်ကို ခွဲ့ပေးရပါတယ်၊ မုန့်ဟင်းခါး၊ ပြား အကုန်ခွဲ့ပေးရပါတယ်၊ အဲ ဆီးတို့ ဝမ်းတို့သွားရင်လဲ အားလုံးသန့်စင်ပေးပြီး အမေ့ဝေယျာဝစ္စ အကုန်လုပ်ပေးရပါတယ်၊ အမေဟာ အဲဒီအချိန်မှာ အိမ်သာရောက်အောင် မသွားနိုင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ အပေါ့အပါးသွားရင် အိုးပဲသွားရပါတယ်”

“ကျောင်းသွားခါနီးတော့ အမေ့ကို ကျောကုန်းနဲ့ပိုးပြီး အိမ်ပေါ်က အိမ်အောက်ကို ရွှေ့ပေးရပါတယ်၊ တစ်နေ့လယ်လုံး အိမ်ပေါ်မှာ ချည်းဆိုရင် အမေပျင်းနေမှာစိုးလို့ပါ၊ ဒါ့အပြင် ကျွန်တော်က ကျောင်းမသွားခင် ဝက်စာကျိုရပါတယ်၊ ဝက်စာကို ဆန်ကွဲ ဖွဲနုရောနယ်ပြီး မိုးဗြဲ ဒယ်ကြီးနဲ့ကျိုရင်း အိမ်စာပေးလိုက်တာလေးတွေပါရင် အဲဒီအချိန်မှာ လုပ်ရပါတယ်ဆရာ၊ နောက် ဝက်စာကိုရေရောပြီး ဖျော်ကျွေး ခဲ့ရပါတယ်၊ မနက်စာထမင်းကိုတော့ အမဲသားရောင်းတဲ့ အဒေါ်ကြီး ဒေါ်ကံရှိက ချက်ပေးပါတယ်၊ သူက ဆွေမျိုးတော်တာတော့ မဟုတ် ပါဘူး၊ ဒီလိုပဲ အမဲသားရောင်းရင်းနဲ့ အမေနဲ့ခင်နေတာပါ၊ နေ့လယ် ၁၁ နာရီလောက်ဆိုရင် အမဲသားသည် ဒေါ်ကံရှိရောက်လာတတ် ပါတယ်၊ အဲဒီအချိန်မှ သူ့အမဲသားဟာ ကုန်ရင်လဲကုန်၊ မကုန်ရင် လဲ နည်းနည်းပဲ ကျန်တတ်ပါတယ်၊ ဒီတော့ ဒေါ်ကံရှိက အမေနဲ့ စကားပြောရင်း ထမင်းဝင်ချက်ပေးပါတယ်၊ အမဲသားလေး ဘာလေး ကျန်ရင်လဲ အဲဒီအမဲသားကို ခုတ်ထစ်ပြီး ဟင်းချက်ပေး ထားပါတယ်၊ အမဲသားဖိုးတော့ ပေးရပါတယ်၊ သူက နေ့တိုင်း အိမ်မှုကိစ္စလေးတွေ ဝင်လုပ်ပေးပါတယ်၊ ဒေါ်ကံရှိက ဒီအရပ်က မဟုတ်ပါဘူး၊ သူက အဝေးကနေ ဈေးလာရောင်းတာပါ ဆရာ”ဟု ဆို၏။

ဆက်၍ ကိုမြင့်ကျော်က ‘ညနေကျရင် အမေ့ကို ထမင်းကျွေး လုပ်ရပါတယ်၊ ထမင်းမကျွေးခင် အနာတွေကို ဖန်ရည်ဆေးရပါတယ်၊





အမေ့အနာတွေက အတော်လေး များပါတယ်၊ အနာတွေကို နေ့တိုင်း ဖန်ရည်ဆေးပေးရပါတယ်၊ လက်တွေ၊ ခြေထောက်တွေကိုလဲ ပတ်တီးစည်းပေးရပါတယ်၊ အမေက ဆာလိုဖုန်းဆေးကို ကာလ ကြာရှည်စွာ သောက်လာသူပါ၊ ကြာတော့ ဆေးလဲ ဆက်မသောက်ချင်တော့ဘူး၊ ခြေသလုံးတစ်ဝက်လောက်ကို ပတ်တီးစည်းပေးရပါတယ်၊ လက်တွေ ခြေထောက်တွေကိုလဲ ပတ်တီးစည်းပေးရပါတယ်၊ အနာဖြစ်ပြီး အသားတွေ ပုပ်ကုန်တော့ အရိုးတွေ ပေါ်လာရင် အရိုးတွေကို ကပ်ကြေးနဲ့ တိတန်တာတိပေး၊ အချို့အဆစ် ထိရောက်နေရင်လဲ တစ်ခါတည်း ဖြုတ်ချလိုက်ရပါတယ်၊ ဒီရောဂါက အဲဒီလို အသားတွေကို တိပေး၊ ညှပ်ပေးရင် မနာပါဘူး၊ အာရုံကြောတွေက ပျက်စီးနေတာကိုး ဆရာရဲ့၊ အဲဒီတုန်းကတော့ ဆေးက ယူဇောပါပဲ၊ အနာပေါ်မှာ ယူဇောတင်ပြီး ပတ်တီး စည်းပေးရတာပါ၊ အမေ့အနာက အရည်တစိုစိုနဲ့ပါ၊ ကျွန်တော်တို့အတွက်ကတော့ အမေဆိုတော့ မရွံနိုင်ရှာနိုင်ပါဘူး၊ ဒီအမေဗိုက်ထဲက ထွက်လာတော့ နံမယ်ဆိုလဲ ဗိုက်ထဲမှာကတည်းက နံမှာပါ၊ ဒါကြောင့်လဲ မကြောက်လှပါဘူး၊ အမေမွေးလို့ လူ့ပြည်ရောက်လာတာပဲ၊ အမေ့ဆီက ရောဂါ ရရင်လဲ ရပါစေလို့ပဲ သဘောထားပါတယ်၊ ၁၉၇၀ ပြည့်လောက်ကျတော့ အမေ့ရောဂါဟာ ပိုဆိုးလာပြီး အိပ်ရာထဲမှာဗုန်းဗုန်းလဲတဲ့ဘဝ ရောက်တော့တာပါပဲ၊ ဒါပေမယ့် အမေ့ကို ပြုစုပြီး ညနေဘက်ဆိုရင် တော့ ကျွန်တော်က ရေမိုးချိုးပြီး လူငယ်ဘဝ ဟိုဘက်အပိုင်း ဒီဘက်အပိုင်း သွားလည်ရပါတယ်၊ အဲဒီတုန်းက မမြမေတို့က



www.burmeseclassic.com

www.burmeseclassic.com



ဆရာအတတ်သင် ကျောင်းနားမှာ နေပါတယ်၊ သူက ရှစ်တန်းအောင်တော့ အထက(၁၆) မှာ ကျောင်းဆက်တက်နေတာပါ၊ သူ့အစ်မဝမ်းကွဲတွေက ကွမ်းယာ ဆိုင်ထွက်ပါတယ်၊ ကျွန်တော်က သူ့အစ်မတွေနဲ့ ရင်းနှီးပါတယ်၊ ကွမ်းယာဆိုင်ကို အကြောင်းမရှိ အကြောင်းရှာသွားရင်းနဲ့ သူ့အစ်မတွေ ကနေတစ်ဆင့် မမြမေနဲ့ ရင်းနှီးအောင်လုပ်ပြီး နောက်ပိုးရတာပါ၊ သူ့အစ်မကလဲ ကျွန်တော့်အတွက် အောင်သွယ်လုပ်ပေးရာက ကျွန်တော်နဲ့ မမြမေ ကြိုက်သွားကြပါတယ်”

“ကျွန်တော်တို့ ၁၉၇၅ ခုနှစ် အစပိုင်းမှာတွေ့ပြီး မကြာခင်မှာပဲ မေတ္တာမျှခဲ့ကြတာပါ၊ အဲဒီ နှစ်လယ်လောက်မှာ ကျွန်တော် မမြမေကို တောင်သာဘက် ခိုးပြေးပါတယ်၊ အမေ့ကိုထားပြီး မိန်းမခိုးပြေးတော့ အရမ်ကပဲ အမေ့ကိုဝိုင်းပြုစုထားရတာပါ၊ ခိုးမပြေးခင် ကျွန်တော် သူ့ကို ပွင့်ပွင့်လင်းလင်းပဲ ပြောပါတယ်၊ ငါ့အမေက ရောဂါသည်ပဲ၊ ဒီရပ်ကွက်ထဲက ရောဂါသည်တွေထဲမှာ အမေ့ရောဂါက အဆိုးဆုံးပဲ၊ မင်းသည်းခံနိုင်ရင်ယူ၊ သည်းမခံနိုင်ဘူးဆိုရင်တော့ မယူနဲ့ဆိုတော့ ကိစ္စမရှိပါဘူး၊ ရှင့်အမေဟာလဲ ကျွန်မအမေပဲ ဖြစ်လာရမှာပေါ့ဆိုပြီး သူ ခိုးရာလိုက်ခဲ့ကြတာပါ၊ ခိုးရာလိုက်တာကတော့ သူ့အဖေက ဆိုက်ကားနင်းပါတယ်၊ ဒီတော့ ရောဂါသည်တွေနဲ့လဲ ရင်းနှီးနေတော့ ရောဂါကို အထူးအဆန်းရယ်လို့ သဘောမထားပါဘူး၊ ဒါပေမယ့် သူ့အမေက သဘောမတူတာနဲ့ ခိုးပြေးတာပါ၊ တောင်သာကိုခိုးပြေးပြီး တောင်သာမှာ သုံးလေးရက်နေပါတယ်၊ နောက် တောင်သာကနေ မိတ္ထီလာကိုလာပြီး တရားရုံးမှာ လက်ထပ်ကြပါတယ်၊ မိတ္ထီလာက





ကျွန်တော်တို့ ပြန်လာကြတာပါ၊ ကြာကြာနေလို့လည်း မဖြစ်ဘူး၊ အမေ့ကို ဒီအတိုင်းထားခဲ့ရတာ၊ အမေ့ကို စောင့်ရှောက်ဖို့ အမြန်ဆုံး ပြန်လာခဲ့ကြတာပါ၊ ၁၉၇၅ ခုနှစ်လယ်လောက်မှာ ကျွန်တော်တို့ လက်ထပ်ပြီး အဲဒီနှစ် ကုန်ခါနီးမှာ အမေဆုံးသွားပါတယ်၊ ကျွန်တော် အိမ်ထောင်ပြုပြီး ခြောက်လလောက်ကြာမှ အမေဆုံးတာပါ” ဟု ကိုမြင့်ကျော်က ဆိုပါ၏။

ကျွန်တော်က ရောဂါသည် အမေကြီးကို ပြုစုစောင့်ရှောက်ခဲ့သော ကိုမြင့်ကျော်ကို စိတ်ထဲမှကြိတ်၍ ချီးကျူးနေမိ၏။ ခေတ်သူငယ်များ ရောဂါသည်မိဘကို ထိုကဲ့သို့ ပြုစုမှုမျိုး ရှိတော့ရှိသည်။ ရှားသည်ဟုဆိုရပါမည်။ မိဘကခေါင်းကိုက်လျှင်ပင် နဖူးလေး လက်တင်ပြီး နှိပ်ပေးသော သားသမီးမျိုးက အတော်ရှားပါ၏။ ယခုတော့ ကိုမြင့်ကျော်သည် ပြည့်စုံသော စီးပွားရေးသမားတစ်ဦး ဖြစ်နေပေရာ အမေကိုပြုစုစောင့်ရှောက်သော ကျေးဇူးဟုပင် ဆိုရမည် ဖြစ်သည်။

ကိုမြင့်ကျော်၏ဇနီး မမြမေက အသား မဖြူမညို၊ အရပ်က သောင်ထောင်မောင်းမောင်း၊ အသားအရည်စိုပြည်၍ တကယ့်မြန်မာ့ အမျိုးသမီး မိန်းမချောတစ်ဦး ဖြစ်ပါသည်။ အိမ်မှုကိစ္စများကိုလည်း ပြတ်ပြတ် လုပ်ကိုင်နေသော အမျိုးသမီးတစ်ဦးဖြစ်၏။ ကျွန်တော်က မမြမေအား “မမြမေ အတွေ့အကြုံကိုပြောပါဦး” ဟုဆိုတော့ “ကိုမြင့်ကျော်နဲ့ တွေ့တော့ ကျွန်မအသက်က ၁၇ နှစ်၊ ၁၈ နှစ်လောက်ပဲ ရှိသေးတယ်၊ တစ်ခါမှလဲ ရည်းစားမထားဖူးပါဘူး၊ ကိုမြင့်ကျော်ကို



www.burmeseclassic.com

www.burmeseclassic.com



လဲ တွေ့ရော သူ့ကို တအားပုံပြီး ချစ်မိတာပါပဲ၊ သူကတော့ အမေကြီးဖြစ်သူက ရောဂါသည်၊ သည်းခံနိုင်ပါ့မလားလို့ မေးပါတယ်၊ ကျွန်မလဲ သူ့အမေဖြစ်မှတော့ ကျွန်မ အမေပဲပေါ့လို့ သဘောထားပြီး ခိုးရာလိုက်ခဲ့တာပါ၊ ကျွန်မအဖေက ဆိုက်ကားနင်းပါတယ်၊ မွေးချင်း သုံးယောက်မှာ ကျွန်မက အကြီးဆုံးပါ၊ ကျွန်မတို့ တောင်သာက ပြန်လာတော့ ကိုမြင့်ကျော်အိမ်ကို တန်းတက်ရပါတယ်၊ အိမ်ပေါ် ရောက်တော့ အမေကြီးကို ကျွန်မတို့နှစ်ယောက် ကန်တော့ကြပါတယ်၊ ကျွန်မက ငယ်ငယ်တုန်းကတော့ ရွံတတ်ပါတယ်၊ ကိုမြင့်ကျော် အမေကိုလဲ တွေ့ရော ယောကျ်ားမျက်နှာနဲ့ ကျွန်မသနားသွားတယ်၊ ဒီတော့လဲ မရွံရှာနိုင်တော့ပါဘူး၊ ကိုမြင့်ကျော် မရှိတဲ့အခါ သူလုပ်တဲ့ အလုပ်တွေ ကျွန်မပဲ အကုန်လုပ်ပေးရတာပါ၊ ကျွန်မ ယောက္ခမကြီးက စိတ်ရှည်သည်းခံပါတယ်၊ ကျွန်မရောက်မှ အမေကြီးကို နံ့သာဖြူ ကရမက်သွေးပြီး တစ်ကိုယ်လုံး လိမ်းပေးတော့ အမေကြီးက ပိုသန့် သွားတာပေါ့၊ သားဖြစ်သူကတော့ ဒီလို ဘယ်စေ့စေ့စပ်စပ် ပြုစုနိုင်ပါ့ မလဲ၊ ကျွန်မကပဲ ပြုစုရတာပေါ့၊ နောက် အနာဆေးထည့်တာကိုလဲ ကိုမြင့်ကျော်က ပြပေးပါတယ်။ ဒါနဲ့ ကျွန်မ အမေကြီးကိုပြုစုတတ် အနာဆေးထည့်တာလဲ တတ်လာပါတယ်။ အစကတော့ ကိုမြင့်ကျော် အမေက သူ့သားပြုစုတာမှ ခံချင်တာ၊ နောက် ကျွန်မ စိတ်ရှည် လက်ရှည် ပြုစုပေးတော့ ကျွန်မမှ ကျွန်မ ဖြစ်လာပါတယ်” ဟု ပြောပြ၏။

ကိုမြင့်ကျော်က သူ့အမေမို့ သူ့ပြုစုတာ မှန်သော်လည်း





ချွေးမဖြစ်သူက လင်မျက်နှာနှင့် ယခုကဲ့သို့ အနာကြီးရောဂါသည် ယောက္ခမကို ပြုစုပေးသော ချွေးမမျိုးကိုလည်း တော်ဝင်ချွေးမဟု ဆိုရမည်ဖြစ်ပါ၏။ သမ္ဘူလလို ချွေးမဟုဆိုရမည်။ ကိုမြင့်ကျော်နှင့် မမြမေတို့တွင် သားသမီးသုံးယောက်ရှိသည်။ တစ်ဦးကိုမျှ ရောဂါမကူး ဟုဆို၏။ အခုနေ “ရောဂါဖြစ်လဲ ကျွန်မတို့ မကြောက်ပါဘူး၊ ပျောက်ကင်းတဲ့ ဆေးလဲရှိနေပြီ၊ ဆေးမရှိတုန်းကတောင် ယောက္ခမ ဖြစ်သူကို ကိုယ်ဖိရင်ဖိ ပြုစုခဲ့ရတာ၊ ခုလို ဆေးပေါ်ချိန်မှာ အနာကြီး ရောဂါဆိုတာခေါင်းကိုက် ဗိုက်နာသလောက်ပဲရှိပါတယ်” ဟု မမြမေ က ဆက်ပြော၏။


ကိုမြင့်ကျော်နှင့်မမြမေတို့အိမ်မှ ကြည်နူးစွာဖြင့် ပြန်လာခဲ့သည်။ ကြုံတွေ့ရသမျှသော အနာကြီးရောဂါအကြောင်း ဖြစ်ရပ်များစွာထဲတွင် ဤဖြစ်ရပ်ကတော့ ကြည်နူးဝမ်းသာစရာ ကောင်းလွန်းသည်။

■



www.burmeseclassic.com

www.burmeseclassic.com



မဝင်းသန်းဦး

## အခန်း (၁၃)
## မငြိုသည့်မျက်ဝန်း

၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက်နေ့။

ထိုနေ့ကိုတော့ မဝင်းသန်းဦး ဘယ်တော့မှ မေ့နိုင်မည် ဟုတ်ပါ။ ထိုနေ့သည် သူနာပြုသင်တန်းတက်ရောက်ရန် မဝင်းသန်းဦးသည် ရေနံ့သာအနာကြီးရောဂါ အထူးကုဆေးရုံမှ မန္တလေးသို့ ဆေးရုံပိုင် ဟိုင်းလက်ကားဖြင့် ထွက်ခွာလာခဲ့ရသောနေ့ ဖြစ်သည်။

မဝင်းသန်းဦးသည် သူ့အဝတ်ထုပ်ကလေးကို ပေါင်ပေါ်တင်ထား တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လှုပ်လျက်ရှိ၍ သူမ၏ စိတ်များကလည်း ပျံ့လွင့်ကာ ရှုးသွပ်မတတ် ခံစားလိုက်ပါလာရသော နေ့ဟုလည်း သူမကိုယ်တိုင်က ဆိုပါသည်။ ဆေးရုံပိုင် ဟိုင်းလက်ကားသည် မန္တလေး မိုးကုတ်လမ်းမကြီးပေါ်တွင် တရိပ်ရိပ်ပြေးနေ၏။ တရိပ်ရိပ်ပြေးနေသော ကားပေါ်မှ အရှေ့ဘက်သို့ ကြည့်လိုက်ပါလျှင် ရှမ်းရိုးမတောင်တန်းကြီး၏ တောင်ရိုးတောင်စွယ်များကို တစ်ခါတစ်ရံ



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရ၍ ကားလမ်း၏နောက်ဘက်တွင်ကား လယ်များ ယာများ စိုက်ခင်းများကို တွေ့မြင်နေရ၏။

မဝင်းသန်းဦးက သူမဘဝကို သူနာပြုဆရာမအဖြစ် ဘယ်တုန်းကမှ မမျှော်မှန်း ဝံ့ခဲ့သူဖြစ်၏။ သူမ၏ဘဝတစ်သက်တာ ကာလ ပတ်လုံး တစ်ကြိမ်တစ်ခါမှ ခေါင်းဖော်ခံဝံ့သော ဘဝမျိုး မဟုတ်။ သူမ၏မိသားစုက အနာကြီးရောဂါသည်မိသားစုဖြစ်သည်။ ဖခင်ကြီးတွင်ကား အနာကြီးရောဂါ လက္ခဏာများ ထင်ထင်ရှားရှား ရှိသည်။ မိသားစုတွင် ညီအစ်ကို မောင်နှမငါးယောက်ရှိ၍ မဝင်းသန်းဦးက အကြီးဆုံးဖြစ်၏။ မောင်လေးနှစ်ယောက်နှင့် ညီမလေး နှစ်ယောက် ရှိ၏။ သူမတို့ မိသားစုက နံ့သာမြိုင် အနာကြီးရောဂါစခန်းတွင် အဆင်းရဲဆုံးမိသားစုဖြစ်သည်။ ဖခင်ကြီးဖြစ်သူက ရောဂါသည် ဖြစ်သော်လည်း ငွေတွင်းက နက်လှသဖြင့် ရွာမှတောင်ပေါ်သို့တက်၍ မီးသွေးရလျှင် မီးသွေးထမ်း၊ ထင်းရလျှင် ထင်းခုတ်၊ ဝါးတွေ့လျှင် ဝါးခုတ်ပြီး မယ်ထစ်ထမ်းမောင်တစ်ရွက် ရုန်းကန်ကြ၏။ တောင်ပေါ် တက်တိုင်း မိသားစု တစ်ဝမ်းတခါးအတွက် လုံလောက်အောင် ရကြသည်မဟုတ်။ ပြည့်စုံအောင် မရသောနေ့များလည်းရှိ၏။ ထိုကဲ့သို့ သောနေ့များတွင် မဝင်းသန်းဦးတို့ မိသားစုသည် ချေးငှားလို့ရလျှင်ရ မရလျှင် ဗိုက်မှောက်နေကြရ၏။ စီးပွားရေး မည်မျှပင် ချို့တဲ့စေကာမူ ဖခင်ကြီးက သားသမီးများအား သေစာ ရှင်စာတော့ တတ်စေလို၏။

မဝင်းသန်းဦး၏ဖခင်ကြီးက ဦးသန်းဆွေဖြစ်၍ မိခင်ကြီးက ဒေါ်ဝင်းကြည် ဖြစ်သည်။





"မဝင်းကြည်ရေ၊ တို့သားသမီးတွေ မွေးထားတာ သူတို့ကို သေစာရှင်စာလောက်တော့ တတ်အောင်သင်ကွယ်၊ စာထဲမှာ ဘဝ အတွက် အဆုံးအမတွေပါတယ်၊ ဘဝသင်ခန်းစာတွေပါတယ်၊ လိမ်မာ ရေးခြားရှိဖို့ ဆိုဆုံးမတာတွေပါတယ်၊ ငါတို့လဲ သားသမီး တွေကို ဆုံးမ တတ်ဘူး၊ စာတစ်လုံး ဘုရားတစ်ဆူတဲ့ကွဲ့"ဟု ဦးသန်းဆွေက ဆို၏။

ဒေါ်ဝင်းကြည်ကတော့ "မိသားစုခံတွင်းက နက်လွန်းလို့ ကြီးစားပါမယ်ရှင်" ဟု ဆိုရုံသာ ဆိုနိုင်သည်။ ကလေးများကို ကျောင်းထား ရတာကမလွယ်၊ ကျောင်းဝင်ကြေး၊ စာအုပ်ဖိုး၊ ကျောင်းဝတ်စုံလေး တစ်စုံတော့ရှိဦးမှ၊ ဒါကို ဒေါ်ဝင်းကြည်တို့ မိသားစု ဘယ်လို တတ်နိုင်ပါမည်နည်း။

သို့သော်လည်း ဦးသန်းဆွေ၏ဆန္ဒနှင့်အညီ သမီးအကြီးဆုံးကို တော့ လေးတန်းလောက်တော့ အောင်အောင်သင်ပေးမည်ဟု ဒေါ်ဝင်း ကြည် ဆုံးဖြတ်ထား၏။ ကလေးတွေက တစ်နှစ်တစ်ယောက် ဆိုသလို ကျောင်းဝင်ရမည့်အချိန်ရောက်လာတော့ ကျောင်းစရိတ်က သည်ပင်း ခိုက်လာခဲ့၏။ မဝင်းသန်းဦး လေးတန်းအောင်တော့ ဖခင်ကြီးက ငါးတန်းဆက်ထားလို၏။ "သမီးလေးတော့ ကျောင်း ထုတ်ပါနဲ့ကွာ၊ ငါ နှစ်ဆကြိုးစားပါမယ်"ဟုပြော၏။ ဖခင်ကြီးက ခင်က တောင်ပေါ်မှ မီးသွေးနှစ်အိတ်သယ်ရာက သမီးကျောင်းတက် နိုင်အောင် မီးသွေး သုံးအိတ်သယ်ပြီး သမီးကြီးကို ကျောင်းထားခဲ့၏။

နောက် ကျောင်းဝင်မည့်ကလေးများက တန်းစီ၍ လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ဆရာမကြီးထံ ကျောင်းဝင်ကြေး ကျောင်းစရိတ်နှစ်လယ် လောက်မှ ပေးပါရစေဟုဆိုကာ ကျောင်းအပ်ရ၏။ အချို့ကလေး များကိုလည်း ကျောင်းမှအခမဲ့ ကျောင်းဝင်ခွင့်ပေးသောကြောင့် သည်တစ်နှစ် ကျောင်းအပ် ကျောင်းထားရမှု အဆင်ပြေသွား၏။ နောက် တစ်နှစ် ကလေးငါးယောက် စာကျောင်းထားဖို့အတွက် ဖခင်ကြီးက မီးသွေးငါးအိတ် သူ့ကျောပေါ်တင်ရလျှင် မီးသွေးအိတ်ပိ၍ သေဖို့ရပင်ရှိတော့၏။ သည်ကိစ္စကို တွေးပူရသည်က ဒေါ်ဝင်းကြည် ဖြစ်၏။ မည်သို့မျှ မတတ်နိုင်၊ သေစာရှင်စာမက တတ်နေပြီဖြစ်သော အကြီးဆုံးသမီး ဝင်းသန်းဦးကို ကျောင်းထုတ်ရုံသာရှိသည်။ မဝင်းသန်း ဦးအားလည်း "သမီးရေ ဒီနှစ်တော့ ကျောင်းထွက်တော့၊ မောင်လေး တွေအတွက်လဲ အလှည့်ပေးဦး"ဟု ဆိုထားပြီး ဖြစ်၏။

နံ့သာမြိုင်ရွာတွင်က ညီအစ်ကို မောင်နှမများသော မိသားစု များတွင် တစ်လှည့်စီ ကျောင်းနေကြရ၏။ မဝင်းသန်းဦး ဆဋ္ဌမတန်း အောင်တော့ ဖခင်ဖြစ်သူက "သမီးက ဆဋ္ဌမတန်းကို ထိပ်တန်း ကလည်း အောင်တယ်၊ ဒီတစ်နှစ်တော့ အငယ်ကောင်တွေကို ကျောင်းတော့ အပ်ထား၊ ကျောင်းမတက်စေဘဲ အိမ်မှာပဲ သမီးကြီးက သင်ပေး၊ စာမေးပွဲချိန်ရောက်မှသွားဝင်ဖြေ၊ ဆရာမကြီးကိုလဲ အကျိုး အကြောင်း ပြောထားပါ"ဆိုသဖြင့် ထိုနှစ်ကလည်း မဝင်းသန်းဦးကို ကျောင်း မထုတ်ဖြစ်သေးဘဲ မိသားစု အစွမ်းကုန် ရုန်းကန်ခဲ့ရ၏။

တနင်္လာနေ့မှ သောကြာနေ့အထိ မိဘများက ပင်ပန်းကြီးစွာ ဖြင့် တောင်ပေါ်တက်ရ၏။ စနေ၊ တနင်္ဂနွေနေ့များတွင် အိမ်စောင့်





အငယ်ဆုံးကလေးနှစ်ဦးကို ချန်ထားပြီး ကျန်မောင်နှမများပါ မကျန် တောင်ပေါ်တက်ရသည်။ တောင်ပေါ်တက်ရသော်လည်း ယခင်ကလို မလွယ်ကူ၊ တစ်နှစ်ထက်တစ်နှစ် တောင်တွေကပြေး၊ တောတွေက ဆုတ်လာ၏။ ယခင်က သုံးမိုင်လောက်ဝေးသောနေရာတွင် ဝါးလေး ထင်းလေးရနိုင်ပေမယ့် ယခုတော့ ခုနစ်မိုင် ရှစ်မိုင်လောက်ပါသွားမှ ဝါးလေး ထင်းလေးကို စတွေ့နိုင်၏။ သည်နှစ်တော့ ဘယ်နည်းနှင့်မဆို ဝင်းသန်းဦးကို ကျောင်းထုတ်ရမည်ဟု ဒေါ်ဝင်းကြည် စိတ်ပိုင်းဖြတ်ပြီး သား ဖြစ်၏။

ဦးသန်းဆွေ၊ ဒေါ်ဝင်းကြည်တို့ မိသားစု ကံကောင်းသည်ဟု ဆိုရမည်။ ဦးသန်းဆွေ၊ ဒေါ်ဝင်းကြည်တို့ မိသားစုသာမက နံ့သာမြိုင် တစ်ရွာလုံး ကံကောင်းခဲ့ခြင်းဖြစ်၏။ ရန်ကုန်မှ စေတနာရှင်တစ်စုက နံ့သာမြိုင်တွင် ပညာရေးထောက်ပံ့မှု အစီအစဉ်တစ်ခု ပြုလုပ်မည် ဟုဆို၏။ ဦးသန်းဆွေက ပညာရေး ထောက်ပံ့မှုဆိုတာကို ဘာရယ်လို့ မသိ၍ လိုက်မေးရ၏။ မေးတော့လည်း မသိတဲ့ လူတွေကများ၏။ ဒီတော့ ရွာကလူကြီးပိုင်းကို တိုက်ရိုက်မေးမှပဲဟုဆိုကာ ရပ်မိရပ်ဖ များကိုသွားမေး၏။ သည်တော့ ရွာမှ ကျေးရွာလူကြီးများ "ပညာရေး ထောက်ပံ့မှု အစီအစဉ်ဆိုတာ ကျွန်တော်တို့ရွာက သူငယ်တန်းကနေ ဆယ်တန်းအထိ ရောက်နေတဲ့ကလေးတွေအတွက် ကျောင်းဝင်ကြေး ဆ:မယ်၊ ဖတ်စာ စာအုပ်ဖိုး၊ ဗလာစာအုပ်ဖိုး ထောက်ပံ့မယ်၊ ကျောင်းအတွက် လိုတာတွေကိုလဲ ကူညီမယ်၊ ခင်ဗျားတို့ မိဘတွေ ဘက်က ကျောင်းသားတွေကို ကျောင်းမှန်မှန် လွှတ်ပေးရမယ်



www.burmeseclassic.com

www.burmeseclassic.com



ဒါပဲ”ဟု ရှင်းပြ၏။

“ဟ ဒါဆိုရင် ထိပေါက်တာပဲ၊ ငါ့သမီးလေး ဝင်းသန်းဦးလဲ ကျောင်းမထွက်ရတော့ဘူး၊ ကျန်ကလေးတွေလဲ ကျောင်းတက်ရတော့မယ်၊ မရှင်းကြည်ကို ပြေးပြောဦးမှပဲ” ဟုဆိုကာ ဦးသန်းဆွေ တစ်ယောက် ဝမ်းသာအားရနှင့်အိမ်သို့ပြေးလာရာ လမ်းတွင် ခလုတ်တိုက်မိ၍ အနာတရဖြစ်ခဲ့ရသေး၏။

ပညာရေးထောက်ပံ့မှု အစီအစဉ်ဆိုတာ သေချာစွာ မသိရသေး၍ တစ်ရွာလုံး ဝမ်းမသာနိုင်သေး၊ လာမည့်နှစ် ကလေးတွေကို ကျောင်းဝင်းကြေး စာအုပ်ဖိုးပေးမည်ဆိုတာတော့ သိ၏။ ၁၉၉၉–၂၀၀၀ စာသင်နှစ် ကျောင်းဖွင့်စတွင် နံ့သာမြိုင်မှ ကျောင်းသားမိဘများ စမ်းတဝါးဝါးနှင့် ကျောင်းသို့သွားကြ၏။ ထိုနှစ်က သူငယ်တန်းမှ ဆယ်တန်းအထိ နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းမှ ကျောင်းတက်မည့်ကျောင်းသား ၃၁၃ ဦးရှိ၏။ ထိုကျောင်းသားအားလုံးအား ရန်ကုန်မှ ပညာရေးထောက်ပံ့သူတို့က ကျောင်းအဝတ်အစားတစ်စုံ၊ ကျောင်းဝင်ကြေး၊ ဖတ်စာစာအုပ်နှင့် ဗလာစာအုပ်များ အခမဲ့ပေးမည်၊ မိဘများက မိမိတို့သားသမီး ကျောင်းသားများအတွက် တစ်ပြားတစ်ချပ်မှ ကျောင်းနေစရိတ် ကုန်ကျစရာမလိုဟု ကြေငြာ၍ တစ်ရွာလုံး ပျော်သွားကြ၏။

ရန်ကုန်နှင့် မန္တလေးမှ ပညာရေးထောက်ပံ့မှုပြုကြသော စာရေးဆရာကြီးများ၊ ဆရာဝန်ကြီးများ၊ စေတနာရှင်များကို ကျန်းမာချမ်းသာပါစေဟု ဆုတောင်းကြ၏။ မဝင်းသန်းဦးတစ်ယောက်လည်း





အပူအပင်မဲ့ ကျောင်းတက်နိုင်၏။ တကယ်တော့ ၁၉၉၀ ပြည့်မှ ၁၉၉၉ခုနှစ် အထိ နံ့သာမြိုင် အနာကြီးရောဂါသည်စခန်းမှ ဆယ်တန်း အောင်မြင်သူ ကျောင်းသားတစ်ဦးသာ ရှိခဲ့၏။

ပညာရေးထောက်ပံ့မှု အစီအစဉ်စတင်သောအခါ ၂၀၀၀–၂၀၀၁ ခု စာသင်နှစ်က တက္ကသိုလ်ဝင်တန်း ကျောင်းသား (၉)ဦး အောင်မြင်ခဲ့၏။ ၂၀၀၀–၀၁ စာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း ကျောင်းသား (၄) ဦးနှင့် ၂၀၀၂–၂၀၀၃ ခုနှစ် တွင် တက္ကသိုလ်ဝင်တန်း ကျောင်းသား (၇) ဦး အောင်မြင်ခဲ့ရာ စုစုပေါင်း ရေနံ့သာမြိုင်စခန်းမှ ကျောင်းသား ၂၀ ဦးတိတိ တက္ကသိုလ်ဝင်တန်း အောင်မြင်လာခဲ့၏။

မြန်မာနိုင်ငံ၏ပညာရေးစနစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခြင်းသည် အလွန်အရေးကြီးသောကိစ္စဖြစ်၏။ တက္ကသိုလ်ဝင်တန်း အောင်မြင်မှ တက္ကသိုလ်များသို့တက်နိုင်၏။ အခြားအသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများသို့တက်နိုင်၏။ ထို့အပြင် အစိုးရရုံးများနှင့် အလုပ်ဌာနများ၊ ကုမ္ပဏီများတွင် အလုပ်ဝင်ရောက် လုပ်ကိုင်လိုပါကလည်း အခွင့်အလမ်းရှိ၏။

မဝင်းသန်းဦးသည် ပညာရေးထောက်ပံ့မှုအစီအစဉ်၏ အသီးအပွင့်ကို ခံစားခွင့်ရခဲ့သူ တစ်ဦးဖြစ်၏။ သူမသည် ၂၀၀၁–၂၀၀၂ စာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ဆယ်တန်း အောင်မြင်ပြီး မဝင်းသန်းဦးက နံ့သာမြိုင် အနာကြီးဆေးရုံတွင် တစ်နှစ် သူနာပြုအကူအဖြစ် လုပ်အားပေးခဲ့ပြီး ရေနံ့သာဆေးရုံအုပ်ကြီး၏ ထောက်ခံချက်ဖြင့် ယခုတော့ မန္တလေးလို မြို့ကြီးပြကြီးတွင်



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်လှစ်သော သူနာပြုဆရာမ သင်တန်းသို့ တက်ရောက်ခွင့်ရရှိပြီး ဖြစ်သည်။ ဤကိစ္စသည် မဝင်းသန်းဦးဘဝအတွက် မမက်ရဲသော အိပ်မက်၊ မတွေးဝံ့သော အရာဖြစ်ပါ၏။ ယခုတော့ မန္တလေးသူနာပြု ဆရာမသင်တန်းသို့တက်ရန် သူမအား ဆေးရုံမှ ဝန်ထမ်းများရော ရွာမှလူကြီးများနှင့် ပညာရေးထောက်ပံ့မှု အစီအစဉ်မှ ပုဂ္ဂိုလ်များပါ ဝမ်းပန်းတသာ လိုက်ပို့ကြသည်။ မဝင်းသန်းဦးသည် သူမလုပ်သည့် လုပ်ငန်းတစ်ခုအတွက် ယခုလို လူကြီးများက လိုက်ပို့ရလောက်အောင် အရေးထားခံရသူ တစ်ဦးအဖြစ်သို့ တစ်ခါမျှ မထင်၊ မန္တလေးမြို့သို့ ဝင်စပြုပြီဖြစ်သည်။ မန္တလေးတောင်၊ မန္တလေး နန်းတော်ကြီးနှင့်ကျုံး၊ ကြီးကျယ်ဝန်းခမ်းနားလှသော မြင်ကွင်းများ ကိုမြင်ရတော့ မဝင်းသန်းဦးအဖို့ ကျီးကန်းတောင်းမှောက်ဖြစ်နေချိန်တွင်

"သမီး ဝင်းသန်းဦး၊ သမီးရဲ့ ရင်ထဲမှာ ဘယ်လိုများ ခံစားနေရတယ်ဆိုတာ အဘတို့ကို ပြောပြပါဦး"ဟု လိုက်ပို့သူတစ်ဦးက မေးလိုက်၏။

ထိုသို့မေးလိုက်တော့ မဝင်းသန်းဦးသည် ဘယ်လိုဖြေရမှန်း မသိ၊ အားလုံး မဝင်းသန်းဦးရဲ့အဖြေကို စောင့်နေကြ၏။

"ကျွန်မဖြေရရင် အရှည်ကြီး ဖြေရမှ ပြည့်စုံမယ်၊ ကျွန်မ ရင်ထဲမှာက ပြောစရာတွေ အများကြီး"

"ကဲ ဒါဆိုရင်လဲ ဟောဟိုက အအေးဆိုင်လေးမှာဝင်ပြီး အအေးသောက်ရင် ပြောကြရအောင်"ဟု တစ်ဦးကဆို၍ ကားရပ်ပြီး အားလုံးအအေးဆိုင်ထဲသို့ ဝင်သွားကြ၏။





ထိုအချိန်တွင် မဝင်းသန်းဦးက အားရပါးရငိုချလိုက်၏။

"ကျွန်မကို ခွင့်လွှတ်ပါ ဘဘတို့ရယ်၊ ကျွန်မ ဝမ်းသာလွန်းလို့ ငိုမိတာပါ၊ ကျွန်မတို့ မိသားစုက နံ့သာမြိုင်မှာ ပြည့်စုံတဲ့ မိသားစု မဟုတ်ပါဘူး၊ ဒါပေမယ့် ပညာလိုလားတဲ့ မိသားစုပါ၊ ဘယ်လိုပဲ ပညာ လိုလား လိုလား၊ ငွေကြေးအထိုက်အလျောက် မတတ်နိုင်ရင် ပညာသင်ကြားဖို့ဆိုတာ မဖြစ်နိုင်တာပါ၊ ကျွန်မ သူနာပြုဆရာမ သင်တန်းတက်ဖို့ရာမှာ အကြီးမားဆုံး ကျေးဇူးရှင်ကတော့ ပညာရေး ထောက်ပံ့မှု အစီအစဉ်ပါပဲ၊ ပညာရေးထောက်ပံ့မှု အစီအစဉ်က လူကြီးတွေက ကျွန်မတို့ တစ်ရွာလုံး ကျောင်းနေစရိတ်အားလုံးကို ကူညီပါတယ်၊ အဝတ်အစားလဲ ပေးပါတယ်၊ ပညာရေး အခြေခံ ကောင်းအောင်ဆိုပြီး ၈ တန်း၊ ၉ တန်း၊ ၁၀ တန်း တွေကို ညစဉ် စာသင်ဝိုင်းတွေ၊ ညနေ ၆ နာရီမှ ည ၉နာရီထိ ဆရာကောင်းတွေ ငှားပြီးသင်ပေးပါတယ်၊ ပညာရေးထောက်ပံ့မှု အစီအစဉ်က ကူညီလို့ ကျွန်မ နဝမတန်းစာမေးပွဲမှာ အဆင့် (၁)ပထမရပြီး အောင်ခဲ့ပါတယ်၊ တက္ကသိုလ်ဝင်တန်း ဆက်ပြီး ပညာသင်ကြားတော့လဲ ပညာရေး ထောက်ပံ့မှုအစီအစဉ်ရဲ့ အကူအညီနဲ့ပါပဲ၊ ကျောင်းကုန်ကျစရိတ်၊ အဝတ်အစား၊ အချိန်ပိုသင်ကြားမှု၊ ညမှာလဲ စခန်းသွင်းပြီး တစ်နေ့ကို စာကျက်ချိန် ၆ နာရီကျက်ဖြစ်အောင် ကြပ်မတ် ဆောင်ရွက်ကြပါတယ်၊ စာမေးပွဲဖြေတော့လဲ စာဖြေဌာနရှိတဲ့မြို့အထိ လိုက်ပို့တယ်၊ နေရေး ထိုင်ရေးအားလုံး လုပ်ပေးတယ်၊ ၂၀၀၁–၂၀၀၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ကျွန်မ နှစ်ချင်းပေါက် အောင်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တက္ကသိုလ်ဝင်တန်းအောင်ပြီး ရေနံ့သာအနာကြီးဆေးရုံမှာ လုပ်အားပေးရအောင်လဲ ရွာမှလူကြီးများက ကူညီပေးပါတယ်၊ ပြီးတော့ အနာကြီးရောဂါဆေးရုံအုပ်ကြီးရဲ့ ထောက်ခံစာနဲ့ အခုလို မန္တလေးမှာ ဖွင့်လှစ်သင်ကြားနေတဲ့ သူနာပြု ၃ နှစ်သင်တန်းတက်ခွင့်ရပါတယ်ရှင်။

ဒီသင်တန်းပြီးရင် ကျွန်မဝါသနာပါတဲ့ သူနာပြုဆရာမဖြစ်ပြီ၊ ပြီးတော့ ကျွန်မရွာ ကျွန်မနိုင်ငံနဲ့ ပညာရေးထောက်ပံ့မှု အစီအစဉ်ကို ကျွန်မ ကျေးဇူးပြန်ပြီး ဆပ်နိုင်ပါပြီ၊ ကျွန်မ ဒီနေ့ဒီအခြေအနေရောက်အောင် မြေတောင်မြှောက်ပေးခဲ့တာ ပညာရေးထောက်ပံ့မှုအစီအစဉ်ကလွဲလို့ တခြားမရှိတဲ့အကြောင်း ပြောပါရစေ။

ပညာရေး ထောက်ပံ့မှုအစီအစဉ်ကြောင့် ကျွန်မတို့ရွာမှာ ဆယ်တန်းအောင်ပြီးတဲ့ ကျောင်းသား ၂၀ ဦးတောင် ရှိနေပါပြီ။ အနာကြီးရောဂါသည် မိသားစုနေထိုင်ရာ နံ့သာမြိုင်ရွာမှ အိမ်ထောင်စုပေါင်း ၃၈၀နဲ့ လူဦးရေပေါင်း ၁၅၀၀ ကျော်ရှိရာမှ လူငယ်ပညာတတ် ၂၀ ဦးရှိနေပြီ၊ နောင်လဲ ကျွန်မတို့ရွာမှာ ပညာတတ်တွေ ဆက်လက်ပေါ်ထွန်းနေဦးမှာပါ၊ စခန်းမှာရှိတဲ့ မူလတန်းကျောင်းဟာ ဒီနှစ်မှာ မူလတန်းလွန်ကျောင်းဖြစ်လာမှာပါ၊ ရွာကကလေးတွေ အလယ်တန်းအဆင့်ထိ သင်ယူလို့ရပါပြီ၊ ဒါဟာ ပညာရေးထောက်ပံ့မှုအဖွဲ့ရဲ့ ကျေးဇူးကြောင့်ပါ၊ ကျွန်မတို့လို တက္ကသိုလ်ဝင်တန်းအောင်သူတွေကလဲ စခန်းရှိ မူလတန်းကျောင်းကို ပြန်ပြီးလုပ်အားပေးရ ပါတယ်။

ကျွန်မတို့ရွာဟာ နောင်မကြာခင် ရွာရဲ့ လူဦးရေအချိုးနဲ့ဆိုရင်





မြန်မာနိုင်ငံမှာ ပညာတတ်အများဆုံးရွာလို့ ပြောစမှတ်ပြုရလောက်အောင် ကျွန်မတို့ လူငယ်တွေ ကြိုးစားကြဖို့ သန္နိဋ္ဌာန်ချထားကြပြီးပါပြီ၊ ကျွန်မတို့ရွာကနေ တက္ကသိုလ်တက်နေတဲ့ ကျောင်းသားကလဲ ၁၄ ယောက်တောင် ရှိနေပြီလေ။

နံ့သာမြိုင်စခန်းမှာ မကြာခင် ခေတ်မီစာကြည့်တိုက်ကိုလဲ ဖွင့်တော့မယ်၊ အဲဒီစာကြည့်တိုက်မှာ ကွန်ပျူတာလဲရှိတယ်၊ ကျွန်မရဲ့ မောင်လေးတွေ၊ ညီမလေးတွေဟာ ခေတ်မီစာကြည့်တိုက်မှာ စာဖတ်ပြီး ကွန်ပျူတာတွေ အသုံးပြုနိုင်ကြတော့မယ်။

နောက်ပြီးတော့ ကျွန်မတို့ နံ့သာမြိုင် မူလတန်းကျောင်းပိုင်မြေထဲမှာ မျိုးကောင်းသရက်အပင် ၃၀၀၊ နိုင်ငံခြားသံပုရာပင် ၄၀၀ ကျော် စိုက်ပျိုးရှင်သန်နေပါပြီ၊ သရက်အပင် ၄၀၀ အထိ ထပ်စိုက်ဦးမယ်လို့လဲ ဆိုပါတယ်၊ ဒါတွေလဲ ပညာရေးထောက်ပံ့မှု ရှူဒါန်းငွေနဲ့ စိုက်ပျိုးပြီးထားတာပါ၊ နောင်မကြာခင် ၄ နှစ်ခန့် အတွင်းမှာ သရက်ပင် သံပုရာပင်တွေရဲ့ ဝင်ငွေတွေဟာ နံ့သာမြိုင်ပညာရေးအတွက် ပညာဒါန ငွေပဒေသာပင်ပဲ မဟုတ်ပါလားရှင်။

ကျွန်မအသိ၊ ကျွန်မအတွေးနဲ့ ပြောတတ်သလို ပြောနေမိရာမှ မှားတာပါရင် ခွင့်လွှတ်စေလိုပါတယ်၊ နံ့သာမြိုင် ပညာရေးထောက်ပံ့မှုအစီအစဉ်ကို ဦးစီးဦးဆောင် ပြုကြတဲ့ ကျေးဇူးရှင်၊ စေတနာရှင်များဟာ အမြော်အမြင်ကြီးမားစွာနဲ့ စေတနာအပြည့် ဆောင်ရွက်နေကြပါလားဆိုပြီး ကျွန်မတို့တစ်ရွာလုံး ညစဉ်အိပ်ရာဝင်တိုင်း ကျေးဇူးရှင်တွေကို ကန်တော့ကြပါတယ်ရှင်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နံ့သာမြိုင်မိသားစုဝင် အများစုဟာ ဆင်းရဲကြပါတယ်၊ ရောဂါသည်ဖြစ်နေတော့ ဘာမျှော်လင့်ချက်မှလဲ မထားရဲတော့ဘူး၊ ကုန်ဈေး နှုန်းကကြီး၊ စားဝတ်နေရေး ကျပ်တည်းတဲ့ပြင် လူကောင်းပကတိ မဟုတ်ကြတော့ နေရာတိုင်းမှာ စီးပွားရှာစားလို့လဲမရ၊ ဘဝ မျှော်လင့်ချက် မဲ့ကြသူတွေပါ၊ နံ့သာမြိုင် ပညာရေးထောက်ပံ့မှု အစီအစဉ်ပေါ်ပေါက်လာတော့မှ ရွာကရင်သွေးတွေရဲ့ ပညာရေး မျှော်လင့်ချက်တွေဟာ အောင်ပွဲရလာတော့တယ်၊ ဟိုလူကလဲ ငါ့သမီး ဆယ်တန်းအောင်ရမယ်၊ ဒီလူကလဲ ငါ့သားကို တက္ကသိုလ် ပို့ရမယ်လို့ မျှော်လင့်ချက်တွေ ထားနိုင်လာခဲ့ပါတယ်၊ ပညာရေးထောက်ပံ့မှု အစီအစဉ် မပေါ်ပေါက်ခင်က ကျွန်မတို့ရွာမှ တက္ကသိုလ်ဝင်တန်း အောင်သူ တစ်ဦးပဲရှိခဲ့ပါတယ်၊ ၁၀ နှစ်တာကာလ (၁၉၉၀ မှ ၁၉၉၉) အတွင်း တက္ကသိုလ်ဝင်တန်းအောင်သူဆိုလို့ ရွာမှာတစ်ဦးပဲ ရှိခဲ့တာပါ။

ယနေ့ပညာရေးထောက်ပံ့မှု အစီအစဉ် (၃)နှစ်တာ ကာလ အတွင်း တက္ကသိုလ်ဝင်တန်းအောင်သူ (၂၀)ဦးထိ ရှိလာခဲ့တာ ဘာကြောင့်လဲ၊ ပညာရေးထောက်ပံ့မှု အစီအစဉ်ကြောင့်ပဲ ဖြစ်ပါတယ်၊ ဘယ်လိုမှ ငြင်းလို့မရတဲ့၊ ဖုံးကွယ်ဖျောက်ဖျက်မရတဲ့ အနာကြီး ရောဂါသည်လောကရဲ့ ထူးကဲခြားနားတဲ့ သမိုင်းဝင် ဖြစ်ရပ်ပါ။

ဘာဘကြီးများရှင့်၊

ရင်ထဲရှိတာတွေကို ဟိုရောက်ဒီရောက် ပြောမိတာတွေကို ခွင့်လွှတ်ပါ၊ ကျွန်မရဲ့ဘဝမှာ ပညာရေးထောက်ပံ့မှုအစီအစဉ်ဟာ





အလွန်အရေးပါပါတယ်၊ ဒါကြောင့် ပညာရေး ထောက်ပံ့မှုအကြောင်း အသေးစိတ်ပြောနေမိတာပါရှင်၊ ယခု ကျွန်မ သူနာပြုသင်တန်းမှာ အောင်မြင်မှုရအောင် ကြိုးစားပါ့မယ်။ သင်တန်းပြီးဆုံးတဲ့အခါမှာ ကျရာဌာနမှာ တာဝန်ထမ်းရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မ အလုပ်လုပ်ချင်ဆုံး နေရာကတော့ ရေနံ့သာ အနာကြီးရောဂါကု ဆေးရုံကြီးမှာပါပဲရှင်၊ အမှန်တကယ် ရင်ထဲမှာရှိတာကို တင်ပြခြင်း ဖြစ်ပါတယ်၊ နိုင်ငံတော်ကသာ ခွင့်ပြုမယ်ဆိုရင် အနာကြီးရောဂါကု ဆေးရုံမှာ တစ်သက်လုံး တာဝန်ထမ်းဆောင်ချင်ပါတယ်ရှင်။

အနာကြီးရောဂါကုဆေးရုံဆိုတာ ကျွန်မတို့မိဘများရဲ့ ကျန်းမာရေးကို အထူးစောင့်ရှောက်ပေးတဲ့ ဌာနဖြစ်ပါတယ်။ ကျွန်မသာ အနာကြီးဆေးရုံမှာ အလုပ်ရရင် ကျွန်မရဲ့မိဘ ကျေးဇူးရှင်အနာကြီး ရောဂါသည်တွေကိုလဲ အနီးကပ်ပြုစုနိုင်မှာလဲ ဖြစ်ပါတယ်။

ကျွန်မကိုအကြီးကျယ်ဆုံး မြေတောင်မြှောက်ပေးခဲ့တဲ့ ပညာရေး ထောက်ပံ့မှု အစီအစဉ်မှာလဲ အနီးကပ် ပါဝင်ကူညီ ဆောင်ရွက်ပေးလို့ ကျေးဇူးဆပ်ခွင့်ရမှာပါလို့ပဲရှင်၊ ကျွန်မပြောရာမှာ အမှားပါရင်လဲ ခွင့်လွှတ်ပါ”

ဟုပြောရင်း မဝင်းသန်းဦးသည် ဝမ်းသာလွန်း၍ ဒုတိယအကြိမ် သူမ၏ မျက်လုံးအိမ်ထဲမှ ပီတိမျက်ရည်များ ကျဆင်းနေပါ၏။ မျက်ရည်များ ကျဆင်းနေသော်လည်း မဝင်းသန်းဦးငိုနေခြင်း မဟုတ်။

■



www.burmeseclassic.com

www.burmeseclassic.com



ရေနံ့သာအနာကြီးရောဂါကုဆေးရုံ  ဒေါက်တာမြတ်သီတာ

အခန်း (၁၄)

## သည့်သောင်ယံက မချွာရက်နိုင်ပြီ

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်းရှိ ရေနံ့သာ အနာကြီးရောဂါအထူးကုဆေးရုံသည် အထက်မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အနာကြီးရောဂါဆိုင်ရာ ဆေးရုံဖြစ်၏။ မန္တလေးသို့ရောက်ပါက မတ္တရာအနာကြီးရောဂါအထူးကု ဆေးရုံသို့လည်း ဝင်ခဲ့ပါဟုဆိုသောကြောင့် ရေနံ့သာအနာကြီးရောဂါ အထူးကုဆေးရုံသို့ ကျွန်တော်တို့ ဝင်ရောက်ခဲ့ပါ၏။

ဆေးရုံသို့ရောက်ရှိသွားတော့ ရေနံ့သာအနာကြီးရောဂါ အထူးကုဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဦးညွန့်လှိုင်က ကြိုဆို၏။ လက်ထောက်ဆေးရုံအုပ်က ဒေါက်တာဦးဇင်သောင်း ဖြစ်၏။

ဆေးရုံတွင် လက်ထောက် ဆရာဝန်များက ဒေါက်တာဦးမျိုးတင်ထွန်း၊ ဒေါက်တာဒေါ်မြတ်သီတာနှင့် ဒေါက်တာဒေါ်လှမာလာတို့ ဖြစ်ကြ၏။ လက်ထောက်ဆေးရုံအုပ်ကြီး အပါအဝင် ရေနံ့သာမှ



www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်များသည် လူငယ်များဖြစ်ကြ၏။ သူတို့သည် ပျမ်းမျှ အသက် ၃၀ ထက် မကျော်ကြ သေးပေ။ ဤအသက် ဤအရွယ်ဖြင့် မြို့ပြနှင့် ကွာလှမ်းသော၊ ပျော်စရာ ရွှင်စရာ ပွဲလမ်းမရှိသော ရေနံ့သာဆေးရုံတွင် လာရောက်အမှုထမ်းနေကြသည့် လူငယ်ဆရာဝန်များက လေးစားဖွယ်ရာဖြစ်၏။

ဆေးရုံအုပ်ကြီးက သူ့ရုံးခန်းအတွင်း၌ပင် ရေနံ့သာဆေးရုံ အကြောင်းရှင်းပြပါ၏။

"ရေနံ့သာအနာကြီးရောဂါ အထူးကုဆေးရုံကို ၁၉၉၀ပြည့်နှစ် ဇွန်လ ၁၀ ရက်နေ့က မန္တလေး ရေနီမြောင်းဘေး ၃၅ လမ်း အပေါ်က ဒီနေရာကို ပြောင်းရွှေ့လာတာ ဖြစ်ပါတယ်။ ဒီဆေးရုံကို ၁၉၆၆ ခုနှစ်မှာ နိုင်ငံတော်က ပြည်သူပိုင်သိမ်းပြီး အနာကြီးရောဂါ အထူးကုဆေးရုံအဖြစ် တိုးမြှင့်ထူထောင်ခဲ့ပါတယ်၊ မူလကတော့ အနာကြီးရောဂါ အထူးကုဆေးရုံဟာ မန္တလေးမြို့ရဲ့ မြို့စွန်မြို့ဖျားမှာ ပါပဲ၊ ဒါပေမယ့် မန္တလေးမြို့ဟာ အဆမတန် တိုးတက်ပြောင်းလဲလာတဲ့ အခါမှာ ဆေးရုံပတ်ဝန်းကျင် နေရာဟာ လူသူထူထပ် စည်ကားတဲ့ နေရာဖြစ်လာတာက တစ်ကြောင်း၊ ဆေးရုံရဲ့သက်တမ်းဟာ နှစ်ကာလ တာရှည်လာလို့ ပြင်ရန်လိုအပ်တာတွေကြောင့် ဒီနေရာကို ရွေးချယ် ပြောင်းရွှေ့ခဲ့တာပဲ ဖြစ်ပါတယ်၊ ဒီနေရာကို ဆေးရုံရွှေ့ပြောင်းရာမှာ နိုင်ငံတော်က ငွေကြေးအမြောက်အမြား အကုန်ခံပြီး ရွှေ့ပြောင်းခဲ့တာ ပါ"

ရေနံ့သာ ဆေးရုံတည်ရှိရာ နေရာသည် မန္တလေး မိုးကုတ်





ကားလမ်းမိုင်တိုင် အမှတ် ၃၁ နဲ့ ၃၂ အကြား ပြင်ဦးလွင် ခရိုင် မတ္တရာမြို့နယ်၊ တောင်ပုလုတောင်ရဲ့တောင်ဘက်ကွင်းအမှတ် ၃၅၃ ဂ တွင် တည်ရှိ၏။ ဆေးရုံနှင့်ဝန်ထမ်းအိမ်ရာမြေအကျယ်အဝန်းသည် ၃၂၇ ဒသမ ၂၁ ဧက ရှိ၏။

"ယခင် မန္တလေးဆေးရုံနေရာမှာက မြန်မာနိုင်ငံအရပ်ရပ်က ရောဂါသည်များက ဆေးရုံလာတက်ကြတယ်၊ နောက်ဆေးဝါးကုသ ပေးလို့ ဆေးရုံကဆင်းတော့ ကိုယ့်အရပ်ကိုယ့်ရွာ မပြန်တော့ဘဲ ဆေးရုံဘေးက မြေနေရာမှာပဲ ရပ်ကွက်တည်ထောင်နေကြတယ်၊ ဆေးရုံကို ပြောင်းလာရာမှာ ဆေးရုံတင်မကဘူး၊ အဲဒီမှာ ရပ်ကွက် ထူထောင်ပြီးနေကြတဲ့ ရောဂါသည်တွေကိုပါ ဆေးရုံနှင့်အတူ ရွှေ့ ပြောင်းခဲ့တာကြောင့် ဝေဒနာရှင်များရော၊ မိသားစုများပါ နေဖို့ နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းကို ဖွင့်ခဲ့တာပါ၊ နံ့သာမြိုင်စခန်းက ဝေဒနာရှင် လူနာမိသားစုများ စိုက်ပျိုးလုပ်ကိုင်ဖို့ မြေနေရာကိုပါ သတ်မှတ်ပေးပြီး နံ့သာမြိုင်စခန်းနဲ့ နံ့သာမြိုင်မိသားစုတွေအတွက် ရွာမြေနဲ့ စိုက်ပျိုးမြေနှစ်ရပ်ပေါင်းက ၁၆၁၈ ဒသမ ၇၉ ဧကရှိပါတယ်၊ နံ့သာမြိုင် စခန်းရော၊ ဆေးရုံဧရိယာပါ စုစုပေါင်း ၁၉၄၇ ဧက ကျယ်ဝန်းပါတယ်"

ရေနံ့သာ အထူးကုဆေးရုံကြီး၏ လုပ်ငန်းများအကြောင်းကိုမေး တော့ ဆေးရုံအုပ်ကြီးက ဆက်၍ ရှင်းပြ၏။

"ဒီဆေးရုံမှာ အပြင်လူနာ ဌာနရော၊ အတွင်းလူနာဌာနပါ ရှိတယ်၊ အပြင်လူနာတွေနဲ့ အတွင်းလူနာများကို ကုသပေးရတာဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီဆေးရုံရဲ့ နေ့စဉ်အလုပ်ပါပဲ၊ ကိုယ်အင်္ဂါချို့တဲ့ လူနာများကိုလဲ ခွဲစိတ်ကုသ ပေးပါတယ်၊ ခြေလက်ကွေးကောက် မသန်မစွမ်းဖြစ်နေတဲ့ လူနာတွေကို လေ့ကျင့်ခန်းပေးပါတယ်၊ ခွဲစိတ်ကုသဖို့ လိုတာကို ခွဲစိတ်ကုသမှု ပြုလုပ်ပေးပါတယ်၊ နောက်ပြီး ရောဂါပျောက်ကင်းပြီး ဖြစ်တဲ့ လူနာတွေ အသက်မွေးဝမ်းကျောင်းဖို့ အသက်မွေးဝမ်းကျောင်း ပညာတွေသင်ပေးပါတယ်၊ ဒါ့အပြင် ဒီဆေးရုံမှာ ကျန်းမာရေးဝန်ထမ်း များကိုလဲ အနာကြီးရောဂါဆိုင်ရာပညာရပ်များကို ပေးသင်ကြားမှု တွေကို ပြုလုပ်ပေးပါတယ်၊ နောက်ပြီး သုတေသနလုပ်ငန်းနဲ့ ဆေးရုံအခြေပြု အနာကြီးရောဂါ တိုက်ဖျက်ရေးလုပ်ငန်းကိုလဲ လုပ်ဆောင်ပါတယ်”

နံ့သာမြိုင်၊ အနာကြီးရောဂါ အထူးကုဆေးရုံတွင် ရုံးခန်း၊ ပြင်ပလူနာဌာန၊ လူနာဆောင် ရှစ်ဆောင်၊ ဆေးကိုဒေါင်၊ မီးဖိုချောင်၊ အကြောဌာန၊ ခွဲစိတ်ခန်း၊ ဆရာဝန်များနှင့် ဝန်ထမ်းများနေအိမ် စသည်တို့ရှိ၏။ အဆောင်များကို နှင်းဆီ၊ သဇင်၊ သရဖီ၊ စံပယ်၊ ယင်းမာ၊ အင်ကြင်း၊ ကံ့ကော် စသည်ဖြင့် ပန်းအမည်များ ပေးထား၏။

နံ့သာမြိုင်စခန်းနှင့် အနာကြီးရောဂါအထူးကုဆေးရုံနေရာသည် ယခင်က စက်မှု ၁ ဝန်ကြီးဌာန၏ ဗာဂျီးနီးယား စိုက်ကွင်းနေရာ ဖြစ်သည်။ ထိုနေရာကို ၂၃–၉–၉၀နေ့က ကျန်းမာရေးဌာနမှ လွှဲပြောင်း လက်ခံရယူပြီး ဆေးရုံနှင့် စခန်းအား နေရာချထားပေးခြင်းဖြစ်သည်။ ပြောင်းရွှေ့စဉ်က နံ့သာမြိုင်စခန်းတွင် လူနာပေါင်း ၂၄၈ ဦး၊ အိမ် ထောင်စုပေါင်း ၄၄၆ အိမ်ထောင်နှင့် စုစုပေါင်း လူဦးရေ ၁၃၀၀





ရှိသည်။ ရေနံ့သာ ဆေးရုံနှင့်နံ့သာမြိုင် ရေရရှိရေးအတွက် အဝီစိတွင်း များ တူးဖော်သည်။ ရေစုပ်စက်များနှင့် ရေတင်ကား ပိုက်များနှင့် ဆက်သွယ်၍ ရေပေးထားသည်။ လျှပ်စစ်ဓာတ်အားကို ဆည်တော်ကြီး ရေအားလျှပ်စစ်စီမံကိန်းဌာနနှင့် ဆက်သွယ်ပေးထား၏။ ဆေးရုံ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောဌာနနှင့်စိုက်ပျိုးရေး ဝန်ကြီးဌာနတို့က ပူးပေါင်းကာ သစ်ပင်များစိုက်ပျိုးပေးသည်။

ရေနံ့သာဆေးရုံတွင် အနာကြီးရောဂါတိုက်ဖျက်ရေးသာမက အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုတို့ကိုလည်း ပြုလုပ်ပေးသည်။ အနာကြီးရောဂါဆိုင်ရာ ဆေးဝါးကုသပေးသော လုပ်ငန်းများအဖြစ် ရောဂါကန်၊ ရောဂါကြွ၍ ခွဲစိတ်ကုသရန်လိုအပ်သော ခြေလက်ကွေး ကောက်၊ ခြေလက်သိုင်းကျသော လူများကို ဆေးရုံတင်ကုသပေး၏။ အနာကြီးရောဂါရှင် မဟုတ်သော်လည်း အနီးအနား ကျေးရွာများမှ အရေးပေါ်နှင့် အထွေထွေရောဂါများဖြစ်သည့် မြွေကိုက်၊ ငှက်ဖျား၊ ဝမ်းပျက်၊ အရိုးကျိုးစသည့် ဝေဒနာရှင်များကိုလည်း ကုသပေးသည်။

“အနာကြီးရောဂါသည်ဟာ အမ်ဒီတီ ဆေးပေါင်းကျွေးတဲ့အခါ မှာဖြစ်စေ၊ တစ်ခါတစ်ရံ အလျဉ်းမသင့်တဲ့အခါမျိုးတွေမှာ ရောဂါလှုံ့ ဆော်မှု ရှိတတ်ပါတယ်၊ ရောဂါကြွတတ်ပါတယ်၊ ရောဂါကြွပြီဆိုရင် အာရုံကြောတွေယောင်လာပြီး သဖန်းသီးလို အသီးတွေ အဖုတွေ ထတာမျိုးတွေ ဖြစ်တတ်ပါတယ်၊ အာရုံကြောရောင်တော့ အာရုံကြော လမ်းကြောင်းကျဉ်းတဲ့နေရာတွေမှာ အာရုံကြောဟာ အဖိခံရတတ် ပါတယ်၊ အာရုံကြောအဖိခံရလို့ အာရုံကြောပျက်စီးရင် ကြွက်သား



www.burmeseclassic.com

www.burmeseclassic.com



တွေအားလျော့တာတို့၊ ထုံတာတို့၊ အာရုံခံစားမှုမရှိတာတို့က တစ်ဆင့် သိမှု မရှိတော့တာတို့ ဖြစ်တတ်ပါတယ်၊ ဒီအခါမှာ အာရုံကြော မဖိမိ၊ မပိတ်မိအောင်၊ အာရုံကြောလမ်းကြောင်းကျယ်အောင်၊ လှုပ်ရှား လာအောင် ခွဲစိတ်ကုသပေးရပါတယ်၊ အာရုံကြောပျက်စီးသွားရင် လုပ်ကိုင်ရတာ ခက်သွားပါတယ်၊ အာရုံကြောကို အစားထိုးလို့ မရပါဘူး၊ အာရုံကြောတွေ ပျက်စီးကုန်လို့ သိမှုမရှိတော့ရင် ခြေလက် တွေဟာ တိုက်မိခိုက်မိလို့ဖြစ်စေ၊ မီးလောင်လို့ဖြစ်စေ၊ အခြားအကြောင်း ကြောင့်ဖြစ်စေ၊ ဒဏ်ရာရရာက အနာတွေ ဖြစ်လာတတ်ပါတယ်၊ အနာဖြစ်လာရင် ပြင်ပက ဘက်တီးရီးယားပိုးတွေဝင်ပြီး ပြည်တည် နာတွေ ဖြစ်လာတတ်ပါတယ်၊ ဒါကို မကုဘဲထားရင် အနာက အသားတွေ၊ အရိုးတွေကိုစားကုန်ပြီး ခြေဆစ်လက်ဆစ်တွေ ပြုတ်ကျ ကုန်တတ်ပါတယ်။

အဲဒီအခါမှာ ကိုယ်ခန္ဓာမှာရှိတဲ့ ပုပ်ရိဆွေးမြေ့လာတဲ့ အသား ပိုင်းတွေကို မလွဲမရှောင်သာ ဖယ်ပစ်ရပါတယ်၊ အရိုးအဆွေးတွေကို ဖြတ်သင့်တာဖြတ်ပြီး ရောဂါတွေပျောက်ကင်းအောင် ကုသပေးရပါ တယ်၊ ကုသရာမှာ ကွေးတာကောက်တာလောက်တော့ ဖြောင့်အောင် ပြုလုပ်ပေးနိုင်ပေမယ့် ခြေလက်ပြတ်သွား ပြုတ်သွားတာကိုတော့ ရှည်လာ အောင်ပြုလုပ်လို့ မရတော့ပါဘူး၊ ဒါကြောင့် အနာကြီးရောဂါ သည်များဟာ ခြေလက်မပြတ်ခင်၊ မိမိခြေ မိမိလက်တွေကို ဘယ်လို စောင့်ရှောက်ရမယ်ဆိုတာ သိဖို့လိုပါတယ်၊ ဒီလိုသင်တန်းမျိုးကိုလဲ ဒီဆေးရုံမှာ ပို့ချပေးပါတယ်”ဟု ဆေးရုံအုပ်ကြီးက စိတ်ရှည်စွာ





ရှင်းပြ၏။

ရေနံ့သာဆေးရုံသို့ရောက်ရှိသွားသောနေ့က ဆေးရုံတွင် တက် ရောက်ကုသနေသော လူနာ ၁၃၂ ယောက်ရှိ၏။ ဆေးရုံဝန်ထမ်းက ၁၄၀ ဦးရှိသည်။ “ဆရာကြီးခင်ဗျား၊ ဆေးရုံမှာက လူနာထက် ဝန်ထမ်းက ဘာဖြစ်လို့ များနေတာလဲ”ဟုဆိုတော့ ဆေးရုံအုပ်ကြီးက ဆက်လက်၍ “ဒီဆေးရုံက ကုသရေးသက်သက် ဆေးရုံမဟုတ်ပါဘူး၊ ရောဂါသည်တွေကို ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေလဲ လုပ်ပေး ပါတယ်၊ ဒါကြောင့်လဲ လူနာထက် ဝန်ထမ်းအချိုးအဆက ခုလို ဖြစ်နေတာ ဖြစ်ပါတယ်၊ ပြန်လည်ထူထောင်ရေးအတွက် ကုန်ကြမ်း ဝယ်ပြီး ကုန်ချောထုတ်ပေးတာမျိုးလဲ ဒီဆေးရုံမှာလုပ်ပါတယ်၊ ဒီဆေးရုံမှာ လက်သမားနည်းပြ၊ ရက်ကန်း၊ စိုက်ပျိုးရေး၊ ဖိနပ်ချုပ်၊ သံဖြူ၊ စားဖိုမှူးနည်းပြတွေ ရှိပါတယ်၊ ဒီနည်းပြတွေက ရောဂါပျောက် ကင်းပြီးတဲ့လူတွေကို သူတို့ဝါသနာပါရာ၊ သူတို့ကိုယ်လက်အင်္ဂါတွေနဲ့ ကိုင်နိုင် လုပ်နိုင်တဲ့ အလုပ်တွေကို သင်ပေးပါတယ်။

တံမြက်စည်းထိုးတာတို့၊ စက်ချုပ်တာတို့ စသည်တို့ကိုလဲ သင်ပေးပါတယ်၊ ဒါပေမယ့် ရောဂါဖိစီးမှု ပြင်းထန်လို့ ခြေတိုလက်ပြတ် မျက်စိမမြင်ဘဲ ဒုက္ခတိဘဝ လုံးလုံးရောက်သွားကြတဲ့ လူနာတွေက တော့ ပြန်လည်ထူထောင်ရေးလဲ လုပ်လို့မရတော့တဲ့အတွက် ဒီလိုပဲ ဆေးရုံပေါ်မှာ တစ်သက်လုံးထားပြီး နာတာရှည်ရောဂါသည် အနေနဲ့ ဆင်ကျွေးထားရတော့တာပါပဲ၊ အဲသလို ထားတဲ့ရောဂါသည် လူနာ ၁၄ ဦး ရှိပါတယ်၊ ဒီလူနာတွေက အနာကြီးရောဂါပိုး မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ ရောဂါရှိစဉ်က ခံစားခဲ့ရတဲ့ ဒဏ်ရာဒဏ်ချက်တွေသာရှိနေတဲ့ သူတွေပါ၊ သူတို့မှာ အနာကြီးရောဂါပိုး မရှိတော့ပေမယ့် သူတို့ကိုလဲ ခုလိုပဲ နာတာရှည်ရောဂါသည်အနေနဲ့ ဆေးရုံတင်ထားပြီး နိုင်ငံက ကျွေးထားရတာမျိုးလဲရှိပါတယ်'

ရေနံ့သာဆေးရုံသည် ကုသရေးသာမက သုတေသနပြုမှုကို လည်း ဆောင်ရွက်သည်။ ရေနံ့သာမှ ရောဂါကန်ခြင်း၊ ရောဂါကြွခြင်း အကြောင်းကို လေ့လာမှု၊ ဆေးယဉ်ပါးခြင်း၊ ဆေးအသစ်စမ်းသပ်ခြင်း၊ တိုင်းရင်းဆေးများကို စမ်းသပ်ခြင်း၊ ပြန်လည်ထူထောင်ရေးနည်းဗျူဟာ အသစ်များ၊ ကျန်းမာရေးပညာပေး နည်းဗျူဟာအသစ်များကို သုတေသနပြုခြင်း၊ ခွဲစိတ်ပြုပြင်သည့် နည်းသစ်များကို ရှာဖွေခြင်း၊ အရိုးခွဲစိတ်ကုသမှုနည်းသစ်များကို ရှာဖွေခြင်း စသည့် သုတေသနလုပ်ငန်းများကိုလည်း လုပ်ဆောင်သည်။

ဤဆေးရုံမှ အငြိမ်းစား ဆေးရုံအုပ်ကြီး ဆရာဝန်ကြီး ဦးမောင်မောင်ကြီးသည် အနာကြီးရောဂါပိုးကို နှိမ်နင်းနိုင်သော(MDT) ဆေးပေါင်းကို ရှာဖွေ ဖော်ထုတ် သုတေသနပြုရာတွင် ပါဝင်ခဲ့သော သုတေသနပြုသူ ပညာရှင်တစ်ဦးဖြစ်၏။ ထို့အပြင် ဦးမောင်မောင်ကြီး သည် အနာကြီးရောဂါတိုက်ဖျက်ရေး အလုပ်ကို အနာကြီးရောဂါ ကုသရေးဝန်ထမ်းများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများ တွဲဖက် လုပ်ကိုင်သော မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရန် ဆရာကြီးဦးတင်မြင့်နှင့်အတူ စတင် လှုံ့ဆော်သူတစ်ဦးဖြစ်သည်ဟု သိရှိရပါသည်။





ရှေးအခါက မြန်မာနိုင်ငံတွင် အနာကြီးရောဂါသည်၏ အရေ အတွက်နှင့်စာလျှင် ဝန်ထမ်းအရေအတွက်က အဆမတန်နည်းခဲ့သည်။ အနာကြီးရောဂါကို အမ်ဒီတီဆေးပေါင်းနှင့် ကုသလာသောအခါ ရောဂါသည်များအားဆေးပေးရန် အနာကြီးရောဂါ ကုသရေး ဝန်ထမ်း များနှင့် မလုံလောက်တော့တဲ့ရှိခဲ့၏။ ရောဂါသည်များအားဆေးပေးရေး၊ လူနာသစ် ရှာဖွေရေးလုပ်ငန်းများကိုလည်း တစ်ပြိုင်နက်တည်း လုပ်ဆောင်ရန် လိုအပ်လာသောအခါ ပြည်သူ့ကျန်းမာရေးလုပ်ငန်း အတွေ့အကြုံရှိသော အခြေခံကျန်းမာရေး ဝန်ထမ်းများကို အနာကြီး ရောဂါ ကုသရေးလုပ်ငန်းတွင် ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ စီမံချက်ကို ရှေးဦးစွာ တင်ပြသူ ဆရာဝန်ကြီးမှာ နံ့သာမြိုင်အနာကြီး ရောဂါ အထူးကုဆေးရုံကြီးမှ အငြိမ်းစား ဆေးရုံအုပ်ကြီး ဦးမောင်မောင် ကြီးဖြစ်သည်ဟု သိရ၏။

ကျွန်တော်တို့လူသိုက်သည် ဆေးရုံအုပ်ကြီးက ဆေးရုံ အကြောင်းနှင့်တကွ ဆေးရုံသမိုင်းကို စိတ်ရှည်လက်ရှည် ရှင်းပြသည် များကို နားထောင်ပြီး ဆေးရုံအတွင်းသို့ လိုက်လံကြည့်ရှုကြပါသည်။ ဒေါက်တာ ဦးမျိုးတင်ထွန်းက လိုက်လံပြသ၏။

ပထမတော့ ဆေးရုံခွဲစိတ်အဆောင်တွင် မျက်စိအထူးကု ဆရာဝန်ကြီး ဦးစိန်ဝင်းနှင့် ဒေါက်တာဒေါ်မြတ်သီတာတို့က ရောဂါသည် မျက်လုံးဝေဒနာရှင်များအား ဆေးဝါးကုသပေးနေကြ သည်ကို ကြည့်ရှုကြ၏။

အနာကြီးရောဂါဖြစ်ပွားပါက ရောဂါပိုးသည် ရောဂါသည်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်စိ၊ မျက်ခုံးမှ အာရုံကြောများကို ဖျက်ဆီးရာ မျက်စိနှင့်မျက်ခွံမှ အာရုံကြောများ ဖျက်ဆီးခံရလျှင် မျက်စိသည် ပိတ်မရဘဲ အမြဲတမ်း ပွင့်နေ၏။ မျက်လုံးကလည်း ပွင့်နေ၊ အာရုံခံစားမှု အလျဉ်းမရှိသဖြင့် မျက်လုံးအတွင်းသို့ အမှိုက်ဝင်ခြင်း၊ ယင်နားခြင်း၊ ယင်ချေးဝင်အုခြင်းတို့ ဖြစ်ပွားရာမှ မျက်စိရောဂါ၊ မျက်စိအနာများ ရလာတတ်၏။ မျက်ခုံးအာရုံကြောများ ပျက်စီးမှုကြောင့် မျက်ခွံလိပ်၊ မျက်ခွံလန်ခြင်းများ၊ မျက်စိပိတ်မရခြင်းများ၊ အလိုလိုမျက်ရည်တောက်လျှောက်ကျနေမှုများ ဖြစ်တတ်သည်။ ထိုသို့ရောဂါများ ခံစားရရှိပါက သက်သာအောင်၊ မူလကပင် မျက်စိရောဂါများ မရရှိအောင် မျက်စိဆရာဝန်ကြီးများကလည်း အနာကြီးရောဂါသည်များအား ကြိုတင်ကာကွယ် ပေးကြရသည်ဟု ဆို၏။

ကျွန်တော်တို့ နံ့သာမြိုင် အနာကြီးရောဂါ အထူးကုဆေးရုံသို့ ရောက်ရှိနေစဉ် ကနေဒါနိုင်ငံမှ မျက်စိရောဂါ အထူးကု ဆရာဝန်ကြီးများဖြစ်သော ဒေါက်တာပေါလ်နှင့် ဒေါက်တာဆူဆန်တို့လည်း ရောက်ရှိနေကာ မျက်စိရောဂါသည် ဝေဒနာရှင်များကို လာရောက်ကုသပေးလျက်ရှိ၏။ ထိုဆရာဝန်ကြီးနှစ်ယောက်ကို ဒေါက်တာအေါလှမာလာက ကူညီဆောင်ရွက်ပေးလျက်ရှိ၏။

မြန်မာနိုင်ငံတွင် ၁၉၈၆ ခုနှစ် အမ်ဒီတီ ဆေးပေါင်း စတင်တိုက်ကျွေးစဉ်က တစ်နိုင်ငံလုံးတွင် အနာကြီးရောဂါသည် နှစ်သိန်းခုနှစ်သောင်းကျော်ရှိသည်။ ၁၉၉၉ ခုနှစ်သို့ ရောက်ရှိသောအခါ ရောဂါရှိသူ အရေအတွက်သည် တစ်သောင်းကျော်အထိ ကျင်ဆင်းလာခဲ့သည်။ ယခုအခါ တစ်နိုင်ငံလုံးတွင် အနာကြီးရောဂါသည် အရေအတွက်သည် လေးထောင်အောက်သို့ ရောက်ရှိနေပြီဖြစ်၏။ ဆိုကဲ့သို့ အာနိသင်ရှိသော ဆေးစွမ်းကောင်းနှင့် ကုသမှုကြောင့် ရောဂါပျောက်ကင်းသွားသော်လည်း ဒုက္ခတိအဖြစ် ကျန်ရစ်သူ ဝေဒနာရှင်မှာ တစ်နိုင်ငံလုံးတွင် အများအပြားရှိသည်။ နေ့စဉ်လည်း တိုးလျက်ရှိသည်။ ဤဆေးရုံကြီးမှ တစ်နှစ်လျှင် အကြီးစားခွဲစိတ်မှု ၁၄၀ နှင့် အသေးစားခွဲစိတ်မှု ၁၀၀ ခန့်ကိုသာ ပြုလုပ်ပေးနိုင်ရာ ရောဂါပျောက်သော်လည်း ဒုက္ခတိအဖြစ်ကျန်ရစ်သူ ဝေဒနာရှင်များအတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို လုပ်ဆောင်ရန် လုပ်ငန်းတာဝန် အများအပြား ကျန်ရစ်နေသေး၏။ ထို့ကြောင့် ဤဆေးရုံသည် မြန်မာနိုင်ငံ၌ ပြန်လည်ထူထောင်ရေးအတွက် ဆက်လက်အရေးပါနေဦးမည့် ဆေးရုံတစ်ရုံ ဖြစ်ပါသည်။

ဆရာဝန်များအား "ဆရာတို့ဟာ ဝေးလှတဲ့ ဒေသကနေလာပြီး သတိမို့ ခက်ခဲတဲ့ ရောဂါသည်တွေနဲ့အတူနေ အတူစားပြီး တာဝန်ထမ်းဆောင်နေကြတာကို လေးစားပါတယ်"ဟု ဆိုတော့ ဆရာ ဦးမျိုးတင်ထွန်းက "ဒီဆေးရုံမှာ တာဝန်ထမ်းဆောင်နေတဲ့ လူငယ်ဆရာဝန်တွေဟာ ဒီဆေးရုံမှာ အခုလို တာဝန်ထမ်းဆောင်နေရတာကို အနစ်နာခံပြီး ဆောင်ရွက်နေတာ၊ ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်နေရတာလို့ မယူဆကြပါဘူးဆရာ၊ ကျွန်တော်တို့ကံကောင်းလို့ ဒီတာဝန်ကို ထမ်းဆောင်နေကြရတာပါ၊ ဘာကြောင့်လဲဆိုတော့ ဒီရောဂါဟာ အရင်က ပျောက်ကင်းအောင် ကုသနိုင်တဲ့ ဆေးမရှိခင် နှစ်ပေါင်းများစွာ







www.burmeseclassic.com

www.burmeseclassic.com



ကတည်းက လူသားအချင်းချင်း စာနာပြီး ကုသခဲ့တဲ့ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေ၊ ခရစ်ယာန်သာသနာပြု ဘုန်းကြီးတွေ၊ သီလရှင်တွေ အများကြီးပါပဲ၊ အဲဒီတုန်းက ကုသပြုစုပေးတဲ့ လူတွေဟာ ကာကွယ်ဖို့အတွက် ဆေးမရှိပါဘူး၊ သူတို့ကိုယ်သူတို့ ကာကွယ်ဖို့လဲ ဆေးမရှိပါဘူး၊ သူတို့တစ်တွေကိုယ်တိုင် အနာကြီးရောဂါသည်တွေကို ကုသရင်း၊ ကိုင်တွယ်ရင်းနဲ့ သူတို့ကိုယ်မှာပဲ အကွက်တွေပေါ်လာပြီး အနာကြီးရောဂါသည်ဘဝသို့ ရောက်ရှိသွားကြတဲ့ မေတ္တာရှင် လူသားတွေအများကြီး ရှိခဲ့ပါတယ်။

အခု ကျွန်တော်တို့ကလဲ ဒီရောဂါဆိုးကြီးကို မြင့်မြတ်တဲ့ လူသားနဲ့တွဲပြီး မရှိစေရဘူး၊ အနာကြီးရောဂါ လုံးဝပျောက်ကင်းရမယ် ဆိုတဲ့ ဖွဲ့ လုံ့လနဲ့ ဆေးကောင်းဆေးသစ်တွေကို ရှာဖွေတဲ့အခါမှာ အနာကြီးရောဂါကို ပျောက်ကင်းနိုင်တဲ့ ဆေးဝါးအသစ်ကို အခုလို တွေ့ရှိခဲ့တာဖြစ်ပါတယ်။

ဒီဆေးဝါးကို အသုံးပြုပြီး အနာကြီးရောဂါကို တိုက်ဖျက်နေတဲ့ အချိန်မှာ ကျွန်တော်တို့ဟာ ကျွန်တော်တို့ရှေ့က ဆရာဝန်ကြီးတွေ၊ အနာကြီးရောဂါကုသသူ ကျန်းမာရေးဝန်ထမ်းတွေလို ညဥ့်အမှောင်မှာ လမ်းလျှောက်ရတာမျိုး မဟုတ်တော့ဘူးပေါ့ဆရာ၊ စမ်းတဝါးဝါး မဟုတ်တော့ဘူး၊ ဆေးကောင်းဆေးပေါင်းပေါ်နေပြီဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ ပန်းတိုင်ကို မျက်စိနဲ့မြင်ပြီး အလင်းရောင်အောက်မှာ လျှောက်ရတဲ့လူတွေဖြစ်နေပြီ။

ဒီဆေးဝါးကလဲ အားကိုအားထား ပြုနိုင်လောက်အောင်





အစွမ်းထက်တော့ ရှေးအရင်က၊ ဟိုးရှေးက ကိုယ်ကျိုးစွန့်ဆောင်ရွက်ကြတဲ့ ပုဂ္ဂိုလ်ကြီးများနဲ့စာရင် ကျွန်တော်တို့က အများကြီးကံကောင်းပါတယ်၊ အရင်က ပျောက်ကင်းတဲ့ ဆေးမရှိဘဲနဲ့တောင် ဒီရောဂါသည် ဆဒနာရှင်တွေနဲ့ အတူနေအတူစား ကုခဲ့ကြသေးတာ၊ အခု ကျွန်တော်တို့က အားကိုးရာဆေးရှိနေပြီဖြစ်တော့ ကျွန်တော်တို့ ဆရာဝန်ဖြစ်လာရတာ၊ ဆရာဝန်ဖြစ်ပြီး ခုလို ဒီဆေးရုံမှာ တာဝန်ကျတာ ကျွန်တော်တို့ ခမ်းသာရပါတယ်၊ ကံကောင်းမှုတစ်ရပ်လို့လဲ ယူဆပါတယ်”

ထိုအခါ ဒေါက်တာဒေါ်မြတ်သီတာက “ဒီဆေးရုံကို ရောက်လာတဲ့ ဝန်ထမ်းတွေက ကျွန်မတို့ ကျွန်တော်တို့တော့ ဒီဆေးရုံမှာ နေပဲ၊ ခြောက်လပဲ၊ တစ်နှစ်ပဲပြောကြတဲ့အခါမှာ ဆေးရုံအုပ်ကြီးက လုပ်ကြည့်ပါဦး၊ အပြောမကြီးပါနဲ့လို့ ပြောလေ့ရှိပါတယ်။ တကယ် တမ်းလုပ်ကြည့်တော့လည်း ဒီဆေးရုံမှာ မြဲသွားတတ်ပါတယ်၊ ဆရာရဲ့ တကယ်တော့ ရေနံ့သာမှာရှိတဲ့ ဝန်ထမ်းတွေဟာ ဒီသောင်ယံက ခွာတော့မယ့်သူတွေပါ ဆရာ”ဟု ဆိုပါသည်။ ဒေါက်တာ ဒေါ်မြတ်သီတာသည် သင်တန်းတစ်ခုတက်ရောက်ရန် ရေနံ့သာ ဆေးရုံသို့ ရောက်ရှိလာခြင်းဖြစ်သည်။ ထို့နောက်တော့ ရေနံ့သာ အပေါ် တွယ်တာခဲ့သည်။ ထို့နောက် ရေနံ့သာတွင် သူတာဝန် ထမ်းဆောင်ပါရစေတော့ဟု အထက်သို့ တင်ပြတောင်းခံကာ ရေနံ့သာ သို့ ရောက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

■



www.burmeseclassic.com

www.burmeseclassic.com



နံ့သာမြိုင် ရှင်နှစ်ရာအလှူပွဲနှင့် အလှူရှင်များ

အခန်း (၁၅)

မြဲမှာစိုးရိမ်တဲ့တေား

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ ဖြစ်သည်။

ထိုနေ့သည် မြန်မာ့လွတ်လပ်ရေးနေ့ဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးနေ့တွင် မြန်မာတစ်ပြည်လုံး၌ ပျော်ပွဲရွှင်ပွဲများ ကျင်းပကြသည်။ မြန်မာတစ်နိုင်ငံလုံး၌ ပျော်ပွဲရွှင်ပွဲများကျင်းပချိန်တွင် အထက်မြန်မာနိုင်ငံ မတ္တရာမြို့နယ်ရှိ နံ့သာမြိုင် အနာကြီးရောဂါသည် စခန်းတွင် ရှင် ၂၀၀ ကျော် အလှူပွဲကြီးကို တစ်ခဲနက်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ၏။

နံ့သာမြိုင်ရွာတွင် အိမ်ခြေ ၄၅၀ ခန့်ရှိ၏။ ယခု ပြုလုပ်မည့် အလှူပွဲကြီးက ရဟန်းသာမဏေနှင့် သီလရှင် စုစုပေါင်း အပါး၂၁၂ ဖြစ်လေရာ နံ့သာမြိုင်ရှိ အိမ်နှစ်အိမ်မှ သာသနာ့ဘောင်သို့ ဝင်ရောက်သည့် ဦးရေ တစ်ဦးနှုန်းဖြစ်၏။ သာသနာ့ဘောင်သို့ မဝင်ရောက်ရ



www.burmeseclassic.com

www.burmeseclassic.com



သေးသော သူများကိုသာ ဦးစားပေးအဖြစ် အလှူပွဲသို့ပါရန် သတ်မှတ်ထားသော်လည်း ရွာမှာ လူငယ်များက သူလည်းဝတ်ချင် ကိုယ်လည်းဝတ်ချင်မို့ သာသနာ့ဘောင်သို့ ဝင်လိုသူအားလုံးကို ကန့်သတ်ချက်မရှိ၊ သာသနာ့ဘောင်သို့ ဝင်စေသော အလှူပွဲကြီးဖြစ်၏။

အလှူကျင်းပသောနေ့ မနက်အထိပင် သာသနာ့ဘောင်သို့ ဝင်ရောက်ရန် စာရင်းသွင်းနေသူတို့က ရှိခဲ့၏။

"အလှူကတော့ မကြီးစဖူးပါပဲဗျာ၊ မန္တလေးအစဉ်အလာတိုင်း မဏ္ဍာပ်ကြီးက နတ်ဘုံနတ်နန်းလို ခမ်းနားဖွယ်ရာကြီးဖြစ်လွန်းလို့ ဒီလိုမဏ္ဍာပ်ကြီးမျိုးနဲ့ဆို ငါ့သားတော့ ရှင်ပြုဖြစ်အောင် ပြုမယ်ဆိုပြီး လာခဲ့တာပါ၊ ကျုပ်သားလေး စာရင်းသွင်းလို့ မီပါသေးလားဗျာ" ဟု ရွာသား ဦးတင်ဝေက ဆို၏။

"မဏ္ဍာပ်ကြီးမြင်မှပဲ သားကို ရှင်ပြုဖို့ သတိရတာယ်၊ လွန်ခဲ့တဲ့ ခြောက်လလုံးလုံး ရှင်ပြုမယ့် ကလေးတွေ စာရင်းပေးပါဆိုတုန်းကတော့ မပေးဘူး" ဟု ဆရာလေး ဦးဇော်ဝင်းက မာန်လိုက်၏။

"ဒီလိုပါ ဆရာလေးရဲ့၊ ကျုပ်တို့ကလဲ ကေပုတ္တ တစ်ဦးတည်းသော သားလေးဖြစ်လို့ ပထမတော့ ကိုယ့်ချွေးနည်းစာလေးနဲ့ပဲ ကိုယ်ရှင်ပြုမယ်၊ ဒီတစ်နှစ်ကြိုးစားပြီး ရွာလိုက်အုံးမယ်ဆိုပြီး ကိုယ့်ဟာကိုယ် ရှင်ပြုဖို့ ကြိုးစားမိတာပါ ဆရာလေးရယ်၊ အခုတော့ နိုင်ငံတစ်လွှားမှာ ပြိုင်စံရှား အလှူကြီးဆိုတော့ ကြုံတောင့်ကြုံခဲ အလှူကြီးမှာဝင်ပြီး ရှင်ပြုချင်လွန်းလို့ပါ ဆရာလေး ဦးဇော်ဝင်းရယ် ခွင့်ပြုပါ ခင်ဗျာ" ဟု ဦးတင်ဝေက ဆို၏။



ဆရာလေးဦးဇော်ဝင်းက လာသမျှ မောင်ရင်လောင်း၊ ရဟန်းလောင်း၊ သီလရှင်လောင်းများကို ပါဝင်ခွင့်ပြု၏။ အလှူနေ့တွင် နံ့သာမြိုင် တစ်ရွာလုံးက ဝတ်ကောင်းစားလှများဝတ်၍ ထွက်ကြသည်။ အမျိုးသမီးတိုင်းက မိတ်ကပ်နှင့်သနပ်ခါးနှင့် ဖုန်နေအောင် ခြယ်သသားကြ၏။ အမျိုးသားများက ဘိုကေကို ကြော့နေအောင် ဖီး၍ဖုံးသို့ ဆီတွေယိုကျစီးကျနေအောင် ဖီးလိမ်းထားကြ၏။ ရဟန်းလောင်းအမေ၊ ရဟန်းလောင်းအဖေ၊ မောင်ရင်လောင်းအဖေ အမေတို့သာမက သီလရှင်လောင်း၏အမေ၊ အဖေ ညီအစ်ကိုမောင်နှမတို့ကပါ ငါတို့သား၊ ငါတို့သမီး သာသနာ့ဘောင် ဝင်သောနေ့ဟုဆိုကာ ပျော်တပြုံးပြုံး မော်မဆုံးအောင်ရှိကြ၏။ နံနက်စောစောကပင် အိမ်မှထွက်ခဲ့ကြ၍ မဏ္ဍာပ်အတွင်း ဧည့်ခံဆိုင်းကို ဝင်ရောက်နားထောင်သည်။

ဆိုင်းက မန္တလေးမြို့မှ နာမည်ကြီး ရွှေမြန်မာ စိုင်းထက်ဇော်လာဆိုင်းအဖွဲ့ဖြစ်၏။ ထို့ပြင် ပြင်ဦးလွင် မျက်မမြင် ပရဟိတကျောင်းမှ ဆိုင်းအဖွဲ့ကလည်း ကြွရောက် ကူညီဖျော်ဖြေမှုပြုသည်။ ရွာသူရွာသားများသည် ထမင်းကျွေးရုံသို့ပြေး၍ ထမင်းစားပြီး မိုက်ကားသာတော့ အလှူမဏ္ဍာပ်အတွင်း ပြန်၍ဆိုင်းနားထောင်ကြ၏။ မဏ္ဍာပ်အတွင်း၌လည်း နိုင်ငံကျော်အရီးတောင်းကျော်သိန်း၊ ဒေါ်ကြွယ်ကြွယ်တို့က လက်ဖက်သုတ်အစုံဖြင့် ဧည့်ခံ၏။ အရီးတောင်း လက်ဖက်စုံသည်လည်း ပုစွန်ခြောက်နိုင်းချင်း အကြော်စုံ ပဲဆီရွှဲရွှဲနှင့်ဖြစ်၍ တကယ်ပဲအစ်လုပ်ပြီးတစ်လုတ် တစ်ပန်းကန်ပြီးတစ်ပန်းကန် လွေးကြ၊ စားကြသည်။ အလှူပွဲတွင် ဘိသိက်စွန်ညိုက အပျောကောင်း အခြေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အလှူအကြောင်း ရွာအကြောင်းကို ရွှန်းရွှန်းဝေအောင်ပြော၏။

မဏ္ဍပ်အတွင်းဝယ် ဘိသိက်စွန်ညို ပြောဟောသည်ကို နားထောင်၊ အချင်းချင်းလည်း လက်တို့ကာ စကားတွေ ပြောနေကြ၏။ ရန်ကုန်နှင့်မန္တလေးမှ ရောက်လာကြသော အလှူရှင်ကိုလည်း ဝိုင်းကြည့်ကြသည်။

"ဟဲ့ အလှူရှင်နာမည်လေး မှတ်ထားရအောင် ပြောပါဦး"

"ဟိုအင်္ကျီမရမ်းရောင်နဲ့ အလှူ့အစ်မက ဒေါ်နှင်းမိုးဝေတဲ့"

"နှင်းမိုးဝေရုံသာမကဘူး၊ စေတနာမိုး၊ မေတ္တာမိုးတွေပါဝေတာ ပါဟယ်"

"အပြာရောင်နဲ့ အလှူ့အစ်မကတော့ မီမီသက်လို့ ခေါ်တယ်လို့ ကိုစွာညိုကြီးက ပြောတာပဲ၊ သူကသိတာပေါ့၊ မန္တလေးကိုသွားပြီး ကိုယ်တိုင် ကြိုလာရတာ"

"အလှူ့အစ်မတွေ အသက်ကငယ်ငယ်ပဲ ရှိကြဦးမယ်၊ ဟိုဘက် က အင်္ကျီအနီနဲ့ အလှူ့အစ်မရော"

"အဲဒီအစ်မက ဒေါ်အေးအေးသန်းတဲ့၊ သူနဲ့အတူ တွဲနေတာ ဒေါ်ဖြူဖြူလို့ ခေါ်တယ် သူတို့က ညီအစ်မတဲ့"

"ဟယ် ဒေါ်ဖြူဖြူဆိုတဲ့အတိုင်း ဖြူဖွေးနေတာပဲ"

"နောက်ပြီး တို့အလှူကို ဘယ်သူတွေ လာကြသေးလဲ"

"စာရေးဆရာတွေလဲ လာတယ်၊ ခပ်ဖြူဖြူ မျက်မှန်နဲ့စာရေး ဆရာမက ဝင်းဝင်းမြင့် (နန်းတော်ရှေ့)၊ ဟိုဘက်က ခပ်ညိုညိုမျက်မှန်နဲ့ ဆရာမက သန်းမြင့်အောင်တဲ့"





"ရန်ကုန်မြို့က နာမည်ကြီး စာရေးဆရာကြီးလို့ ဆိုတာပဲ၊ ဟိုဘက်က ဆရာမောင်သိန်းဆိုင်၊ သူ့ဟိုဘက်က ဆရာအောင်ဝေးတဲ့ ဆရာ"

"အို လူတွေက စုံလို့ပါလား"

"ကဲ ဗိုက်နည်းနည်း ချောင်သွားပြီ၊ ထမင်းစားရုံမှာ တစ်ထပ် လောက် သွားစားလိုက်ကြရအောင်"

"ဟဲ့ မနက်က တစ်ခါစားပြီးပြီ၊ အော်ထုတ်ခံရအုံးမယ်"

"ငါ မေးပြီးပြီ၊ ဒီမနက်ပိုင်း စားချင်သလောက် ဝင်စားတဲ့"

"အလှူထမင်း အလှူဟင်းက မန္တလေးလက်ရာ ငါးခြောက်နှပ် အလဲ စားလို့ကောင်းမှကောင်း၊ လာကြအေ၊ တစ်ထပ်သွားစား လိုက်ကြဦးစို့"ဟု ဆိုကာ အမျိုးသမီးတစ်သိုက်က ထလိုက်ကြတော့ ဟိုဘက်က လူပျိုတစ်သိုက်ကလည်း ထမင်းကျွေးမဏ္ဍပ်သို့သွားရန် အကြံနှင့်ထကြတော့ အကြံချင်းတူနေကြ၍ ဝါးခနဲရယ်လိုက်ကြ၏။ ထိုအချိန်တွင် နိုင်ငံတော် မြဝတီရုပ်မြင်သံကြားအဖွဲ့ကလည်း လျှပ်တစ် ပြက်ရိုက်ချက် ပြုလုပ်နေကြ၏။ မအေးစန္ဒာကြည်က ဦးအုန်းငွေကြီးကို တွေ့ဆုံမေးမြန်းလျက်ရှိ၏။

နေက တစ်စတစ်စပူလာသည်။ အလှူလာသူများ ချွေးတစ်လုံး သုံးနှင့်ရှိနေ၏။ မနက်က ရှင်လောင်းလှည့်ပွဲတုန်း၍လည်း ရွာလုံး ကျွတ် ကွမ်းတောင် ပန်းတောင်ကိုင်၍ လှည့်ခဲ့ကြသေးသည်၊ ဒီနေ့ အဖို့ကတော့ မမောနိုင် မပန်းနိုင်သောနေ့ဖြစ်၏။ နံ့သာမြိုင်အနာကြီး ဆာဂါသည်စခန်းကိုတည်ထောင်သည်မှာဆယ်နှစ်ကျော်ပြီသည့်နေ့လို



www.burmeseclassic.com

www.burmeseclassic.com



ပျော်ရွှင်ကြည် နူးခဲ့ရသောနေ့၊ သည်နေ့လို ကုသိုလ်ကောင်းမှု ပြုခဲ့ရသောနေ့၊ သည်နေ့လို ဗိုက်ကားအောင် အစားအစာ ဖြည့်ခဲ့ရသော နေ့ကား မရှိ။

ညိမ်ဆင်းလောင်း ပြန်လာသူတို့ကလည်း သိမ်ဆင်းလောင်းသည့် အတွေ့အကြုံများကို ပြောနေကြ၏။ ရှင်လောင်းလှည့်ပွဲမှ ပြန်လာကြသူတို့ကလည်း သူတို့၏အတွေ့အကြုံများကို မမောနိုင် မပန်းနိုင် ပြောမဆုံးပေါင် တောသုံးတောင်မျှရှိ၏။ ထိုအချိန်တွင် အလှူတော်မင်္ဂလာအောင်ပွဲအတွက် ရေစက်ချ တရားနာကြမည်ဟု ဆို၏။ အလှူတရားတော်ကို အဘိဓဇမဟာရဋ္ဌဂုရု နိုင်ငံတော် ဩဝါဒါစရိယ တွဲဖက်ရွှေကျင်သာသနာပိုင် ဆရာတော်ကြီး ဘဒ္ဒန္တ အဋ္ဌိယက ဩဝါဒကထာချီးမြှင့်၏။ မစိုးရိမ်ကျောင်းတိုက် ဆရာတော် မဟာနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဆရာတော်ဘဒ္ဒန္တ သာဂရာဘိဝံသ အရှင်သူမြတ်က ရေစက်ချ အလှူတရားတော်ကို ဟောကြားတော်မူသည်။ နံ့သာမြိုင်သူ နံ့သာမြိုင်သားတို့ တရားတော်ကို အေးချမ်းစွာ နာကြားကြရ၏။ ရေစက်ချ၍ အပြီး အမျှပေးဝေလိုက်သည်နှင့် ထိုအချိန်တွင် အသံချဲ့စက်မှ ကဗျာဆရာ မောင်သွေးသစ်၏ သာသနာ့တံတိုင်းနဲ့ နံ့သာမြိုင်သမိုင်းလှခဲ့ပြီ ကဗျာရွတ်သံက ထွက်ပေါ် လာခဲ့ပါ၏။

* ပလုပ်ဖြုန်းရယ်နဲ့ ကြေးစည်သံဝေစည်စည်
နေခြည် စောင်းပြီ
ရွှေရည် သွန်းလောင်းဆဲ





ဆံချပွဲမှာ
ဟောဒီ ဆံချပွဲကြီးမှာ
ပိတ်ဖြူလွှာကို အဖေ ဘယ်သို့ကိုင်ရပါ့
ပိတ်ဖြူလွှာကို အမေ ဘယ်သို့ကိုင်ရပါ့
ရုပ်ဘဝနာသူ
အပူရတက်မီး လှိုက်စို့တက်တယ်
ဟယ်– တတ်နိုင်ဘူး တော်တို့ရေ
ဟင်– တတ်နိုင်သူ ဗျာတို့ရေ
သားဆံခွေ မြေ မခရအောင်
ဟောဒီချစ်သားလေး ဆံကေ မြေမကျရအောင်
နှုတ်ခမ်းနှစ်လွှာနဲ့ တင်းတင်းဖိကိုက်ထားပါလို့
ဆံချ အခါတော်ကြီးကို အထမြောက်စေခဲ့တယ်။

* ပလုပ်ဖြုန်းရယ်နဲ့ ရေစက်ချ မင်္ဂလာ
သာဓု ခေါ်တဲ့ အဖအသံ
သာဓု ခေါ်တဲ့ အမိအသံ
သာဓု ခေါ်တဲ့ တို့များရဲ့ အသံ
နိဗ္ဗာန်က ကြားရောထင့်
သောသောအုတ်အုတ် ကောင်းချီးသြဘာ
ဗြဟ္မာနတ်လူအပေါင်းတို့ မုဒိတာ။

* ပလုပ်ဖြုန်းရယ်နဲ့ နေညိုချိန်
ဒါနမီးအိမ်တွေ ကိုယ်စီထွန်းညှိခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ဝန်းဝန်းဝိုင်းဝိုင်းနဲ့
နံ့သာမြိုင် ရွာသမိုင်း
သာသနာ့တံတိုင်း ဝိုင်းကာနိုင်ခဲ့ကြပြီ။

ဖွှေ့မြန်မာဆိုင်းအဖွဲ့နှင့်တွဲ၍ ကဗျာဆရာကြီး မောင်သွေးသစ်၏ အသံဝါချိုချိုဖြင့် ရွတ်ဆိုထားသောအသံက နံ့သာမြိုင်သူ နံ့သာမြိုင်သား တို့၏ နားအတွင်းမှာ စွဲထင်လို့ ကျန်ခဲ့ပြီ။ နေညိုလို့ အချိန်စောင်းကာမှာ ကံစမ်းမဲ ဖောက်ကြဦးဟု ဆိုကြ၏။ တစ်ရွာလုံး စိတ်ဝင်စားသွားကြ၏။ တစ်ရွာလုံး မဏ္ဍပ်တွင်းသို့ စုဝေးရောက်ရှိလာကြ၏။ နံ့သာမြိုင်မှာ အိမ်ခြေ ၄၅၀ ရှိတဲ့အနက် ကံစမ်းမဲ ဆယ်မဲဖေါက်မည်။ တစ်မဲအတွက် တစ်သောင်းတန်၊ နှစ်သောင်းတန်၊ သုံးသောင်းတန်ပါသည်ဟုဆိုတော့ ဟေး ဟေး ဝါးဝါး ပျော်ကြသည်။

ထူးခြားသည်က ကံစမ်းမဲ ဆယ်မဲစလုံးကို နံ့သာမြိုင်ရွာမှ အဆင်းရဲဆုံး မိသားစုများချည်း ပေါက်သွားကြ၍ တစ်ရွာလုံးဝမ်းသာကြ၏။ အလှူလည်းပြီးပြီ၊ ရေစက်ချ၍လည်း ပြီးပြီ၊ နောက်ဆက်တွဲ ကံစမ်းမဲပါဖောက်၍ ပြီးပြီဖြစ်၏။ သို့သော် နံ့သာမြိုင်ရွာသူရွာသားများ နေအိမ်သို့ မပြန်နိုင်ကြသေး။ သူတို့၏ ကျေးဇူးရှင်၊ သူတို့ကို လှူရာသွင်းသူ အလှူ့ရှင်အလှူ့အစ်မများကို နှုတ်ဆက်လိုကြသေး၏။ ငယ်ရွယ်သူ အလှူ့ရှင်အလှူ့အစ်မတို့က တစ်နေ့လုံး ပျော်ရွှင်စွာ အလှူကြီးပေးပြီး ရုတ်ခြည်းချက်ချင်း ဝေဒနာရှင်တစ်သိုက်ကို ဒီရွာ ဒီစခန်းမှာ ထားရစ်ခဲ့ပြီး ပြန်ဖို့ခက်နေကြသလို ရွာသူရွာသားများကလည်း အလှူ့ရှင် အလှူ့အမများကို လက်ပြ၍ မနှုတ်ဆက်လိုကြ





သေးပါ။ ဝေဒနာရှင်များနှင့် အလှူ့ရှင် အလှူ့အစ်မများအကြား တစ်နေကုန် တည်ဆောက်ခဲ့ကြသည့်က ဖြဟ္မစိုရ်တံတားမဟုတ်ပါလား။




နံ့သာမြိုင် ရှင်နှစ်ရာအလှူပွဲ



www.burmeseclassic.com

www.burmeseclassic.com



ရှင်နှစ်ရာ အလှူပွဲမှ

## အခန်း (၁၆)

# ကိုကျော်ခိုင် ဆန္ဒပြည့်ဝပြီ

သူ့အမည်က မောင်ကျော်ခိုင် ဖြစ်သည်။ မိဘနှစ်ပါးသည် ဦးညို၊ ဒေါ်အမာဖြစ်၍ နှစ်ဦးစလုံး အနာကြီးရောဂါသည်များဖြစ်ကာ အိမ်နံပါတ် ၃၂၅၊ နံ့သာမြိုင် အနာကြီးရောဂါသည်စခန်း၌ နေထိုင်ကြသည်၊ ဦးညို၊ ဒေါ်အမာတို့ မိသားစုသည် နံ့သာမြိုင်စခန်းတွင် အလွန်ဆင်းရဲသူများဖြစ်၍ လက်လုပ်လက်စား နေ့လုပ်နေ့စားသမားဖြစ်ကြ၏။ သို့သော် သူတို့သည် အလုပ်ကြိုးစားကြသည်။ အလုပ်ကြိုးစားကြခြင်း၏ အကြောင်းရင်းမှာ မိမိတို့ဘဝ ချောင်ချောင်လည်လည်ဖြစ်လာဖို့ ကြိုးစားကြခြင်းမဟုတ်။ မိမိတို့၏ တစ်ဦးတည်းသောရင်မှဖြစ်သည့် သားလေး မောင်ကျော်ခိုင်ကို သာမဏေဘောင်သို့ သွတ်သွင်းရန်အတွက် ဖြစ်၏။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့တွင် သားယောကျ်ားဖြစ်ပါက ရှင်သာမဏေဘောင်သို့ သွတ်သွင်းကာ သာသနာ့အမွေခံယူရေးသည် အရေးကြီးသောအလုပ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝရည်မှန်းချက်ဖြစ်သည်။ မြန်မာလူမှုဘဝတွင် သာမဏေဘောင်သို့ သွတ်သွင်းချီးမြှင့်သည့်ပွဲ ဆံချရာ၌ သားငယ်၏ဆံပင်များ မြေမကျ ရအောင် ပိတ်ဖြူစကို အမေကတစ်ဖက် အဖေကတစ်ဖက်ကိုင်၍ ဆရာ ရဟန်းက ဆံချပေးသော မြင်ကွင်းသည် အလွန်မှ ကြည်နူးစရာ ကောင်းလှသော မြင်ကွင်းဖြစ်သည်။

ဦးညိုရော ဒေါ်အမာပါ သားမောင်ကျော်ခိုင်ကို မွေးပြီးစမှစ၍ ရသမျှသောဝင်ငွေလေးများကို ခြိုးခြံ၍သုံး၊ တစ်ပြားစု နှစ်ပြားစုဖြင့် စုဆောင်းခဲ့ပါသော်လည်း သားလူလှအား သာမဏေဘောင်သို့ သွတ်သွင်းနိုင်ရလောက်အောင် ငွေကြေးစုဆောင်းနိုင်ခြင်း မရှိခဲ့။

မောင်ကျော်ခိုင်သည် သူ့အား မိဘနှစ်ပါးက သာမဏေဘောင် သို့ဝင်ရောက်စေလိုသော ဆန္ဒပြင်းပြစွာ ရှိသည်ကို သိရှိ၏။ သူ ကိုယ်တိုင်ကလည်း သာမဏေဘောင်သို့ ဝင်ရောက်လို၏။ ရွာမှ အချို့ကလေးများဆိုလျှင် ကိုးနှစ်သားဆိုပါက သာသနာ့ဘောင်သို့ ဝင်ရောက်တတ်ကြ၏။ မောင်ကျော်ခိုင့် သူငယ်ချင်း အများအပြားသည် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ကြပြီ။

မြေနိမ့်ရာလှံစိုက်၊ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်း၊ ကံဆိုးမသွားရာ မိုးလိုက်၍ရွာဆိုသော စကားပုံများရှိ၏။ မောင်ကျော်ခိုင်အဖို့ ဤစကားပုံများနှင့် ကြုံကြိုက်ခဲ့ရသည်ဟုဆိုနိုင်၏။ သူ လူလား မမြောက်မီ ဦးညိုရောဒေါ်အမာတို့သည် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန် ခဲ့၏။ သည်တော့ မောင်ကျော်ခိုင်ကို အရပ်က ကျွေးမွေးလာခဲ့ရ၏။ မိဘမဲ့သား ရေနည်းငါးပမာ မောင်ကျော်ခိုင်သည် ကလေးဘဝကို





ဖြတ်သန်း လာခဲ့ရ၏။ တစ်နေ့ အသက်ရှင်ဖို့အတွက် တစ်နေ့လုံး ရုန်းကန်နေရရှာသော မောင်ကျော်ခိုင်သည် မိဘများ ကွယ်လွန်ပြီး နောက် ရှင်သာမဏေဘောင်သို့ ဝင်ရောက်ရေးကို မစဉ်းစားနိုင်။ သမုဒ္ဒရာဝမ်းတစ်ထွာအတွက် သူတတ်စွမ်းသမျှ အလုပ်များကို လုပ်ရသည်။ ရေထမ်းရ၊ မြေပေါက်ရ၊ သူများအိမ်တွင် ကူညီလုပ်ရ စသည်ဖြင့် အလုပ်စုံလုပ်ရ၏။ သူတို့ကျေးရွာမှ လူငယ်များ အားလုံး၏ အလုပ်ဖြစ်သော မီးသွေးအိတ်ထမ်းသည့် အလုပ်ကတော့ ဒိုင်ခံအလုပ် ဖြစ်၏။

နံ့သာမြိုင်ရွာသည် ရှမ်းရိုးမတောင်ခြေတွင် ရှိ၏။ ရှမ်းရိုးမ တောင်ပေါ်တွင် မီးသွေးဖုတ်သည့် လုပ်ငန်းများရှိကြ၏။ ယင်းလုပ်ငန်း များက ဖုတ်ပြီးသား မီးသွေးများကို ရွာမှ လူငယ်များ ထမ်းချကြရ၏။ ရွာမှ လူငယ်များသည် တစ်ယောက်ကို မီးသွေး သုံးအိတ်လောက်တော့ ထမ်းချနိုင်ကြ၏။ အချို့ ဗလကောင်းကောင်းလူငယ်များက ငါးအိတ် အထိ ထမ်းကြ၏။ မောင်ကျော်ခိုင်က သူကိုရင်ဝတ်ဖို့ သင်္ကန်းတစ်စုံနှင့် ဆွမ်းတော်ပွဲတစ်ပွဲ ဝယ်နိုင်ရေးအတွက် သူများလို မီးသွေးငါးအိတ် ထမ်းချရကောင်းမလားဟု စိတ်ကူး၏။ မီးသွေးတစ်အိတ်ကို ၁၀၀ ကျပ်ရသည်။ သို့သော် မီးသွေးထမ်းဖော်ထမ်းဖက် သူငယ်ချင်း တစ်ယောက်သည် ကျောတွင် အညိုအမည်းစွဲကာ မီးသွေးထမ်းသည့် ဒဏ်ဖြင့် ကွယ်လွန်သွားသောအခါ ထိုအကြံကို စွန့်လွှတ်ခဲ့၏။ ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်ကြသော မိဘနှစ်ပါးကလည်း သည်ဘက်ဘဝတွင် ကျန်ရစ်နေသေးသော သားငယ်အတွက် သာသနာ့



www.burmeseclassic.com

www.burmeseclassic.com



ဘောင်သို့ သွတ်သွင်းလိုသောစိတ်နှင့် သည်အရပ်သည်ဒေသ သည့် တစ်ပိုက်တွင် မကျွတ်သေးဘဲ သူ၏သာမဏေဘဝကို စောင့်နေကောင်း စောင့်နေမည်ဟု ထင်၏။

ဒီလိုနှင့် မောင်ကျော်ခိုင် အသက် ၂၀ သို့ ရောက်လာ၏။ မြန်မာဗုဒ္ဓဘာသာ ယောကျ်ားလေးများသည် အသက် ၂၀ ပြည့်ပါက သာမဏေဘဝထက် ပိုမိုမြင့်မြတ်သော ရဟန်းဘဝသို့ဝင်ရောက်ကြ၏။ မောင်ကျော်ခိုင်အဖို့ကား အသက် ၂၀ ကျော်သည့်တိုင် ရဟန်းဝတ်ဖို့ နေနေသာသာ သာမဏေဘောင်သို့ပင် မဝင်နိုင်သေးဘဲ ရှိ၏။

သည်လိုနှင့် မောင်ကျော်ခိုင်ဘဝမှ ကိုကျော်ခိုင်ဘဝသို့ရောက် လာ၏။ ကိုကျော်ခိုင် အသက် ၃၀ မျှ ရှိလာ၏။ သူ့ရပ်မိမိရွာတွင် ရုန်းကန်နေရဆဲဖြစ်သည်။ သာမဏေဘဝ မြင့်မြတ်သောရဟန်းဘဝကို မမျှော်လင့်နိုင်သေးဘဲရှိ၏။

တစ်နေ့တွင်တော့ သူအလုပ်လုပ်ရာသို့ သူငယ်ချင်းတစ် ယောက်ရောက်ရှိလာပြီး သတင်းတစ်ခုယူလာ၏။

"ဟေ့ ကျော်ခိုင်၊ ငါတို့ရွာမှာ ရှင် ၂၀၀ ကျော်ပါဝင်တဲ့ အလှူပွဲ ပြုလုပ်မလို့တဲ့ကွ"

"ရှင်နှစ်ရာ အလှူပွဲဆိုတာက ဘာလဲ၊ ဘယ်သူတွေက လုပ်မှာလဲ"

"ရွာမှာရှိတဲ့ ကိုရင်မဝတ်ရသေးတဲ့ သူတွေရော၊ ရဟန်း တက်ချင်တဲ့သူတွေရော၊ သီလရှင်ဝတ်ချင်တဲ့ သူတွေကိုပါ၊ ပညာရေး ထောက်ပံ့မှု အစီအစဉ်က စာရင်းကောက်ပြီး ကိုရင်ဝတ်ပေးမယ်၊





ရဟန်းပြု ဒကာခံပေးမယ်လို့ဆိုတာပဲ"

ပညာရေးထောက်ပံ့မှု အစီအစဉ်ဆိုသည်မှာ နှံ့သာမြိုင်အနာကြီး ရောဂါစခန်း၊ မရမ်းချောင်းအနာကြီးရောဂါသည်စခန်းနှင့် မော်လမြိုင်၊ တောင်ဝိုင်းအနာကြီးရောဂါသည်စခန်းများရှိ ရောဂါသည် သားသမီး ၇၀၀ ကျော် ပညာသင်ကြားရေးအတွက် အကူအညီပေးသောအစီအစဉ် ဖြစ်၏။ ထိုသူများက ယခုအခါ နှံ့သာမြိုင်အနာကြီးရောဂါသည်စခန်း တွင် ရှင် ၂၀၀ အလှူပွဲပြုလုပ်ရန် စီစဉ်ခြင်းဖြစ်သည်။

"ဟာ ဒီလိုဆို ဟန်ကျတာပဲ၊ ငါ အသက် ၃၀ ပြည့်ပြီ၊ ကိုရင်တောင် မဝတ်ရသေးဘူး"

"မင်းက အသက် ၃၀ ဆိုတော့ ရဟန်းပါဝတ်လို့ရတယ်"ဟု သူငယ်ချင်းကတိုက်တွန်း၏။

"ရွာက ဘယ်သူတွေရော ဝတ်ကြဦးမှာလဲ"ဟု ကိုကျော်ခိုင်က မေး၏။

"တစ်ရွာလုံး ဝတ်ကြမှာပဲ၊ အခုစာရင်းပေးတာတော့ ၂၀၀ ရှိသွားပြီ၊ ဒီအလှူမှာ ရှင်နဲ့ ရဟန်းသာမက သီလရှင်ပါဆိုရင် ၂၀၀ ကျော်မှာ သေချာတယ်"

"ငါလဲ ဦးပဉ္ဇင်းတက်ဖို့ စာရင်းပေးခဲ့ပြီ"ဟု သူငယ်ချင်းက ဆို၏။

ထို့ကြောင့် ကိုကျော်ခိုင်နှင့် သူ့သူငယ်ချင်းတို့ ကျောင်းဆရာ ဦးဇော်ဝင်းထံသို့ ထွက်ခဲ့ကြ၏။ ဆရာလေး ဦးဇော်ဝင်းက ရှင် ၂၀၀ အလှူပွဲတွင် သာသနာ့ဘောင်သို့ဝင်ရောက်မည့်သူများ စာရင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူလျက်ရှိသည်။ ကိုကျော်ခိုင် တစ်ဘဝတစ်သက်တာတွင် တောင့်တခဲ့သော အလိုဆန္ဒ ပြည့်ဝတော့မည်။

၂၀၀၃ ခုနှစ် ဇန်နဝါရီလ ၄ ရက် မြန်မာ့လွတ်လပ်ရေးနေ့တွင် နံ့သာမြိုင် အနာကြီးရောဂါသည်စခန်းတွင် ရဟန်းရှင်သာမဏေနှင့် သီလရှင် အပါး ၂၀၀ ကျော်တို့၏ ရဟန်းခံ ရှင်ပြု နားသ မင်္ဂလာပွဲကြီးကို ခြိမ့်ခြိမ့်သဲ ကျင်းပခဲ့၏။ ကိုကျော်ခိုင်သည်လည်း ဦးကေသဝ ဟူသော ဘွဲ့အမည်နာမဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ဝင်ရောက်ခဲ့၏။ ယခုကဲ့သို့ ရဟန်းဘဝဖြင့် သားဖြစ်သူကို မိဘနှစ်ပါးမြင်ရလျှင် မည်မျှ ဝမ်းသာပါမည်နည်း။

ဦးဇင်းကေသဝ၏ မျက်နှာပေါ်တွင် ဝမ်းသာပီတိစိတ်များ ပျော်ရွှင်မှုများနှင့် ဝင်းပကြည်လင်လျက်ရှိပါသည်။ သို့သော် မျက်လုံးများက အဝေးသို့ မျှော်ကြည့်နေသည်။ ခဏကြာတော့ ဦးဇင်း၏ မျက်ဝန်းထဲမှ ပူနွေးသောမျက်ရည်များ ပြည့်လျှံလာကာ ပါးပြင်ပေါ်သို့ တလိမ့်လိမ့် ကျလာပါတော့သည်။

ထိုအခါ တစ်ဦးက ဦးဇင်း ဘာပြုလို့ မျက်ရည်ကျရတာလဲ၊ ရဟန်းဘဝကိုရောက်တယ်ဆိုတာ မြင့်မြတ်တဲ့ဘဝကိုရောက်တာ၊ မငိုရဘူး၊ အလှူရှင်တွေတွေ့ရင် စိတ်မကောင်းဖြစ်ကြဦးမယ်ဆို၏။ သည်တော့ ဦးဇင်းကေသဝက

"မျက်ရည်ကျတာကို ခွင့်လွှတ်နားလည်ပေးပါဒကာ၊ မျက်ရည်မကျသင့်ဘူးဆိုရင် မျက်ရည်မကျတော့ပါဘူး၊ တကယ်တော့ ဦးဇင်းရဲ့ မိဘတွေက ဦးဇင်းကို သာသနာ့ဘောင်သို့ရောက်အောင် မပို့ဖြစ်နိုင်ခဲ့ကြ





ပါဘူးလေ။

"ဦးဇင်းရဲ့ မိဘနှစ်ပါးဟာ တမလွန်ဘဝမှာ ဘာဖြစ်နေမလဲ ဆိုတာ ဦးဇင်း မမှန်းဆတတ်ပါဘူးဒကာ၊ ဦးဇင်းက တမလွန်ကိုရောက်သွားပြီဖြစ်တဲ့ မွေးအမေနဲ့ အဖေကို သတိရလွန်းလို့ မျက်ရည်ကျတာပါ၊ အခုတော့ တမလွန်ဘဝရောက်ရှိနေတဲ့ ဦးဇင်းမိဘနှစ်ပါးလုံးအတွက် ဒီနေ့ ဦးဇင်းပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို ရောက်ရာဘဝကနေ သာဓုခေါ်နိုင်ဖို့အတွက် အမျှအတန်းဝေပြီးပါပြီ၊ ဆက်လက်ပြီး ဦးဇင်းပြုလုပ်လိုတဲ့ ဆန္ဒတစ်ခုအတွက် ဒကာကြီးတို့ ကူညီနိုင်ရင် ကူညီကြပါ"ဟု ဦးဇင်းကေသဝက မိန့်၏။

"ဘာကူညီရမှာလဲဦးဇင်းဘုရား"ဟု ဆရာလေး ဦးဇော်ဝင်းက လျှောက်၏။ "ဦးဇင်း မိဘနှစ်ဦးစလုံးလဲ မရှိတော့ပါဘူး၊ ဦးဇင်းရဲ့ ဘဝမှာ အလိုချင်၊ အတောင့်တဆုံးဖြစ်တဲ့ ရဟန်းဘဝကိုလဲ ခံယူပြီးခဲ့ပါပြီ၊ ဒါကြောင့် အခု ဦးဇင်းသာသနာ့ဘောင်သို့ ဝင်လို့ရ အောင်ဆောင်ကျဉ်းပေးတဲ့၊ ဦးဇင်းရဲ့ ဒုတိယမိဘလို့ပြောလို့ရတဲ့ ဦးဇင်းရဲ့ ရဟန်း ဒါယကာရဲ့အမည်၊ ရဟန်းဒါယိကာမတို့ရဲ့အမည်လေးတွေကို သိပါရစေ၊ လိပ်စာကို မပြောချင်လဲ ရပါတယ် ဆရာလေးရယ်၊ ဦးဇင်းတို့နေထိုင်တဲ့ နံ့သာမြိုင်စခန်းရဲ့ အရှေ့အနောက် တောင်မြောက်ဆိုတဲ့ ဘယ်အရပ်မှာ ရဟန်းဒကာ ရဟန်းအစ်မများ နေတယ်ဆိုတာလေးကို စုံစမ်းပေးပါလား ဆရာဦးဇော်ဝင်း"ဟု ဆိုပါ၏။

"အလှူရှင်များကို ဘာလို့ သိချင်တာပါလဲ ဦးဇင်း"

သိချင်တာကတော့ ဦးဇင်းဝတ်နေတဲ့ဘဝကနေ ရဟန်း



www.burmeseclassic.com

www.burmeseclassic.com



ဒါယကာ၊ ဒါယိကာမများ ရှိရာအရပ်ကိုရည်မှန်းပြီး နေ့စဉ် မေတ္တာပို့ချင်လို့ပါ၊ တကယ်လို့ ဦးဇင်းလူထွက်ပြီးတဲ့အခါမှာလဲ အဲဒီရဟန်းဒါယကာ၊ ဒါယိကာမများကို ဦးဇင်းအသက်ထက်ဆုံး သူတို့ရှိရာအရပ်ကိုရည်မှန်းပြီး ကန်တော့ပန်းဆင်လို၍ ဖြစ်ပါတယ် ဒကာကြီး" ဟု ဦးဇင်းက မိန့်တော်မူ၏။ "ဒါဆိုရင် သိစေရပါမယ်ဦးဇင်း" ဟု ဦးဇော်ဝင်းက လျှာကျတင်ချိန်တွင်တော့ တောင်ဘက်မှ လေတစ်ချက်ဝေ့ဝိုက်လိုက်သည်ကို လူတိုင်းခံစားမိလိုက်ကြပါသည်။ (စုပေါင်းရဟန်းခံ ရှင်ပြုနားသ ပွဲဖြစ်သောကြောင့် ဘယ်ရဟန်း ဘယ်သာမဏေကို ဘယ်ဒါယိကာ ဒါယိကာမတို့က ရဟန်းခံရှင်ပြုပေးကြသည် ဆိုသောအချက်ကို ထုတ်ပြောခြင်းမရှိသောကြောင့် ဦးဇင်း ဦးကေသဝက သိရှိလိုသည့် ဆန္ဒဖြင့် မိန့်တော်မူခြင်း ဖြစ်ပါသည်။)

■

## အခန်း (၁၇)
## မျက်နှာရှိုပါချောက် မရယ်ရသူ

၁၉၉၈ ခုနှစ်၊ စာပေရာသီတွင် မန္တလေးတိုင်း၊ မတ္တရာမြို့နယ်၊ နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းမှ စာပေဟောပြောပွဲတစ်ရပ် ကျင်းပလိုပါ၍ ကြွရောက်ပါရန် ဖိတ်ကြားသောကြောင့် ကျွန်တော်တို့ စာရေးဆရာအဖွဲ့ သွားရောက်ခဲ့ကြ၏။ နံ့သာမြိုင်စခန်းတွင် စာကြည့်တိုက်တစ်တိုက်ရှိ၏။ ထိုစာကြည့်တိုက်တွင်ပင် စာပေဝါသနာရှင်များကို ဖိတ်ကြားကာ ဟောပြောပွဲပြုလုပ်ခြင်းဖြစ်၏။ စာပေရာသီဟုဆိုအပ်သော တန်ဆောင်မုန်း၊ နတ်တော်၊ ပြာသိုလများတွင် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့ကြီး မြို့နယ်တို့မှ စာရေးဆရာများကို ဖိတ်ကြား၍ စာပေဟောပြောပွဲများ ကျင်းပခြင်းသည် အခြားတိုင်းနိုင်ငံတို့တွင် မရှိသော ရှားပါးသည့်ဓလေ့တစ်ရပ် ဖြစ်ပါ၏။

နံ့သာမြိုင်စခန်းတွင် စာပေဟောပြောပွဲပြုလုပ်ပြီးနောက် ကျွန်တော်တို့သည် နံ့သာမြိုင်မှ တစ်မိုင်လောက်သာဝေးသော ရေနံ့သာ



www.burmeseclassic.com

www.burmeseclassic.com



အနာကြီးဆေးရုံသို့ သွားရောက်လေ့လာကြ၏။ ထိုဆေးရုံတွင် တာဝန်ကျနေသော ဒေါက်တာ ဦးမျိုးတင်ထွန်းနှင့် ဒေါက်တာမြတ်သီတာတို့က ကြိုဆိုကြသည်။ ဒေါက်တာမြတ်သီတာက နို့သာမြိုင်အနာကြီးရောဂါအထူးကုဆေးရုံအကြောင်းကို ရှင်းပြပါ၏။ ရှင်းပြပြီး ကျွန်တော်တို့တစ်တွေ ဆေးရုံလူနာဆောင်များသို့ သွားရောက်ကြည့်ရှုကြ၏။ ထိုအခါ ဒေါက်တာဦးမျိုးတင်ထွန်းက "ဆရာတို့နဲ့သာမြိုင်စခန်းမှာ စာပေဟောပြောပွဲပြုလုပ်တယ်လို့ ကြားရတယ်၊ ကျွန်တော်တို့ဆေးရုံမှာလဲ စာပေဟောပြောပွဲ တစ်ကြိမ်လောက် ပြုလုပ်ကြပါ။ ဆေးရုံက လူနာတွေထဲမှာ စာပေဝါသနာပါတဲ့ လူတွေအများကြီးရှိတယ်"ဟု ပြောသည်။

ရေနံ့သာ အနာကြီးဆေးရုံတွင် အချို့သော လူနာများမှာ အမ်ဒီတီ ဆေးစားသုံးပြီးဖြစ်သော်လည်း သူတို့အရပ်ဒေသသို့ မပြန်နိုင်ကြ၊ ပြန်စရာ ဆွေမျိုး သားသမီး မရှိတော့၍ ဤဆေးရုံတွင်ပင် အသက်ထက်ဆုံး နေထိုင်သွားရတော့မည့်လူများ ရှိနေ၏။ ထိုလူနာများထဲတွင် စာပေဝါသနာရှင်များ ရှိသည်။

ကျွန်တော်က "ဆေးရုံမှာ စာပေဟောပြောပွဲလုပ်နိုင်ရင်ကောင်းတာပေါ့၊ ကျွန်တော်တို့ကတော့ လာဟောပေးပါတယ်။ ဒါပေမယ့် ဆေးရုံအုပ်ကြီးက ခွင့်ပြုဖို့တော့ လိုပါတယ်၊ ဆေးရုံအုပ်ကြီးက ခွင့်ပြုရင် ကျွန်တော်တို့ကို ဖိတ်ပါ၊ ကျွန်တော်တို့ လာပါမယ်" ဟု ပြောသောအခါ အနီးရှိ အနာကြီးရောဂါသည် ဦးထွန်းပေါ်ကလည်း "စိတ်မရှိပါနဲ့ဆရာ၊ ကျွန်တော်က စာပေဝါသနာပါပါတယ်၊ ကျွန်တော်





တလဲ ဖတ်ပါတယ်၊ ကျွန်တော်တို့ဆေးရုံမှာ စာပေဝါသနာ ပါသူတွေရှိနေတယ်။ ကျွန်တော်တို့ဆေးရုံမှာ စာပေဟောပြောပွဲပြုလုပ်ရင် ဘယ်သူတွေလာဟောမှာလဲဆရာ"ဟု မေး၏။ ဦးထွန်းပေါ်သည် အသက် ၆၅ နှစ်ရှိပြီဖြစ်၍ အသက် ၁၅ နှစ်သားကပင် အနာကြီးရောဂါစွဲကပ်ကာ လောကဓံရိုက်ခိုက် မှုဒဏ်ကို အလူးအလဲခံစားရကာ အနာကြီးရောဂါဝေဒနာ၏ နှိပ်စက်မှုကြောင့် မကြာခဏသေကြောင်းကြံစည်ခဲ့သော်လည်း အထမမြောက် ခဲ့သူဟုဆိုပါ၏။

ဦးထွန်းပေါ်သည် မလှိုင် ပန်းအိုင်ဇာတိဖြစ်၍ မိမိဆွေမျိုးမိဘများနှင့် အဆက်အသွယ်ပြတ်ပြီး ဆေးရုံတွင် ရာသက်ပန်နေထိုင်ရသူဖြစ်၏။ ကျွန်တော်က ဦးထွန်းပေါ်အား "ဒီကမိတ်ဆွေက ဘယ်စာရေးဆရာတွေ လာဟောတာကို နားထောင်ချင်လို့လဲ၊ ဘယ်သူဘယ်ဝါကို ဖိတ်စေချင်တယ်ဆိုရင်လဲပြောပါ၊ ကျွန်တော်တို့ ဖိတ်ပေးပါမယ်"

"ဘယ်စာရေးဆရာမှ လာဟောပါလို့ အစွဲမရှိပါဘူး၊ ဒါပေမယ့် အလေးအနက်ကြီး ဟောတာတွေ ဆုံးမစကားပြောတာတွေ၊ ကျွန်တော်တို့ နားမထောင်ချင်ဘူး၊ ဒါတွေကြားရလွန်းလို့ နားတွေပူနေပြီ၊ တရားဆင်ခြင်ဖို့ရာကလဲ ကျွန်တော်တို့ ခန္ဓာမှာ တရားရစရာတွေနဲ့ ပြည့်နေတယ်"

"ဒါဆိုရင် ဦးထွန်းပေါ်က ဘယ်လို စာရေးဆရာမျိုး ဟောပြောတာကို နားထောင်ချင်တာလဲ"

"ဒီလိုလေ ဆရာရဲ့၊ ကျွန်တော့်ဘဝတစ်ခုလုံးက အနာကြီး



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကြောင့် ဒုက္ခမျိုးစုံကို ခံစားခဲ့ရတာပါ၊ ဒီရောဂါရရှိတာ အသက် ၁၅ နှစ်က ရောဂါ ရခဲ့တာဆိုတော့ အဲဒီရောဂါရကတည်းက ကျွန်တော်မရယ်ဖူးတာ ခုထိပါပဲ၊ လူ့ဘဝမှာ လူတိုင်းအတွက် ရယ်ဖို့ဆိုတဲ့ ပါးစပ်၊မျက်နှာနဲ့ ရယ်တဲ့အခါ လှလှပပရှိအောင် သွား တွေ စိစိရိရိနဲ့ပါရှိကြပေမယ့်အနာကြီးရောဂါသည် အနူတွေဆိုတာ မျက်နှာရှိပေမယ့် မရယ်နိုင်တဲ့ သူတွေပါ၊ တစ်ခါတလေတော့လဲ ကျွန်တော်တို့က အားပါးတရရယ်ချင်တယ်ဆရာရယ်၊ ဒီရောဂါမရ ခင်က ကျွန်တော်တို့ ရယ်ဖူးကောင်းရယ်ဖူးမှာ ဖြစ်ပေမယ့် ရယ်ခြင်းနဲ့ ကျွန်တော်တို့ဟာ မိုင်ပေါင်းများစွာ နှစ်ပေါင်းများစွာ ဝေးကွာနေခဲ့ပါပြီ ကျွန်တော်ရယ် ခြင်းဆိုတာကို မမှတ်မိတော့ပါဘူး၊ ကျွန်တော် မှတ်မိသမျှ တစ်ခါမှ မပြုံးမရယ်မိပါဘူး၊ ကျွန်တော် အခုအသက် ၆၅ နှစ်ရှိပါပြီ၊ ကျွန်တော့်အသက် ဆက်ရှင်ရ သုံးလေးနှစ်ပေါ့ ဒီကျန်ရှိသေးတဲ့ လူ့ဘဝမှာ တစ်ကြိမ်လောက်တော့ ရယ်ချင်တယ် ဆရာရယ်၊ ဒါကြောင့် စာပေဟောပြောပွဲလုပ်ရင် ရယ်ရမယ့် စာရေးဆရာတော့ ဘယ်သူပဲ ဖြစ်ဖြစ် ပါအောင်ခေါ်ခဲ့စေချင်ပါတယ် ဆရာ”

■



## အခန်း (၁၈)
## မွှန်မွှန်းသူ့ ဒေါ်အေးတင်

ရေနံ့သာ အနာကြီးရောဂါ အထူးကုဆေးရုံသို့ရောက်စဉ် လူနာများ ဆေးကုသရာအဆောင်များ၊ ဆေးကုသခန်းများ၊ အပြင်လူနာ ဌာနများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နေသည့်နေရာ များကို စေ့စေ့စပ်စပ် လိုက်လံကြည့်ရှုကြ၏။ ဒေါက်တာဦးမျိုးတင်ထွန်း သာ စိတ်ရှည်လက်ရှည် လိုက်လံပြသသည်။

ဆေးရုံအတွင်း လှည့်လည်သွားလာရင်း အမျိုးသမီးလူနာ ဆောင်သို့ရောက်သည်။ ထိုအမျိုးသမီးလူနာဆောင်တွင် အသက် ၆၀ ကျော် အနာကြီးရောဂါသည် အမျိုးသမီး လူနာများချည်းရှိ၏။ သူတို့သည် အမ်ဒီတီစားသုံး၍ အနာကြီးရောဂါ လုံးဝပျောက်ကင်းသွား ပြီဖြစ်သော်လည်း အနာကြီးရောဂါခံစားရစဉ်ကရရှိထားသော ရောဂါ လက္ခဏာများကြောင့် ရောဂါသည်ဘဝမှ မလွတ်မြောက်နိုင်ကြသူများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ပြင် ယင်းဝေဒနာရှင်များသည် ရောဂါရှိ၍ ဆေးရုံလာတက်သောနေ့မှစ၍ ဆွေမျိုးများနှင့် ဆွေပြတ်မျိုးပြတ်ဖြစ်ကြရသူများလည်း ဖြစ်၏။ သူတို့အတွက် ဤဆေးရုံနှင့် နိုင်ငံတော်မှတစ်ပါး အခြားအားကိုးရာမရှိသဖြင့် ဆေးရုံတွင်သာ အသက်ထက်ဆုံး နေကြရတော့မည့်သူများလည်းဖြစ်သည်။ ထိုရောဂါသည် အဒေါ်အရွယ်၊ အဘွားအရွယ်တို့တွင် ခါးသီးရင်နင့်ဖွယ်ရာ ဖြစ်ရပ်တစ်ခုစီ ရှိနေကြသူများချည်း ဖြစ်၏။

ထိုနေ့က အမျိုးသမီး လူနာဆောင်တွင် သပ်သပ်ရပ်ရပ်နှင့် အဘွားတစ်ဦးကို တွေ့ရ၏။ အဘွား၏အမည်က ဒေါ်အေးတင်၊ အဘွား ဒေါ်အေးတင်အား–

"အဘွား ဘယ်အရပ်ကလဲ"

"ဘာပြုလို့ မေးတာလဲ၊ ကျွန်မက မော်လမြိုင်သူပါ"

"အဘွားက မော်လမြိုင်သူကိုး၊ ဒါကြောင့်မို့ ချောတာပေါ့၊ ငယ်ငယ်ကဆို ပိုချောမှာပဲ"ဟုဆိုတော့ အဘွားသည် ပတ်ဝန်းကျင်ကို မေ့ပျောက်သွားကာ သူ၏အတိတ်ဘဝဆီသို့ လွမ်းဆွတ်တသသတိရစွာ ရောက်သွားဟန်ရှိ၏။ နောက်တော့ အဘွားက မိမိ၏ အတိတ်ဇာတ်ကြောင်းများကို မမေးဘဲ ပြောပြနေ၏။

"ငယ်ငယ်ကတော့ အဘွားက အဘွားတို့ရွာမှာ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ပေါ့၊ အဘွားအမေက မွန်၊ အဖေက တရုတ်ကပြားဆိုတော့ ရွာဦးချောင်းစပ်မှာ အဘွားကအလှဆုံး၊ ပိုးတဲ့သူ ပန်းတဲ့သူတွေကလဲ ပေါလိုက်တာ၊ လက်နဲ့သပ်ချရမယ့် အတိုင်းပဲ





အဘွားကလဲ တကယ့်မာနခဲပေါ့၊ အဘွားက ဘယ်သူ့မှလဲ မကြိုက်ဘူး၊ ဘယ်သူနဲ့မှလဲ တန်တယ်မထင်ဘူး၊ သူကြီးသားဆို ကြိုက်လိုက်တာ၊ သူ့အဖေသူကြီးနဲ့ သူကြီးကတော်တို့ကလဲ သူ့သားနဲ့ယူရင် ဘာတွေတင်တောင်းမယ်၊ ညာတွေ တင်တောင်းမယ်နဲ့ ပေါ့၊ လှည်းရော နွားရော လယ်ရော အတွင်းပစ္စည်းရော တင်တောင်းမယ်ဆိုပြီး နှစ်လုံးပြူးကြီး တကားကားနဲ့ လာပြောတာ ချောင်းပေါက် တော့မယ် အတိုင်းပဲ၊ မိဘတွေကလဲ သူကြီးသားနဲ့ဆို သဘောတူ တာပေါ့၊ အဘွားမိဘများကလဲ သူကြီးသားနဲ့ယူဖို့ နားချကြတာပေါ့၊ အဘွားကိုယ်တိုင်ကလဲ သူကြီးသားကို ယူရမယ်ဆိုတာတော့ သိတယ်။

ဒါပေမယ့် အဘွား စိတ်ကူးတာကလဲ ကောလိပ်ကျောင်းသားလောက်မှ စိတ်ကူးတာကိုး၊ အဘွားက လှလဲလှ၊ မှန်ကလဲ ကြိုက်၊ ကိုယ့်မျက်နှာလေး ကိုယ်မှန်ထဲကြည့်နေရရင် ရည်းစားထားဖို့လဲ စိတ်တောင်မကူးမိပါဘူး၊ ကိုယ့်မျက်နှာကို ကိုယ်က မှန်ထဲမှာ မြင်ရရင် ငါသိပ်လှတာပါလားဆိုပြီး ကြည့်လို့ မဝဘူး၊ အဘွားက မှန်ဝိုင်းလေးတစ်ချပ် အမြဲဆောင်ထားတယ်၊ လှကွယ်တာနဲ့ ကိုယ့်ရုပ်ကလေးကို မှန်ထဲမှာ ကြည့်ရတယ်၊ ကိုယ့်ရုပ်ကိုယ် မှန်ထဲမှာ ကြည့်နေရရင် အဘွားလဲ ကျေနပ်လို့ပေါ့၊ မှန်ဝိုင်းလေးလဲ ထုတ်ကြည့်တာများလို့ အနားလေးတွေတောင် ချောနေတယ်၊ ကြည့်တာများလွန်းတော့ ပြဒါးတွေသုတ်ထားတာတောင် နည်းနည်းပျက်နေလို့ ပြဒါးအပျက်နေရာလေးတွေကြောင့် မှန်ထဲမှာ ကိုယ့်မျက်နှာရဲ့တစ်ပိုင်းတစ်စကွက်နေပေမယ့် ကိုယ့်ရုပ်ကိုယ် အဲဒီမှန်ဟောင်းလေးထဲမှာ ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကိုမဝနိုင်ဘူး၊ တစ်ခါတလေ အဘွားဟာ လသာသာ ကိုယ့်အရိပ်ကိုယ် ရေအပြည့်ထည့်ထားတဲ့စဉ့်အိုးကြီးထဲမှာ ကြည့်တဲ့အခါလဲ ရှိဖူးတယ်။

တစ်နေ့တော့ ပါးအောက်မှာအကွက်ကလေး ပေါ်လာတယ်၊ အစကတော့ မကြာခင်ပျောက်သွားမှာပဲ၊ သနပ်ခါး ပွေးလို့ထင်တာ၊ သူကတော်တော်နဲ့မပျောက်ဘူး၊ ဟိုဟာလိမ်း ဒီဟာလိမ်းလဲ မပျောက်ဘူး၊ သနပ်ခါးလေးနဲ့ဖုံးဖိထား၊ ဘယ်သူမှ မသိကြပါဘူး၊ ဒါပေမယ့် ဒီအကွက်က မပျောက်တဲ့အပြင် နှုတ်ခမ်းသားတွေက ထူလာတယ်၊ တစ်ကွက်က နှစ်ကွက်ဖြစ်လာတယ်၊ နောက် အကွက်တွေဆက်ပြီး အပြည့်လိုက်ဖြစ်လာတယ်၊ အရေပြားက မောက်လာတယ်၊ အဲဒီကနေ အနာကြီးရောဂါဆိုတာ သိရတာပါပဲ။

ဒီတော့ မှန်ထဲမှာ ကိုယ့်မျက်နှာကိုယ် မကြည့်ရဲတော့ဘူး၊ ကြည့်ချင်စရာလဲ မကောင်းတော့ဘူး၊ မှန်ထဲမှာ ကြည့်လိုက်တိုင်း မှန်ထဲကရုပ်က အဘွားရုပ်မဟုတ်တော့ဘူး၊ ဘယ်က ကြောက်စရာကောင်းတဲ့ မိန်းမတစ်ယောက် မှန်ထဲရောက်လာမှန်း မသိဘူး၊ တစ်နေ့တော့ အဘွားမှန်လေးကိုကြည့်ပြီး မှန်ထဲကမိန်းမကို သရဲလို့ထင်ပြီး လန့်ပြီး အဘွားက မှန်ကို လွှတ်ချလိုက်တာ မှန်ကွဲသွားပါရော၊ မှန်ဟောင်းလေးဟာ အစိတ်စိတ်အမွှာမွှာကို ကွဲသွားတယ်၊ ဒါနဲ့ အကွဲစ အကြီးလေးကို ကောက်ပြီး ပြန်ကြည့်လိုက်တော့ ခုနက လန့်စရာ၊ ကြောက်စရာ သရဲလို မိန်းမရဲ့ မျက်နှာပဲ ပြန်မြင်ရတယ်၊ ဒီတော့ အဲဒီ မှန်ကွဲစလေးကိုလဲ ပြန်ပြီး လွှတ်ချမိပြန်ရော၊ ဒီမှန်ကွဲစလေးဟာလဲ အစိတ်စိတ်အမွှာမွှာ ပြန်ကွဲသွားပြန်ရော၊





အဲဒီကတည်းက အဘွားဟာ ကိုယ့်မျက်နှာကိုယ် တစ်ခါမှ ပြန်မကြည့်ဖြစ်တော့ဘူး၊ မှန်လဲတစ်ခါမှ မကြည့်ဖြစ်တော့တာ အခုထက်ထိပဲ၊ အဘွားရောဂါ စဖြစ်တာက အဘွားအသက် ၂၀ မှာပဲ၊ ဟိုဆေးကု ဒီဆေးကုနဲ့ နောက်ဆုံးဒီဆေးရုံ၊ ဒီခုတင်ပေါ်ရောက်လာရတာပဲ၊ အခု အဘွားအသက် ၆၅ နှစ်ရှိပါပြီ၊ အဘွား မှန်မကြည့်ဖူးတာ ၄၅ နှစ်ရှိပြီ၊ အဘွားမျက်နှာ အဘွားဘယ်လိုရှိမှန်းလဲ မသိတော့ပါဘူး၊ အရင်ကမှန်ကြိုက်တဲ့မိန်းမ အခု ၄၅ နှစ်လုံးလုံးမှန်ကို မုန်းပြီး မှန်မကြည့်ဘဲ မှန်ကိုမျက်နှာလွှဲနေခဲ့တာ ခုထိပါပဲ သားတို့ ရယ်”ဟု ကြေကွဲစကားပြောပြ၏။

* * *

မှန်ကိုမုန်းသည့် အဘွား ဒေါ်အေးတင်သည် မော်လမြိုင်မြို့ ဆောင်ဝိုင်း အနာကြီးရောဂါ အထူးကုဆေးရုံတွင် တက်ရောက်ကုသခဲ့သည်။ ထိုမှတစ်ဆင့် ရန်ကုန်မြို့ထောက်ကြံ့ဆေးရုံသို့ ရောက်ခဲ့၏။ ထောက်ကြံ့ဆေးရုံမှတစ်ဆင့် မန္တလေး စိန်ဂျွန်းအနာကြီးရောဂါကုဆေးရုံသို့ ရောက်ရှိ၏။ ထိုမှတစ်ဆင့် မတ္တရာမြို့နယ် ရေနံ့သာသို့ ပြောင်းရွှေ့ရာတွင် အဘွားပါခဲ့ရသည်။ အခုတော့ အဘွားသည် ငယ်ငယ်ကနေထိုင်ခဲ့ရသည့် သူ့အရပ်သို့လည်း မပြန်ဖြစ်တော့။ အဘွား၏မိဘများသည် ဘယ်အချိန် ဘယ်ကာလက လွှယ်လွန်ကြပြီလည်း မသိတော့။ ညီအစ်ကို မောင်နှမများ သူတို့အရပ်တွင် ရှိသေးသည် မရှိတော့သည်ကိုလည်း မသိတော့။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်စဉ်က လှပန်းပွင့်ခဲ့သော မွေးဇာတိမြေသည် သူစိမ်းပြင်ပြင် ဖြစ်ခဲ့ချေပြီ။

အဘွား ဒေါ်အေးတင်အတွက် အလှူရှင်များနှင့် အနာကြီးရောဂါဆေးရုံမှတစ်ပါး အခြားအားကိုးရာ မရှိပြီ။

■



## အခန်း (၁၉)
## ခွက်တွင်း သချိုင်း

အနာကြီးဝေဒနာရှင်များ လောကတွင် လူအမျိုးမျိုး၊ ဘဝအကျိုးပေးအဖုံဖုံ ရှိသည်။ ယေဘုယျအားဖြင့် ရောဂါသည်များ မြို့တွင်းသို့ ထွက်၍ တောင်းကြရာတွင် များများရသူတို့မှာ အနာကြီးရောဂါလက္ခဏာ အသင့်အတင့်ရှိ၍ အပြောအဆိုအတောင်းအရမ်း ကောင်းလျှင်ကောင်းသလို လူတွေက ခွက်ထဲသို့ ပိုက်ဆံများများ ထည့်တတ်ကြ၏။

ရောဂါလက္ခဏာ သိပ်ဆိုးဝါးနေသူများ ထွက်တောင်းလျှင်လည်း ထင်ထားသလောက်မရကြ။ အဘယ်ကြောင့်ဆိုသော် ရောဂါသိပ်ဆိုးနေပါက ပေးကမ်းသူများသည် ပိုက်ဆံထည့်ဖို့နေနေသာသာ ရွံရှာကြောက်ရွံ့ပြီး အဝေးသို့ရှောင်သွားတတ်ကြ၏။ အပြောအဆိုမကောင်းပါကလည်း မရ။ အပြောအဆို ကောင်းရမည်ဟုဆိုသောကြောင့် စိန်အောင်မင်း၊ ရွှေမန်းတင်မောင်လို အဆိုအပြောကောင်းရန်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ အပြောအဆိုတွင် ကရုဏာသံပါရန်လိုသည်။ ရွှေအောင်ဆိုလျှင် တကယ်ကရုဏာ သံပါအောင် ပြောတတ်သူဖြစ်၏။ သူ့အသံကြားရပါက ဈေးနား ကားမှတ်တိုင်နား အသွားအလာများသော နေရာများတွင် ခဏ္ဍပြောဆိုတောင်းရမ်းလိုက်လျှင် ရွှေအောင် ခွက်အပြည့်ရတတ်၏။

မစိုန်မေတို့ကျတော့လည်း ကရုဏာသံပါရုံသာမက မျက်နှာမြင်ချစ်ခင်ဆိုသော အထုံကုသိုလ်ပါရှိ၏။ မစိန်မေသည် ကလေးတစ်ယောက်ယောက်ကို ခါးထစ်ခွင်ပြီး လမ်းတစ်ပတ်နှစ်ပတ် လျှောက်လိုက်လျှင်ပင် လှမ်းအော်ခေါ်ပြီး ပေးသူကမ်းသူများ ရှိ၏။

ထိုအထဲတွင် သိန်းမောင်ကျတော့ ကုသိုလ်က ဆိုး၏။ သိန်းမောင်သည် ရောဂါတွေထူ ဗလပွဖြစ်နေသူလည်းမဟုတ်၊ နှုန့်ရွဲရွဲလည်းမဖြစ်၊ ရောဂါသည်ဟု သိသာရုံ တောင်းကောင်းရုံလောက်သာ ရောဂါလက္ခဏာရှိ၏။ အသံအနေအထားကလည်း မဆိုး၊ ရုပ်ရည်ကလည်း သနားကမားရှိပါလျက် ထွက်၍ တောင်းပါက တောင်း၍မရသည်က များ၏။ တစ်ခါတစ်ရံ တစ်ပြားမှ မရဘဲရှိ၏။ သိန်းမောင်တို့ အုပ်စုမှူး ဦးမြဟန်သည် အတော်စဉ်းစားရကျပ်နေ၏။ တစ်နေ့က ဈေးချိုဘက်သွားသော အုပ်စုနှင့် သိန်းမောင်ကို ထည့်လိုက်တော့လည်း သူများတွေတောင်းလို့ရမ်းလို့ ရလာသည်၊ သိန်းမောင်တစ်ယောက် ခွက်မှောက်ပြန်ခဲ့ရ၏။ ထို့ကြောင့် နောက်တစ်နေ့တွင် ဘူတာကြီးဘက်သွားသော အဖွဲ့ထဲသို့ ထည့်ပေးလိုက်ပြန်တော့လည်း သူများတွေသာ ခွက်ပြည့်လာခဲ့သည်။ သူ့ခမျာ တစ်ပြားမှမရခဲ့။





ထို့ကြောင့် နောက်တစ်နေ့တွင် ဘုရားကြီး ဘက်သွားမည့်အဖွဲ့ထဲသို့ ထည့်ပေးလိုက်သောအခါတွင်လည်း သိန်းမောင် ဗလာဖြင့် ပြန်လာရပြန်သည်။ သူများတကာတွေ ၁၂ နာရီမထိုးခင် နှစ်ရာ၊ သုံးရာ ရကြလျှင် သိန်းမောင်တစ်ယောက် တစ်နေကုန်လို့မှ ငါးဆယ်ပြည့်အောင်မရ။ တစ်နေ့တွင် ဦးမြဟန်က ကရုဏာဒေါသောဖြင့် “ဟေ့–သိန်းမောင် မင်း တောင်းစားလို့လဲ စားလောက်အောင်မှ မရတာ၊ တောင်းစားမနေ ပါနဲ့တော့ကွာ”ဟု ပြောတော့၊ “အစ်ကိုကြီးရာ တောင်းမစားလို့ ဘာလုပ်စားရမှာလဲဗျာ” ဟုဆို၏။

မှန်တော့မှန်သည်။ ရောဂါသည်တစ်ဦးအဖို့ တောင်းစားရတာက အလွယ်ကူဆုံးဖြစ်၏။ အနာကြီးရောဂါသည် တစ်ဦးဖြစ်၍ စားစရာ မုန့်ပဲသရေစာ ရောင်း၍မရ။ လက်မှုလုပ်ငန်းလေးများ လုပ်ဖို့တော့လည်း တစ်နေ့စာတစ်နေ့ ရှာစားနေသော သိန်းမောင်တို့ ဘဝက လက်မှု လုပ်ငန်းကို သင်ကြားချိန်မရှိ။ သင်ကြားပေးမည့်သူလည်းမရှိ။ အနာကြီးရောဂါသည်များ တောင်းစားမှု ပပျောက်ရေးဆိုပြီး ပြောတော့ ပြောသည်။ သို့သော် လက်တွေ့လုပ်ဆောင်ပေးသူမရှိ။

“သိန်းမောင်ဆိုတဲ့အကောင်က တောင်းစားတာနဲ့ အကျိုးမပေးတာများ”ဟု ဘဝတူ တစ်ယောက်က ပြောဖူး၏။

“ကဲ–ဘယ်လို အကျိုးမပေးတာလဲ၊ ရှင်းပြစမ်းပါဦး”ဟု ဆိုတော့ ထိုသူက “တစ်နေ့ရာစီ တောင်းကြလို့ သူကနည်းနည်း၊ ကိုယ်ကများများရတာတော့ ထားပါတော့၊ ဟိုနေ့ကဆို ကျွန်တော် အားလုံး ဘူတာကြီးမှာတန်းစီပြီး တောင်းနေကြတာ၊ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးတစ်ဦးက ကျွန်တော်တို့လူတန်းလဲတွေ့ရော သူ့လက်ကိုင်အိတ်ကိုဖွင့်ပြီး တစ်ခွက်ကို ငါးဆယ်စီ ရက်ရက်ရောရော ခွက်ထဲစေ့ပေးတာ၊ သိန်းမောင်ခွက်အလှည့်နားလဲ ရောက်ရော အမျိုးသမီးကြီးက ခါးညောင်းလာလို့ ခါးကို ခဏဆန့်လိုက်ပြီး နောက်တစ်ခါပြန်လှည့်ပြီးလဲပေးရော သိန်းမောင်ခွက်ကိုကျော်ပြီး ဟိုဘက်ကကိုဟန်တို့ခွက်ထဲ ကျော်ထည့်လိုက်တယ်ဗျာ"

"အေး ငါတို့နဲ့ ဘုရားကြီးဘက်မှာတောင်တုန်းကလဲ ဒီအတိုင်းဖြစ်ခဲ့ဖူးတယ်ကွ"

"ဒီလိုဆို ဒီကောင်ကို သိန်းမောင်လို့ ရိုးရိုးမခေါ်သင့်တော့ဘူး၊ သူ့ခွက်ကို ပိုက်ဆံကကျော်ပြီး ကွင်းကွင်းသွားလို့ ခွက်ကွင်းသိန်းမောင်လို့ ခေါ်မယ်ကွာ" ထိုအခါအများက "ဟုတ်တယ်"ဟု သံယောင်လိုက်ကြ၏။

သိန်းမောင်ကတော့ "ငါ့ဘဝကံ နည်းရှာလို့ မင်းတို့ခေါ်ချင်လဲခေါ်နိုင်ပါတယ်ကွာ"ဟုဆိုရာမှ အားလုံးက သိန်းမောင်ကို "ခွက်ကွင်းသိန်းမောင်"ဟု ခေါ်ကြ၏။ နောက်တော့ သိန်းမောင်ဆိုသောအမည်ပင် ပျောက်ပြီး ခွက်ကွင်းဟုသာ ခေါ်တော့၏။ မန္တလေးမြို့မှ အနာကြီးရောဂါသည်များအား မတ္တရာနံ့သာမြိုင်စခန်းသို့ ပြောင်းရွှေ့လာကြ သောအခါ ခွက်ကွင်းလည်းပါ၏။ တစ်နေရာမှ တစ်နေရာပြောင်းရွှေ့ကြရာတွင် ပင်ပန်းကြသည်။ ရောဂါသည်များအား ပြောင်းရွှေ့ပေးသော နေရာတွင် ငှက်ဖျားကလည်းရှိ၏။ သက်ဆိုင်ရာကဘုရားကျောင်းကန်၊ ရေမီး စာသင်ကျောင်းသာမက သချိုင်းပါ





အသင့်လုပ်ဆောင်ပေး၏။ နံ့သာမြိုင်စခန်းသို့ ပြောင်းရွှေ့ပြီး မကြာမီခွက်ကွင်းတစ်ယောက် အပြင်းဖျားကာ ကွယ်လွန်သွားရှာ၏။ ထို့ကြောင့်လည်း သချိုင်းမြေဟု သတ်မှတ်ထားသောနေရာတွင် ခွက်ကွင်းကို ပထမဆုံး မြှုပ်နှံခဲ့ကြ၏။

နံ့သာမြိုင် ရွာသူရွာသားများ ပထမဆုံး သေဆုံးသူအဖြစ် ခွက်ကွင်းကို ၎င်းသချိုင်းမြေတွင် မြှုပ်နှံသင်္ဂြိုဟ်ခြင်းမှ အစပြု၍ "ခွက်ကွင်းသချိုင်း"ဟု အမည်ပေးခဲ့ရာ ထိုအမည်သည် ယနေ့ထက်တိုင် တည်တံ့လျက်ရှိပါသည်။ ဤအမည်သည် ဆက်လက်တည်တံ့နေဦး မည်လည်းဖြစ်ရာ မြန်မာနိုင်ငံအနာကြီးရောဂါသမိုင်းကို ရေးသားပါက နံ့သာမြိုင်အကြောင်းကိုပါ ပူးတွဲရေးသားမည်ဆိုပါက နံ့သာမြိုင်ရှိ သချိုင်းကို ဘာဖြစ်လို့ ခွက်ကွင်းဟု အမည်ပေးရပါ သနည်းဟု နောင်လာနောက် သားတို့ မေးမြန်းသောအခါ ခွက်ကွင်းအကြောင်း အမှန်အကန် သိရှိကြစေရန် ဤမှတ်တမ်းကို ရေးသားခဲ့ရပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၀)

## အကြောင်းနာတရားတွေက မှိုပါသည်

မွန်ပြည်နယ် သထုံမြို့နယ်တွင် ကြာဖြူဆိုသော ရွာလေးတစ်ရွာတွင် မထွေးရီဆိုသောရောဂါသည်တစ်ဦးရှိ၏။ သူ့ခင်ပွန်းက ကိုလှသောင်း။ ကိုလှသောင်းက ကျဘမ်းလုပ်စားသည်။ တောတက်သောအခါတွင်လည်း တောတက်၊ အလုပ်သမား လိုအပ်လို့ ခေါ်လျှင်လည်း အလုပ်သမား ကြုံရာလုပ်သည်။ အလုပ်လုပ်ရင်း မထွေးရီကိုတွေ့ခဲ့ခြင်းဖြစ်၏။ မိန်းကလေးအများအပြားကို ကိုလှသောင်း တွေ့ခဲ့ဖူးသည်။ အချို့သောမိန်းကလေးများဆိုလျှင် ပြင်ထားဆင်ထားသဖြင့် ငေးကြည့်ရလောက်အောင်လှသည်။ ထိုသို့ ငေးကြည့်ရလောက်အောင် လှပသော အမျိုးသမီးများတွေ့လျှင် ကိုလှသောင်းသည် ငေးပြီးတော့နေတတ်၏။ သို့သော်လည်း မိမိမြင်ကွင်းမှ ပျောက်သွားလျှင်တော့ မေ့မေ့ပျောက်ပျောက်သာ ဖြစ်၏။

မထွေးရီက ကြာဖြူသို့ ပြောင်းရွှေ့လာတာ မကြာသေး။



www.burmeseclassic.com

www.burmeseclassic.com



မထွေးရီကို ဈေးထဲ၌ တွေ့စဉ်ကပင် ကိုလှသောင်းက ကျောပေါ်တွင် ကွမ်းသီးအိတ်ကြီးထမ်းလျက်သားနှင့် ငေးကြည့်နေမိ၏။ မထွေးရီက တကယ်တော့ ရွက်ကြမ်းရေချိုသာရှိ၏။ မထွေးရီတွင် အစ်ကိုတစ်ယောက်ရှိ၏။ တစ်နေ့တွင် မထွေးရီအစ်ကိုက ကိုလှသောင်းတို့ အဖွဲ့ထဲ၌ -အလုပ်လာလုပ်သည်။ သူ့အစ်ကိုကို အကြောင်းပြု၍ မထွေးရီနှင့် နီးစပ်မှုရခဲ့၏။ မေတ္တာရှိနေကြောင်း မထွေးရီကိုနည်းမျိုးစုံနှင့် ပြသခဲ့၏။

တစ်နေ့ကွမ်းရွက်ခူးရင်း ကိုလှသောင်းက မထွေးရီကို ချစ်ရေးဆိုသည်။ မထွေးရီက ပထမတော့ ကိုလှသောင်း ချစ်ရေးဆိုသည်ကို မတုန်မလှုပ် ဆိတ်ဆိတ်သာနေသော်လည်း တစ်နေ့တွင်တော့

"ကိုလှသောင်း ရှင် ကျွန်မကို တကယ်ချစ်တာလား" ဟု မေး၏။

"မထွေးရီရယ်၊ ကျုပ်တကယ်ချစ်တာပါဗျာ၊ မယုံရင် ခင်ဗျား အစ်ကိုကို မေးကြည့်ပါ"

"ရှင်တကယ်ချစ်တယ်ဆိုရင် ကျွန်မအကြောင်းကို ကျွန်မပြောမယ်၊ ရှင်ဆက်ပြီး ချစ်နိုင်မချစ်နိုင်သာ ပြောတော့"

"ပြောပြပါဗျာ၊ ပြောပြတော့ ကျုပ်မချစ်နိုင်စရာ ဘာရှိဦးမလဲ"

"မထွေးရီက ချစ်သူရှိဖူးလား၊ ခင်ဗျားက အိမ်ထောင်ကျဖူးလား အိမ်ထောင်ကျဖူးတဲ့တိုင် ကျွန်တော် လက်ထပ်ယူမယ်ဗျာ"

"ဒီလိုဆိုရင်လဲ ကျွန်မပြောမယ်၊ ကျွန်မအိမ်ထောင်လဲ မကျဘူး ရည်းစားလဲ မရှိဘူး၊ ဒါပေမယ့် ကျွန်မမှာ ရောဂါရှိတယ်"





မထွေးရီက မိမိမှာ ရောဂါရှိကြောင်း ပြောရင်း ကိုလှသောင်းကို အကဲခတ်လိုက်ပါ၏။

ထိုအခါ ကိုလှသောင်းက "ကဲ ဘာရောဂါပဲရှိရှိ ပေါင်းမယ်ဗျာ၊ ဒီရောဂါရှိလို့ မထွေးရီနဲ့ လက်ထပ်ရင် ကျုပ်ပါသေရမယ်ဆိုရင်လဲ ကျုပ် လိုက်သေမယ်ဗျာ"

"သေရလောက်အောင်လဲ မဟုတ်ပါဘူးရှင်၊ ဒါပေမယ့် ကျွန်မကို ရှင်သတိနိုင်ပါ့မလား"

"ခင်ဗျားကို ကျွန်တော် ချစ်ပါတယ်လို့ပြောမှ ဘာဖြစ်လို့ မသတိနိုင်ရမှာလဲ မထွေးရီ"

"ကဲ ဒီလိုဆိုရင် ကျွန်မပြောမယ်၊ ကျွန်မမှာ အနာကြီးရောဂါရှိတယ်၊ ဒီရောဂါကိုကုတော့ ကုတာပဲ၊ ဒါပေမယ့် မပျောက်ဘူး၊ ကျွန်မကျောမှာရော လက်မောင်းမှာပါ အကွက်တွေရှိတယ်" မထွေးရီက ပြောရင်း ဆိုရင်း လက်မှ အကွက်များကို ပြ၏။ အကွက်များကို ကိုလှသောင်း တွေ့ရသော်လည်း မေတ္တာပျက်ပြယ်ခြင်းမရှိဘဲ သူတို့ လက်ထပ်ဖြစ်ခဲ့ကြ၏။ လက်ထပ်ပြီးတော့ သူတို့လင်မယား သီးခြားအိမ်လေး တစ်ဆောင်ဆောက်၍ နေကြ၏။ သူပြောငါပြော ဆေးများနှင့် ကုသည်။ သို့သော် မပျောက်၊ ကိုလှသောင်းကလည်း ဆေးမျိုးစုံကို သူဆောင်လာကာ ကုသပေး၏။ ရောဂါက တိုး၍သာလာသည်။ ပျောက်ကင်းမှုမရှိ။ ရောဂါတိုးလာသော်လည်း ကိုလှသောင်းက မထွေးရီကို တိုးလို့သာ ချစ်လာခဲ့၏။

ရောဂါတိုးလာလျှင် လက်ဆစ်တွေက ကျင်လာ၏။ ထုံကျင်



www.burmeseclassic.com

www.burmeseclassic.com



ရာက နာလာသည်။ တစ်ခါတစ်ရံ ရောဂါ ထလာချိန်တွင် အလွန် တစ်ရာမှ ကိုက်ခဲ၍ နေသည်။ မထွေးရီ၌ လေးဖက်နာကလည်း ရှိသေး၏။

မထွေးရီက "ကျွန်မ လက်တွေက တအားကိုက်တာပဲ ကိုလှ သောင်းရယ်"ဟုဆိုတော့ ကိုလှသောင်းခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြင့် ဘာလုပ်ပေးရမည်မသိ။ ထိုကဲ့သို့ ကိုက်ခဲနာကျင်မှုများ ရက်ဆက် ဆိုသလိုဖြစ်တော့ အိပ်လို့ပင်မရတော့၊ အိပ်ရေးကပျက်၊ လက်တွေနှင့် ကျောပြင်တစ်ကိုယ်လုံးက နာကျင်ခံစားနေရလျှင် မထွေးရီအား ကိုလှသောင်းက ပွေ့ထား၏။

"ရှင်ပွေ့ထားတော့ ကျွန်မနည်းနည်းတော့ သက်သာတယ်၊ ဒါပေမယ့် လက်ချောင်းလေးတွေကတော့ တအားနာကျင်တာပဲရှင်"ဟု ဆို၏။ သည်တော့ ကိုလှသောင်းက သူ့ပါးစပ်ဖြင့် လက်ချောင်းလေး များကို ငုံ၍ပေးထား၏။ ထိုအခါမှ အာငွေ့အပူလေးရပြီး မထွေးရီခမျာ အိပ်ပျော်သွားသည်။ ကိုလှသောင်းက အိပ်ပျော်သွားသော မထွေးရီ နိုးမည်စိုး၍ ဆက်ငုံထားပေး၏။ ထို့ကြောင့် ခူနာကြီးပေါက်၍ ငုံထားတာ အဇာတသတ်၏ ဖခင်ကြီးတစ်ဦးသာမဟုတ်၊ ပြည်တစ်ရှိ အရည်တရွှဲရွှဲနှင့် အနာကြီးရောဂါသည် ဇနီး၏လက်ချောင်းလေးများကို ငုံထားပေးသည့် ကိုလှသောင်းတစ်ယောက်လည်း ရှိသေး၏။ တစ်နေ နိုး၍ မထွေးရီ သတိထားမိတော့ သူ့လက်ချောင်းလေးများကို ကိုလှသောင်းက ငုံလျက်သားရှိသည်ကို တွေ့ရ၏။ မထွေးရီသည် သူ့ခင်ပွန်းက သူ့အား ဤမျှချစ်ခင်သည်ကို သိရှိသောအခါ အလွန်





ဝမ်းနည်းလွန်း၍ မျက်ရည်များ ကျမိ၏။

ကိုလှသောင်းက "ဘာမှ အားမငယ်နဲ့၊ အနာသိရင် ဆေးရှိ မှာပဲ"ဟု အားပေးသည်။

တစ်နေ့တွင်တော့ ကိုလှသောင်း ဝမ်းသာအားရဖြင့် အိမ်သို့ ပြန်လာ၏။ "အထွေးရေ၊ အနာကြီးရောဂါကို အစိုးရက အခမဲ့ ကုပေးတယ်၊ အိမ်တိုင်ရာရောက် ကုပေးတယ်၊ ပျောက်အောင်လဲ ကုပေးတယ်၊ အဲဒါ ငါတို့ကြာဖြူ ကျန်းမာရေးဌာနက သားဖွားဆရာမ ဆီကို သွားရမယ်လို့ပြောတယ်၊ အဲဒါ သွားကြရအောင်"ဟုဆိုပါ၏။ ဆရာပေါင်းများစွာဖြင့် အမျိုးမျိုးကုသခံခဲ့သောမထွေးရီက သူ့ရောဂါကို အခမဲ့ကုသပေးသည်။ အိမ်တိုင်ရာရောက် ကုသပေးသည် ဆိုသော အချက်ကိုကား ယုံကြည်၏။ သို့သော် ပျောက်ကင်းအောင် ကုသပေး သည်ဆိုသော အချက်ကိုကား မယုံကြည်ဘဲရှိ၏။

"ငါတို့ အလုပ်ရှင်ကပြောတယ်၊ သားဖွားဆရာမကို သွားခေါ် ရင်လဲ သူကအိမ်အထိ လိုက်ကြည့်တယ်၊ ဒါပေမယ့် မင်း မိန်းမ သွားနိုင်ရင် ဆေးခန်းကို သွားလိုက်ပေါ့ကွာ" လို့ ပြောတယ်၊ ကဲ တို့သွားကြရအောင်" ကိုလှသောင်းက တိုက်တွန်း၏။

မထွေးရီသည် ဆရာများစွာဖြင့် တွေ့ရဖူးပေပြီ။ သို့သော် အစပထမတွင်မည်ကဲ့သို့ပျောက်မည်၊ ယူပြစ်သလို ပျောက်စေ ရမည်ဟု ပြော၍ကုတိုင်း ဝေဒနာနှင့် အကွက်များသာ တိုးလာပြီး ရုပ်ပျက် ဆင်းပျက် ဘဝသို့ရောက်ရသည်။ သက်သာသည်ဟူ၍ပင် မရှိခဲ့။

ယခုလည်း မိမိခင်ပွန်းက စိတ်အားထက်သန်မှုရှိသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သာ သားဖွားဆရာမထံသို့ ထွက်ခဲ့သည်။ စိတ်အားထက်သန်မှုကား ပြင်းပြစွာမရှိ၊ ထိုပြင် ရောဂါမျိုးစုံ ကုသသော ဆရာကြီးများပင် မကုသနိုင်သော ရောဂါကို သားဖွားဆရာမက ကုပေးနိုင်မည်ဟု ဆိုသည်မှာ ဟုတ်နိုင်ပါ့မလား ယူဆ၏။ ကျန်းမာရေးဌာနသို့ ရောက်တော့ သားဖွားဆရာမလေးက မထွေးရီ၏ အနာများကိုကြည့်ကာ ကျန်းမာရေးမှူးနှင့်ထပ်၍ ပြပေး၏။ ဆရာဝန်ကြီးများလာပါက ထပ်ပြပေးမည်၊ ယခု သူတို့ ဆေးစပေးမည် ဟုဆိုကာ ဆေးကတ်ပြား များကို ပေးသည်။

ယခု ကြာဖြူကျန်းမာရေးဌာနကပေးသော ဆေးကိုစားခဲ့သည်မှာ သုံးလရှိခဲ့ပြီဖြစ်၏။ ပထမရောဂါကန်သလို ရှိခဲ့သော်လည်း ယခုတော့ အခြေအနေ အတော်ကောင်းလာပြီ။ သည်ရောဂါသည်ဆေးနှင့် ပျောက်မည်ဟု မထွေးရီက ယုံကြည်လာသည်။ သူမအနာကြီး ရောဂါ နာကျင်ခံခက် ကိုက်ခဲခဲ့စဉ်က ပါးစပ်နှင့် အာငွေ့ပေးကာ ငုံထားခဲ့ပြီး အနာကြီးရောဂါကို တကယ်ပျောက်အောင် ကုသပေးသည့် ကျန်းမာရေးဌာနအထိရောက်အောင် ပို့ပေးခဲ့သော သူမ၏ခင်ပွန်းအား မခင်ထွေးရီက အထူးကျေးဇူးတင်လျက်ရှိ၏။ ဤကျေးဇူးများ ကြောင့် သူ၏ခင်ပွန်းကို မထွေးရီက ညစဉ်ကန်တော့၍ အိပ်သည်ဟု ဆိုပါသည်။

၍



## အခန်း ၂၁
## ကျိုက္ကသာမှ ဒေါ်စိန်မြင့်

ကျိုက္ကသာဆိုသော ရွာလေးသည် လှပသာယာသော ရွာလေး ဖြစ်သည်။ ရွာလယ်တွင် ဒေါ်စိန်မြင့်၏နှစ်ထပ်အိမ်ကလည်း စားပင် သီးပင်များ အစုံအလင်ရှိ၏။ အိမ်နှင့်ခြံကို ကြည့်ရုံမျှနှင့် ဒေါ်စိန်မြင့် သည် ကျိုက္ကသာ၌ စားနိုင် သောက်နိုင်သူ တစ်ဦးဖြစ်ကြောင်းသိသာ၏။

ဒေါ်စိန်မြင့်ကို သေသေချာချာကြည့်ပါက အနာကြီးရောဂါ သည် တစ်ဦးဖြစ်သည်ကိုလည်း သိရှိနိုင်ပါ၏။ ဒေါ်စိန်မြင့်၏မိဘ များသည် တစ်ချိန်က ကျိုက္ကသာတွင် ရွာမျက်နှာဖုံးများ ဖြစ်ကြသည်။ မွေးချင်းညီအစ်ကို မောင်နှမသုံးဦးရှိ၍ သူမအထက်မှ သူသည် အစ်ကိုကြီးဖြစ်၏။ ဒေါ်စိန်မြင့်က မွေးချင်းများထဲတွင် အလတ်ဖြစ်ပြီး မောင်တစ်ယောက်လည်းရှိ၏။ အစ်ကိုကြီးက အိမ်ထောင်ကျပြီး တစ်ရပ်တစ်ကျေးတွင် နေကြ၏။ မောင်ဖြစ်သူမှာ ငယ်စဉ်ကပင် ကွယ်လွန်ခဲ့၏။ အစ်ကိုကြီး အိမ်ခွဲသွားတော့ ဒေါ်စိန်မြင့်သည်



www.burmeseclassic.com

www.burmeseclassic.com



မိဘနှစ်ပါးနှင့် ဤအိမ်တွင် ပျော်ရွှင်စွာ နေထိုင်ကြ၏။

ဖခင်ကြီးမှာ စိုက်ပျိုးရေး ဝါသနာပါသူဖြစ်၏။ ခြံထဲတွင် စားဖွယ် သီးပင်များ စိုလင်အောင် စိုက်ပျိုးထား၏။ ခြံကြီးမှာ ကျယ်ဝန်းရှုသာမက အရိပ်ကောင်းကောင်းရ၏။ ထိုခြံကြီးထဲတွင်ပင် ကြီးပြင်းလာသော ဒေါ်စိန်မြင့် အသက် ၂၅ နှစ်လောက်အရောက်တွင် အနာကြီးရောဂါ လက္ခဏာများ စတင်ပေါ်လာ၏။ ဖခင်ကြီးကရော မိခင်ကြီးကပါ သမီးဖြစ်သူအား ဆရာပေါင်းစုံဖြင့် ဆေးဝါးကုသပေး၏။ ဆေးဝါးကုသပေးရင်း ဖခင်ကြီးသည် ရုတ်တရက် ကွယ်လွန်သွားခဲ့၏။ ဖခင်ကြီး ကွယ်လွန်သွားပြီးနောက် သားအမိနှစ်ယောက်တည်း ဘဝကို စတင်ရုန်းကန်ခဲ့ရ၏။ ဒေါ်စိန်မြင့်သည် ဖခင်ကြီးအား ကိုးအားထားဖွယ်ရာ မရှိတော့သော်လည်း မိခင်ကြီးအားကိုးဖြင့် ဘဝကို ဆက်၍ရင်ဆိုင်ခဲ့၏။ နောက်တော့ အခြားသူများက ပြောသောကြောင့် မော်လမြိုင်တောင်ဝိုင်း ဆေးရုံသို့သွား၊ ဆေးဝါးကုသမှုကို ခံယူခဲ့သေး၏။ တောင်ဝိုင်းဆေးရုံမှ ကုသပေးမှုကြောင့် ရောဂါများ ရပ်တန့်သွားသည့်အချိန်တွင် မိခင်ကြီး ရုတ်တရက် ကွယ်လွန်ခဲ့၏။ မိခင်ကြီးကွယ်လွန်သွားသောအခါတွင် ဒေါ်စိန်မြင့် အဖို့ တစ်ကောင်ကြွက် တစ်မျက်နှာဘဝ ရောက်ရ၏။

မိခင်ကြီးကွယ်လွန်ပြီး ၂ နှစ်အကြာတွင် ကျန်းမာရေးဌာနနှင့် ဆက်သွယ်ကာ အမ်ဒီတီဆေးဝါးကို စားသုံးခွင့်ရ၏။ ထို့ကြောင့် အနာကြီးရောဂါ လုံးဝကင်းစင်သော ဘဝသို့ရောက်ရှိခဲ့သော်လည်း ဒေါ်စိန်မြင့်သည် အနာကြီးရောဂါသည်တစ်ယောက် ဖြစ်ခဲ့ဖူးသည်





ဆိုသော လက္ခဏာများကား အပြည့်ရှိနေ၏။ လက်ချောင်းလေးများ အချို့ပြတ်တောက်ခဲ့ပြီ။ အသားအရည်အရလည်း ရောဂါသည် သွင်ပြင်လက္ခဏာများ ရှိနေ၏။

ဒေါ်စိန်မြင့်သည် သက်ဆိုင်ရာ ကျန်းမာရေးဌာနမှ ပြောဆိုသည့် အတိုင်း သူ့ခန္ဓာကို သူ့ဘာသာဆက်လက် ထိန်းကျောင်းကာ မိဘနှစ်ပါး၏ အမွေကို ဆက်ခံ၍ ဤအိမ်တွင်တစ်ယောက်တည်း ဆက်လက်ရပ် တည်နေထိုင်၏။ ဖခင်ကြီး ပြုစုပျိုးထောင်ခဲ့သောခြံကို ဆက်လက် ပြုပြင်ခဲ့၏။ ဒေါ်စိန်မြင့်က ငယ်စဉ်ကပင် စိုက်တတ်ပျိုးတတ်၏။

ယခုတော့ ယခင်က လက်ကျန်သီးပင်များနှင့် ဒေါ်စိန်မြင့် ပြုစုထားသော စားပင်သီးပင်များသည် သူ့ရာသီနှင့်သူ ဖူးပွင့်လျက် ရှိ၏။ ဒေါ်စိန်မြင့် ဘုရားရှိခိုးနေချိန်တွင် ကလေးတစ်ဦးက "အဒေါ် အဒေါ်"ဟူ၍ ခေါ်နေ၏။ ဒေါ်စိန်မြင့်က ဘုရားရှိခိုးသံကို ပို၍ တိုးမြှင့်ဆိုလိုက်သောအခါ ဘုရားရှိခိုးနေမှန်းသိသော ကလေးသည် ငွေ ၅၀ ကျပ်ကို လှေကားခုံရှိ ဆန်ခါထဲသို့ ထည့်သွားကာ ဒန့်ဒလွန်သီး ဆယ်တောင့်ခန့်ကို ယူ၍ ပြီး ခြံထဲမှ ထွက်သွား၏။

ဒေါ်စိန်မြင့်မရှိသည့်တိုင် ခြံထဲမှ ပစ္စည်းများကို ယခုလို သူတို့ ဘာသာခူးပြီး သူတို့ဘာသာ လှေကားရင်းတွင် ငွေပေးချေသည့် သဘောဖြစ်၏။

ဒေါ်စိန်မြင့်၏ခြံထဲတွင် ငှက်ပျော၊ ဒန့်ဒလွန်၊ ပေါက်ပန်းဖြူ၊ ရွှေယိုရွက်၊ မာလကာသီးစသည်ဖြင့် စားပင်သီးပင်အစုံရှိ၏။ စိုက်ပျိုး



www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် သူမခြံကို အလုပ်သမားငှား၍ ခြံကိုပြုပြင်၏။ ရပ်ထဲရွာထဲမှ အဝယ်လာသူများက သူတို့အလိုရှိသည့် သီးနှံများကို သူတို့အလိုရှိသလောက် ခြံထဲမှ ဆွတ်ခူးကာ ဒေါ်စိန်မြင့်ထံ လာပြကြ၏။ ထိုအခါ ဒေါ်စိန်မြင့်က တစ်ဆယ်ပေးခဲ့၊ နှစ်ဆယ်ပေးခဲ့စသည်ဖြင့် တန်ဖိုးဖြတ်ကာ ရောင်းချ၏။ နံနက်တစ်ခင်းမှာပင် တစ်ရာမှနှစ်ရာဖိုးအထိ ရောင်းရ၏။

ဒေါ်စိန်မြင့်က ခြံထွက်သီးနှံရောင်းချမှုကို မိရိုးဖလာ မိဘအမွေအနှစ်ဖြစ်၍ ဆက်လက်လုပ်ကိုင်သော်လည်း အဓိက ဒေါ်စိန်မြင့်၏ဝင်ငွေမှာ ခြံမှမဟုတ်။ တစ်ဖက်တွင် ဒေါ်စိန်မြင့်က မီးသွေးလုပ်ငန်းနှင့် ငွေအတိုးပေးစားသော လုပ်ငန်းကိုလည်း လုပ်ကိုင်၏။ မီးသွေးကားများက လိုလျှင်လိုသလို လာချပေးသည်။ လာချပေးသော မီးသွေးများကို ဒေါ်စိန်မြင့်က သူ့အိမ်အောက်ထပ်တွင် သိုလှောင်ထား၍ လက်ကားဈေးနှင့်ဝယ်ပြီး လက်လီဈေးနှင့် ပြန်ရောင်းသည်။ မီးသွေးရှားလျှင်ရှားသလို အမြတ်ရ၏။ မီးသွေးကားများ အဖမ်းအဆီးများလျှင် မီးသွေးကို ဈေးလေးပိုတင်၍ ရောင်းရ၏။ သို့သော် ရွာမှ မီးသွေးလက်လီဖောက်သည်တို့က ဒေါ်စိန်မြင့် မီးသွေးဈေးတက်လျှင် အတက်မခံကြ။

"ဟိုတစ်နေ့က ဈေးက ဒီလောက်မဟုတ်ပါဘူး၊ ဒေါ်စိန်မြင့်မှ သားသမီးလဲ စားစရာမရှိဘဲနဲ့ ဈေးသိပ်မတင်နဲ့ဗျာ"ဟု ဝိုင်းပြောကြ၏။ "ဈေးတင်တာ မဟုတ်ပါဘူး၊ မီးသွေးကားကလဲ မလာလို့ပါဟယ်၊ နောက်ပြီး ငါက ရောဂါသည်၊ ဒါလေးနဲ့ စားနေရတာ"





"မီးသွေးကား မလာပေမယ့် ဒီမီးသွေးက အရင်က လက်ကျန်ပဲဟာ၊ အရင်ဈေးနဲ့ပဲ ရောင်းပါဗျာ"

ဒီလိုဆိုတော့လည်း ဒေါ်စိန်မြင့်က စကားအထူးမပြောဘဲ "ကဲ ကဲယူသွားယူသွား"ဟုဆိုကာ ပေးလိုက်တတ်၏။ ရွာသူရွာသားများလည်း ဒေါ်စိန်မြင့်နှင့် မကင်းနိုင်ကြ။ ငွေလေးကြေးလေး လိုအပ် လျှင် ဒေါ်စိန်မြင့်ထံမှဆွဲ၍ ချေးသုံးတတ်ကြ၏။

"ငါက ဒုက္ခိတရောဂါသည်ပါဟယ်၊ နင်တို့ချေးပြီးရင် အတိုးလေးရော အရင်းပါ ပြည့်စုံအောင်တော့ပေးကြပါ"ဟု ဒေါ်စိန်မြင့်က ဆိုတတ်၏။ တစ်ခါတလေတော့လည်း "နင်တို့အတိုးရော အရင်းပါ မပေးလို့ ငါ့အရင်း ပြုတ်သွားရင် နင်တို့ကို ဘယ်သူကမှ ချေးမှာငှားမှာ မဟုတ်ကြဘူး"ဟုဆိုလျှင်တော့ ချေးသူငှားသူတို့က ကြောက်၏။


ဒေါ်စိန်မြင့်သည် သူ့ဘဝလေးကို ကျိုက္ကသာတွင် သူ့ဝင်ငွေနှင့် မျှတအောင် နေထိုင်၏။ လှူစရာ တန်းစရာများ ရှိပါကလည်း အလှူရေစက် လက်နှင့်မကွာ လှူ၏။ နေ့စဉ်ကျောင်းမှ ဆရာတော်တစ်ပါးဆွမ်းခံလာရာ နေ့စဉ်ဆွမ်းဟင်းတစ်ခွက်တော့ လောင်းနိုင်အောင် ဒေါ်စိန်မြင့် ကြိုးစားလျက်ရှိပါ၏။

■



www.burmeseclassic.com

www.burmeseclassic.com



မရမ်းချောင်း၏ အသည်းနှလုံး မလဲ့လဲ့ဝင်း

## အခန်း (၂၂)
## မရမ်းချောင်း၏ အသည်းနှလုံး

သူ့အမည်က မလဲ့လဲ့ဝင်း ဖြစ်သည်။

မလဲ့လဲ့ဝင်းက ကိုယ်ဝန် အရင့်အမာနှင့် ဖြစ်၏။ သူသည် တိုက်ကြီးမြို့ တစ်နေရာတွင် မျက်နှာကို ပုဆိုးတစ်ထည်ဖြင့် လုံအောင်အုပ်ကာ ထောက်ကြံ့သို့သွားမည့်ကားကို စောင့်လျက်ရှိ၏။ သို့သော် သူမခရီးလမ်းဆုံးသည် ထောက်ကြံ့မဟုတ်၊ ထောက်ကြံ့မှ တစ်ဆင့် လှည်းကူး၊ လှည်းကူးမှတစ်ဆင့် မရမ်းချောင်းဆိုသောရွာသို့ သွားရမည်။ သည်ခရီး သည်လမ်းသို့ မလဲ့လဲ့ဝင်း တစ်ကြိမ်တစ်ခါမှ မရောက်ဘူး။ သို့သော် သူဝမ်းနှင့်လွယ်ထားသော သားလား၊ သမီးလား သေချာ မသိရသေးသည့် ရင်သွေးငယ် အသက်ရှင်ရေးအတွက် မရမ်းချောင်းရွာသို့ အရောက်သွားရမည်။

မရမ်းချောင်းသည် တိုက်ကြီးမှ အလွန်အမင်း မဝေးလှသော်လည်း ငွေကြေးကမပြည့်စုံ၊ လောကဓံတရား၏ ရက်စက်စွာရိုက်ခတ်မှု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ခေါင်းမဖော်ဝံ့ရှာသော မလဲ့လဲ့ဝင်းအတွက် ယခုခရီးသည် တကယ့် ကန္တာရခရီးကြမ်းပင်။ သူမသည် သူမ၏မျက်နှာကို ဘယ်သူမှမမြင်၊ ဘယ်သူမှ မတွေ့စေရန် ခေါင်းပေါ်တွင် အုပ်ထားသော ပုဆိုးစကို ပို၍မြဲမြံစွာ အုပ်ကိုင်၍ တောင်မြောက် လေးပါးကို ကြည့်လိုက်၏။

"ဘုရား ဘုရား"

ခပ်လှမ်းလှမ်းမှ သူမဆီသို့ တန်းတန်းမတ်မတ် လာနေသူသည် သူမ၏သူငယ်ချင်း အရင်းအခြာ ဖြစ်သည်။ သူမကိုတွေ့၍ တမင် တန်းတန်းမတ်မတ် လာနေတာလား၊ သူ့ဟာသူ လာနေရတာလား မဝေခွဲနိုင်။ တိုက်ကြီးမြို့သို့ဝင်ကတည်းက ဦးခေါင်းကို လုံခြုံအောင် ခြုံထားသောကြောင့် သူမဘယ်သူဘယ်ဝါဖြစ်သည်ကို မည်သူမျှ မသိနိုင်။ ထို့အပြင် ယခုလို ကိုယ်ဝန်အရင့်အမာ လောကခံ၏ ရိုက်ခတ်မှုကို ခံစားနေရသဖြင့် သူမဘယ်သူဘယ်ဝါဖြစ်သည်ကို မှတ်မိစရာအကြောင်း မရှိ။

သို့သော်လည်း သူငယ်ချင်းဖြစ်သူက သူမထံကိုမှ တည့်တည့် ဆက်၍လာနေ၏။ ထို့ကြောင့် မလဲ့လဲ့ဝင်းသည် ခေါင်းကို ဆက်ငုံ့ နေကာ မသိမသာ ထိုင်ချလိုက်၏။ သူငယ်ချင်းဖြစ်သူသည် သူမ ရှေ့တွင်ခြေစုံရပ်ပြီးနောက်တစ်စုံတစ်ရာကိုစောင့်နေရှာ၏။ ခဏကြာ တော့ သူ၏ယောကျ်ားဖော် သူငယ်ချင်း ဖြစ်ဟန်တူသူ လူငယ် တစ်ယောက် ရောက်ရှိလာ၏။ ထိုယောကျ်ားဖော် လူငယ်ကို ခေါင်းမဖော်ဝံ့ရှာသော မလဲ့လဲ့ဝင်းအဖို့ မဝေခွဲနိုင်ဘဲ သူ၏ဖိနပ်များ





ကိုသာ ကြည့်နေရ၏။ ထိုလူငယ်ရောက်လာပြီးသောအခါ မလဲ့လဲ့ဝင်း ၏ သူငယ်ချင်းသည် "ဒီမှာ ဒီမှာ ရှင့်အတွက် လှူငွေ"ဟုဆိုကာ မလဲ့လဲ့ဝင်းအား ငွေ ၂၀၀ ကျပ်တန် တစ်ရွက်ကိုပေးသည်။ မလဲ့လဲ့ဝင်းက ၂၀၀ တန်ကို လက်ခံရယူသောအခါတွင်မှ တစ်စုံတစ်ရာ ကို စိတ်အေးလက်အေး ဖြစ်သွားဟန်ဖြင့် သူငယ်ချင်း မိန်းကလေးက သူ့အဖော် ယောကျ်ားလေးအား "မောင်ရယ် ဗေဒင်က ကိုယ်ဝန်ဆောင် အမျိုးသမီးကို ပိုက်ဆံလှူရမယ်ဆိုလို့၊ ကားဂိတ်ဆိုတော့ ကိုယ်ဝန် ဆောင်တွေ တွေ့တတ်လို့ မောင်ကို ဒီနေရာမှာ ချိန်းတာ၊ ကဲသွားကြစို့" ဟု ဆိုတော့မှ မလဲ့လဲ့ဝင်းသည် ပူထူ၍ ဆောက်တည်ရာမရ ဖြစ်နေ ရရှာသော အဖြစ်မှ သက်သာရာရရှိသွား၏။ သူငယ်ချင်း မိန်းကလေး နှင့် လူငယ်သည် သူ့အား ကျော်လွန်၍ ခပ်လှမ်းလှမ်းသို့ရောက်မှ မလဲ့လဲ့ဝင်းသည် သူတို့အား လှမ်း၍ ကြည့်လိုက်ပြန်သည်။ သည်တော့ မလဲ့လဲ့ဝင်းခမြာ ဒုတိယအကြိမ် တုန်လှုပ်စွာ ဘုရား တလိုက်ရပြန် သည်။

မလဲ့လဲ့ဝင်း ကံကောင်းသည်ဟု ဆိုရပေမည်။

သူငယ်ချင်းဖြစ်သူနှင့် သူ့အမျိုးသားတို့သည် သူတို့ငွေ ၂၀၀ လှူဒါန်းခဲ့သော ကိုယ်ဝန်ဆောင် အမျိုးသမီး ဘယ်သူဘယ်ဝါ ဖြစ်သည်ကို သိရှိပါက လူငယ်ဖြစ်သူသည် သူ့မျက်နှာအား တံတွေး နှင့်ပင် ထွေးခဲ့ဦးမည် ဧကန်။ မလဲ့လဲ့ဝင်းအနေနှင့် တိုက်ကြီးမြို့မှ ချက်ချင်းစွန့်ခွာရမည်ကို သဘောပေါက်လိုက်၏။ သူငယ်ချင်း အမျိုးသမီး ပေးသွားသော ငွေ ၂၀၀ ကျပ်ကို ကျစ်ကျစ်ပါအောင်



www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကာ ထောက်ကြံ့သို့ ထွက်မည့်ကားများအား အဆက်မပြတ် စောင့်၏။ ခဏကြာတော့ ဟိုင်းလက်ကားတစ်စီး ဝင်လာသည်။ မှော်ဘီ ထောက်ကြံ့ ရန်ကုန်ဟုခရီးသည်များကို အော်ခေါ်၍ ဝင်လာ၍ မလဲ့လဲ့ဝင်းသည် ထိုဟိုင်းလက်ကားပေါ်သို့ တက်ရင်း ဟိုင်းလက်ကား ဘီးလိမ့်ရာဘက်သို့ လိုက်ပါရင်း သူ့ဘဝအကြောင်းကို ပြန်ပြောင်းစဉ်းစားနေချိန်တွင်တော့တိုက်ကြီးမြို့သည် တဖြည်းဖြည်း အဝေးတွင် ကျန်ရစ်ခဲ့လေပြီ။

*

တိုက်ကြီးမြို့တွင် မလဲ့လဲ့ဝင်း၏ မိဘများက လူကုံထံများ ဖြစ်ကြ၏။ ငွေကြေးပြည့်စုံ၍ သမီးလေး မလဲ့လဲ့ဝင်းကို ငယ်စဉ်မှစ၍ ရွှေပေါ်မြတင်ထားရှိခဲ့၏။ မိဘနှစ်ပါးသည် သမီးငယ်အတွက်လည်း ရည်မှန်းချက်ကြီးကြီးမားမား ထားရှိသည်။ သမီးလေးသည် ပညာတတ် စာတတ် မိန်းကလေးတစ်ဦးဖြစ်ရမည်။ တက္ကသိုလ်အထိပို့၍ ပညာ သင်ကြားပေးမည်။ သမီးလေးသည် ထူးချွန်ပြောင်မြောက်မှု ရမည်ဟု လည်း မျှော်လင့်ကြ၏။ မလဲ့လဲ့ဝင်း၏ မိဘများသည် တိုက်ကြီးမြို့ နယ်တွင် လယ်မြေကေများစွာ ပိုင်ဆိုင်၍ မြို့ပေါ်တွင်လည်း လုပ်ငန်း ကိုင်ငန်းရှိ၏။ မလဲ့လဲ့ဝင်း မိဘများအတွက် လယ်ယာလုပ်ငန်း အတွက်ရော မြို့ပေါ်မှ စီးပွားရေးလုပ်ငန်း ကိုင်ငန်းများအတွက်ပါ အလုပ်သမားကောင်းများ အမြဲလိုအပ်နေ၏။ တစ်နေ့တွင်တော့ တိုက်ကြီးမြို့ အနောက်ရွာကလေးမှ လူငယ်တစ်ယောက် ရောက်လာသည်။ ရုပ်ရည်လေးကလည်း အသင့်အတင့်ရှိ၍ ရိုးသားသည့်





လက္ခဏာလည်း ရှိသောကြောင့် ထိုသူငယ်အား ဖခင်ကြီးဖြစ်သူက အိမ်တွင် လက်ခံထားရှိလိုက်၏။ လူငယ်က ရှစ်တန်းကိုးတန်းလောက် ပညာအရည်အချင်းရှိပြီးလုပ်ရည်ကိုင်ရည်ရှိ၍ မလဲ့လဲ့ဝင်း မိဘများက လယ်ယာလုပ်ငန်းတွင်မထားဘဲ မြို့ပေါ်မှလုပ်ငန်းများကို ဦးဆောင်ရန် သူတို့အိမ်၌ ထားရှိခြင်းဖြစ်၏။

သည်တော့ ထိုလူငယ်နှင့် မလဲ့လဲ့ဝင်းတို့က သက်တူရွယ်တူ၊ ပညာအရည်အချင်းကလည်း မတိမ်းမယိမ်း။ သို့သော် မလဲ့လဲ့ဝင်းက ပညာဆက်လက် ဆည်းပူးနေနိုင်သော်လည်း ထိုသူငယ်လေးက ကျောင်းဆက်လက်မတက်နိုင်ရှာ၍ မလဲ့လဲ့ဝင်း၏ မိဘများထံ အလုပ် လာလုပ်နေရခြင်းဖြစ်၏။ မလဲ့လဲ့ဝင်း၏အလှက ဣန္ဒြေရှိ၍ အလှသွေး ကြွယ်သည်။ ထိုလူငယ်က ရိုးသား၍ ရုပ်ရည်လေး သနားကမား ရှိလေရာ ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်ထိဆိုသလို မလဲ့လဲ့ဝင်းနှင့် ထိုလူငယ်တို့ မေတ္တာမျှဖြစ်ခဲ့ကြ၏။ မိဘများက အစပိုင်းက မရိပ်စားမိကြသော်လည်း ဘေးကပြောမှ သမီးကလေး တော်လှတော်လှနှင့် အခုမှ ယောင်းမြင်စီးထွက်သည်ကို သိရသည်။ မလဲ့လဲ့ဝင်း မိဘများအနေနှင့် ထိုလူငယ်နှင့် လုံးဝသဘော မတူနိုင်ဘဲ အလုပ်မှထုတ်ကာ သမီးဖြစ်သူကိုလည်း ယက္ခဂုမ္ဘန် ဝိုင်းရံ စောင့်ကြပ် လျက် ဆယ်တန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုစေပြီး သုံးဆယ်မြို့မှ ဆန်စက်ပိုင်ရှင် သားတစ်ယောက်နှင့် စေ့စပ်ကြောင်းလမ်း ခဲ့၏။ မလဲ့လဲ့ဝင်းသည် မချစ်ခင်သူနှင့် လက်ထပ်ပေါင်းသင်းရခြင်း ဝဋ်ဒုက္ခကို မခံယူလို၊ သူချစ်ခင် နှစ်သက်သောသူနှင့်သာ ထမင်းရေ



www.burmeseclassic.com

www.burmeseclassic.com



အတူသောက်ပြီး နေထိုင်လိုရကား သူမချစ်သူနှင့် မရရအောင် ဆက်သွယ်၏။ တစ်ဖက်မှ မိဘများကလည်း စေ့စပ်ကြောင်းလမ်းပြီး ဖြစ်၍ မင်္ဂလာရက်မြတ်ရွေးကာ လက်ထပ်ဖို့ အရေးကို ဆွေးနွေး ထိုင်ပင်ကြပြီး လက်ထပ်ပွဲပြုလုပ်ရန် ဖိတ်စာ ဝေရုံမျှသာ ရှိတော့သည့် ကာလဝယ် မလဲ့လဲ့ဝင်းသည် ချစ်သူနောက်သို့ ကောက်ကောက်ပါ အောင် လိုက်ပြေးသွားတော့သည်။ မလဲ့လဲ့ဝင်း ယောကျ်ားနောက် လိုက်ပြေးသော သတင်းက တစ်မဟုတ်ချင်း တိုက်ကြီးနှင့် သုံးဆယ်မြို့များတိုင် ပြန့်နှံ့သွား၏။ မိဘနှစ်ပါးမှာ အကြီးအကျယ် အရှက်ရကာ ရင်ဝကို ခြေဖြင့် စုံကန်သွားသော သမီးအား အမွေပြတ် ကြေငြာခဲ့၏။ တစ်ဖက်မှ သားရှင်များအားလည်း ခြေသလုံးဖက်ကာ တောင်းပန်ရရှာသည်။ ယနေ့ တိုက်ကြီးကား ဂိတ်တွင် မလဲ့လဲ့ဝင်း တွေ့ခဲ့သော သူ့အား ငွေ ၂၀၀ ကျပ်ပေးခဲ့သည့် သူငယ်ချင်းဖြစ်သူ၏ ချစ်သူမှာ အခြားသူမဟုတ်၊ တစ်ချိန်က သူမနှင့် စေ့စပ်ကြောင်းလမ်း ခဲ့သော သုံးဆယ်မြို့မှ ဆန်စက်ပိုင်ရှင်၏ သားပင်ဖြစ်၏။ ယခုတော့ သူ့သူငယ်ချင်းနှင့် သူနှင့်စေ့စပ်ကြောင်းလမ်းခဲ့သူတို့ မေတ္တာမျှ ခဲ့ကြ၍ ချစ်သူဘဝသို့ ရောက်ရှိနေဟန်ရှိ၏။

မလဲ့လဲ့ဝင်းသည် သူ့ဝမ်းတွင်းမှ အရင့်အမာဖြစ်နေသော ကိုယ်ဝန်ကို စောင့်ရှောက်ရင်း ကားအရှိန်ကြောင့် ကိုယ်ဝန်တစ်စုံတစ်ရာ မထိခိုက်စေရန် ထိန်းပြီးလိုက်ခဲ့ကာ သူ့ဘဝ၏ အခြားတစ်ကွေ့ တစ်လှည့်ကို ဆက်၍ ပြန်စဉ်းစားမိပြန်၏။

မောင်နှင့်မလဲ့လဲ့ဝင်း လိုက်ခဲ့ရသည်ကို နောင်တရရှိခဲ့ခြင်း





မရှိ။ မောင့်ကိုတွေ့စဉ်ကပင် သူမက စတင်၍မေတ္တာမျှခဲ့ခြင်းဖြစ်၏။ ချစ်ခြင်းအစ မျက်စိကဆိုသည်မှာ မလဲ့လဲ့ဝင်းအတွက် အမှန်ဖြစ်၏။ မောင့်ကို ကျို့ကျို့ယို့ယို့လေးပုံစံနှင့် အဖေ့ရှေ့တွင် တွေ့မြင်စဉ်ကပင် သူမ မေတ္တာသက်ဝင် ချစ်ခင်ခဲ့ခြင်းဖြစ်၏။ ထို့ကြောင့် မောင်နှင့် မေတ္တာမျှရေးတွင် သူမကပင်လျှင် ရေလာမြောင်းပေး ပြုလုပ်ခြင်း ဖြစ်၏။ မိဘနှစ်ပါး မသိစေဘဲ မောင်နှင့် တိတ်တခိုး ချစ်ခဲ့ရသည့် အချစ်လေးများကို သူမဘဝ တစ်သက်တာတွင် ဘယ်တော့မှ မမေ့နိုင်ရှာတော့။

မောင့်မျက်နှာပေး၊ မောင့်ထံမှမျှော်လင့်တောင်းခံသောမျက်လုံး လေးများ၏ အကြည့်ကို သူမ သည်းခံနိုင်ခြင်းမရှိ။ ထို့ကြောင့် မိဘနှစ်ပါးက မောင်နှင့်ဖြတ်စေကာ သုံးဆယ်မှ စက်သူဌေးသား ကိုမြင့်သူနှင့် စေ့စပ်သောအခါ ကိုမြင့်သူသည် တကယ့်တည်ကြည်ခန့် ညားသော လူတစ်ယောက်ဖြစ်သည်မှာ အမှန်ဖြစ်၏။ ကိုမြင့်သူကို သူမဘက်မှ ငြင်းဆိုရန် အကြောင်းမရှိ။ သို့သော် သူမနှလုံးသားအစုံကို မောင့်ထံတွင် ပုံအပ်ပြီးပြီမို့ တစ်မျက်နှာမှတစ်မျက်နှာ မပြောင်းလိုသော သူမအဖို့ မောင်နောက်သို့ တစ်မျက်နှာကို တရှာထင်ကာ လိုက်ခဲ့ခြင်း ဖြစ်၏။ မိဘနှစ်ပါးက အမွေဖြတ်ခြင်းအပေါ် ပူရက်လေခြင်းဟု စိတ်မကောင်းဖြစ်မိသော်လည်း သူမအဖို့ နောင်တရခြင်းကား မရှိ။ မောင့်ကို သူမ မြတ်နိုးသည်။ ချစ်ခင်သည်။ စုံမက်မြတ်နိုးသည်။ ထို့ကြောင့် မောင့်အရိပ်ကိုခို၍ မောင့်တစ်မျက်နှာကိုသာ အားကိုးကာ မောင့်ထံသို့ လိုက်လာခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်တို့ရွာလေးက ပျော်ရွှင်စရာ ကောင်းပါဘိ။

မလဲ့လဲ့ဝင်းကို တစ်ရွာလုံးကလည်း လေးလေးစားစားရှိသည်။ မောင့်မိဘနှစ်ပါးကဆိုလျှင် သမီးအရင်းအချာပမာ အရိပ်တကြည့်ကြည့် ကြည့်ပြီး ချွေးမလေးကို ဖူးဖူးမှုတ်၍ ထားကြ၏။ မောင့်ရွာတွင် မောင်လုပ်ကိုင်သည့် လုပ်ခလေးဖြင့် ချို့တဲ့စွာနေထိုင် ရသော်လည်း ထိုဘဝကို သူမက နတ်ပြည်တမျှ သာယာလှသည်။ မလဲ့လဲ့ဝင်းအဖို့ တစ်ခါတစ်ရံ အမေနှင့်အဖေကို လွမ်းဆွတ်သတိရသည်မှလွဲ၍ အပူအပင်မရှိ။ မောင်တို့ရွာတွင် လိပ်ပြာလေး တစ်ကောင်လို လွတ်လပ်စွာ နေထိုင်ခဲ့ရသော ဘဝသည် အလွန်မှသာယာဖွယ်ရာဖြစ်၏။ ဘုရားသွား ကျောင်းတက်ရင်း မောင့်မိဘများကိုသာ မိဘများသဖွယ်ထားရှိ နေထိုင်ခဲ့၏။

သည်လိုနှင့် တစ်နှစ်ခန့်ကြာ လာခဲ့သော် သူမ ကိုယ်တွင် ယားနာလိုလို အကွက်လေးဖြစ်လာသည်။ သနပ်ခါး ပွေး၊ စံပယ်ညှင်း စံပယ်ပွေးဟုဆထင်ကာ ခပ်ပေါ့ပေါ့ပင်ထားခဲ့၏။ ထိုအကွက်ကလေး က မပျောက်ဘဲရှိ၏။ တကယ်တော့ သည်အကွက် လေးထက် ပို၍ ဂရုစိုက်ရမည့်ကိစ္စက ရှိလာသည်။ ထိုကိစ္စ ကတော့ သူမ၏ပတ္တမြား ရွှေကြုပ်တွင် ကိုယ်ဝန်ဆောင်လာရခြင်းဖြစ်၏။ ကိုယ်ဝန်ရှိလာ၍ သွေးသား အပြောင်းအလဲကြောင့် အကွက်များ ပို၍ ထလာခြင်းဟု ထင်ကာ လက်လှမ်းမီရာ ဆေးမြီးတိုများနှင့် ကုသ၏။ သို့သော် ပျောက်ကင်းမှုကား မရှိ။

တစ်နေ့တွင်တော့ ယောက္ခမအစ်မကြီးက သူမ၏အကွက်





များကိုကြည့်ကာ သံသယမကင်းမှုများ ဖြစ်လာ၏။ နောက်တော့ အတွေ့အကြုံအတန်ငယ်ရှိသော မောင့်အမေက သူ့အကွက်များသည် အနာကြီးရောဂါအကွက်များဖြစ်သည်ဟု အတိအကျပြောဆိုလာ၏။ မောင်တို့ရွာတွင် သားဖွားဆရာမလည်းရှိပြီး ထိုသားဖွားဆရာမက အနာကြီးရောဂါကိုပါ ကုသပေးသည်ဟုဆို၏။ သို့သော်လည်း မိမိတို့ ချွေးမတွင် အနာကြီးရောဂါ စွဲကပ်နေသည်ဟု ရွာတွင် လူပြောသူပြော မခံချင်ကြ။ မောင့်မိဘများသည် ဤရောဂါကို သားဖွား ဆရာမနှင့် လည်း မကုသလိုဘဲရှိ၏။ သားဖွားဆရာမနှင့်ကုသပါက တစ်ရွာလုံး သိကုန်ကြမည်ကို စိုးရိမ်၏။ အနာကြီး ရောဂါရှိသူကို သာမက တစ်ဆွေလုံးတစ်မျိုးလုံး ရွာပြင်ထုတ်သော အလေ့အကျင့်ရှိသော ဤရွာလေးတွင် သူမအဖို့ အနာကြီးရောဂါ စွဲကပ်နေသည်ကို သားဖွားဆရာမနှင့် ကုဖို့နေနေသာသာ လူသိမှာစိုး၍ နားရွက်ပင် မခတ်ရဲဘဲ နေရ၏။

အနာကြီးရောဂါကို ပျောက်ကင်းအောင် ကုသနိုင်သော ဆေးရှိသည်။ သားဖွားဆရာမများက ကုသပေးသည်။ ကုသလိုသည့် ပုံစံဖြင့် ကုသပေးသည်ဆိုသော ဟောပြောချက်များကို မောင်တို့ မိသားစု မကြာခဏ နားထောင်ဖူးသည်။ လူနှင့်လူ ဗီဒီယိုဇာတ်လမ်း ရှာဗီဒီယိုရုံတွင် ပြသသည်ကိုလည်း ကြည့်ဖူးသည်။ သို့သော် မလဲ့လဲ့ဝင်း၏ရောဂါကို သားဖွားဆရာမထံ ပြသဖို့ဆိုသည်က အလွန်မှခက်ခဲသော ကိစ္စဖြစ်၏။ မလဲ့လဲ့ဝင်းတွင် ကိုယ်ဝန်ရှိနေ၍ သားဖွားဆရာမအား အိမ်သို့ခေါ်ရန် အကြောင်းပြဖို့ အလွန်အဆင်



www.burmeseclassic.com

www.burmeseclassic.com



ပြေပါလျက် သားဖွားဆရာမ သိမှာစိုးသောကြောင့် မောင်တို့မိသားစုက သူမကိုယ်ဝန်ကို တိုက်ကြီးတွင် သွားရောက်မွေးဖွားမည်။ ရွာမှသားဖွားဆရာမနှင့်မမွေးဟု သတင်းလွှင့်ထားသောကြောင့် မလှဲလှဲဝင်းနှင့် သားဖွားဆရာမ တွေ့ဖို့ကိစ္စက လွယ်မယောင်နှင့် ခက်နေပြန်၏။

သည်လိုနှင့် ကိုယ်ဝန်က ရင့်မာလာသည်။

မလှဲလှဲဝင်း၏အနာကြီးရောဂါ လက္ခဏာများကလည်း တိုး၍သာလာခဲ့၏။ မောင်ကလည်း အစိမ်းကြီးစိမ်းကား ကိုယ်ဝန်အရင့်အမာရှိနေသော သူမအနားသို့ မကပ်တော့။ သူမသည်လည်း အိမ်ပြင်သို့ မထွက်ဝံ့။ တစ်မနက်စောစောတွင်တော့ မောင်နှင့် သူ့မိဘများ ပြောကြားနေသည်ကို သူမအိပ်ရာထဲမှ အတိုင်းသား ကြားနေရ၏။ ဤရောဂါသည် ကုသ၍မရ၊ မျိုးရိုးလိုက်တတ်၍ ကလေးပါ အနာကြီးရောဂါ စွဲကပ်လာနိုင်ကြောင်း ပြော၏။ မောင်ကိုယ်တိုင်ကလည်း သူမအပေါ် မသတီနိုင်တော့ပြီ။ တစ်ချိန်က ချစ်လှပါသည်၊ မြတ်နိုးလှပါသည်ဆိုခဲ့သော မောင့်စကားများသည် ယခုတော့ ယုံတမ်းစကားသဖွယ် လေတွင်ကွယ်ပျောက်ခဲ့ပြီ။

တစ်ကြိမ်တွင်တော့ သူ့ကိုယ်သူသတ်သေရန် ကြံစည်ခဲ့၏။ သို့သော် ဝမ်းတွင်းမှ သားလား သမီးလား မသိရသေးသော ရင်သွေးငယ်အတွက် ငါသေလို့ မဖြစ်သေးဟူသောစိတ် သူမ၏ ရင်ထဲတွင် ကိန်းအောင်းလာ၏။ ငါ့ရင်ထဲက ရင်သွေးကို ငါရအောင် မွေးမယ်၊ ငါအသေမခံဘူးဟု စိတ်မာန်ကိုတင်းကာ လောကကို ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်၏။





လှည်းကူးမြို့နယ်တွင် အနာကြီးရောဂါစခန်း တစ်ခုရှိသည်ဟု သူမ ကြားဖူးနားဝရှိ၏။ ထိုစခန်းကို အစိုးရကထူထောင် ပေးထားသော စခန်းဟုလည်း ကြားဖူးသည်။ သည်တော့ တိုက်ကြီးနှင့် လှည်းကူးကလည်း များစွာ ကွာဝေးသည်မဟုတ်။ သူမ ထောက်ကြံ့ကို ရောက်ဖူးသည်။ သည်တော့ လှည်းကူးရှိ မရမ်းချောင်းဆိုသော အနာကြီးရောဂါစခန်းသို့ရောက်လျှင် ရင်သွေးကို မီးဖွားခွင့် ရရှိနိုင်မည်၊ ရင်သွေးကို မွေးဖွားဖို့ ကျောတစ်ခင်းစာတော့ ရနိုင်မည်ဟုယူဆပြီး မလှဲလှဲဝင်းသည် ယနေ့နံနက်တွင် တစ်ရွာလုံးအိပ်ရာမှမနိုးမီ တောလမ်းအတိုင်း လှည်းကူးသို့သွားရန် တိုက်ကြီးမြို့သို့ တက်လာခြင်းဖြစ်၏။ သူမတွင် ငွေတစ်ထောင်လောက်တော့ပါသည်။ သူငယ်ချင်းက ဗိုက်ကြီးသည်အရင့်အမာကို ငွေလှူရမည်ဆိုသောကြောင့် ယတြာချေရင်း ပေးခဲ့သည့် ငွေ ၂၀၀ ကျပ်နှင့် ပေါင်းပါက ၁၂၀၀ ကျပ်မျှ သူမလက်ထဲတွင် ရှိနေသည်။

"ထောက်ကြံ့ရောက်ပြီ၊ ထောက်ကြံ့ရောက်ပြီ"

ကားဆရာက အော်သည်။ သူမသည် အတိတ်အတွေးများကို ရုတ်ဖြတ်တောက်ကာ ကားပေါ်မှဆင်းခဲ့၏။ ထောက်ကြံ့မှ လှည်းကူးသို့ ပဲခူးကားစီးလာခဲ့ပြီး လှည်းကူးမှ ဖောင်ကြီးကားပြောင်းစီး၍ ခရီးဆက်ခဲ့၏။ ဖောင်ကြီးမှတစ်ဆင့် မရမ်းချောင်းသို့ ဘယ်နည်းဘယ်ပုံ ရောက်ရှိခဲ့သည်ကို သူမ မမှတ်မိတော့။ မရမ်းချောင်း၊ အနာကြီးရောဂါစခန်း ပရဟိတဂေဟာရောက်တော့ အနာကြီးရောဂါ ခံစားနေရသော လူတစ်သိုက်ကို ဗြုန်းစားကြီး တွေ့လိုက်ရ၏။ ယခုလို

www.burmeseclassic.com



ရောဂါသည်တွေ တစ်စုတည်း တစ်ပြုံတည်း ရုတ်ခြည်းတွေ့လိုက်ရတော့ ဝမ်းနည်း ဝမ်းသာဖြစ်ကာ သူမ ငိုချလိုက်သည်။

မရမ်းချောင်းပရဟိတ အနာကြီးရောဂါစခန်းရှိ ရောဂါသည်များက မလဲ့လဲ့ဝင်းအား အားပေးစကားပြော၏။ သောက်ရေလေးသောက်ပါဦးဟုဆိုကာ ရောဂါသည်တစ်ဦးက ရေတစ်ခွက်ပေး၍ အေးမြမွှေးသာ ရေတစ်ခွက်ကို သောက်လိုက်သည်။ တစ်ဖန် ပရဟိတလူကြီးများကို ခေါ်ပေးတော့ သူမက အများရှေ့တွင် သူမ ဘဝဇာတ်ကြောင်းကုန်စင်ကို ပြောပြကာ ပရဟိတဂေဟာတွင် တည်းခိုခွင့်ပြုရန် မေတ္တာရပ်ခံ၏။

လူကြီးများက မိမိတို့အနေနှင့် အနာကြီးရောဂါ လူသစ်ကို အထက်လူကြီးများထံ အသိမပေးဘဲ လက်ခံ၍မရကြောင်း ပြောပြ၏။

"ကျွန်မမှာ ဒီကနေပြီး တခြားကို သွားစရာမရှိတော့ပါဘူးရှင်"

"ဟုတ်ပါတယ်၊ ကလေးမလေးအဖြစ်က သနားစရာပါ၊ ဒါ့ပြင် ကိုယ်လေးလက်ဝန်နဲ့လဲ ဖြစ်နေတော့ ဒီကနေ ပြန်သွားလို့ ဘယ်ဖြစ်ဦးမလဲ၊ အဒေါ်တို့ အိပ်ရာဘေးမှာ ခုတင်အလွတ်တစ်နေရာ ရှိတယ်၊ ဒီသမီးလေးကို အဲဒီနေရာမှာ နေဖို့ခွင့်ပြုရင် ရနိုင်ပါတယ်"ဟု ပရဟိတနေ ရောဂါသည်များက ဝိုင်းဆို၏။

"ဒီသမီးလေး စားဖို့ကတော့ ကျွန်တော်တို့ စားနေတဲ့အထဲက ဖဲ့ပေးပါမယ်ဗျာ"ဟု အခြားတစ်ဦးက ကရုဏာစကား ပြောသည်။

"ကျွန်တော်တို့စခန်းမှာ လူ ၁၀၀ လောက်ရှိတာ တစ်ဦးအတွက်ကတော့ မထူးပါဘူး၊ သမုဒ္ဒရာထဲကို ရေတစ်စက်ကျတာ





လောက်ပဲရှိပါတယ်"ဟု တစ်ဦးက ထပ်လောင်း ကိုက်တွန်း၏။

ပရဟိတ လူကြီးတစ်ဦးက "ဒီအနာကြီးရောဂါသည်စခန်းက အနာကြီးရောဂါသည် လူသစ် လက်ခံဖို့ကတော့ ခွင့်ပြုချက်ရမှ လက်ခံရမှာပါ၊ ဒါပေမယ့် မလဲ့လဲ့ဝင်းမှာက ကိုယ်ဝန်ကလဲ အရင့်အမာနဲ့ ခိုကိုးစရာလဲမရှိတော့ အနာကြီးရောဂါသည် တစ်ယောက်အနေနဲ့ မဟုတ်ဘဲ ဒုက္ခသည်တစ်ဦးကို လူသားချင်း စာနာထောက်ထားတဲ့ အနေနဲ့ လက်ခံလိုက်ပါတယ်ခင်ဗျာ"ဟူသော ပြောသံအဆုံး ပရဟိတတစ်စခန်းလုံး ပျော်ရွှင်သွားကြ၏။ အချို့ကလည်း ကရုဏာသက်စွာဖြင့် သမီးအဖြစ်အပျက်ကို ပြန်ပြောပါဦးဟုဆိုကြ၏။ အချို့ကတော့ သမီးလေး အတိတ်ကို သတိရပြီး ပိုဝမ်းနည်းနေပါဦးမယ်၊ အတိတ်ကို မေ့ပြစ်၊ အမေတို့နဲ့ ဘဝသစ်ကိုစဟု ဝိုင်းဝန်း အားပေးကြ၏။

"လောလောဆယ်က သမီးကို ဆေးရုံကိုပို့ဖို့လိုတယ်၊ သူ့မှာရှိတဲ့အနာကြီးရောဂါအတွက် အမ်ဒီတီဆေးသောက်ဖို့ လိုတယ်ဟုဆိုကာ မရမ်းချောင်းတိုက်နယ်ဆေးရုံသို့ ခေါ်သွားကြ၏။ တိုက်နယ်ဆရာဝန်ကြီးကဆေးရုံတွင် လူနာစာရင်းသွင်းကာ အနာကြီးရောဂါကို ကုသပေးရုံသာမက အရင့်အမာဖြစ်သော ကိုယ်ဝန်ကိုပါ စောင့်ရှောက်ပေး၏။ အမ်ဒီတီဆေးတန်ခိုးကြောင့် မကြာမီ မလဲ့လဲ့ဝင်း၏အနာများ စတင် ညှိုးစပြုသည်။ ထို့ပြင် အရင့်အမာဖြစ်နေသော ကိုယ်ဝန်ကိုလည်း ကျန်းမာသန်စွမ်းစွာ မွေးဖွားနိုင်ခဲ့၏။ မွေးဖွားလာသော ရင်သွေးလေးက သားဦးလေးဖြစ်၏။ မလဲ့လဲ့ဝင်းက "ဇော်မိုးနိုင်"ဟု



www.burmeseclassic.com

www.burmeseclassic.com



အမည် ပေးလိုက်၏။

“အဲဒီသားလေးရဲ့အမည် ဇော်မိုးနိုင်ဆိုတဲ့ စာလုံးတွေထဲမှာ သူ့အဖေနာမည်ပါတယ် မဟုတ်လား”ဟု အတူနေတစ်ဦးက မလဲ့လဲ့ဝင်းကိုမေးတော့ ရှက်စနိုးလေးပြုံးနေရှာ၏။ ချစ်ခင်နှစ်သက်၍ ပေါင်းသင်းလာခဲ့ကြ။ ဖူးစာကံကြမ္မာ၏မျက်နှာသာ မပေးမှုကြောင့်သာ တစ်ဦးနှင့်တစ်ဦး ရင့်နင့်ဖွယ်လမ်းခွဲခဲ့ကြသော်ငြား သူ့အပေါ် မလဲ့လဲ့ဝင်းအနေနှင့် သံယောဇဉ်အလျင်ကြီး မပြတ်နိုင်” မရမ်းချောင်းစခန်းသို့ ရောက်ရှိလာကြသော ဧည့်သည်များထဲမှ သားလေးကို အပိုင် မွေးစားမည်သူ ပေါ်လာသော အခါတွင်လည်း သားငယ်ကို မခွဲနိုင်မခွာရက်။ မျက်စိအောက်က အပျောက်မခံနိုင်တော့။ သားလေးကို ကျွန်မမွေးခဲ့ပြီးမှတော့ သူ့ကို လူတစ်လုံး သူတစ်လုံး ဖြစ်အောင် ကျွန်မဆက်မွေးပါမည်ဟုဆို၏။

မရမ်းချောင်းပရဟိတစခန်း တစ်ခုလုံးမှ အနာကြီးရောဂါသည်များကတော့ သန့်သန့်စွမ်းစွမ်းရှိသော ဇော်မိုးနိုင်ကို အာနိုးဟုခေါ်ကြ၏။ “တကယ်တော့ သားလေးက ကျွန်မရဲ့ဘဝကို ကယ်ခဲ့တာပါ။ ကြည့်လေ၊ မရမ်းချောင်းမှာက အနာကြီးရောဂါသည် လူနာအသစ်ကို အထက်ကလက်ခံဖို့ ခွင့်ပြုမှ လက်ခံရတာ၊ ကျွန်မကိုတော့ ဒီသားလေး ကိုယ်ဝန်ကြောင့်မို့သာ လူလူချင်း ညာတာထောက်ထားပြီး ကိုယ်ဝန်သည် ဒုက္ခသည်တစ်ဦးအနေနဲ့ လက်ခံခဲ့တာ၊ ဒီလိုသားလေးရဲ့ ကျေးဇူးကြောင့် ကျွန်မ ဒီစခန်းမှာ နေရတာ”

မလဲ့လဲ့ဝင်းကိုသာမက အခုတော့ မရမ်းချောင်း ပရဟိတ





နံ့သာမြိုင်မှ ရှင်နှစ်ရာအလှူပွဲ

စခန်းတစ်ခုလုံးက အာနိုးကို ဘယ်သူလာတောင်းတောင်း မပေးနိုင်တော့ပေ။ အာနိုးသည် မလဲ့လဲ့ဝင်း၏ ရင်နှစ်သည်းချာ သားရတနာ တစ်ဦး သာမက မရမ်းချောင်း ပရဟိတနေရောဂါသည်အားလုံး၏ အသည်း နှလုံးဖြစ်ခဲ့ချေပြီ။

■



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ တင်ဇာလွင်

## အခန်း (၂၃)
## ဂါရဝပါ အခမေ

နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းမှ ကြာပန်းရေစင် မဂ္ဂဇင်း ထုတ်ဝေသည့် အခမ်းအနားကို အစိုးရမှူလတန်းကျောင်းရှေ့ရှိ မြက်ခင်းပြင်တွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိသည်။ ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ စာပေပညာရှင်များ၊ အနာကြီးရောဂါဆိုင်ရာ ဆရာဝန်ကြီးများ၊ ဂျပန်မှ ဧည့်သည်များ၊ မတ္တရာမြို့နယ် အာဏာပိုင်အဖွဲ့အစည်းများ၊ မတ္တရာရေနံ့သာအစရှိသော ဒေသမှ ကျောင်းဆရာ ဆရာမများ၊ နံ့သာမြိုင် အနာကြီးရောဂါစခန်းမှ ရွာမိရွာဖများနှင့် စာပေဝါသနာရှင်များ တက်ရောက်ကြသည်။

ကြာပန်းရေစင် မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီမှ မဂ္ဂဇင်းထုတ်ဝေရသော အကြောင်းရင်းကို ရှင်းပြပြီးသောအခါ အခမ်းအနားမှူးက ကြာပန်းရေစင်မဂ္ဂဇင်းတွင် ပါဝင်ရေးသားသူများအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ရန် ရှိပါ၍ "စာရေးဆရာ တင်ဇာလွင်



www.burmeseclassic.com

www.burmeseclassic.com



ကြွရောက်ပါရှင်"ဟု ဖိတ်ခေါ်လိုက်၏။ ကြာပန်းရေစင် မဂ္ဂဇင်းတွင်ပါသော "ဂါရဝပါအမေ ဝတ္ထုသည် လက်ရာမြောက်သော ဝတ္ထုတစ်ပုဒ်ဖြစ်၏။ ကြာပန်းရေစင် ဖတ်မိသူတိုင်း တင်ဇာလွင်၏ ဂါရဝပါအမေဝတ္ထုကို သတိထားမိကြသူချည်းဖြစ်၏။

ထို့ကြောင့် စာရေးဆရာ တင်ဇာလွင် ကြွပါဟုဆိုသောအခါ ပရိသတ်ကြီးမှ တစ်ခဲနက် ဩဘာလက်ခုပ်သံများ ထွက်ပေါ်လာခြင်းဖြစ်သည်။

"ဆရာတင်ဇာလွင် ဆိုတာ ဘယ်သူလဲ"

ပရိသတ်ထဲမှ တင်ဇာလွင် ဘယ်သူလဲဟု သိလိုဇောဖြင့် အပြန်အလှန်စိတ်ဝင်တစားကြည့်နေသည့်တိုင် စာရေးဆရာတင်ဇာလွင်သည် ထွက်လာခြင်းမရှိ။ ထိုအခါ အခမ်းအနားမှူးက "ဆရာတင်ဇာလွင်ကြွ ရောက်လာရေးအတွက် အနီးအနားမှပုဂ္ဂိုလ်များ ကူညီစေလိုပါတယ်ရှင်"ဟု မေတ္တာရပ်ခံလိုက်သည်။ ကြွရောက်လာသောပရိသတ်က မိမိတို့အနီးအနားတွင် စာရေးဆရာ တင်ဇာလွင်ကိုရှာကြသည်။ အတော်ကြာတော့ နောက်ပိုင်းတစ်နေရာဆီမှ ဆရာတင်ဇာလွင် မတ်တတ်ရပ်လိုက်သည်။ ဆရာသည် အနာကြီးရောဂါသည် ဝေဒနာရှင်တစ်ဦးဖြစ်၍ ရုတ်တရက် မတ်တတ်မရပ်နိုင်သဖြင့် မတ်တတ်ရပ်ရန် ကြိုးစားအားယူနေရသောကြောင့် ကြန့်ကြာသွားခြင်းဖြစ်သည်။ ဆရာတင်ဇာလွင်သည် သူရပ်နေရာခုံတန်းမှ အလယ်လျှောက်သွားလမ်းအတွင်းသို့ ဆင်းကာ အခမ်းအနားစင်မြင့်ဆီသို့ စတင်လျှောက်လှမ်းလာ၏။ ကြာပန်းရေစင် မဂ္ဂဇင်း၌ "ဂါရဝပါ အမေ





ဝတ္ထုကို ရေးသားသူ ဆရာတင်ဇာလွင် ကြွရောက်လာပါပြီ ရှင်"ဟု ထပ်မံကြေငြာလိုက်သောအခါ လက်ခုပ်သံများ ထွက်ပေါ်လာ၏။

"စာရေးဆရာတင်ဇာလွင်ဆိုတာ ငါတို့ရွာက ဦးတင်ဆောင်ကြီးပါလား"

"ဦးတင်ဆောင်က တင်ဇာလွင် တဲ့တော့"

"ဟာ ငါ့သူငယ်ချင်းတင်ဆောင်က စာရေးဆရာ တင်ဇာလွင်တဲ့လား"

စာရေးဆရာတင်ဇာလွင် ဘယ်သူဘယ်ဝါဖြစ်ကြောင်း သိရှိသွားသောအခါ ပရိသတ်သည် တစ်ယောက်တစ်ပေါက်အချင်းချင်း ပြောဆိုနေကြ၏။ ထိုအခါ အခမ်းအနားမှူးက "ဆရာတင်ဇာလွင်အား ဂုဏ်ပြုသည့် ဉာဏ်ပူဇော်ခနှင့်ဂုဏ်ပြုပစ္စည်း ချီးမြှင့်ပေးပါရန် ရန်ကုန်မှရောက်ရှိလာသော ကဗျာဆရာကြီး မောင်သွေးသစ်အား လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်"ဟုဆိုလိုက်လျှင် ကဗျာဆရာမောင်သွေးသစ်သည် ထိုင်ရာမှထကာ စာရေးဆရာတင်ဇာလွင်အား စင်မြင့်ပေါ်သို့တွဲ၍ခေါ်ရင်း သူပါစင်မြင့်ထက်သို့ တက်ရောက်လာခဲ့၏။

ထို့နောက် စာအုပ်ထုတ်ဝေရေး ကော်မတီကချီးမြှင့်သော ဉာဏ်ပူဇော်ခနှင့် ဂုဏ်ပြုပစ္စည်းများကို ကော်မတီကိုယ်စား ဆရာမောင်သွေးသစ်က ဆရာတင်ဇာလွင်သို့ ပေးအပ်သည်။ ပြီးတော့ ဆရာတင်ဇာလွင်၏ ချို့တဲ့နေသောလက်ကို အားပါးတရဆွဲယူ၍ နှုတ်ဆက်သည်။ ထို့နောက် ဆရာမောင်သွေးသစ်က "ကြွရောက်လာတဲ့ပရိသတ်ကြီးခင်ဗျား၊ ဆရာတင်ဇာလွင်က ကျွန်တော်တို့နဲ့ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



ရေးဘက် စာရေးဘက် စာရေးဆရာတစ်ဦး ဖြစ်ပါတယ်၊ ကျွန်တော်တို့ လေးစားတဲ့ စာရေးဆရာတစ်ဦးလဲ ဖြစ်ပါတယ်။ ကြာပန်းရေစင် မဂ္ဂဇင်းမှာပါတဲ့ ဆရာရဲ့ဝတ္ထုဟာ သူ့ဘဝ တစ်စိတ်တစ်ဒေသ အမှန်ဖြစ်ပါတယ်၊ ခံစားရတဲ့ဝတ္ထုတစ်ပုဒ်၊ အနာကြီးရောဂါသည် တစ်ဦးရဲ့ ဖြစ်ရပ်မှန် အတွေ့အကြုံတစ်ခုလဲ ဖြစ်ပါတယ်။ အခုလို သူ့ရဲ့ဖြစ်ရပ်ကို ရဲဝံ့စွာရေးသားတင်ပြခဲ့တဲ့အတွက် ဆရာ့ကို အထူး ကျေးဇူး တင်ရှိပါတယ်၊ ဒီနေရာမှာ ကျွန်တော် အထူးတင်ပြလိုတာ ကတော့ စာရေးဆရာ တင်ဇာလွင်အနေနဲ့ ဂါရဝပါအမေ ဝတ္ထုဘာ ကြောင့် ရေးဖြစ်ခဲ့သလဲဆိုတာ သိပါရစေခင်ဗျား”ဟု မေတ္တာရပ်ခံ လိုက်၏။ ထိုအခါ ပရိသတ်အတွင်းမှလည်း ဆရာတင်ဇာလွင်၏ စာပေဘဝ ခရီးကြမ်းကို ဘယ်လိုဖြတ်သန်းလာခဲ့သည်ကို ကြားသိလို ကြပါ သည်ဟုဆို၏။ ဆရာတင်ဇာလွင်က “အခု ကျွန်တော်ပြောမယ့် အကြောင်းအရာကို စာပေဘဝခရီးကြမ်းလို့ဆိုမယ့်အစား အနာကြီး ရောဂါသည်တစ်ဦးရဲ့ ဘဝခရီးကြမ်းဆိုတာက ပို၍ မှန်ပါမည်” ဟုဆိုကာ သူဖြတ်သန်းခဲ့သော ဘဝခရီးလမ်းလို ပြောပြခဲ့ပါ၏။

* * *

မြင်းခြံမြို့သည် မြန်မာနိုင်ငံအလယ်ပိုင်းမှ ထင်ရှားသောမြို့ တစ်မြို့ဖြစ်သည်။ မြင်းခြံမြို့မှ မြောက်ဘက် ၁၃ မိုင်ခန့်ဝေးသော အရပ်တွင် သိမ်ရွာဆိုသော ရွာလေးတစ်ရွာရှိသည်။ ထိုရွာမှ မိဘနှစ်ပါး မှ မောင်တင်ဆောင်မည်သော ကလေးကို ဒုတိယကမ္ဘာစစ်ကြီး





ပြီးစ အချိန်လောက်တွင် မွေးဖွားခဲ့သည်။ မောင်တင်ဆောင်တွင် မွေးချင်းမောင်နှမ ရှစ်ယောက်ရှိ၍ သူသည် တတိယမြောက်သား ရတနာဖြစ်သည်။ ထိုအချိန်သည် မြန်မာနိုင်ငံ လွတ်လပ်ရေးရစအချိန် ဖြစ်၍ တစ်နိုင်ငံလုံးတွင် ရောင်စုံသူပုန်များ သောင်းကျန်းနေချိန် ဖြစ်၏။ ထို့ကြောင့် ကျေးလက်ဒေသများတွင် ရွာသူရွာသားများ သည် ကျိုးလန့်တစား နေထိုင်ကြရ၏။

ထို့ကြောင့် မောင်တင်ဆောင်တို့၏ ဖခင်ကြီးသည် မိသားစု လုံခြုံရေးအတွက် ကျေးလက်တွင် နေထိုင်ရသည်ထက် မြို့ပြတွင် နေထိုင်ရသည်က လုံခြုံမှု ပို၍ရှိမည်ဟု ယုံကြည်ကာ မန္တလေးသို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့၏။ မောင်တင်ဆောင်ကို အဘိုးအဘွားတို့က အချစ်ပိုခဲ့ကြ၏။ အထူးသဖြင့် အဘိုးဖြစ်သူက ပိုချစ်၏။ “အေး မင်းတို့ မန္တလေးပြောင်းကြမယ်ဆိုရင် ငါ့မြေးမောင်တင်ဆောင်ကိုတော့ ငါနဲ့ထားခဲ့ကွာ၊ ရွာမှာ ဘုန်းတော်ကြီးထံအပ်နှံပြီး စာသင်ပေးမယ်”ဟု ဆို၏။ အဘိုးက ထိုသို့ဆိုသောကြောင့် မောင်တင်ဆောင်အား သိမ်ရွာတွင် ထားရစ်ကာ ကျန်မိသားစုများ မန္တလေးသို့ ပြောင်းသွား ကြ၏။ မိဘများ မန္တလေးသို့ ပြောင်းသွားသော ခုနှစ်သည် ၁၉၅၈ ခုနှစ်ဖြစ်၏။ ထိုအချိန်တွင် မောင်တင်ဆောင်သည် အသက် ၁၃ နှစ်ရှိပြီဖြစ်၏။ အဘိုးဖြစ်သူက ဘုန်းတော်ကြီးကျောင်းသို့ မပို့မိ မောင်တင်ဆောင်ကို သူကိုယ်တိုင် စာသင်ပေးသည်။

တစ်နေ့ စာသင်ကြားနေရင်း မြေးဖြစ်သူ မောင်တင်ဆောင်၏ ပါးတွင် အဖြူကွက်ကလေးတစ်ကွက် ပေါ်လာသည်။ ထိုအခါ



www.burmeseclassic.com

www.burmeseclassic.com



အဘိုး ဖြစ်သူက "ဟဲ့ မစိန်မေ ငါ့မြေးရဲ့ပါးမှာ အကွက်တစ်ကွက်ဟဲ့ ကြည့် စမ်းပါဦးကွယ်"ဟု ဆိုကာ အရီးဖြစ်သူကို ကြည့်ခိုင်းသည်။ အရီးဖြစ်သူက "ကဲ ငါ့တူဘာဖြစ်တာလဲ၊ ပြစမ်း"ဟုဆိုကာ အကွက်ကို ကြည့်ပြီး "ဒါ နတ်ကွက်ထား၊ ၃၇ မင်း ပူဇော်လိုက် တောင်းပန်လိုက်ရင် ပျောက်သွားမှာပါ"ဟုဆို၏။ ငှက်ပျောနှင့် အုန်းပွဲတစ်ပွဲတင်သည်။ ဆောင်းတော်များကိုလည်း ဆက်သ၍ မောင်တင်ဆောင် တစ်ကိုယ်လုံး အား သနပ်ခါး အမွှေးနံ့သာတို့ လူးပေးကာ ရွာထိပ်ရှိ နတ်စင်သို့ သွား၏။ အရီးက မောင်တင်အောင်အား နတ်စင်ရှေ့တွင် ထိုင်စေကာ နတ်ကို ရှိခိုးရ၏။ ထို့နောက် "အရှင်တို့၊အမိုက်အမဲများကို မှားတာ ရှိရင် ခွင့်လွှတ်ပါ၊ ဗွေမယူပါနှင့်"ဟုဆိုပြီး တောင်းပန်သည်။

နတ်များကို ပူဇော်ပသပြီးနောက် မကြာမီပျောက်သွားမည်ဟု မောင်တင်ဆောင်ကိုယ်တိုင်က ထင်သည်။ သို့သော် လေးငါးခြောက် လကြာသောအခါ ပါးမှ အဖြူကွက်သည် မပျောက်သည့်အပြင် ပိုရှဲ ကြီးလာ၏။ ထိုအခါ အဘိုးက စိတ်ပူလာပြီး မြန်မာဆေးဆရာများကို အိမ်သို့ပင့်၍ ကုသပေး၏။ ထိုအခါ မြန်မာဆေးဆရာများက ငါးပေခန့်နက်သော ကျင်းကိုတူးစေ၍ ထိုကျင်းထဲတွင် မြေခံတစ်ရှုံ စေရန်ဟုဆိုကာ နေ့လယ်နေပူပူတွင် ကျင်းထဲ၌ နေစေ၏။ ထို့နောက် ခြင်းကျားကြီးကို စောင်များနှင့် အုပ်ထားကာ အတွင်း၌ တမာရွက်ပြုတ် အိုးပူပူကြီးကို ထည့်ထား၏။ အလွန်ပူပြင်းလှသော အညာနေတွင် ကျင်းထဲက အလုံပိတ်ခြင်းကြီးထဲတွင် မောင်တင်ဆောင်သည် ချွေးပြိုက် ပြိုက်ကျနေ၏။ တစ်ခါတစ်ရံ မူးနောက်သွားသည်အထိ ခံစားရ၏။





ထို့ပြင် ထန်းလျက်စော်နံသည့် ဆီးဖြူသီးခန့်ဆေးကိုလည်း မနက် တစ်ခါ၊ နေ့လယ်တစ်ခါ၊ ညနေတစ်ခါ စားရသည်။

ဆေးကုလာမှ ရောဂါက ပိုထလာ၏။ ဆေးကုသနေသည့် ကြားမှ မောင်တင်ဆောင်၏ကိုယ်တွင် ရောဂါများ ကန်ထွက်ကာ တစ်ကိုယ်လုံးတွင် သဖန်းသီးလို အဖုတွေ ထွက်လာ၏။ အဘိုးက အားမလျှော့ဘဲ "အေး မိဘတွေကလဲ မရှိ၊ ငါ့မြေးရောဂါကိုတော့ သမားကောင်းတွေနဲ့ ပျောက်အောင်ကုပေးရမှာပဲ"ဟု ဆိုကာ ဆရာ တစ်ယောက်ပြီးတစ်ယောက် ပြောင်း၍ ကုသပေး၏။ သို့သော် မပျောက်၊ မပျောက်သည့်အပြင် ရောဂါပိုဆိုးလာ၍ အိမ်ထဲမှအိမ်ပြင် မထွက်ဝံ့တော့ဘဲ ရှိလာ၏။

အဘိုးသည် မောင်တင်ဆောင်အား အိမ်မှာပင်နေစေ၍ စာသင် ပေး၏။ မောင်တင်ဆောင်က သင်ပေးသမျှစာများကို တစ်ခါပြရုံဖြင့် အတတ်လွယ်၏။ ဉာဏ်ကောင်းသည်။ အဘိုးက "ငါ့မြေးလေးဉာဏ် ကောင်းလိုက်တာ၊ တစ်ခါပြရုံနဲ့ တတ်တယ်၊ ဒါပေမယ့် ငါ့မြေးမှ လူချင်းမတူ သူချင်းမမျှ ဖြစ်ရလေတယ်ကွာ"ဟု တဗျစ်တောက် တောက်နှင့်ဆိုသည်။ မောင်တင်ဆောင်သည် အိမ်ထဲတွင် နေရပါ များတော့ တစ်ခါတစ်ရံ အိမ်ပြင်သို့ထွက်လို၏။ အိမ်ပြင်ရောက်တော့ ရွာထဲသို့ ဆက်လျှောက်လာမိရာ အချို့သော သူများက မောင်တင် ဆောင်ကိုတွေ့သောအခါ ကြောက်ရွံ့သောမျက်လုံးများနှင့် ကြည့်ကြ ၏။ အချို့သော လူများက ရွံရှာမုန်းတီးသည့် အမူအရာများ ပြကြ သည်။ လမ်းကျဉ်းလေးများ၌ လူများနှင့် ဆုံမိလျှင် အချို့က



www.burmeseclassic.com

www.burmeseclassic.com



အဝတ်စများနှင့် သူတို့နှာခေါင်းကို ပိတ်ကာ အဝေးမှ ခပ်သုတ်သုတ် ရှောင်သွားတတ်ကြ၏။ အချို့သူများက မောင်တင်ဆောင်အား ရွံရှာသော အမူအရာများနှင့် ကြည့်ကာ တွံတွေးအပျစ်ပျစ်နှင့် ထွေးဖြစ် တတ်ကြ၏။

မောင်တင်ဆောင်သည် ရွာထဲသို့တစ်ခါ ထွက်မိသည်နှင့် သူ့အား မလိုလား စက်ဆုတ်စရာ သတ္တဝါတစ်ကောင်လို ဝိုင်း၍ ဆက်ဆံကြသည်ကို မခံနိုင်သောကြောင့် ရွာထဲသို့ မထွက်ဝံ့တော့။ သို့သော် ရွာတွင် အလှူအတန်းများ ရှိပါက ထမင်းဟင်းများကို ငှက်ပျောဖက်နှင့်ထုပ်ကာ မောင်တင်ဆောင်နေသော တဲသို့လာပို့၏။ တစ်ခါတစ်ရံ ပန်းကန်ခွက်ယောက်နှင့် လာပို့ပါက သူတို့လာပို့သော ပန်းကန်နှင့် မောင်တင်ဆောင်၏ပန်းကန်ကို မထိအောင် အပေါ်မှ မြှောက်၍ လောင်းထည့်ပေးကြ၏။ ရွာမှ တစ်မိုင်လောက်ဝေးသည့် အဘိုး၏ ခရမ်းချဉ်ခင်းကို မောင်တင်ဆောင်နေ့စဉ်သွား စောင့်ရ၏။ မောင်တင်ဆောင် ခရမ်းချဉ်သီးခင်းကို စောင့်ပါက ခရမ်းချဉ်ခင်းနားသို့ မည်သူမျှ မသီဝံ့မကပ်ဝံ့ကြတော့။ တစ်ခါတစ်ရံတွင်လည်း ထိုခရမ်း ချဉ်ခင်း အတွင်း၌ပင် တစ်ဦးတည်း ညအိပ်နေရသည်။

နေ့ခင်းနေ့လယ်များတွင် မောင်တင်ဆောင် စာဖတ်တတ်နေ ပြီဟုကြားသိသဖြင့် မန္တလေးတွင် ရောက်နေသော အမေ့ထံမှ ပို့လိုက်သော စာအုပ်များကို ဖတ်ဖြစ်သည်။ တစ်နေ့စာဖတ်နေစဉ် ခရမ်းချဉ်ခင်း အနားသို့ နွားကျောင်းသား သုံးလေးယောက် ရောက်လာ ကြ၏။ သက်တူရွယ်တူ နွားကျောင်းသားများ ရောက်ရှိလာ၍





မောင်တင်ဆောင်က ပထမ ဝမ်းသာသွား၏။ သို့သော် ထိုနွား ကျောင်းသားများသည် ခရမ်းချဉ်ခင်းအတွင်းသို့ ရောက်လာပြီးခါမှ သည်တဲတွင် မောင်တင်ဆောင် ရှိသည်ကို သတိရသွားကြကာ နှာခေါင်းကို ပိတ်၍ ခုန်ပေါက်ခုန်ပေါက်နှင့် ပြေးထွက်သွားကြ၏။ ဒီနေရာမှာ အနူခြေရာတွေရှိတယ်၊ အနူခြေရာ နင်းမိရင် နူတတ်တယ်ဟု ဆိုကာ ခြေရာကို မနင်းမိအောင်ကွေ့ပတ် ရှောင်တိမ်း ပြေးသွားကြ သည်ကို တွေ့ရတော့ မောင်တင်ဆောင်သည် အလွန်အမင်း စိတ်ထိခိုက် ခဲ့သည်။ နွားကျောင်းသားများ ခုန်ပေါက် ရှောင်ရှားပြေးနေကြသည် ကို ကြည့်ရင်း ရင်ထဲ၌လည်း ဆို့နင့်ခံစား၍ လာရ၏။ ခြော် ငါလည်း လူပဲ၊ သူတို့လည်း လူပဲ၊ ဒါပေမယ့် ဒီရောဂါကြီးကြောင့် လူချင်းမတူ ဖြစ်ရပါတကားဟု စဉ်းစားမိ၏။ အနူဆိုသော စကားအသုံးအနှုန်း၏ ခါးသီးမှုကိုလည်း သိရှိလာခဲ့၏။

မှန်ပေသည်။ လူတွေက အင်္ကျီအဖြူလေးတစ်ထည်တွင် မီး ပေါက်လေးတစ်ပေါက်ရှိလျှင်ပင် ဘယ်သူမျှ မဝတ်ချင်တော့၊ အခုတော့ မောင်တင်ဆောင်၏ အင်္ကျီတွင်မဟုတ်၊ မောင်တင်ဆောင်၏ အရေပြား တွင် မီးလောင်ပေါက်လေးမဟုတ်၊ အနာကြီးရောဂါနှင့်ကပ်၍ဖြစ်ပေါ် လာသော ဝေဒနာကြောင့် အရေပြားများတွင် အဖုအပိမ့် အကွက်များ ထကာ အရေပြားအားလုံး ပျက်စီးနေလေတော့ လူတွေဘက်က သည်လိုပဲ ရွံရှာကြမည်ဆိုကလည်း ရွံရှာထိုက်သည်။

ဤရောဂါကြောင့် သူ၏အရေပြားတစ်ခုလုံး ပျက်စီးနေရပြီး ထိုပျက်စီးမှုကြောင့် လူ့ဘဝလူအဖြစ်တွင် မိတ်မရှိ၊ ဆွေမရှိ၊ လူများ၏



www.burmeseclassic.com

www.burmeseclassic.com



ဖယ်ကြဉ်မှုကို ခံစားရ၏။ လူချင်းအတူတူဖြစ်ပါလျက် လူတွေက အနူနှင့်နီးနီးနားနား မနေလိုကြ။ အနူဆိုလျှင် လူတွေက မသတီကြသည်က များ၏။ ထို့ကြောင့် လူတွေနှင့် ဝေးသည်ထက် ဝေးသောနေရာသို့ ပြေးချင်လာသည်။ ရွယ်တူသူငယ်ချင်းများက သာမက ရွာသူရွာသားလူအများက စွန့်ပစ်ဝိုင်းပယ်ထားသောကြောင့် မောင်တင်ဆောင်သည် အပယ်ခံဘဝတွင် ကြေကွဲလာရသည်။ ဝမ်းနည်းလာရသည်။ လူများနှင့် တွေ့ရမည်ကိုပင် ကြောက်ရွံ့လာသည်။ ပို၍ ပို၍ အထီးကျန်ဘဝသို့ ရောက်ရှိလာသည်။

မောင်တင်ဆောင်သည် ဘယ်သူ့ထံမှလည်း မေတ္တာ စေတနာကိုမရရှိတော့၊ ရွံရှာခြင်း၊ မသတီခြင်း၊ စက်ဆုတ်ခြင်းတို့ကိုသာ နေ့စဉ်ရရှိနေသည်မို့ ဤရွာဤအရပ်မှ စွန့်ခွာလိုစိတ် ဖြစ်ပေါ်လာ၏။ ငါ့ကို အမေနဲ့အဖေကတော့ မေတ္တာ စေတနာ အကြင်နာတွေ ပေးကြမှာပါပဲ”ဟု တွေးတောကာ အမေနှင့်အဖေကို အလွမ်းကြီး လွမ်းလာမိ၏။ ထို့ကြောင့် မန္တလေးသို့ရောက်ရှိနေသော အမေနှင့် အဖေကို အဝေးမှဦးချကာ ရှိုက်ကြီး တငင် ငိုချလိုက်မိသည်။

မောင်တင်ဆောင် ငိုနေချိန်တွင် အဘိုးဖြစ်သူသည် တောင်းလေး တစ်လုံးကိုထမ်းကာ ရွာထဲမှ ရောက်ချလာ၏။ မောင်တင်ဆောင်ကို တွေ့သောအခါ အဘိုးက “ဟဲ့ ငါ့မြေး ငိုနေတာလား၊ ဘာဖြစ်လို့ ငိုနေရတာလဲ”ဟု မေး၏။

“ဘာမှမဖြစ်ပါဘူး အဘိုးရာ၊ မျက်နှာကို ပဲစဉ်းငုံခတ် ရိုက်မိလို့ပါ”



“အေး မနက်ဖြန်မှာ မင်း ဒေါ်လေး ဆိမီးခုံကို ခရမ်းချဉ်သီး သွားရောင်းဖို့ရှိတယ်၊ ဘာမှာဦးမှာလဲ”

“ဘာမှ မှာစရာမရှိပါဘူး အဘိုး”

“မင်း မနေ့ကလဲ ရွာထဲပြန်မလာဘူး၊ တဲမှာဆန်တို့ဘာတို့ ချက်စရာရှိသေးလား၊ အဘိုး အခု ဆန်နှစ်ပြည် ယူလာတယ်၊ ဒါပြင် ဟောဒီမှာမင်းကြိုက်တဲ့ မြေပဲဆန်၊ ထမင်းချက်ရင်လဲ ဂရုစိုက်ကွာ၊ မင်းလက်တွေက ထုံနေရုံမကဘူး၊ အာရုံခံစားမှုမရှိတော့ မီးခဲကိုင်မိလို့လဲ ကိုင်မိမှန်းမသိ၊ မင်းလက်တွေမီးလောင်ပြီး အနာတွေ ဖြစ်တာ အဘိုးလဲ စိတ်မချမ်းသာဘူးကွာ”ဟု ပူပန်စကား ပြော၏။

ဆက်၍ အဘိုးက “တစ်နေ့တစ်နေ့ ဝတ္ထုတွေချည်းလဲ ဖတ်မနေနဲ့ဦး၊ အဘိုးပေးထားတဲ့ ဆယ်စောင်တွဲလဲ ရအောင်ကျက်၊ မေတ္တာသုတ်ကိုလဲ ရအောင်ကျက်ပြီး အိပ်ရာဝင် အိပ်ရာထ အရပ်လေးမျက်နှာကို မေတ္တာပို့ကွာ၊ ငါ့မြေးအတွက် မေတ္တာမှတစ်ပါး အားကိုးရာ မရှိတော့ဘူးကွာ”

မောင်တင်ဆောင်က အဘိုးပြောသည်ကို နားမလည်နိုင်။ သူ့အဖို့ တစ်လောကလုံးမှာ ဘာမေတ္တာကိုမျှမရ၊ မေတ္တာဟူသော စကားရပ်သည် အနူများအတွက် အကျိုးဝင်ခြင်းမရှိ၊ သို့သော် သူက မေတ္တာသုတ်ကို ရွတ်ပြီး လူတွေကို မေတ္တာပို့ရမည်ဟုဆို၏။ လူတွေထံ မေတ္တာပို့လို့ကော လူတွေက အနူပို့တဲ့ မေတ္တာကိုယူပါ့မလား အဘိုးရာဟု သူမေးလိုက်ချင်၏။ သို့သော် မမေးဖြစ်။

“ငါ့မြေးအတွက် ညရေးညတာ ညိုတုတ်ကြီး ခေါ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကွာ၊ အေး အဘိုးလဲ အိမ်မှာ နွားစာမစင်းရသေးဘူး ပြန်လိုက်ဦးမယ်”ဟုဆိုကာ ရှာတွဲလဲနှင့် ခွေးကြီးကို မေးငေါ့၍ပြရင်း အဘိုးသည် ခရမ်းချဉ်ခင်းထဲမှ ပြန်ထွက်သွား၏။ ပြန်ထွက်သွားသော အဘိုး၏ ကျောပြင့်ကြီးကိုကြည့်ကာ မောင်တင်ဆောင်၏ မျက်လုံးထဲမှ မျက်ရည်များ ထပ်ကျလာတော့၏။

အဘိုးပြန်သွားမှ မောင်တင်ဆောင်သည် အမေ့ကို ပိုလွမ်းလာ၏။ မောင်တင်ဆောင် လိုချင်သည်က မေတ္တာ၊ စေတနာ။ မေတ္တာနှင့် စေတနာကို အမေ့ထံမှတစ်ပါး အခြားဘယ်နေရာတွင်မှ သူမရနိုင်တော့ပြီကို သိလိုက်၏။ ထို့ကြောင့် အမေ့ထံသို့သွားလိုစိတ်များ ပေါ်လာ၏။ သိမ်ရွာတွင်လည်း နေလိုစိတ်မရှိတော့။ ပြောင်းရိုးများဖြင့် ပြုလုပ်ထားသော စာအုပ်စင်ပေါ်မှ စာအုပ်များကို လှမ်းယူလိုက်၏။ ထိုစာအုပ်များသည် မန္တလေးမှ အမေပေးလိုက်သောစာအုပ်များဖြစ်၏။ စာအုပ်များ ပို့ပေးတိုင်း အမေက စာအုပ်ထဲတွင် မုန့်ဖိုးပိုက်ဆံများ ထည့်ပေးလေ့ ရှိ၏။ ထို့ကြောင့် အမေပို့လိုက်သော စာအုပ်များထဲမှ ပိုက်ဆံများကို လိုက်ရှာကြည့်ရာ အောင်လင်း၏အရိုင်းစပယ် စာအုပ်ထဲမှ ကျပ်တန် လေးရွက်၊ ဇန်းမော်ဘင်အောင်၏ ဝမ်းနည်းဝမ်းသာ စာအုပ်ထဲမှ ကျပ်တန်ငါးရွက်၊ တက္ကသိုလ်ဘုန်းနိုင်၏ ဤမြေမှသည် အခန်းဆက် ဝတ္ထုရှည်ပါရှိသော အလင်းရောင် မဂ္ဂဇင်းထဲမှ ကျပ်တန် ၁၆ ရွက်၊ စုစုပေါင်း (စံလင်း) ၂၅ ရွက် ရရှိ၏။ အဘိုးပေးခဲ့သော မြေပဲဆန်များ နှင့် အဝတ်အစားများကိုပါ စာအုပ်များနှင့် ရောထုပ်ပြီး လွယ်အိတ်ထဲသို့ ထည့်သည်။



ထို့နောက် ကျောက်တံကိုယူကာ ကျောက်သင်ပုန်းပေါ်တွင် အဘိုးအတွက် စာရေးထားခဲ့၏။

“အဘိုး၊ ကျွန်တော်ရွာမှာ မပျော်တော့လို့ မန္တလေး အမေတို့ထံ လိုက်သွားပါပြီ၊ ကျွန်တော့်အတွက် မပူပါနှင့်၊ အဘိုးကို ကျွန်တော် ကန်တော့ခဲ့ပါသည်။” (မောင်တင်ဆောင်–)

နံနက် စောစော ၅ နာရီလောက်တွင် သိမ်ရွာမှ ၁၃ မိုင်ဝေးသော မြင်းခြံမြို့သို့ ခြေလျင်ထွက်လာခဲ့၏။ လမ်းတွင် ဗိုလ်ဆာလာလျှင် မြေပဲဆန်စားလိုက်၊ ရေသောက်လိုက်နှင့် ထွက်ခဲ့ရာ မြင်းခြံမြို့သို့ နေ့လယ် ၁၂ နာရီလောက်တွင် ရောက်ရှိ၏။

မြင်းခြံဘူတာရောက်တော့ မောင်တင်ဆောင်သည် ဘူတာ အခြေအနေကို စနည်းနာရသည်။ ရထားဘယ်အချိန်ထွက်၊ ဘယ်အချိန် ဝင်မည်မသိ။ စနည်းနာရင်း မြင်းခြံဘူတာတွင် ထိုနေ့တစ်ညနေ ကုန်သွားခဲ့သည်။ ဘူတာသို့ လူစိမ်းဝင်ရောက်လာသည်ကို ဘူတာနေ အပိုင်စားတို့က သိသည်။ ညနေရောက်တော့ မနက်က ကုန်းကြောင်း လျှောက်လာရတာရော၊ တစ်နေ့လုံး ယောင်ချာချာ ဖြစ်နေတာကြောင့် ဝမ်းဆာလာ၏။ ပိုက်ဆံတော့ရှိသည်။ ထမင်းမဝယ်ရဲ။ သူ့အား ထမင်းရောင်း မရောင်းမသိ၊ ထို့ကြောင့် ထမင်းဆိုင်အနားသို့ ရစ်ဝဲရစ်ဝဲ လုပ်နေစဉ် လူဘစ်ယောက်က သူ့ပခုံးကို လာပုတ်၏။

“မင်း လူသစ်ပဲ၊ ဘယ်ကလာတာလဲ၊ ဘယ်သွားမလို့လဲ”

ထိုသူကိုကြည့်လိုက်တော့ ထိုသူသည်လည်း ရောဂါသည်တစ်ဦး ဖြစ်နေသောသောကြောင့် အားတက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သိမ်ရွာကလာတာပါ၊ မန္တလေးသွားချင်လို့"

"မန္တလေး ဘာသွားလုပ်မှာလဲ"

"မန္တလေးက အမေ့ဆီ သွားမလို့ပါ"

"ဘယ့်ရထားစီးမှာလဲ"

"ဘယ်ရထားစီးရမယ်၊ ဘယ်ဘက်ကို သွားရမယ်ဆိုတာ ကျွန်တော်မသိပါဘူး၊ အခု ကျွန်တော် ထမင်းဆာလို့၊ ပိုက်ဆံတော့ ပါတယ်၊ မဝယ်ရဲလို့ စောင့်နေတာပါ"

"အေး မင်းဖြစ်နေတာကို ငါသိတယ်၊ မင်းဝယ်စားမနေနဲ့၊ ငါတို့နဲ့ လိုက်စား၊ ငါတို့ဆီမှာ ဒီနေ့ညနေ တစ်ယောက်စာတော့ ပိုတယ်"ဟု ဆို၏။ သူ့အား လာစကားပြောသူသည် မြင်းခြံဘူတာကို အပိုင်စားရထားသော အနာကြီးရောဂါသည်တစ်ဦးဖြစ်သူ ဦးကုလား ဆိုသူဖြစ်၏။ သူ့မိန်းမက ခေါ်လုံးဖြစ်သည်။ ခေါ်လုံးတွင် ရောဂါမရှိ၊ သူတို့လင်မယားက မြင်းခြံဘူတာဝန်း တောင်းရမ်းစားသောက်နေထိုင်ကြ၏။

ထိုနေ့ညနေစာကို မောင်တင်ဆောင်သည် ဦးကုလားတို့ လင်မယားနှင့်အတူ လိုက်စားသည်။ ထမင်းစားရင်း ဦးကုလားက "မင်းလဲမန္တလေး သွားမှာ၊ ငါတို့လဲ မြင်းခြံနှစ်ကျိပ်ရှစ်ဆူဘုရားပွဲပြီးရင် မန္တလေးကိုတက်မှာ၊ အဲဒီကြတော့မှ တို့နဲ့အတူတူတက်ကြတာပေါ့"ဟု ဆို၏။

မောင်တင်ဆောင်သည် သူတစ်ဦးတည်း မန္တလေးသို့ သွားနေပါက ဘယ်ရောက်လို့ ဘယ်ပေါက်လေမည်မသိ။ ခရီးသွားနေ





အားငယ်မှုကလည်းရှိ၍ ဦးကုလား၏စကားကို နားထောင်ကာ ဦးကုလားတို့ လင်မယားနှင့် အတူနေလိုက်၏။ မန္တလေးမတက်ခင်တော့ တို့နဲ့ အတူလိုက်တောင်းပြီး လွတ်လွတ်လပ်လပ် နေပေါ့ကွာ"ဟု ဆိုသည်။

နောက်တစ်နေ့တွင် မောင်တင်ဆောင်က ဦးကုလား၏ နောက်မှ "ခွက်သင်"အနေနှင့် ခွက်ကိုင်၍ လိုက်ရ၏။ တစ်ခါမှ မတောင်းဖူးသောကြောင့် ခွက်ကိုင်ပြီး နောက်ကလိုက်ရတာကိုပင် ဓာချွေးများ ပြန်နေ၏။ တစ်ကိုယ်လုံးတုန်နေကာ လက်ထဲမှခွက်ကို ပုဆိုးခြုံထဲမှ မထုတ်ရဲအောင်ရှိ၏။ ခေါင်းကို လူမမြင်အောင် ပုဆိုးတစ်ကွင်းဖြင့် ခြုံထားရသေး၏။ မောင်တင်ဆောင်၏အဖြစ်ကို ကြည့်၍ ဦးကုလားက "မင်း ဒီအလုပ်နဲ့မဖြစ်ပါဘူး၊ ကဲ မလုံးကို ပြန်ခေါ်ကြမယ်၊ မင်းက ဘူတာမှာ အထုပ်စောင့်ဖို့ နေခဲ့၊ ငါနဲ့ မိလုံးပဲထွက်တောင်းမယ်၊ ထမင်းတော့ ချက်ထား၊ ထမင်းရော ချက်တတ်ရဲ့လား"

"ကျွန်တော် ချက်တတ်ပါတယ်"ဟုဆိုတော့ ဦးကုလားတို့ လင်မယားက တောင်းဖို့ထွက်သွားကြ၏။ မောင်တင်ဆောင်က ထမင်းချက်ရင်း အထုပ်စောင့်ရ၏။ အနာကြီးရောဂါသည် တောင်းစားသူ၏ အထုပ်ကို လစ်ရင် လစ်သလို ဖြောင်သောသူက ရှိသေးသည်ဟုဆို၏။ နေ့စဉ် ထမင်းချက်ရင်း အထုပ်စောင့်နေရတာ တနင်္ဂနွေ သုံးပတ်လောက်ကြာသွားသည်။ သို့သော်လည်း မြင်းခြံ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲက နောက်တစ်လလောက် လိုသေးသည်ဟု ဆိုသောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မောင်တင်ဆောင်က "ဦးလေး ကျွန်တော် အခု နည်းနည်းတော့ လည်လည်ဝယ်ဝယ်ဖြစ်လာပါပြီ၊ ကျွန်တော် အမေနဲ့လဲ တွေ့ချင်တယ်။ ဘုရားပွဲအထိ မစောင့်ချင်တော့ဘူး မန္တလေးသို့ သွားခွင့်ပြုပါ" ပြောသောအခါ

"ငါတို့က မန္တလေးမရောက်ဘဲ ဟိုရောက်ဒီရောက်သွားမှာ စိုးလို့၊ ငါ့ကမင်းကို ငါ့တူလေးလို့ခင်လို့ပါ၊ ဘဝရေစက်ထင်ပါရဲ့ကွာ"

"ဦးလေးမပူပါနဲ့၊ ကျွန်တော်လဲ မန္တလေးမြို့အကြောင်းစာတွေ ဝတ္ထုတွေ ဖတ်ထားတာ၊ မမှားနိုင်ပါဘူး"

ထိုအခါ ဦးကုလားက သောက်လက်စ ရေနွေးကြမ်း ပန်းကန်ကိုချကာ "အေး မင်းသိပ်သွားချင်ရင်လဲသွား၊ ဒီကနေ သာစည်ရထားကိုစီး၊ ငါတွဲပေါ်တင်ပေးလိုက်မယ်၊ သာစည်ရောက်မှ မန္တလေး ဆက်သွားပေါ့ကွာ"ဟုဆို၏။ ယို့နောက် ဦးကုလား၊ ဒေါ်လုံးတို့ လင်မယားက မောင်တင်ဆောင်ကို ငွေသုံးဆယ်ကျပ်နှင့် စားပွဲတင် နာရီတစ်လုံးကို ပေးလိုက်၏။ မောင်တင်ဆောင်က ဦးကုလားတို့ လင်မယားကို ကန်တော့သောအခါ "ငါတူ လိုရာခရီး ပြီးမြောက်ပါစေ"ဟု ဆုပေး၍ မဆုံးခင်မှာပင် ရထားဝင်၍ "ဒီရထားကို စီးသွားရင် သာစည်ရောက်မယ်၊ ဟိုဘက်တော့ မင်းဟာ မင်းကြည့်သွားတော့ကွာ" ဟုဆိုကာ ရထားပေါ်သို့ တင်ပေး၏။

မောင်တင်ဆောင်သည် ရထားစီးကာ သာစည်သို့ လိုက်ခဲ့၏။ အမေအဖေနှင့် တွေ့ရတော့မည်ဖြစ်၍ ဝမ်းသာနေမိ၏။ သို့သော် ရထားနှင့် လိုက်ပါလာရင်း မောင်းချများ ခံရမလားဟု စိတ်ပူကာ





စိတ်တထင့်ထင့်ရှိ၏။ သာစည်ရောက်ပြီး မန္တလေးသို့ ဆက်ထွက်လာသည်။ မန္တလေးသို့ရောက်တော့ ချမ်းမြသာစည်မြို့နယ်၊ သီတာအေး ရပ်ကွက်ရှိ မိဘနှစ်ပါးထံ ဆိုက်ဆိုက်မြိုက်မြိုက် ချောချော မောမောပင် ရောက်ရှိခဲ့၏။

အမေက တွေ့လျှင်တွေ့ချင်း သားအားဖက်၍ငို၏။ အစ်ကို အစ်မတွေကတော့ မောင်တင်ဆောင်၏ အဝတ်ထုပ်ကို ဖြေကြည့်နေ၏။ အဖေကတော့ အမေ့အား "မင်းနယ်ကွာ၊ ကလေးစိတ်မကောင်း ဖြစ်နေပါဦးမယ်၊ ဘာဖြစ်လို့ ငိုရတာလဲ"ဟုဆိုတော့ အမေက မျက်ရည်စကိုသိမ်းကာ "သားရယ်၊ ရွာကခင်သန်းလာတုန်းက အရီးသား မန္တလေးကိုထွက်ပြေးသွားတယ်အရီးဆီရောက်ရဲ့လားလို့ဆိုကတည်း က အမေကသားကို မျှော်နေတာ၊ တစ်ရက်မှ အိပ်မပျော်ဘူး၊ အခုလို သားလေး ချောချောမောမော ရောက်လာလို့ အမေ ဝမ်းသာလို့ ငိုတာပါ သားရယ်"ဟု ငိုပြောပြော၏။

ထို့နောက် အမေက သားကို ရေမိုးချိုးပေးကာ အဝတ်အစား အသစ်များကို ဝတ်ပေးသည်။ ထို့နောက် သားအား မီးဖိုချောင်ထဲသို့ ခေါ်ကာ ထမင်းခူးကျွေး၏။

"ဟောဒါက ငါ့သားအကြိုက် မန်ကျည်းရွက်ဟင်းချဉ်ငန်စပ်၊ ဒါက ငါးဟင်း"ဟုဆိုကာ အမေက မန်ကျည်းရွက်ဟင်းကို ခတ်ထည့်ပေးရင်း ငါးဟင်းကို အရိုးထွင်ပေး၏။

အမေ့မေတ္တာကိုခံယူရ၍ မောင်တင်ဆောင် ဝမ်းသာ ကျေနပ်ထမင်းနှင့်ဟင်းကို ခေါင်းမဖော်ဘဲ စားသုံးသည်။ ထမင်းစားပြီးသော့



www.burmeseclassic.com

www.burmeseclassic.com



အဖေက လမ်းထိပ်မှ လက်ဖက်ရည် အချိုတစ်ခွက်နှင့် မုန့်ဝယ်ကျွေးသေး၏။ ထိုထမင်းပွဲလေးနှင့် အချိုပွဲလေးကို မောင်တင်ဆောင်၏ ဘဝတစ်သက်တာတွင် ဘယ်တော့မှမမေ့။ ဘယ်သူတွေက အနူဆိုပြီး ဘယ်လိုပဲသဘောထားထား မိဘနှစ်ပါးကတော့ သားအပေါ် မေတ္တာမပျက်၊ အမေအဖေမေတ္တာကား ကြီးမားလှသည်။

လက်ဖက်ရည်သောက်ရင်း အဖေနှင့်အမေက ရွာမှ ဆွေမျိုးသားချင်းတို့၏ အလုပ်အကိုင် စီးပွားရေးအခြေအနေတို့ကို မေးသော် မောင်တင်ဆောင်က ဆွေမျိုးများအကြောင်း၊ အဘိုးဖြစ်သူအကြောင်း၊ ခရမ်းချဉ်ခင်းကို စောင့်ရသည့် အကြောင်းများပြောရင်း မိုးချုပ်လာ၍ အိပ်ရာဝင်ကြ၏။

နောက်တစ်နေ့သို့ ရောက်သောအခါ အဖေက မန္တလေးဈေးချိုထဲမှ မြဂုဏ်ရောင်ဆိုင်တွင် စက်ချုပ်သွား၏။ အမေကတော့ ဘုရားကြီးဈေးထဲသို့ သွားကာ ပွဲဈေးတွင် ပြုတ်ရောင်းရန် ပြောင်းဖူးများ သွားဝယ်သည်။ ပြောင်းဖူးများကို သမီးများနှင့် ပွဲဈေးတွင် ပြောင်းဖူးပြုတ်ရောင်း၏။ အစ်ကို တစ်ယောက်က ဆိုက်ကားထွက်နင်းသည်။ မောင်တင်ဆောင်က အိမ်မှာ ကျန်ရစ်နေ၍ ဝတ္ထုစာအုပ်များကို ဖတ်နေ၏။

အိမ်သို့ ဧည့်သည်များလာလျှင်တော့ မောင်တင်ဆောင်သည် အိပ်ခန်းတွင်းသို့ ဝင်ပုန်းနေရ၏။ ဧည့်သည်များက တစ်ခါတစ်ရံ အဖေနှင့်အစ်ကို၏ မိတ်ဆွေတွေလာသလို ညီမများ၏ ဧည့်သည်များလည်း လာတတ်သည်။ ဧည့်သည်က ပြတ်သည်မရှိ၊ တစ်ခါတစ်ရံ





ဧည့်သည်က ရုတ်ခြည်းရောက်လာ၍ အခန်းထဲဝင်ပုန်းရန် အချိန်မရတော့သဖြင့် အိမ်သာထဲဝင်ပုန်းရသည်။ တစ်ခါတွင်တော့ မိမိ အိမ်သာထဲဝင်ပုန်းနေစဉ် ဧည့်သည်က အိမ်သာတက်ချင်လို့ဆို၍ ဧည့်သည်မမြင်အောင် အိမ်သာနောက်ပေါက်က တိုးထွက်ပြီး အခန်းထဲ ဝင်ရ၏။

တစ်ခါတစ်ရံ နာရီပေါင်းများစွာ ပုန်းနေရ၏။ မပုန်း၍လည်း မရ။ မောင်တင်ဆောင်တွင် အနာကြီးရောဂါ လက္ခဏာများက အပြည့်ရှိကာ သည်အိမ်တွင် အနာကြီးရောဂါသည် ရှိသည်ဟုဆိုပါက အစ်ကို ညီမတို့၏ မိတ်ဆွေများသည် အိမ်သို့ အဝင်အထွက် လုပ်ကြတော့မည်မဟုတ်။ ထို့ကြောင့် သူ့အဖို့ အဖေအမေအိမ်တွင် နေရသည်မှာ ကျဉ်းကျပ်လာ၏။ ပြီးတော့ အစ်ကို အစ်မတို့အတွက် သိတတ်ဖို့ လိုအပ်မည်ဟုထင်၏။ အနူအမေ အနူအစ်ကိုဟု အပြောခံရပါက သူ့ကြောင့် အစ်ကို အစ်မတို့နစ်နာမည်ကိုစိုး၏။ သူ့စိတ်မကောင်းဖြစ်သည်ကို အမေကသိ၏။ သူ့ကြောင့် မိသားစုသိက္ခာ ကျဆင်းရမည်အဖြစ်ကို မလိုလား။ တစ်နေ့တွင်တော့ အမေက

"ငါ့သားလေး၊ အမေတို့နဲ့နေရတာ မပျော်ပိုက်ဖူးလား၊ ရွာပြန်ချင်ရင်လဲ လူကြုံလာရင် ပြန်ချင်ရင်ပြန်"ဟု စိတ်မကောင်းသည့် အသံဖြင့်ဆို၏။ ရွာပြန်၍လည်း မဖြစ်၊ ရွာတွင် လူရာမဝင် လူတောမတိုး၊ အပစ်ပယ်ခံဘဝတွင် အနိမ့်ပါးဆုံး ခံစားရ၍ အမေတို့ထံ လာခဲ့ရာ အမေ့အိမ်တွင် မိဘညီအစ်ကို မောင်နှမတို့က မေတ္တာထား၍ ဆက်ဆံပါသော်လည်း ပတ်ဝန်းကျင်က ရှိသေး၏။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



“အမေရာ ရွာတော့ ကျွန်တော် မပြန်ချင်ပါဘူး၊ မန္တလေးမှာစိန့်ဂျွန်း အနာကြီးရောဂါကု ဆေးရုံဆိုတာရှိတယ်လို့ ကြားဖူးတယ်၊ အဲဒီဆေးရုံကို သွားချင်တယ်”ဟု ဆိုတော့ အမေက “အေး ကောင်းသားပဲ”ဟု ဆို၏။

“ငါ့သား အမေနဲ့နီးတော့ အမေ့ဆီလာချင်လဲ လာလို့ရတာပေါ့”ဟု အမေက ပြောင်းဖူးများကို အခွံသင်ရင်းပြော၏။

ဤသို့ဖြင့် ၁၉၆၆ ခု၊ ဇွန်လ ၂၀ ရက်နေ့တွင် မန္တလေးမြို့ရှိ စိန့်ဂျွန်းအနာကြီးဆေးရုံသို့ မောင်တင်ဆောင် ရောက်ခဲ့၏။

စိန့်ဂျွန်း အနာကြီးရောဂါကုဆေးရုံသည် ကုက္ကိုပင်၊ မန်ကျည်းပင်ကြီးများဖြင့် အလွန်မှ အေးမြလှ၍ အရိပ်ကောင်းသည်။ ခရစ်ယာန်သီလရှင်များကလည်း စေတနာထက်သန်လှသည်။ အနာကြီးရောဂါသည်များကို ပစ်ပယ်ထားခြင်း မရှိဘဲ ကိုယ်ဖိရင်ဖိ ယုံကြည်မှုအပြည့်နှင့်ပြုစုစောင့်ရှောက်ပေး၏။ သီလရှင်များကိုတွေ့ရတော့ ကိုတင်ဆောင်သည် တအားတက်လာ၏။ စိန့်ဂျွန်း အနာကြီးရောဂါကုဆေးရုံကို ၁၈၉၁ ခုနှစ်က ခရစ်ယာန် ပြင်သစ် သာသနာပြု ဘုန်းတော်ကြီး ဖာသာပီဟင်းဂါးက စတင် တည်ထောင်၏။ ဆေးရုံမှာ နေရတာက ပြုစုစောင့်ရှောက်သူ သီလရှင်များနှင့် သူလို ဘဝတူ အနူနူချည်းဖြစ်၍ သူ့အားရွံရှာသည့်လူများလည်း မရှိသောကြောင့် စိတ်သက်သာရာရရှိ၏။ စိတ်သက်သာရာ ရရှိခဲ့ရုံသာမက စိန့်ဂျွန်းဆေးရုံတွင် ရောဂါလည်း သက်သာမှု ရရှိခဲ့၏။

၁၉၆၆ ခု ဇူလိုင်လ ၂၂ ရက် တနင်္လာနေ့တွင် စိန့်ဂျွန်း





အနာကြီးရောဂါကု ဆေးရုံကို နိုင်ငံတော်က ပြည်သူပိုင် သိမ်းခဲ့၏။ ဆေးရုံ၏ နာမည်ကိုလည်း အရေပြားရောဂါအထူးကုဆေးရုံကြီးဟု အမည်ပြောင်းခဲ့၏။ ပြည်သူပိုင်သိမ်းပြီးသောအခါ ခရစ်ယာန် သီလရှင်များအစား မြန်မာသူနာပြု ဆရာမများ ရောက်ရှိလာ၏။ ထိုစဉ်က ဆေးရုံအုပ်ကြီးမှာ ဆရာကြီး ဦးခင်မောင်ကြီးဖြစ်၏။ ထို့ပြင် ဒေါက်တာချားနှင့် ဒေါက်တာဦးတင်ရွှေ (ဆရာဝန်တင်ရွှေ)တို့လည်း ရှိကြ၏။ ဆေးရုံမှ စာမတတ်သူများကို စာသင်ပေး၏။ အင်္ဂလိပ်စာတတ်လိုပါကလည်း သင်ပေး၏။ ကိုတင်ဆောင်သည် သူ၏ မိတ်ဆွေဦးသောင်းနှင့်အတူ အင်္ဂလိပ်စာ ငါးလသင်တန်း တက်ခဲ့၏။ ဆေးဝါးဆက်လက် ကုသမှုခံယူရာ ရောဂါမှာ သိသိသာသာ ပျောက်ကင်းလာသည်။ အနာအဆာများ ပျောက်၍ အသားအရည်လည်း စိုပြည်လာ၏။ ဆရာဦးတင်ရွှေက စနစ်တကျ ကုသပေး၏။ ဆရာ ဦးတင်ရွှေသည် သူကိုယ်တိုင်က ဆရာဝန် စာရေးဆရာဖြစ်၍ လူနာများအတွင်းမှ စာရေးသားမှု၊ စာပေလှုပ်ရှားမှုလုပ်ငန်းများကို အားပေး၏။

၁၉၆၇ ခုနှစ်၊ဒီဇင်ဘာလတွင် ပြည်ကြီးမျက်ရှင်ရပ်ကွက်လုံးဆိုင်ရာ စာပေပြိုင်ပွဲကို ဆရာဦးတင်ရွှေ ဦးဆောင်ကျင်းပ၏။ ကိုတင်ဆောင်က ဝတ္ထုရေးသား၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့၏။ ထိုပြိုင်ပွဲတွင် ကိုတင်ဆောင် ပထမရရှိခဲ့၏။ ထိုသို့ ပထမရရှိခြင်းမှာ ငယ်စဉ်မှစ၍ စာပေဝါသနာပါခဲ့ပြီး ဆေးရုံသို့ရောက်ရှိလာသောအခါ ဆရာဦးတင်ရွှေက မြေတောင်မြှောက်ပေး၍ ပထမရရှိခဲ့ခြင်းဖြစ်၏။ ကိုတင်ဆောင်၏



www.burmeseclassic.com

www.burmeseclassic.com



ဘဝတွင် အောင်မြင်မှုကို ပထမဆုံး ဆွတ်ခူးရရှိခြင်းဖြစ်၏။ ဆုများကို ဆေးရုံအုပ်ကြီး ဦးခင်မောင်ကြီးနှင့် ဆရာဦးတင်ရွှေတို့က ဆုချီးမြှင့်၏။ ကိုတင်ဆောင်သည် သူ့ဘဝတစ်လျှောက်လုံး၌ စိတ်အားငယ်ခြင်း၊ လူတောမတိုး၊ လူရာမဝင်ဘဝဖြင့်နေခဲ့ရာ ဤစာပေပြိုင်ပွဲ၌ ပထမရရှိခဲ့သောအခါ အနုလည်း အောင်မြင်မှုကို ဆွတ်ခူးရရှိနိုင်သည်ဆိုသော အသိ သို့ဦးနှောက်အတွင်းသို့ ဝင်ရောက်လာခဲ့၏။

ထိုအတွေးအခေါ်ကို လက်ဆုပ်လက်ကိုင်ပြု၍ သူ့ဘဝတက်လမ်းကို မလွှတ်တမ်းရှာဖွေမည်ဟု စိတ်ကူးကာ ဆရာဝန်ကြီးများအားခွင့်တောင်း၍ ဆေးရုံမှဆင်းပြီး ဆေးရုံအနီးရှိ ရပ်ကွက်တွင် ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ဆေးရုံအနီးမှ ရပ်ကွက်ဆိုသည်မှာ နဂါးကွက်သစ် ဖြစ်၏။ ထိုနေရာတွင် ရှေ့တက် လမ်းရှာရန် ကြိုးစားနေချိန်တွင်မှ ဘဝအပြောင်းအလဲတစ်ခု ပေါ်ခဲ့ ပြန်ပါ၏။ အပြောင်းအလဲဆိုသည် ကိုတင်ဆောင်အသက် ၂၅ နှစ် သို့အရောက် ၁၉၇၁ ခုနှစ်သို့ ရောက်သောအခါ ဝေဒနာရှင်အချင်းချင်း ရန်ဖြစ်၍ ညောင်ဦးထောင်တွင် တစ်နှစ်ပြန်ကျခဲ့၏။

ထောင်မှထွက်လာသောအခါ ဆေးရုံသို့မပြန်သေးဘဲ မီးရထားလမ်းတစ်လျှောက် အခြေအနေမဲ့ဘဝဖြင့် ကိုးနှစ်သောက်နေခဲ့၏။ ထိုသို့နေစဉ် ဘဝအတွေ့အကြုံတွေက အများအပြားရရှိသည်။ မီးရထားလမ်းဘေးတွင်နေ၊ လမ်းဘေးတွင် တောင်းရမ်း စားသောက်၊ လမ်းဘေးမှစွန့်ပစ်သော သတင်းစာအစုတ်၊ စက္ကူအစုတ်များမှ စာများကို ဖတ်ရင်း စာဖတ် ပို၍ ဝါသနာပါလာခဲ့၏။ မီးရထား





ခရီးသွားများထဲမှ စာအုပ်စာစောင်မဂ္ဂဇင်းများကို စွန့်ကြဲဖို့ မေတ္တာရပ်ခံပြီး မနက်ညစားဖို့ လောက်ရလျှင် စာချည်းပဲဖိဖတ်၍ နေခဲ့၏။ ၁၉၈၀ ပြည့်နှစ်လောက် ရောက်သောအခါ အခြေအနေမဲ့ဘဝဖြင့် နေရသည်ထက် ဘဝကို အခြေတကျ ပြန်တည်ဆောက်ဦးမှဟု စိတ်ကူးရကာ မန္တလေး အနာကြီးဆေးရုံအနီး နဂါးကွက်သစ်ထဲမှ ဒေါ်မြမေ အိမ်ကို ငှားပြီး အခြေတကျ နေထိုင်ခဲ့၏။ အလုပ်ကတော့ ကျပန်း လုပ်စား၏။

ထိုအချိန်တွင် စာဖတ်ရှိန်လည်း အတော်ရလာပြီ။ စာစရေးသားလိုစိတ်များလည်း ဖြစ်ပေါ်လာသည်။ ကိုတင်ဆောင်သည် စာကို စတင်ရေးသားရုံသာမက သူနေထိုင်ရာ နဂါးရပ်ကွက် စာကြည့်တိုက်တွင် စာကြည့်တိုက်မှူး ဖြစ်လာ၏။ စာကြည့်တိုက်မှူးဖြစ်လာတော့ စာပေနှင့်ပိုနီးစပ်လာ၏။ မန္တလေးမှ စာရေး ဆရာများ ဖြစ်ကြသော စိုးနိုင်(မန်းတက္ကသိုလ်)၊ ဆရာဘုန်းမြင့်အောင်၊ ကဗျာဆရာ မျိုးမြင့်ဆွေ အစရှိသော စာရေးဆရာ ကဗျာဆရာကြီးများနှင့် သိခွင့်ရရှိလာ၏။

တကယ်တော့ ကိုတင်ဆောင်က ကျောင်းကောင်းကောင်း နေခဲ့ရသူမဟုတ်။ အဘိုးက အိမ်တွင် ဆယ်စောင်တွဲ သင်ပေးရုံမျှနှင့် စာသွားအောင် ဝတ္ထုဖတ်ရင်း စာပေနယ်တွင် ဝင်ဆံ့လာရသူဖြစ်၏။ စာစရေးတော့မည်ဟု ကြိုးစားတော့ ရုတ်ခြည်းတော့မအောင်မြင်စာလေး တစ်ပုဒ်နှစ်ပုဒ်စ မဂ္ဂဇင်းထဲပါဖို့ မနည်းကြိုးစားရ၏။ သို့သော် သူ ကြိုးစားရကျိုးနပ်သည်။ သူ၏ စာလေးများ ကြိုကြား ကြိုကြား အချို့စာစောင်လေးများတွင် ပါလာ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့စာပေနယ်ပယ်မှနေ၍ သူ၏ဘဝတက်လမ်းကို ကြိုးစား၍ ရှာနေချိန်တွင် မန္တလေးမြို့တော်ကြီးအား မြို့ပြအင်္ဂါရပ်များနှင့်အညီတိုးချဲ့ရာတွင် အနာကြီးရောဂါသည်များ နေထိုင်ရာ သူရပ်ကွက်လေးကို မတ္တရာမြို့နယ် နံ့သာမြိုင်ဟု အမည်ပေးထားသောစခန်းသို့ ပြောင်းရွှေ့ရမည်ဟု ဆိုခဲ့၏။ ထိုစခန်းသို့ ပြောင်းရွှေ့ပါက သုံးပင်နှစ်ခန်း သွတ်မိုးထရံကာ အိမ်တစ်လုံးနှင့်လူတစ်ဦးကို တစ်လငွေကျပ် ၄၅၀ သက်ဆိုင်ရာက ထောက်ပံ့မည်။ အိမ်ထောင်တစ်စုကို စိုက်ပျိုးမြေတစ်ဧကလည်း ပေးမည်ဟုဆို၍ ကိုတင်ဆောင်သည် အစိုးရ၏ စီမံချက်အညီ နံ့သာမြိုင်သို့ ပြောင်းလာခဲ့၏။ မြေတစ်ဧကရှိပြီး နွားမရှိသဖြင့် ကိုတင်ဆောင်က မိမိလယ် ကလေး ထွန်ယက်ဖို့အတွက် ဒေါ်အေးမြင့်ထံမှ နွားငှားရ၏။ ဒေါ်အေးမြင့်က မုဆိုးမ။ ကိုတင်ဆောင်က ဒေါ်အေးမြင့်ထံမှ နွား ငှားရင်း ဒေါ်အေးမြင့်နှင့်အကြောင်းပါခဲ့၏။ ဒေါ်အေးမြင့်နှင့် အကြောင်းပါပြီး ကိုတင်ဆောင်က သူ့ဇနီးကိုခေါ်ဆောင်ကာ အမေထံသို့ သွားကန်တော့ဖို့ စီစဉ်နေတုန်းမှာပင် ၁၉၉၈ ခု၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် အမေနေမကောင်း ဖြစ်နေသည်၊ လာပါဟု ညီမအငယ်ဆုံး၏ ခင်ပွန်းက လာခေါ်၏။ သူတို့ဇနီးမောင်နှံ ညတွင်းချင်း မန္တလေးသို့ ဆင်းလာခဲ့၏။ တော်ရုံ နေမကောင်းရုံမျှနှင့်ကား ဤမျှ တကူးတက လာမခေါ်နိုင်။ အမေ အခြေအနေဆိုး၍လာခဲ့ခြင်း ဖြစ်မည်ဟု ကိုတင်ဆောင်က ခန့်မှန်းခဲ့၏။

ကိုတင်ဆောင်က သူ့အား လာခေါ်သူ ယောက်ဖအား အမေ့





အခြေအနေကို မေးသည်။ ယောက်ဖဖြစ်သူက ထိန်းထိန်းသိမ်းသိမ်း ပြော၏။

"အမေအခြေအနေ အတော်ဆိုးလို့ ခေါ်တာလား"

"မဟုတ်ပါဘူးအစ်ကိုရာ၊ အစ်ကို့ကိုလဲ အမေက တွေ့ချင်လို့ပါ"

အမေတွေ့ချင်သည်ဆိုတာတော့ ဟုတ်မည်။ သူ သိမ်ရွာမှ ထွက်ပြေးလာစဉ်က မြင်းခြံဘူတာတွင် သောင်တင်နေခဲ့ရာ အမေ့မှာ တစ်ညမှ အိပ်မပျော်ခဲ့။ ထိုစဉ်က သားဖြစ်သူအား အမေသည် ညစဉ် မျှော်နေရှာ၏။ မိမိဆေးရုံသို့ သူပြောင်းနေတော့လည်း သားကို အမေ မျှော်နေရှာ၏။ ညောင်ဦးထောင်တွင် တစ်နှစ်ကျသွားစဉ်ကလည်း အမေမျှော်နေရှာခဲ့သည်။ သူ့ဘဝကို ရထားလမ်းဘေးတွင် ပစ်ထားကာ သတင်းစာစက္ကူအစုတ်များကို လိုက်လံကောက်ယူ ဖတ်ရှုနေစဉ်ကလည်း အမေမျှော်နေခဲ့သည်သာ။ သူနဂါးရပ်ကွက်ကို ပြန်ဝင်တော့ သားကို အမေ ကြိုဆိုနေခဲ့၏။ နဂါးရပ်ကွက်က တစ်ဖန် နံ့သာမြိုင်သို့ ပြောင်းရသောအခါ အမေနှင့်သား ဝေးခဲ့ရပြန်သည်။ အခု တစ်ချီတော့ အမေနှင့်အပြီးအပိုင်ခွဲရတော့မှာလားဟု သူ့စိတ်ထဲတွင် တထင့်ထင့်နှင့် လိုက်လာခဲ့ရာ သူတို့စီးလာသော ဂျစ်ကားလေးသည် ည ၇ နာရီတွင် မန္တလေးနေအိမ်သို့ ရောက်၏။

ကိုတင်ဆောင်သည် ကားပေါ်မှ အမြန်ဆင်း၍ အမေ့ကို ပြေးကြည့်သည်။ သူရောက်လာသည်ကို အမေ မသိတော့၊ အမေ



www.burmeseclassic.com

မေ့မျောနေပြီ။ သူက မေ့မျောနေသော အမေကို ဖက်ကာ တအားငိုချ လိုက်၏။ သည်ဘဝ သားအမိရယ်လို့ အမေနှင့်ဆုံခဲ့ရာ၊ သည်ရောဂါ ကြီးကခြားနေ၍ အမေ့ရင်ခွင်တွင် သူဝအောင်မနေခဲ့ရ။ သိမ်ရွာမှ လိုက်လာနတော့လည်း ဧည့်သည်တွေ့တိုင်း အိမ်ခန်းထဲပုန်းရသည့်ဘဝမှ လွတ်အောင် ဆေးရုံသို့ ပြောင်းနေခဲ့သောကြောင့် အမေနှင့် ခွဲခဲ့ရ၏။ အခုတော့်အမေနှင့် အပြီးအပိုင် ခွဲကြရတော့မည်။ ဘဝသံသရာတွင် သည်တစ်ဘဝ နှစ်ယောက် ဝအောင်မှ မနေရ၊ အခုတော့ အမေ့ရဲ့ သားကိုအပြီးအပိုင် ထားခဲ့တော့မှာလားဟု အမေ့ကို တတွတ်တွတ် ပြောကာငို၏။ အမေ့လက်ကလေးကိုဆုတ်ကာ သူ့ပါးတွင် ကပ်ထား ၏။ အမေ့ လက်လေးက အေးစပြုနေပြီမို့ သူရှိုက်ကြီးတငင် ထပ်၍ ငိုပြန်၏။

ကိုတင်ဆောင်ငိုနေစဉ် ညီမများက ရောက်လာပြီး ကိုတင် ဆောင်၏လက်ကိုဆွဲကာ မီးဖိုချောင်ထဲသို့ ခေါ်လာခဲ့၏။ ထို့နောက် “အစ်ကို့အမေလဲ ဒီတောင်ကကျော်နိုင်မှာ မဟုတ်တော့ပါဘူး၊ အမေ့ကို အစ်ကို တွေ့လိုက်ရအောင် တမင်အခေါ်လွှတ်လိုက်တာ၊ ငိုနေလို့လဲ မထူးတော့ပါဘူး၊ ငိုလဲမနေနဲ့တော့၊ အစ်ကိုလဲ နံ့သာမြိုင်ပြန်ပါတော့” ဟုဆိုကာ သူတို့ လင်မယားကို ကားပေါ်သို့ ပြန်တင်၏။

ကိုတင်ဆောင်သည် အခြေအနေကို ကောင်းစွာ ရိပ်မိလိုက် သည်။ ညီမများက သူတို့ထံတွင် ရောဂါသည်အစ်ကိုတစ်ယောက် ရှိသည်ဆိုသော အချက်ကို လူသိမခံဝံ့၊ ထို့ကြောင့် အမေသေခါနီး မြင်ရရုံပြပြီး ပြန်တော့ဟု ဆိုခြင်းဖြစ်သည်။





“အမေ၊ အမေ့သားဘဝကို ကြည့်ပါဦး၊ သား အခုချက်ချင်း နံ့သာမြိုင် ပြန်ရတော့မယ်တဲ့” ဟုဆိုကာ အမေအား လှမ်း၍ တိုးတိုး လေးတိုင်တမ်းမိပါ၏။ သတိလစ်နေသည့် အမေ့အနားတွင် ညီမများက ချထားသော ကိုတင်ဆောင်တို့ရွာမှ ယူလာသော အဝတ်ထုတ်ကို ကားပေါ်သို့ပြန်တင်ပြီး ဖြစ်နေ၏။ သူက အမေရှိရာသို့ လှည့်ကြည့် လှည့်ကြည့်ဖြင့် ကားရှိရာသို့ လာခဲ့ရ၏။ ကားပေါ်ရောက်တော့ ကားမောင်းပို့သည့် ယောက်ဖဖြစ်သူက သူ မပြန်လိုမှန်းသိ၍ မြို့ထဲသို့ ရှောင်ထွက်သွား၏။ ယောက်ဖဖြစ်သူသည် မန္တလေးသို့အလာ ကားပေါ်တွင် အမေ့အတွက် ကိုတင်ဆောင် ဘယ်လို ခံစားလိုက်ပါ လာရသည်ကို သိ၍ တမင်ရှောင်နေခြင်း ဖြစ်၏။

သူတို့လင်မယား ကားပေါ်ရောက်နေပြီ။ ကားမောင်းဖို့ ယောက်ဖကို တစ်အိမ်လုံး ဝိုင်းရှာကြ၏။ သို့သော် မတွေ့၊ ထိုအခါ အစ်ကိုကြီးဖြစ်သူက “တောက်၊ ဒီကောင်အရေးထဲ ဘယ်ထွက်သွား တယ်မသိဘူး၊ ကဲ–ကဲ– အခုမှတော့ မထူးတော့ပါဘူး၊ မင်းလဲ အိမ်ပေါ်မှာတက်နေ၊ မဆင်းခဲ့နဲ့၊ ဧည့်သည်တွေ ပြတ်တော့ ငါခေါ်မယ်” ဟုဆိုကာ သူတို့လင်မယားကို အိမ်ပေါ်ထပ်သို့ တင်ထား ၏။ တကယ်တော့ သူကသာ အနူရုပ်၊ အနူလက္ခဏာများ ပေါက်နေ ခြင်းဖြစ်ပြီး ဇနီးဖြစ်သူ ဒေါ်အေးမြင့်က လူကောင်းဖြစ်၏။ သို့သော် ဒေါ်အေးမြင့်ကိုလည်း အိမ်အောက်တွင် မနေစေဘဲ အပေါ်ထပ်သို့ ပို့ထား၏။ သူတို့ ဇနီးမောင်နှံ သည် မျက်စိသူငယ် နားသူငယ်နှင့် အိမ်ပေါ်ထပ်တွင် နေကြရ၏။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အိမ်အပေါ်ထပ်တွင် သူတို့လင်မယား စကားမပြောခဲ့ကြ။ စကားပြောမိပါက အစ်ကိုကြီးဖြစ်သူ လာငေါက်မှာစိုးရ၏။ ကိုတင်ဆောင်ဇနီးမောင်နှံသည် အောက်ထပ်မှအသံများကိုသာ နားစွင့်၍နေကြရ၏။ အောက်မှကြားရသော အသံများကို နားထောင်၍ ဘာဖြစ်နေကြသည်ကို ခန့်မှန်း၍သာနေကြ၏။ ညနက်တော့ တဖြည်းဖြည်း လူများလည်းစဲလာ၏။ သန်းခေါင်ကျော်သောအခါ ညီမတစ်ယောက် အိမ်ပေါ်တက်လာပြီး အမေ့နားကို ခေတ္တဆင်းလိုက ဆင်းဟုဆို၏။ သည်တော့မှ ကိုတင်ဆောင်သည် မေ့မြောနေသော အမေ့နားသို့ ကပ်ခွင့်ရ၏။ ကိုတင်ဆောင်က မေ့နေသော အမေ၏ ပါးစပ်ထဲသို့ ရေတစ်စက်ချင်း ချပေး၏။ ဇနီးဖြစ်သူက အမေကိုရော ကိုတင်ဆောင် ကိုပါ ယပ်ခတ်ပေး၏။ ကိုတင်ဆောင်၏ ပူလောင်သော မျက်ရည်များ က အမေ့ရင်ဘတ်ပေါ်သို့ စီးကျလျက်။

ထိုအချိန်တွင် အစ်ကိုကြီးနှင့် ညီမများ စုဝေးရောက်ရှိလာပြီး အစ်ကိုကြီးက "တင်ဆောင်၊ ဇော်ဝင်း လာရင်လာချင်း မင်းနဲ့သာမြိုင်ကို ပြန်ပါကွာ၊ မင်းရှိလို့လဲ အမေ ဘာမှထူးလာမှာ မဟုတ်ပါဘူး၊ မျက်နှာငယ်ရမှာသာ အဖတ်တင်မှာ"ဟုဆို၏။ "ပြောရက်လိုက်တာ အစ်ကိုရယ်၊ အမေပြန်ထူးခြားလာမှာ မဟုတ်တာကတော့ အစ်ကိုကြီး အမေ့ဘေးမှ မားမားကြီးရပ်နေတော့ရော အမေပြန်ထူးလာမှာမို့လို့လား၊ အမေကတော့ မထူးလမ်း ရောက်နေပြီဆိုတာ အားလုံး သိကြပါတယ်၊ အခုဟာက သားနဲ့ အမေကြားမှာရှိတဲ့ သံယောဇဉ်၊ ကရုဏာ၊ မေတ္တာ အမေဆိုတဲ့ မြင့်မိုရ်တောင်ဦးမကကျူးတဲ့





ကျေးဇူးတရားတွေကြောင့် အမေ့နားမှာ ကျွန်တော်ရပ်နေရတာပါ အစ်ကို"ဟု ပြောလိုက်ချင်သည်။ သို့သော် မပြောဖြစ်။ အစ်ကိုကြီးနှင့်ညီမများသည် အမေသေဖို့ ရှင်ဖို့ထက် သူလို အနူကောင်တစ်ယောက် အမေ့အသုဘတွင် မရှိဖို့ အရေးကြီးနေခြင်းဖြစ်၏။ သူရှိနေပါက ပတ်ဝန်းကျင်တွင် သူတို့သိက္ခာရစရာ မရှိအောင်ကျမည်ဟု ထင်၏။ အစ်ကိုကြီး ပြောသည့် စကားများကို သူဂရုမစိုက်ဘဲ အမေ့မျက်နှာကိုသာ စိုက်ကြည့်နေ၍ အမေ့မေတ္တာ အမေ့ဂုဏ်ကျေးဇူးများကိုသာ ပွားများ စဉ်းစားနေပါ၏။

မိဘကျေးဇူးသည် မြင့်မိုရ်တောင်ဦးမကကျူးသည်ဟုစာပေကျမ်းဂန်များကဆိုကြသည်။ တကယ်တော့ အမေက သူ့အပေါ် ထားရှိသော မေတ္တာသည်ကား မြင့်မိုရ်တောင်နှင့် မနှိုင်းစာ အပ်၊ အမေ့မေတ္တာကပို၍ ကြီးဖို့သာရှိ၏။ မဟာသမုဒ္ဒရာသည် အလွန်တစ်ရာမှ ကျယ်ဝန်း၏။ သို့သော်အနားသတ်ကမ်းခြေရှိသေး၏၊ သူ့အပေါ် အမေထားရှိခဲ့သော မေတ္တာကား အနားသတ်ကမ်းခြေ မရှိလေတကား။

ဪ– အမေသည် ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်ဘဝက လူဖြစ်အောင် လုပ်ကျွေးပြုစုခဲ့သည်။ သူဒီရောဂါရပြီဟု အမေသိရတော့ ရှူးမတတ် ခံစားခဲ့၏။ သူ့ကိုယ်ပေါ်မှ အကွက်များကို သူ့ဆံပင်များနှင့် အမေပွတ်သတ်ပေးခဲ့သော်လည်း ယနေ့ထက်ထိ သူ့လုပ်စာ ထမင်းတစ်လုပ်ကိုမျှ အမေမစားရသေး။ သူ့လုပ်စာ ရေတစ်ပေါက်ကိုမျှ အမေမသောက်ရသေး။သူသည်အညစ်အကြေးများကို ဖွတ်လျှော်၍ အမေကို ပြုစုလိုက်ချင်စမ်းပါဘိ။ သို့သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သည်ဘဝတွင် အမေကသာ မိမိ၏ပြည်တွေတစို့စို့၊ သင်္ဘောရည်တွေ တရွှဲရွှဲနှင့် အကျီအဝတ်အစားများကို မရွံမရှာ လျှော်ဖွတ်ပေးခဲ့၏။ လူအမေ မဆိုထားဘိ၊ အမိ တိရစ္ဆာန်ကြက်မကြီးပင်လျှင် အဏ္ဍဇ ပဋိသန္ဓေ တည်လာသည့် ကြက်ဥမှ ကြက်ကလေးများ ပေါက်လာ စေရန် ၂၁ ရက်တိုင် အစာမစား ရေမသောက်ဘဲ ဝပ်ကျင်းထဲတွင် မိမိကိုယ်ငွေ့ကိုပေးကာ ဝပ်ပေးသည်။ ကြက်မကြီး၏ကိုယ်ငွေ့ဖြင့် ပေါက်လာသော ကြက်လေးများကို ရန်သူအပေါင်း၏ အန္တရာယ် အသွယ်သွယ်မှ ကာကွယ်ပေးသည်။ အစာကို ဘယ်လိုရှာ၊ ရန်သူကို ဘယ်လိုကာကွယ်ရမည်ကို သင်ကြားပေး၏။ ဘဝခရီးလမ်း ဖြောင့် တန်းစွာ သွားနိုင်ရန် အမေကြက်မကြီးက ပြုစုစောင့်ရှောက်ပေး၏။

အမေသည် သူကိုယ်တိုင် စာတစ်လုံးမျှ မတတ်သော်လည်း သားဖြစ်သူကိုတော့ စာတတ်ပေတတ် တစ်ယောက် ဖြစ်စေလို၏။ အမေသည် သူ့ကိုသာမက သားသမီးအားလုံးကို ပြောင်းဖူးတောင်းကို ခေါင်းပေါ်တင်၍တစ်ဖုံ၊ ပြောင်းဖူးကို မီးဖုတ်၍ တစ်မျိုး အမျိုးမျိုး ပြုလုပ်ရောင်းချကာ ကြက်မကြီးအစာကိုယက်၍ ကြက်ကလေးများ အားကျွေးသလို ကျွေးမွေးစောင့်ရှောက် ပြုစုခဲ့၏။

အမေ၏ ကျေးဇူးတရား မေတ္တာတရားကား တိုင်းတာ၍ မရနိုင်လောက်အောင် ကြီးကျယ်လှပေ၏။ မြတ်စွာဘုရားသည်ပင်လျှင် အမေတော်ခဲ့ဖူးသော မယ်တော်မိနတ်သားကို ဝါတွင်းသုံးလတိုင် တာဝတိံသာနတ်ပြည်သို့တက်၍ ဇန္နကမ္မလာမြကျောက်ဖြာထက်မှ အဘိဓမ္မာ (၇)ကျမ်းကို ဟောကြားကာ တရားဖြင့် ကျေးဇူးဆပ်ခဲ့၏။





ကိုတင်ဆောင်ကတော့ အမေ့ကျေးဇူးကို တစ်ပြားဖိုးမှ မဆပ်နိုင်ဘဲ အမေ မေ့မြော သတိလစ်ဟင်းနေခိုက် အမေ့ပါးစပ်ထဲ ရေတစ်ပေါက် လာချပေးသော သားမိုက်ကို ရိုက်ဖို့ အမေ့တစ်ကြိမ်လောက် မျက်စိ လေးဖွင့်ကြည့်စမ်းပါဦး အမေရဲ့ဟု စိတ်တွင်းမှ အမေ့ကျေးဇူးတရား များကို အောက်မေ့ကာ ပူဆွေးနေ၏။

ထို့နောက်တော့ "ကဲ တင်ဆောင် မင်းအပေါ်ထပ်တက်နေဦး ကွာ"ဟုဆို၍ သူတို့လင်မယား အိမ်ပေါ်ထပ်ပြန်တက်ခဲ့ ရပြန်၏။ အိမ်ပေါ်သို့ ပြန်ရောက်သော်လည်း သူသည် အိပ်မပျော်၊ အမေ၏ အတိတ်မှ အရိပ်တို့ကိုသာ ပြန်ပြောင်း၍ သတိရနေမိ၏။ ဘာကြောင့် ရယ်မသိ၊ သူတို့ဇနီးမောင်နှံကို နံ့သာမြိုင်သို့ ပြန်မပို့ဖြစ်ခဲ့။ အစ်ကိုနှင့် ညီမများအတွက်ကတော့ သူသည် သူတို့ဘဝတွင် အမှိုက်သရိုက်သာ ဖြစ်၏။ ထိုနေ့တစ်နေ့လုံး လူနာသတင်းမေးလာသူများ ပြတ်တောင်း ပြတ်တောင်း လာနေ၍ ကိုတင်ဆောင်အိမ်ပေါ်မှ အိမ်အောက်သို့ မဆင်းရ။ အိမ်ပေါ်ထပ်ကြမ်းများက စေ့အောင်ခင်းထား၍ ကြမ်းများ ကိုဖြကာ အမေမျက်နှာကို ကြမ်းပေါက်မှကြည့်ရန် ကြိုးစားသော်လည်း အထမမြောက်ခဲ့။ ၂၉ ရက် ညဦးယံကို ကျော်ခဲ့၍ ၃၀–၁–၉၈ ခုနေ့သို့ ကူးလာခဲ့၏။ အောက်ထပ်မှ အစ်ကိုကြီးနှင့် ညီမများက အမေ့ဆီကို လာချင်ရင် လာဟုခေါ်ပါက အဆင်သင့်ဖြစ်နေ စေရန် သူ ညမအိပ်ဘဲ စောင့်နေ၏။ သတိပဲမရ၍လား၊ ဆွဲသည်ပဲ မရှင်း၍လားမသိ၊ ထိုနေ့ညဦးပိုင်း တစ်ပိုင်းလုံးနှင့် ညဉ့်နက်၍ နောက်တစ်နေ့သို့ ကူးပြောင်းသည့်တိုင် အောက်ထပ်သို့ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လင်မယား ဆင်းခွင့် မရခဲ့။

၃၀–၁–၉၈ ခုနေ့ နံနက် သုံးနာရီအချိန်တွင်တော့ အိမ်အောက်ထပ်မှ ပြောသံဆိုသံများ၊ လှုပ်ရှားမှုများကြောင့် အမေ ဘဝတစ်ပါးသို့ ပြောင်းသွားပြီဖြစ်ကြောင်း သိလိုက်ရ၏။ သို့သော် သူအိမ်ပေါ်မှ ဆင်းလာခွင့်မရ။ ညီမများ၏ ငိုသံများ ကြားနေရ၏။ သေဆုံးသူ အမေ့ အလောင်းနံဘေးသို့ သူအမြန်ဆုံးပြေးသွားလိုလှ၏။ သို့သော် သွားခွင့်မရှိ။ အနူဆိုတာ လောကမှာ ဘဝဆုံးတာပါလား၊ အမေဆုံးလို့ အနားသွားခွင့် မရတဲ့ဘဝ၊ အမေသေပြီဆိုတာ သိပါလျက် သေနေတဲ့ အမေ့မျက်နှာကို ကြည့်ခွင့်မရ၊ အနာကြီးရောဂါသည်တစ်ယောက်၏ ဘဝ ဆိုတာတယ်ဆိုးပါလား။ အမေနှင့်အတူ လိုက်သေရသည်က အကောင်း ဆုံးရွေးချယ်စရာဟု ကိုတင်ဆောင် စဉ်းစားနေမိ၏။ ထို့ကြောင့် မိမိနဖူးနှင့် အိမ်တိုင်ကို အကြိမ်ကြိမ်ဆောင့်၍ အောက်ထပ်မှ အခေါ်ကို စောင့်ရ၏။

နံနက်လင်းအားကြီးလောက်မှ အမေ့အလောင်းအနားသို့ လာခွင့်ရ၏။ မျက်တွင်းက ဟောက်ပက်၊ ပါးစပ်ကဟောင်းလောင်း ဖြင့် အမေကား သေရှာပြီ။ သူတို့ဇနီးမောင်နှံ အမေ့အလောင်းကို ရှိသေစွာ ကန်တော့၏။

ဩော် အမေ အမေ၊ အမေ့ဝမ်းဗိုက်တွင် သားကလေး ရေကြည်တည်သည့်အချိန်မှစ၍ ပူတာစပ်တာကို အမေမစား၊ ငါ့ရဲ့ ဝမ်းဗိုက်နဲ့ လွယ်ထားတဲ့သားလေး ခြေလက်အင်္ဂါ စုံစုံလင်လင်နဲ့ မွေးအောင်ဖွားအောင် ကျန်းမာသန်စွမ်းပြီး ဉာဏ်ရည်ထက်မြက်သော





သားလေးဖြစ်အောင် အမေပြုစုစောင့်ရှောက်ခဲ့သည်။ မိမိဝမ်းနှင့်လွယ်၍သားလေး လူ့လောကျန်းမာချမ်းသာပါစေမည့်အကြောင်း အမေသည် နေ့စဉ်ညစဉ် ဘုရားမှာ ဆုတောင်း၍ သားကိုယ်ဝန်ကို စောင့်ရှောက်ခဲ့သော အမေ အခုတော့ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ သွားရှာပြီ။ ကိုးလလွယ် ဆယ်လပြည့်၍ သားကို ဖွားစဉ်ကလည်း သတိလစ်မတတ်ညှစ်ကာ၊ အော်ဟစ်မေ့မြောလု့ဘနမ်း ချွေးများ တဖြန်းဖြန်း ထလျက် မိမိအသက်ကို ပဓာနမထား၊ အံတကျိတ်ကျိတ်နှင့် ငါ့သား ဆိုသည့် မာန်စိတ်တို့ဖြင့် သေလမ်းကို တစ်ဝက်နင်း၍ သားသန္ဓေကို မွေးခဲ့သည့်အမေ၊အခုတော့ တမလွန်ရပ်ခြားသို့ ပြောင်းရွှေ့၍ သွားကာ ကျေးဇူးရှင် အမေသေလေပြီ။

သားကို အမေ မွေးစဉ်က အစားတွေရှောင်၊ ကိုယ်ဝန်ကို မပျက်မယွင်းရလေအောင် စောင့်ရှောက်ခဲ့ရသောကြောင့် နားထင်တွေကျ၊ မျက်တွင်းများချိုင့်ဝင်၊ ချွေးများပြန်၊ သတိလစ်လုနီးပါးခံစားနေရသော အမေသည် သား၏အူဝဲအူဝဲဟုဆိုသော အသံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ချွေးသီးချွေးပေါက်တွေကြားက ယဲ့ယဲ့ကြီးပြုံး၊ ငိုပါနဲ့ သားရယ်၊ အမေချော့မှာပေါ့ဟု မြူချော့သည့် အပြုံးများနှင့် တေးဆို၍ အကြိမ်ကြိမ်သိပ်ခဲ့သော အမေသည် အခုတော့ ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားခဲ့လေပြီကော။

ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဝါးဖတ်တော်ကာစီနှစ်နှင့် သားကိုလူဖြစ်အောင် ကျွေးမွေးရှာခဲ့သော အမေ၊ သားကလေးအရွယ်ရောက်လာတော့ ဆံပင်ကိုဆွဲ ရင်ဝကို ခြေနဲ့ကန်၊ အညစ်အကြေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ရွှဲနေ လူးနေသည့်အခါများရှိသည့်တိုင် ရွံ့ရှာခြင်းအလျဥ်းမရှိ၊ ယုယပိုက်ထွေး မှက်၊ ခြင်၊ ယင် လေ မသန်းရအောင် ပြုစုခဲ့သော မာတာမိခင် ကျေးဇူးရှင် မွေးမေမေသည် အခုတော့ ကွယ်လွန်ခဲ့ရှာပြီ။ အမေ့ဘေးနားတွင်မှ အမေ့ကို ပြုစုကာ ကုသိုလ်လိုချင်၍လည်း မရတော့ပြီ။

"အမေ အမေ"

ဟု ကိုတင်ဆောင်က ခေါ်လေလျှင် အမေက "ဟေ"ဟု နိုးများ နိုးမလားဟု ခေါ်ကြည့်နေစဉ် အစ်ကိုကြီးဖြစ်သူက ပခုံးကို လာပုတ်ကာ "တင်ဆောင်၊ ငိုမနေနဲ့တော့ကွာ၊ အိမ်ရှေ့မှာ မင်းပြန်ဖို့ ကားလဲရောက်ပြီ၊ မင်းပြန်တော့ အမေ့အသုဘကို သုံးရက်ထားပြီး တောင်မြင့်သုသာန်မှာ သဂြိုဟ်မယ်၊ တို့လုပ်စရာတွေလဲ ရှိသေးတယ်၊ မင်းပြန်တော့"ဟုဖွတ်နှင်၏။ သူတို့ဇနီးမောင်နှံသည် အမေအား ကန်တော့ကြ၏။ ထို့နောက် အမေအလောင်းကို စိုက်ကြည့်ကာ လက်အုပ်ချီရင်း "အမေရေ သားသွားရတော့မယ်၊ အမေ့အပေါ်မှာ ကာယကံ၊ ဝစီကံနဲ့ ကျူးလွန်ခဲ့မိတာများ ရှိပါက ခွင့်လွှတ်ပါတော့၊ ဂါရဝပါ အမေ" ဟုဆိုကာ ကားပေါ်တက်ခဲ့ရ၏။ ကားစက်နိုး၍ ဘီးလိမ့်ချိန်တွင် ကိုတင်ဆောင်သည် အမေ့အလောင်းရှိရာသို့ လှမ်းမျှော်ကာ "ဩော် မမြဲသောတရားသည်သာ မြဲလျက်ပါလား"ဟု သံဝေဂတရား ထပ်မံ၍ပွားကာ အမေအလောင်းနှင့်ဝေးရာသို့ တဖြည်းဖြည်းချင်း ခွာခဲ့ရရှာပြီ။ အနူဘဝဆိုတာ ကိုယ့်အမေ သေလို့မှ သဂြိုဟ်ခွင့်မရှိသောဘဝ၊ ဆိုးလိုက်တဲ့ဘဝ၊ သည်လိုအဖြစ်မျိုး ဘဝ သံသရာမှ သည်တစ်ကြိမ်သာ ကြုံပါရစေ ဘုရားဟု မြတ်စွာဘုရားထံ



ရည်မှန်း၍ ကိုတင်ဆောင် ဆုတောင်းကာ နံ့သာမြိုင်စခန်းသို့ ပြန်လာခဲ့ရတော့သည်။

* * *

အခုအဖြစ်အပျက်ကတော့ ကျွန်တော့်ရဲ့ဘဝအဖြစ်အပျက်ပါပဲ။ နံ့သာမြိုင်ကို ကိုယ်စားပြုပြီး ကြာပန်းရေစင်မဂ္ဂဇင်းကို ထုတ်ဝေမယ် ဆိုတော့ ကျွန်တော့်ဘဝ ခံစားချက်ဖြစ်တဲ့ အမေကို နောက်ဆုံးဂါရဝ ပြုခဲ့ရတဲ့၊ မလှမပကြုံတွေ့ခဲ့ရတဲ့ ရင်နင့်ဖွယ် ဖြစ်ရပ်မှန် ကျွန်တော့်ဘဝ မှတ်တမ်း ဇာတ်တစ်ခန်းကို စာနဲ့ရေးပြီး တင်ပြခဲ့တာပါ၊ ဒီလိုတင်ပြ ခွင့်သာမက ကျွန်တော့်ကို ဆုချီးမြှင့်တဲ့အတွက် ပညာရေးထောက်ပံ့မှု အစီအစဉ်ကို ကျွန်တော် အထူးကျေးဇူးတင်ပါတယ်ခင်ဗျာ" ဟု ရင်ဖွင့်စကားပြောပြီး ဆရာတင်ဇာလွင်သည် စင်မြင့်ပေါ်မှ ဆင်းသွားသည်။

■

ပန်းမြို့တော်စာပေ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၅)

# ချစ်ရ သူ့ရယ်

"အဖေ၊ ဘွားဘွားကြီးနဲ့ အန်တီတို့က အမေ့ကို ရွှေလဘုရားပွဲ ကျရင် နံ့သာမြိုင်ကနေ သွားခေါ်မလို့တဲ့"

"ဟုတ်ရဲ့လား သားရဲ့"

"ဟုတ်တယ် အဖေရ၊ ဘွားဘွားကြီးတို့ နှစ်ယောက် ပြောနေတာ ကြားတယ်"

"ဘယ့်လို ပြောနေကြလို့လဲ"

"မဝင်းကြည်တစ်ယောက်လဲ နံ့သာမြိုင်ရောက်နေတာ ဆယ်နှစ် တောင်ပြည့်တော့မယ်၊ မန္တလေးကို တစ်ခါမှ ပြန်မလာဖြစ်ရှာ ရွှေလ ဘုရားပွဲကျ ညည်းတို့အစ်မကို နံ့သာမြိုင်ကနေ သွားခေါ်ကြ လို့ ဘွားဘွားကြီးက ပြောတယ်"

"ဘွားဘွားကြီးက အဲသလို ပြောတော့ အဒေါ်နှစ်ယောက် ကရော ဘာပြောသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ သမီးတို့ ကိုယ်တိုင်သွားခေါ်မယ်လို့ ပြောတာပဲ အဖေရဲ့"

အင်း အဖြစ်အပျက်တွေက နှစ်ဆယ့်တစ်နှစ်တောင် ကြာခဲ့ပြီကော။ အိမ်မှေနှင့်ညီမများ၏ အတွေးများလည်း ပြောင်းလာခဲ့ပြီ။ သည်သတင်းကို ဇနီးဖြစ်သူ မဝင်းကြည် ကြားသိရလျှင် အဘယ်မျှ ပီတိဖြာလေမည် မသိ။

"အဖေ ဘာတွေ စဉ်းစားပြီး ပြုံးနေရတာလဲ"

"လွန်ခဲ့တဲ့ ၂၁ နှစ်က မင်းဘွားဘွားကြီးတို့၊ အဖေတို့နဲ့ မင်းအမေနဲ့ တစ်ရွာလုံးနဲ့ ဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်တွေကို ပြန်သတိရမိလို့ပါ သားရယ်"ဟု ကိုသောင်းတန်က မြည်တမ်းလိုက်၏။

*

လွန်ခဲ့ပြီဖြစ်သော ၁၉၈၂ ခုနှစ် မန္တလေးပြင်ဦးလွင်မြို့ ကားလမ်းတောင်ဘက်အေးတွင် အနာကြီးရောဂါဆေးရုံ နှစ်ရုံရှိသည်။ ထိုဆေးရုံနှစ်ခု၏အကြားတွင် ဥယျာဉ်တန်းဆိုသော ရွာလေးရှိသည်။ ထိုရွာတွင် အဖ ဦးကျော်ကြီး၊ အမိ ဒေါ်ငယ်တို့မှ ကိုသောင်းတန်ကို မွေးဖွားခဲ့၏။ မွေးချင်းလေးယောက်ရှိ၍ ကိုသောင်းတန်က အကြီးဆုံး ယောကျ်ားလေးနှစ်ယောက် မိန်းကလေးနှစ်ယောက်။ ကိုသောင်းတန်ကို မိဘနှစ်ပါးက ၁၉၆၄ ခုနှစ် တွင် မွေးဖွားခဲ့၏။ ထိုစဉ်က ဥယျာဉ်တန်းရွာလေးက အိမ်ခြေသုံးဆယ် လောက်သာရှိ၍ ရွာတွင် ကျောင်းကလည်း မရှိသောကြောင့် တစ်ရွာလုံးက မောင်သောင်းတန်လေးကို ဝိုင်းချစ်ကြ၏။ မောင်သောင်းတန်၏အဘိုးက အနာကြီးရောဂါရှိသည်





ထို့ကြောင့် မန္တလေးအနာကြီးဆေးရုံတွင် ဆေးလာကုရာမှ အဘွားဖြစ်သူနှင့် အကြောင်းပါခဲ့သည်။ ယင်းတို့မှ မောင်သောင်းတန်၏ မိခင်ကို မွေးဖွား၍ မိခင်ဖြစ်သူ ဒေါ်ငယ်သည် တစ်ရွာတည်းနေ ဦးကျော်ကြီးနှင့် အိမ်ထောင်ကျကာ မောင်သောင်းတန်တို့ မောင်နှမ တစ်သိုက်ကို မွေးဖွားခဲ့ခြင်းဖြစ်၏။ ကံကောင်းထောက်မ၍ မောင်သောင်းတန်တို့ မောင်နှမများတွင် လည်းကောင်း၊ မိဘနှစ်ပါးတွင်ပါ အနာကြီးရောဂါ စွဲကပ်ခြင်း မခံခဲ့ရ။ ထို့ကြောင့်လည်း ထိုမိသားစုလေးမှာ ဂုဏ်ယူဖွယ်ရာဖြစ်ရရုံမျှမက အနာကြီးရောဂါ ကင်းဝေးသော မိသားစု အစဉ်အဆက်ဖြစ်ရေးမှာ ဤမိသားစု၏ ရည်မှန်းချက်ပင်ဖြစ်၏။ အနာကြီးရောဂါကင်းဝေးသော မိသားစု ဖြစ်ရေးအတွက် အနာကြီးရောဂါ ဆေးရုံပတ်ဝန်းကျင်မှ ထွက်ခွာသွားရန် ဦးကျော်ကြီးတို့ မိသားစု အခါခါ စိတ်ကူးခဲ့သော်လည်း သည်အရပ် သည်ဒေသတွင်က စီးပွားရေးလေးက အလွန်ကောင်းနေ၍ မခွာနိုင်ဘဲရှိ၏။

စီးပွားရေးဆိုသည်က အရက်ချက်၍ မြို့ထဲသို့ပို့ကာ ရောင်းချသောလုပ်ငန်းဖြစ်၏။ အနာကြီးဆေးရုံအနီး၌ အနာကြီးရောဂါသည်များ စုဝေးနေထိုင်ကြသဖြင့် ထိုအရပ်၌ လူများအလွယ်တကူ မလာဝံ့ကြဘဲ ရှောင်ရှားကြသည်ကို အကြောင်းပြု၍ ဥယျာဉ်တန်းနေ အနာကြီးရောဂါ မိသားစုများကရော အချို့ ဦးကျော်ကြီးတို့လို အနာကြီးရောဂါ မရှိသည့် မိသားစုများကပါ တရားမဝင် အရက်ပုန်းချက်၍ မြို့ထဲသို့ အရက်ဖြန့်ဖြူးသည့်လုပ်ငန်း လုပ်ကြ၏။ ထိုလုပ်ငန်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ရွာရှိလူကြီးများက အရက်ချက်ကြ၍ မောင်သောင်းတန်တို့လို လူငယ်များက အရက်ပို့ကြရ၏။ မောင်သောင်းတန်သည် ရုပ်ရည်အသင့်အတင့်ရှိ၍ သွက်သွက်လက်လက် ချက်ချက်ချာချာရှိသော လူငယ်တစ်ယောက်ဖြစ်သည်။ ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက်ဖြစ်သောကြောင့်လည်း မိဘဆွေမျိုးတို့က အရိပ်တကြည့်ကြည့်နှင့်ရှိ၏။ အခါကကတော့ မောင်သောင်းတန်ကို မိဘများက အနာကြီးရောဂါအသိုင်းအဝိုင်းမှ မိန်းကလေးများနှင့် အိမ်ထောင်မပြုစေလို။ ထိုခေတ် ထိုအခါကလည်း အနာကြီးရပ်ကွက်ဝန်းကျင်တွင် နေသူများသည် ဤရပ်ကွက်မှမဟုတ်ဘဲ အခြားမှ အနာကြီးရောဂါမျိုးရိုးမရှိသူများကို လက်ထပ်နိုင်ကြပါသည်။ ထိုသူတို့သည် သူရဲကောင်းများဖြစ်ကြ၏။

ဥယျာဉ်တန်းရွာမှ ရောဂါသည်မျိုးရိုး ကိုအေးချိုသည် ရွာအရှေ့ဘက်ရှိ ရွှေဂပွားရွာမှ မိန်းကလေးတစ်ယောက်နှင့် အိမ်ထောင်ကျရာ ကိုအေးချိုသည် သူရဲကောင်းဖြစ်ခဲ့ရ၏။ ကိုအေးချိုသည် ခြေလက် မပျက်စီးသေးသော်လည်း ရောဂါသည်တစ်ဦး ဖြစ်၏။ ရွာမှ လူငယ်များ ဖြစ်ကြသော ကိုဇော်ဝင်းနှင့် ကိုဘိုးသောင်းတို့ကလည်း တခြားရွာမှ အမျိုးသမီးများနှင့် အိမ်ထောင်ကျကြ၏။ ကိုဇော်ဝင်းက စံပြကျေးရွာမှ မိန်းကလေးတစ်ဦးနှင့် အိမ်ထောင်ကျ၍ ကိုဘိုးသောင်းက ကံကောက်ရွာမှ အမျိုးသမီးလေးနှင့် အိမ်ထောင်ကျသည်။ မောင်သောင်းတန်တို့ ဥယျာဉ်တန်းရွာမှ မသန်းသန်းက အပျိုချောလေးဖြစ်၏။ အသားအရည် ဝင်းစက် ဖြူဖွေးနေ၍ ကိုယ်လုံးကိုယ်ပေါက်





ကလည်း အတော်အချိုးအဆက်ပြေပြစ်သည်။ မသန်းသန်း မိဘများက ရောဂါသည်များဖြစ်၏။ မသန်းသန်း အမေဆိုလျှင် ရောဂါကြီး၏။ အနာကြီးရောဂါ ဆိုးဝါးပြင်းထန်စွာ ခံစားရသူကို ရောဂါကြီးသူဟု ခေါ်ကြ၏။ ထို့ပြင် ရောဂါမကြီးသူ၊ ကြည့်ကောင်းသူ၊ ကြည့်မကောင်းသူ၊ အစိုသမား၊ အချောက်သမား စသည်တို့ဖြင့် ရောဂါအခြေအနေကိုလိုက်၍ အမျိုးမျိုးခေါ်ကြ၏။ ခြေလက်မပျက်စီးသေးဘဲ အသားအရည်ခြောက်နေသူကို အခြောက်သမား၊ အနာရှိ၍ စိုအိနေသူကို အစိုသမားဟု ခေါ်ကြသည်။ မသန်းသန်းနှင့် ကံကောက်ရွာမှ ကိုထွန်းတို့မေတ္တာမျှကြသည်။ စေ့စပ်ကြောင်းလမ်းပွဲကို ညနေ ၃ နာရီတွင် ချိန်းထားရာ ကိုထွန်းက ည ၇နာရီမှ ရောက်လာသည်။ မသန်းသန်းက သူ့ကိုယ်သူ သတ်သေရန် ပြင်ဆင်ထားပြီးဖြစ်၏။ အနာကြီးရောဂါသားသမီး အသိုင်းအဝိုင်းထဲမှ သူတစ်ဦးကို လက်ထပ်ဖို့ ဆိုသည်က သူသူငါငါအတော် စွန့်စားရသောကိစ္စဖြစ်၏။ ကိုထွန်းသည် မသန်းသန်းအားလာရောက် တောင်းရမ်းရန် ရက်သတ်မှတ်ပြီးကာမှ ချစ်သူ မသန်းသန်းကို လက်မထပ်ဝံ့ဘဲရှိခဲ့၏။ ဒါတောင် မသန်းသန်းတို့ဘက်က အတော်ပြည့်စုံ၍ ရွှေတစ်ပိသာလောက် လက်ဖွဲ့ဖို့ အဆင်သင့်လုပ်ထားပြီးဖြစ်၏။ ကိုထွန်းအဖို့ စေ့စပ်ပွဲသို့ မလာချင်လောက်အောင် စိတ်ပျက်မည်ဆိုကလည်း စိတ်ပျက်စရာဖြစ်၏။ သန်းသန်းမိဘများအနှစ်ဦးစလုံး ရောဂါကြီးပုံက နတ်နေကိုင်းပါမကျန် သူတို့ဖြစ်ကြ၏။

သစ်ပင်တိုင်းတွင် နတ်ရုက္ခစိုးအစောင့်ရှိသည်ဟု မြန်မာတို့ယုံကြည်ကြ၏။ သစ်ပင်တစ်ပင်ကို ခုတ်လျှင် နတ်နေ့ရန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုင်းတော့ ချန်ထားရတတ်၏။ သန်းသန်း မိဘများ ရောဂါကြီးပုံက ခြေချောင်း လက်ချောင်းတွေ အကုန်ပြုတ်ကျ လက်ငုံးတိခြေငုံးတိမို့ နတ်နေကိုင်းတောင် မရှိဟုဆိုကြခြင်းဖြစ်၏။ ထိုခေတ်က ယခုလို အစွမ်းထက်သော အမ်ဒီတီ ဆေးဝါးကလည်း မပေါ်သေး၊ ဆာလဖုန်းဆေးကိုသာ အဓိက အားထား၍ကုသရသော အချိန်ဖြစ်၏။

ဉယျာဉ်တန်းရွာနေ လူငယ်များအတွက် မျှော်လင့်ချက်က မောင်သောင်းတန်တို့လို အရွယ်ရောက်ပြီး ကောင်လေးဆိုပါက တခြားရပ်ရွာမှ ကောင်မလေးတစ်ယောက်နှင့် လက်ထပ်လျှင် ဂုဏ်ရှိ၏။ ဤရပ်ကွက်မှ ကောင်မလေးဆိုလျှင်လည်း အခြားရွာမှ ကောင်လေးတစ်ယောက်ကို ရအောင်ယူနိုင်မှ ဂုဏ်ရှိသည်။ ထိုသို့ ယူနိုင်ပါကလည်း တော်တော်ထက်တယ်ဟုဆိုကာ ချီးမွမ်းကြသည်။ ဉယျာဉ်တန်း ရွာသားအချင်းချင်းပြန်၍ အိမ်ထောင်ကျတာကိုလည်း အားပေးလေ့မရှိ။ ဘူဘူချင်း ပြန်သည်ဟု ဆိုကြ၏။ ဉယျာဉ်တန်းတွင် အရက်စီးပွားရေးကလည်း ကောင်းလေတော့ မိမိရွာမှ ကောင်လေး သို့မဟုတ် ကောင်မလေးက တခြားရွာမှ ကောင်မလေး သို့မဟုတ် ကောင်လေးကို ရအောင်ယူနိုင်ပါက မင်္ဂလာအခမ်းအနားကို ဝက်ဝက်ကွဲအောင်စီမံတတ်၏။ ပွဲတွေ အငြိမ့်တွေပါယုံမက တခြားရွာသူရွာသားများကိုလည်း တခမ်းတနား ဖိတ်သည်။ ဖိတ်၍ လာပါကလည်း ပုံအော၍ ညှော်ခံတတ်၏။ လက်ဆောင်ပစ္စည်းများပါ ပေးတတ်သည်။ မင်္ဂလာဆောင်ဆို၍ လက်ဖွဲ့ရန်မလို၊ ဉယျာဉ်တန်းမှ ကောင်လေးက တခြားရပ်ရွာမှ ကောင်မလေးများ ယူခဲ့လို့ကတော့ မိုးပြိုတော့မတတ်





မင်္ဂလာ အခမ်းအနားကိုကျင်းပကြ၏။ သည်ရပ်ကွက်သူ ရပ်ကွက်သားတစ်ယောက်က အခြားအရပ်မှ လူကောင်းသူကောင်းသားသမီးတွေ ရလျှင် မိဘများသည် ရွှေတုံးကြီး ကောက်ရသလို၊ ငွေထုပ်ကြီး ကောက်ရသလို ဝမ်းသာကြသည်။ ဤသည်ကို ရွာသူရွာသားများက သူတို့၏ မျှော်လင့်ချက်အဖြစ်လည်း ထားရှိကြပါ၏။ ဤစိတ်ဓာတ်သည် ဉယျာဉ်တန်း အနာကြီးရောဂါသည်တို့၏ ဘဝက ပေးအပ်သော စိတ်ဆန္ဒဖြစ်၏။ အနာကြီးရောဂါသည်ဟု ဆိုပါက ဘဝဆိုးလွန်း၍ ထိုရောဂါမျိုးရိုး မပြန့်ပွားလိုသည်ကို အခြေခံ၍ ဖြစ်ပွားသောစိတ်ထား ဖြစ်၏။

ဉယျာဉ်တန်းရွာမှ ကိုညိုလေးက ရောဂါသည်။ ရောဂါက အစိုမျိုးဖြစ်၍ လက်ကလေးတွေက ကွေကျ ပျက်ယွင်းစဖြစ်နေသူ။ သူက မန္တလေး စိန်ပန်းရပ်က အမျိုးသမီးတစ်ယောက်ကို အရက်ပို့ရင်း ရလာခဲ့ရာ စိန်ပန်းသူ အမျိုးသမီးကလည်း အတော့်ကို ချော၏။ ထို့ကြောင့် တစ်ရွာလုံးက ကိုညိုလေးကိုဝိုင်း၍ ချီးမွမ်းကြ၏။ ညိုလေးဆိုတဲ့အကောင် တော်တယ်ကွာ၊ တော်ချက်ကတော့ ပိုင်သလား မမေးနဲ့ဟု ပြောကြ၏။ ရွာမှ ကောင်မလေးများက တစ်ရပ်တကျေးမှ ကောင်လေးတစ်ယောက်ကို ရဖို့ဆိုတာက မလွယ်၊ သည်တော့ ဉယျာဉ်တန်းသူ ကောင်မလေးများက အရွယ်ရောက်၍ အားကိုးစရာ ခင်ပွန်းကောင်းရှာကြရလျှင် တစ်ရွာတည်းသား၊ တစ်ရပ်တည်းမှ လူငယ်များကိုသာ ပို၍ မျှော်လင့်အားကိုး စိတ်ကူးကြရ၏။

မောင်သောင်းတန်က ရပ်ကလည်းချော၊ အပြောကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အလုပ်ကလည်းကြိုးစားသောကြောင့် ရပ်ကွက်ထဲတွင်ပင် ကောင်မလေးများက ဝိုင်းဝိုင်းလည်နေ၏။ အရက်ပို့ရာတွင်လည်း မောင်သောင်းတန်က မျက်နှာပွင့်သည်။ ချက်ပြီးသား အရက်များကို ဖောက်သည်များထံ သွားပို့သည်ကို အရည်ပို့သည်ဟုဆို၏။ မန္တလေးမြို့ ဘုရားကြီးဘက် အရည်ပို့ရင်း ၄၁ လမ်းမှ မုန့်ဟင်းခါးသည် မနွဲ့နွဲ့ဝင်းဆိုလျှင် မောင်သောင်းတန်ကို မျက်စိကျနေသူ မိန်းကလေးတစ်ဦး ဖြစ်၏။

မောင်သောင်းတန် မုန့်ဟင်းခါးလာစားလိုက်ကတော့ ဘယ်တော့မှပိုက်ဆံမယူ၊ သူငယ်ချင်းတွေ ဘယ်နှစ်ယောက်ခေါ်လာ ခေါ်လာ စေတနာရက်ရောစွာဖြင့် ကျွေးတတ်သော မုန့်ဟင်းခါးသည်မလေး ဖြစ်၏။ မောင်သောင်းတန်ကလည်း အရည်ပို့ပြီးအပြန် တစ်ခါတလေ မနွဲ့နွဲ့ဝင်း မုန့်ဟင်းခါးဆိုင် အသိမ်းကိုစောင့်၍ တစ်ညနေလုံး စကားပြောနေတတ်၏။ မောင်သောင်းတန်တွင် ရည်စားဟူ၍ မယ်မယ်ရရ မရှိဘဲ ဟိုကောင်မလေးကို သဘောကျသလို ထင်လိုက်၊ ဒီကောင်မလေးကို သဘောကျသလိုလို ထင်လိုက်နှင့် စိတ်ကစားနေ၏။

မနောမယံအေးသဒ္ဒိ ဘုရားထီးတင်ပွဲပြီးသောအချိန်တွင်မှာတော့ မောင်သောင်းတန်စိတ်တွင် တစ်ရပ်တည်းနေ မြင့်မြင့်စန်းဆိုသော ကောင်မလေးက ပိုချောလာသည်ဟု ထင်၏။ မထူးပါဘူး၊ မြင့်မြင့်စန်းဆိုတဲ့ ကောင်မလေးကိုပဲ ရည်းစားစကားပြောတော့မယ်ဟု စိတ်ကူးတော့လည်း တကယ်တမ်းကျတော့ မြင့်မြင့်စန်းကို ရည်းစားစကား





မပြောဖြစ်ခဲ့။ တစ်ယောက်နှင့်တစ်ယောက် စိတ်ဝင်စားနေကြတာကိုတော့ မျက်လုံး အချင်းချင်း သိနေပြီဖြစ်၏။ သို့သော် မောင်သောင်းတန်အဖို့ ဒါမျိုးက ပထမဆုံးအကြိမ်မို့ စတင်ရန် ခက်နေ၏။ မြင့်မြင့်စန်းကို ပါးစပ်နှင့် ချစ်ရေးဆိုဖို့ ခက်နေသဖြင့် မောင်သောင်းတန်က စာရေးပြီး ချစ်ရေးဆိုရန် ဆုံးဖြတ်၏။ စာရေးမည်ဆိုပါက မပြုံးကြည်တို့ဆိုင်တွင် စာရေးစက္ကူသွားဝယ်ရမည်ဖြစ်၍ မောင်သောင်းတန်စက်ဘီးနှင့် ထွက်ခဲ့ပါ၏။ အချိန်က ညနေခင်းမှောင်ရည်ပျိုးစ အချိန်။ လမ်းထိပ်ရောက်တော့ မိန်းကလေးတစ်ယောက်ကို ဝိုးတိုးဝါးတားတွေ့လိုက်ရ၏။ ဘယ်သူ ဘယ်ဝါမှန်း မသိ။ အနားရောက်တော့မှ ထိုအမျိုးသမီးက တခြားမဟုတ်၊ မြင့်မြင့်စန်း ဖြစ်နေသည်ကို တွေ့လိုက်ရ၏။

"ဟဲ့ သောင်းတန်၊ ဘယ်သွားမလို့လဲ"ဟု မြင့်မြင့်စန်းက ဆို၏။

"ငါ မပြုံးကြည်တို့ဆိုင်မှာ စာရေးစက္ကူ သွားဝယ်မလို့"

"ဒီလိုဆိုရင် ငါလဲ လိုက်ပါရစေဟယ်"ဟုဆိုကာ မြင့်မြင့်စန်းက စက်ဘီးနောက် ကယ်ရီယာပေါ် တက်ထိုင်သည်။ မောင်သောင်းတန်က ကတုန်ကယင်ဖြင့် ဘာလုပ်ရမည် မသိ။ မတွေ့ဖူးမကြုံဖူးသော လူပျို ပေါက်စလေးဖြစ်၍ ရင်တွေတုန်လိုက်ပုံကိုက ပြောမပြတတ် တော့။ သို့သော်လည်း မောင်သောင်းတန်တစ်ယောက် ရည်းစားစာ မပေးရဘဲ မြင့်မြင့်စန်းနှင့် သမီးရည်းစားဖြစ်သွားခဲ့၏။

မောင်သောင်းတန်က ဥယျာဉ်တန်းရွာလေးတွင် ဖိုးစွံဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သောင်းတန်တို့အိမ်ကို အကြောင်းမရှိ အကြောင်းရှာပြီး ဟူလေးကို ချီချီပြီးကြက်မြစ်ကြက်သည်းကြော်တွေ ကြော်၍လာပို့နေသော မိန်းကလေးတစ်ယောက်က မစိန် ဖြစ်၏။ မစိန်က သူ့အစ်မဖြစ်သူနှင့် နေ၏။ အစ်မဖြစ်သူက ကြာဇံဟင်းခါးရောင်းရာ တစ်နေ့ကို ကြက်တစ်ကောင်နှစ်ကောင် ဝယ်ရ၏။ ကြာဇံဟင်းခါးတွင် ကြက်အသားကိုသာ သုံးရာ အသည်းအမြစ်တွေက အမြဲပိုနေ၍ မစိန်က ယင်းအသည်းအမြစ်များကို ကြော်ပြီး မောင်သောင်းတန်စားဖို့ လာပို့တတ်၏။ တစ်ခါတစ်ရံ မောင်သောင်းတန်က အားနာပြီး မီးဖိုထဲဝင်နေလျှင် မစိန်က မီးဖိုထဲအထိဝင်၍ပို့၏။ တစ်ခါတစ်ရံတော့လည်း ကြက်အသည်း အမြစ်တွေသာမက ရင်ပုံတွေ ပေါင်တွေပါ ပါလာတတ်၏။ မစိန်သည် မောင်သောင်းတန်နှင့် မြင့်မြင့်စန်းတို့ ကြိုက်နေမှန်းသိပါလျက် မောင်သောင်းတန်ထံသို့ နေ့စဉ် ဝတ္တရားမပျက်လာသူဖြစ်ရာ၊ မောင်သောင်းတန်က တစ်နေ့တွင် မစိန်ပါးလေးကို ဖွဖွလေးနမ်းပြီး ချစ်သူအဖြစ် လက်ခံလိုက်၏။

မောင်သောင်းတန်တို့အိမ်ရှေ့တွင် မကြည်ဌေးဆိုသော ကောင်မလေးတစ်ယောက်က ရှိသေး၏။ မကြည်ဌေး မိဘများက သူတို့မိသားစုက ဆန်နှင့်ရာဘာမှောင်ခို လုပ်သူများဖြစ်၍ တစ်ခါတစ်ရံ အိမ်ရှိလူကုန် အရောင်းအဝယ် ထွက်ကြရာ အိမ်တွင် မကြည်ဌေးနှင့် သူ့ညီမလေး နှစ်ယောက်သာ ကျန်တတ်၏။ ခရီးထွက်ခါနီးတွင် မကြည်ဌေးအဖေက "ဟော့ မောင်သောင်းတန်၊ ငါတို့ ခရီးထွက်နေတုန်း မင်း ညီမလေးလဲ ကြည့်လိုက်ပါဦး"ဟုဆိုကာ အပ်နှံသွားလေ့ရှိ၏။





မကြည်ဌေးကလည်း မောင်သောင်းတန်သူတို့အိမ် လာလျှင်လာ၊ မလာလျှင် မောင်သောင်းတန်အိမ်သို့ သူကလာ၏။ တစ်ကြိမ်တွင်တော့ မောင်သောင်းတန်က ပုဏ္ဏားကွယ်လေးကို အကာအကွယ်ယူ၍ မကြည်ဌေး လက်ကလေးကို ကိုင်မိရာက မောင်သောင်းတန်နှင့် မကြည်ဌေးတို့ သမီးရည်းစား ဖြစ်ခဲ့ရ၏။

မောင်သောင်းတန်သည် ဥယျာဉ်တန်းရှာ အမျိုးသမီးများ အကြားတွင် မျက်နှာပွင့်သူ ဖြစ်၏။ တစ်ရွာသားကို ရည်းစားမထားနိုင်ကြသူတိုင်း မောင်သောင်းတန်ကို ဝိုင်းကြ၏။

မောင်သောင်းတန်တွင် ဒေါ်မြတင်ဆိုသော အဒေါ်တစ်ယောက် ရှိ၏။ ဒေါ်မြတင်၏ခင်ပွန်း ဦးဘအေးဆုံးသွားတော့ ဒေါ်မြတင် တစ်ဦးတည်း နေရသည်။ ထို့ကြောင့် ဒေါ်မြတင်ကို အဖော်လုပ်ရန် မောင်သောင်းတန်ကဒေါ်မြတင်၏အိမ်တွင် ညလာအိပ်၏။ ထိုစဉ်က မောင်သောင်းတန်၏ အသက်သည် ၁၇ နှစ် ရှိပြီ။

တစ်နေ့တွင်တော့ ဒေါ်မြတင်တို့အိမ်သို့ မိတ္ထီလာမြို့နယ်၊ ရေချိုရွာမှ မဝင်းကြည်ဆိုသော အမျိုးသမီးတစ်ယောက် ဆေးလာကု၏။ မဝင်းကြည်တွင် အနာကြီးရောဂါဖြစ်နေသည်။ မန္တလေး ဆေးရုံတွင် လာကုလျှင် ဒေါ်မြတင် အိမ်တွင်တည်းရ၏။ ရေချိုရွာနှင့် ဒေါ်မြတင်တို့၏ဘူတာရွာက ၊တစ်မိုင်လောက်သာဝေးပြီး နှစ်ရွာ တစ်ရွာ ဖြစ်သည်။ မဝင်းကြည်သည် တစ်နှစ်လျှင် သူ့ရွာသို့ သုံးလေးခေါက် ပြန်တတ်ပြီး သူ့ရွာမှ ပြန်လာပါက ဒေါ်လေး ဒေါ်မြတင်အတွက် ဆီး၊ မြေပဲယို၊ နှမ်းပျစ်၊ အညာဖျင်အစ



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်တွေ တစ်သီကြီးနှင့် ပြန်လာရတတ်၏။ လက်ဆောင်တွေ တစ်သီကြီးပါမှလည်း ဒေါ်မြတင်က ကြည်ကြည်ဖြူဖြူရှိ၏။ ဆီဆိုလျှင် သုံးပိဿာ၊ လေးပိဿာလောက်ပါမှ မပါလျှင် ဒေါ်မြတင် တစ်ယောက်က ဗျစ်တောက်ဗျစ်တောက်နှင့် ပြောမဆုံးနိုင်။

မဝင်းကြည်မှာက ညီအစ်ကို မောင်နှမ ၁၄ ယောက်ရှိ၏။ သူတို့ မိသားစုတွင် အနာကြီး ရောဂါမျိုးရိုးမရှိ။ သို့သော် မဝင်းကြည် တွင် ထိုရောဂါစွဲကပ်လာခဲ့၏။ မဝင်းကြည်က သူတို့မိသားစုတွင် တတိယမြောက် သမီးချော ဖြစ်၏။ သားသမီး ၁၄ ယောက်တွင် သူတစ်ယောက်တွင်မှ သည်ရောဂါ စွဲကပ်ရသည်ဟုဆိုကာ မိသားစု တစ်စုလုံးက မဝင်းကြည်အား အလိုလိုက်၍ ထား၏။ မဝင်းကြည် သည်ရောဂါ စွဲကပ်လာတော့ သူ့မိဘများက ဆွေမျိုးလည်း မကင်း ရှာနီးချင်းလည်းဖြစ်သူ ဒေါ်မြတင်ထံတွင် သမီးဖြစ်သူအား လာရောက် အပ်နှံကာ မန္တလေး အနာကြီးဆေးရုံတွင် ဆေးကုစေခြင်းဖြစ်၏။ မဝင်းကြည်ကလည်း ရောဂါလက္ခဏာ အထင်အရှားရှိနေသော ရောဂါသည် တစ်ဦးဖြစ်၏။ သို့သော်လည်း သည်အရပ် သည်ဒေသ တွင် သည်လိုပဲ ရောဂါလာရောက် ကုသသူများ ရှိတတ်စမြဲမို့ ဥယျာဉ်တန်းရွာအတွက် အဆန်းတကြယ်ကိစ္စ မဟုတ်။

မဝင်းကြည်တစ်ယောက် ယခုအပတ် ပြန်လာချိန်တွင် ပန်းအိုင် ဘုရားပွဲပြီးမှ ပြန်လာတာမို့ အညာမုန့်မျိုးစုံ ပို၍ပါလာ၏။ မောင်သောင်းတန်က "ဒေါ်ကြီး၊ မဝင်းကြည် ခုခေါက်ပြန်လာတာ ဘာတွေပါခဲ့တုံး အရင်အခေါက်က နှမ်းဆုပ်လို အခုပါလာတဲ့ မုန့်တွေထဲမှာ မုန့်တွေထဲမှာ သဲပါသေးလား"ဟု မေး၏။





"ဟဲ့ မောင်သောင်းတန်၊ မဝင်းကြည်က သိပ်ကြီးတာမဟုတ် သေးဘူး၊ အစ်မလို့ခေါ်ပါ"ဟု ဒေါ်လေးက ဆီလေးပိဿာ မျက်နှာ ကြောင့်ဆို၏။ မောင်သောင်းတန်က ရောက်ခါစကတည်းက ဒေါ်ကြီးဟု ခေါ်နေစမို့ နှုတ်ကျိုးနေ၏။ သို့သော်လည်း ထိုနေ့ကတော့ မောင်သောင်းတန်ကလည်း နှမ်းဆုပ်မျက်နှာနှင့် အစ်မ မဝင်းကြည်ဟု ပြောင်းခေါ်မိ၏။

မဝင်းကြည်က "နင် ဈေးများမှန်းသိလို့ နှမ်းဆုပ်ကို အစ်မ ကိုယ်တိုင် နှမ်းကိုပြာပြီး ထောင်းယူခဲ့တာ၊ ဈေးကဝယ်ခဲ့တာ မဟုတ် ဘူး" ဟုဆိုသည်။

"အရင်တစ်ခါ ကတည်းက သဲပါလို့ မိတ္တီလာနှမ်းဆုတ်ဆို လန့်နေတာ"ဟု မောင်သောင်းတန်က အထွတ်တက်လိုက်၏။

"ငါကိုယ်တိုင် လုပ်လာတာပါ ဆိုနေမှ"

"ဒါဆိုရင် ကျွန်တော့်ဖို့ နှမ်းဆုတ် သပ်သပ်သိမ်းထား၊ ကျွန်တော်လဲ အစ်မ မဝင်းကြည်ဖို့ထပ်တစ်ရာ ဝယ်ခဲ့မယ်" ကျွန်တော့် အဝတ်အစားတွေကိုတော့ လျှော်ဖွတ်ထားပေးအုံး" အရည်ပို့ပြန်လာရင် ထပ်တစ်ရာ ဝယ်ခဲ့ပါမယ်"ဟုဆိုရ၏။

မဝင်းကြည်က "နင်ထပ်တစ်ရာ မဝယ်ခဲ့လဲ နင့်အဝတ်တွေ ငါလျှော်ပေးပါမယ် ငါ့မောင်ရယ်"ဟုဆိုကာ အဝတ်များကို ယူထား လိုက်၏။ မစဉ်းမစားခိုင်းခဲ့ပြီးကာမှ မောင်သောင်းတန်သည် အစ်မ မဝင်းကြည်က ရောဂါသည်၊ ခြေထောက်နှစ်ဖက်စလုံး ကောင်းပေမယ့် လက်တစ်ဖက်က လက်ချောင်းလေးတွေ သိမ်ပြီး ကွေးစပြုနေတာ



www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ဒေါ်မြတင် တောင်ခိုင်းတာမဟုတ်ဘူး ဆိုပြီး စိတ်မကောင်းဖြစ်မိ၏။

သို့သော်လည်း မဝင်းကြည်က အဝတ်များကို လျှော်ဖွတ်ရုံသာမက မီးပူပါ တိုက်ထားပေးသည်။ စေတနာနှင့် တိုက်တာကြောင့်လောမသို့၊ အတွန့်အခေါက်မရှိ၊ အကျီများကကော့နေသည်။ ပြင်ဦးလွင် တက်ခါနီး အမေက ငွေ ၁၀ တည်းပေးလိုက်၍ "ကဲ အစ်မရာ အမေက ငွေတစ်ဆယ်ထဲပေးလိုက်လို့ ငွေ ၂၀၊ ၃၀လောက်တော့ ခဏချေးပါဦး"ဟုဆိုတော့ မဝင်းကြည်က ငွေ ၃၀ ရှောရှောရှုရှုပင် ပေးလိုက်၏။ မဝင်းကြည် ငွေထုတ်ပေးသည်ကို စိုးဝင်းက ကြည့်နေ၏။ ပြင်ဦးလွင် ရက္ခဇေဒ ဥယျာဉ်သို့ရောက်၍ နေ့လယ်စာစားပြီး ခေတ္တနားကြမည်လုပ်တော့မှ စိုးဝင်းက "ဟေ့ကောင် မောင်သောင်းတန်၊ မင်းနဲ့ ဒေါ်လေး ဒေါ်မြတင်တို့အိမ်က ညှော်သည် မဝင်းကြည်နဲ့က ရိုးမှရိုးရဲ့လား၊ရည်းစားဖြစ်နေပြီလား"ဟု မေးပါ၏။

"ငါတို့က ဘာမှ မဖြစ်ရပါဘူး၊ တကယ့်ကို ရိုးရိုးခင်နေတာ"

"မင်း မလိမ်နဲ့"

"မလိမ်ပါဘူးကွာ"

"ဒါဆိုရင် မင်းသိပ်အတာပဲ"

"ဘာပြုလို့လဲ"

"ဒီအစ်မကြီးက တကယ်တောင့်တဲ့ အစ်မကြီး၊ သူ့ကြည့်ရတာ မင်းပြောရင် ရနိုင်တယ်ကွာ"

"ဟာ ငါမပြောရဲပါဘူး"





ဟုပြောစဉ် မောင်မြင့်ရောက်လာ၍ စကားပြတ်သွား၏။ ပြင်ဦးလွင်မှ ထိုနေ့က မန္တလေးသို့ ည ၇ နာရီလောက်မှရောက်၏။ မောင်သောင်းတန်သည် မဝင်းကြည်နှင့် ပတ်သက်၍ အစ်မကြီးတစ်ယောက်လို ရိုးရိုးခင်ခဲ့တာအမှန်ဖြစ်၏။ အမှန်တော့မောင်သောင်းတန်အဖို့ ရည်းစားသုံးယောက်နှင့်ပင် ရွှေစာရံ ဘုရားပွဲသွားလိုက်ရ၊ ကျောက်တော်ကြီးဘုရား လိုက်ပို့ရနှင့် လက်မလယ်ရသည့်ကြားထဲ စိုးဝင်း ပြောလိုက်မှ မောင်သောင်းတန်၏ စိတ်ထဲတွင် တစ်မျိုးဖြစ်လာခဲ့ရ၏။ အိမ်ရောက်တော့ သောင်းတန်တစ်ယောက် မဝင်းကြည်ကို ရင်ဆိုင်ပြီး မကြည့်ရဲဘဲဖြစ်နေ၏။ ထိုနေ့ည ဒေါ်လေးအိမ်သို့ ရောက်ရောက်ချင်း အိပ်ရာထဲတန်းဝင်ကာ အိပ်လိုက်သည်။ နံနက်မိုးလင်းတော့ အစောကြီးထကာ အိမ်သို့ပြန်မည်လုပ်တော့ မဝင်းကြည်က နိုးနှင့်ပြီး ဖြစ်နေ၏။

"အစောကြီး ဘယ်သွားမလို့လဲ"ဟု မေးတော့ မောင်သောင်းတန်က မဝင်းကြည်ကို မကြည့်ဘဲ "အစ်မကြွေးကိုဆပ်ဖို့ အိမ်ပြန်ပြီး ယူမလို့"ဟု ဆိုကာ လှည့်မကြည့်ဘဲ ထွက်လာခဲ့၏။

မဝင်းကြည်က "မြန်မြန်တော့ ပြန်လာခဲ့နော်"ဟု မှာခဲ့သော်လည်း ထိုနေ့က မြင့်မြင့်စန်းနှင့်တွေ့နေ၍ မပြန်ဖြစ်ဘဲရှိ၏။ မြင့်မြင့်စန်းနှင့်က တွေ့သာ တွေ့နေရသည်။ ငှက်ပျောတုန်းကြီးနှင့် ထိနေရသလို ဘာမျှမဖြစ်၊ စိတ်က မဝင်းကြည်ဆီ ရောက်နေသည်။

ဒေါ်လေးအိမ်သို့ ည ၁၀ နာရီလောက်မှ ရောက်၏။ ဒေါ်လေးက ဘုရားရှိခိုးနေ၍ မဝင်းကြည်က စောင့်နေသည်။ အိမ်



www.burmeseclassic.com

www.burmeseclassic.com



နောက်တွင် အရက်ချက်သူများလည်း ရောက်နေပြီဖြစ်၍ ခုံတန်းလျားလေးတစ်ခုတွင်ထိုင်ကာ နှစ်ဦးသား စကားပြောဖြစ်နေ၏။

"ရှော့ရော့ ဒါ အစ်မဆီက ယူထားတဲ့ငွေ"ဆိုတော့ မဝင်းကြည်က "သုံးစရာရှိရင် ယူထားဦး"ဟုဆိုသည်။ "သုံးစရာမရှိပါဘူး" ဟုဆိုတော့ မဝင်းကြည်က "နေဦး ငါနှမ်းဆုပ်ချန်ထားသေးတယ်။ သွားယူဦးမယ်"ဆိုကာ နှမ်းဆုပ်တစ်ပန်းကန်ယူလာပြီး ကျွေးသည်။ မောင်သောင်းတန် စိတ်တွေက ဘယ်လို ဖြစ်နေသည်မသိ၊ သောင်းတန် အလွန်ကြိုက်သော နှမ်းဆုပ်တစ်ဆုပ်ပြီးတစ်ဆုတ်သာ စားနေသည်။ ဘာအရသာမှမရှိ။ မဝင်းကြည်ရှေ့တွင် ရင်တုန်ပန်းတုန်ကြီး ဖြစ်နေတာက အခက်ဆုံးဖြစ်၏။ သည်လိုတော့ မဖြစ်ဘူး၊ ငါ့အမေအိမ်ပြန်နေတာပဲ ကောင်းတော့မည်ဟုလည်း စိတ်ကူး၏။ အမေအိမ်သို့ ရောက်လျှင် လည်း ဒီကိစ္စကြီးက ပျောက်မည်မဟုတ်၊ အချစ်စိတ်တွေ မွန်ထူနေသည်၊ သူ့ကိုယ်သူ ဘာဖြစ်နေသည်ကို မောင်သောင်းတန်က မသိ၊ မဝင်းကြည်ကို ချစ်လို့ ဖြစ်နေတာလား၊ မချစ်လို့ ဖြစ်နေတာလား လည်း မသိ၍အဆုံးတွင် သတ္တိစိတ်မွေးကာ မဝင်းကြည်ကို ရဲရဲကြည့် ပြစ်လိုက်မိ၏။ မောင်သောင်းတန်က စိုက်ကြည့်လိုက်တော့ မဝင်းကြည် က "နင် အိပ်ချင်နေပြီလား၊ ဒါဆိုလဲ အိပ်တော့လေ" ဆိုတော့ မောင်သောင်းတန်က ရုတ်ခြည်းထပြီး အပေါ်ထပ်သို့ တက်ခဲ့၏။ အပေါ်ထပ် သို့ အတက်လှေကားအဆုံးရောက်မှ ဘာကြောင့်ရယ်မသိ မောင်သောင်းတန်က ရပ်နေမိ၏။ မဝင်းကြည်က နှမ်းဆုပ် လက်ကျန် များကို သိမ်းပြီး အိမ်ပေါ်သို့ တက်လာသည်။ မဝင်းကြည်က "ဘာလို့





ရပ်နေတာလဲ၊ တက်လေ" ဟု ဆို၏။ ထိုအခါမှ မောင်သောင်းတန်က "ကျွန်တော် အစ်မကိုစောင့်နေတာ"ဟု ဆိုလိုက်၏။ မောင်သောင်းတန် ၏ အသံက တိုးလွန်းနေ၏။

"ဘာလို့ စောင့်နေတာလဲ"

မဝင်းကြည်၏အသံကလည်း တိုးလွန်းသည်။

"ချစ်လို့"ဟုဆိုကာ မောင်သောင်းတန်က သူ၏သန်မာသော လက်နှစ်ဖက်နှင့် မဝင်းကြည်၏ကိုယ်လုံးကို မှီရာမှလှမ်း၍ ဖက်လိုက် ၏။ မဝင်းကြည်၏ ခန္ဓာကလည်း မောင်သောင်းတန်၏ လက်ထဲတွင် အလိုလို ပျော့ခွေနေတော့၏။

မြင့်မြင့်စန်းနှင့် ရည်းစားဖြစ်ပြီး တစ်နှစ်ကျော်ကြာမှ မောင် သောင်းတန်သည် မဝင်းကြည်နှင့် ရည်းစားဖြစ်သည်။ မဝင်းကြည်နှင့် က တစ်အိမ်ထဲ နေကြတာဖြစ်၍ ပထမတော့ ဘယ်သူမှ မရိပ်မိကြ။ ခြောက်လလောက်ကြာတော့ မောင်သောင်းတန်၏ ရည်းစားများဖြစ် ကြသော မြင့်မြင့်စန်း၊ မိစိန်၊ ကြည်ငွေးတို့နှင့်တကွ မောင်သောင်းတန် ၏ မိဘများသာမက တစ်ရပ်ကွက်လုံး သိရှိသွားတော့၏။ မိဘများက ပထမရည်းစား သုံးယောက်စလုံးနှင့်ပင် သဘောမတူ၊ သားဖြစ်သူ မောင်သောင်းတန်ကို အနူရွာ အနူအသိုင်းအဝိုင်းက ဘယ်သူနှင့်မှ သဘောမတူ၊ ဒီရပ်ကွက် ဒီအသိုင်းအဝိုင်းက မဟုတ်ရင်ပြီးရော၊ အဓိက တစ်ရပ်တကျေးသူနှင့် ရစေချင်တာ တစ်ရွာလုံး တစ်ရပ်လုံး၏ ဆန္ဒဖြစ်၏။

မောင်သောင်းတန်ကလည်း အနူတောတွင် လူချောဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူက အရည်ပို့ရင်း မြို့ထဲက ဝတ်ပုံစားပုံ နေထိုင်သွားလာသူတို့ကို အတုခိုးကာ သူ့စတိုင်လေးနှင့်သူ နေသူဖြစ်၏။ အလုပ်ကလည်း ဝီရိယရှိ အရက်မသောက်၊ ဆေးမသောက်ကွမ်းမစားပဲ အပေါင်းအသင်းဆံ့သူ တစ်ယောက်လည်းဖြစ်၍ မောင်သောင်းတန်ကတော့ တစ်ရပ် သူနှင့်ရမည့် အကောင်ဟု တစ်ရွာလုံး ထင်ကြေးပေးထားသူဖြစ်၏။ အခုတော့ ရောဂါသည် မဝင်းကြည်နှင့်မှ ဖြစ်ရလေခြင်းဟု ဆိုကာ အမေနှင့်တကွ ညီအစ်ကိုမောင်နှမများ၊ ဆွေမျိုးများနှင့် ပတ်ဝန်းကျင်ကပါ မောင်သောင်းတန်ကို မဝင်းကြည်နှင့် ဘယ်လိုမှ သဘော မတူပဲရှိလာ၏။ မောင်သောင်းတန်ကလည်း မဝင်းကြည်ကို အခြား ရည်းစားများနှင့်မတူ၊ အတူနေရင်း သံယောဇဉ်ပိုကာသံယောဇဉ်နှင့် အချစ်မို့တုပ်နှောင် ထားသော သံယောဇဉ်က ခိုင်မာလွန်းနေ၏။

"သောင်းတန် မင်းရုပ်မင်းရည်နဲ့ ဘယ်အရပ်မှာပဲ မိန်းမတစ်ယောက် သွားရှာရနိုင်ပါရက်နဲ့ ဒီရောဂါသည်မကိုမှ ကြိုက်ရတယ်ကွယ်"ဟု ကရုဏာဖြင့် ဆိုကြ၏။ မောင်သောင်းတန်က ကျွန်တော် ချစ်မိတာကိုးဗျာ"ဟု ဆို၏။

"ဒါပေမယ့် မင်းချစ်တဲ့ မိန်းမက ရောဂါသည်၊ နူနေတဲ့မိန်းမ၊ အနူဆိုတဲ့ရောဂါက ဘယ်လောက်ဆိုးတယ်ဆိုတာ မင်းအသိ၊ တို့လဲ အသိ၊ တို့တစ်ရွာလုံးအသိ၊ မင်းဘယ်နည်းနဲ့မှ ဒီမိန်းမကို မယူရဘူး" ဦးလေးသားချင်းတို့က ဆိုသည်။

အမေက "သားရယ် ဒီမိန်းမနဲ့ကတော့ ငါတို့ ဘယ်လိုနည်းနဲ့





မှ သဘောမတူနိုင်ဘူး"ဟု ဆို၏။ "အသက်အရွယ်ကလည်းကွာတယ်၊ ရောဂါကလဲရှိတယ်၊ အဲဒီရောဂါက ငါတို့ တစ်မျိုးလုံးတစ် ဆွေလုံး အမြဲဒုက္ခပေးနေတဲ့ ရောဂါဆိုး" ဟုဆိုသည်။ သည်တော့ ဒေါ်လှမှိုက "ကလေးကို မုန့်ပေးကြိုက်တာ၊ ရောဂါသည်မက ကန်းတက်လို့၊ မိဘဆွေမျိုးကိုမှ အားမနာ၊ ငါနဲ့များ သောင်းတန် ငရုတ်သီးတစ်တောင့်လောက် စပ်ကြည့်ပါလား၊ ဒီကောင်မပါးကို ရိုက်ပစ်လိုက်မယ်"ဟု ဆွေမတော် မျိုးမစပ်ဘဲဆို၏။

ဒေါ်လေးကတော့ "ဝင်းကြည်၊ ညည်းကို ငါဒီမှာဆေးကုဖို့ ခေါ်ထားတာ၊ လင်ထောင်ဖို့ ခေါ်ထားတာ မဟုတ်ဘူး၊ ညည်းမဖြစ်နိုင်တာကို စိတ်ကူးမယဉ်နဲ့၊ ငါတူနဲ့ ညည်း ဘယ်လိုမှ မဖြစ်နိုင်ဘူး" ဟု ဆို၏။

သည်တော့ မဝင်းကြည်က "ဟုတ်ပါတယ် ဒေါ်လေးရယ်၊ ကျွန်မ ဒီကိစ္စမှာ နောက်ဆုတ်ပါမယ်၊ ဒီလောက်အထိ ကြီးကျယ်လာမယ်ဆိုတာ မသိလို့ လိုက်လျှောမိတာပါ၊ ကျွန်မ အရပ် ပြန်ပါမယ်"ဟု ဆို၏။ မဝင်းကြည်က "ဟုတ်တယ် သောင်းတန်၊ ဒေါ်လေး ပြောတာရော တစ်ရွာလုံးပြောတာတွေက အမှန်ဖြစ်တယ်၊ ရှေ့မဆက်ပါနဲ့တော့ သောင်းတန်ရယ်"ဟုဆိုကာ ငိုနေသည်။ ဒေါ်လေးက မျက်ခြည်မပြတ် ကြည့်နေသည်။ ဒါပြင် မောင်သောင်းတန်ကို ကိုယ့်အိမ်ကိုယ် ပြန်အိပ်တော့ဟု ဆို၏။ တစ်နေ့ မနက်အစောကြီး မဝင်းကြည် သူ့ရွာသူ ပြန်သွားသည်။ မောင်သောင်းတန်က ကားဂိတ်လိုက်ပို့မည်ဟုဆိုကာ ဒေါ်လေးအိမ်သွားတော့ မဝင်းကြည် မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



မဝင်းကြည်က စာလေးတစ်စောင်တော့ ပေးသွား၏။ "မင်းနဲ့ စကားတွေတော့ အများကြီးပြောချင်သေးတယ်၊ တို့ရွာကို လာလည်ချင်ရင် လာခဲ့ပါ"ဟူ၍ ဖြစ်သည်။

မောင်သောင်းတန်သည် ထိုစာလေးကိုဖတ်၍ မဝင်းကြည်ထံ လိုက်ရန် ဆုံးဖြတ်လိုက်၏။ မြင့်မြင့်စန်းက ဟိုလူခေါ်ခိုင်း သည်လူ ခေါ်ခိုင်း လုပ်ရှာ၏။ သို့သော် မောင်သောင်းတန်သည် မြင့်မြင့်စန်းထံသို့ မသွားဖြစ်။ သို့သော်လည်း သူငယ်ချင်းဖြစ်သူ မောင်မြင့်အားခေါ်၍ ချစ်သူရှိရာ မိတ္ထီလာမြို့သို့ ထွက်လာခဲ့၏။ မောင်မြင့်ကတော့ မလိုက်ချင် လိုက်ချင်နှင့် လိုက်လာရသည်။ "အေး ငါ မင်းနဲ့ လိုက်လာတာ မင်း အမျိုးတွေသိရင် ငါ့ကိုသတ်မှာ" ဟုဆို၏။

မနက်ပိုင်း မန္တလေးမှ ထွက်လာရာ ညမိုးချုပ်မှ မဝင်းကြည်တို့ရွာသို့ရောက်၏။ မောင်သောင်းတန်ကိုတွေ့တော့ မဝင်းကြည်က အံ့အား သင့်ကာ မတ်တတ်ရပ်လျက် သတိမေ့သွား၏။ အမေက "ဟဲ့ ဝင်းကြည်၊ ညှော်သည် ကောင်လေးတွေ ခေါ်လေ"ဟုဆိုမှ သတိရသည်။ မဝင်းကြည်နှင့်တွေ့တော့ မောင်သောင်းတန်တစ် ယောက် ပျော်လိုက်သည်ဖြစ်ခြင်း။ "အစ်မဝင်းကြည်၊ ခင်ဗျားအဲသလို ထွက်ပြေးလို့ လွတ်မယ်ထင်သလား"ဟု မေးလိုက်မိ၏။ "ငါ့မောင်ရယ် မောင်လေးတို့ အသိုင်းအဝိုင်းက အသည်းတွေခွဲပြီး ထွက်ပြေးခဲ့ရတဲ့ သူပါ၊ မောင်လေးကို ဘယ်တော့မှ မမေ့ပါဘူး၊ အစ်မကို မောင်လေး တကယ်ချစ်တာ ဟုတ်ရဲ့လားဟင်"ဟုဆို၏။

"အစ်မကို ကျွန်တော် တစ်သက်မခွဲဘူး၊ ဘယ်တော့မှ





မခွဲဘူး၊ ဒီအကြောင်းကို ကျွန်တော် သက်သေပြမယ်"

"ယုံပါတယ် မောင်ရယ်၊ မောင်လေး အခု အစ်မနောက်လိုက် လာတာနဲ့တင် ယုံပါပြီမောင်ရယ်၊ အစ်မ မောင်လေးကို သုံးလေးလ တစ်ခါ မြင်နေရရင် အစ်မ ကျေနပ်လှပါပြီ"ဟုဆိုတော့ မောင်သောင်း တန်နှင့် မောင်မြင့်တို့ မဝင်းကြည်တို့ရွာတွင် နှစ်ညအိပ်ပြီးနောက် တစ်နေ့ မန္တလေးသို့ ပြန်လာခဲ့ကြ၏။

"အစ်မ ကျွန်တော် သကြၤန်ပြီးရင် တစ်ခေါက်လာခဲ့ဦးမယ်၊ ဆက်ဆက်စောင့်နော်"ဟု မှာခဲ့သည်။ မန္တလေးသို့ရောက်တော့ တစ်ရွာလုံးက ရစရာမရှိအောင် အပြစ်ပြောကြ၏။ ဒီရောဂါသည်မ နောက်ကိုမှ လိုက်သွားရတယ်လို့၊ အဖော်လိုက်သွားခဲ့သော မောင်မြင့် လည်းမသက်သာ။ မောင်မြင့်က သူ့အတွက် သက်သာရာ သက်သာမှု ရစေကြောင်း မောင်သောင်းတန်တစ်ယောက် သကြၤန်ပြီးပါက ထပ်သွားဦးမည့်အကြောင်း ဖော်ကောင်လုပ်၏။ အမေနှင့် ဒေါ်လေး တို့က ဒီတစ်ခါ ရွာမှအဖော်လိုက်ရဲတဲ့ကောင် လိုက်စမ်းဟုဆိုကာ တစ်ရွာလုံးကို မောင်းတီးပြီး ပြောလိုက်တော့ နောက်တစ်ခေါက် မောင်သောင်းတန်နှင့် ဘယ်သူမှ အဖော်မလိုက်တော့။ ထိုမျှမက သည်ရောဂါသည်မထံ မောင်သောင်းတန် မသွားရလေအောင် တားကြသည်။ မောင်သောင်းတန်သွားမည့်နေ့က မောင်သောင်းတန်၏ အဝတ်အိတ်ကို ဝိုင်းဖွက်ထားလိုက်ကြ၏။ အဝတ်အိတ်ပြန်ရ၍ မဝင်းကြည်က လက်ခံမည် မဟုတ်၊ သောင်းတန်သည် လည်း



www.burmeseclassic.com

www.burmeseclassic.com



ငွေလေးရာကို ကျစ်ကျစ် ဆုတ်ကာ စိတ်ထဲမှ "ငါသွားပြီဟေ့ သွားပြီဟေ့"ဟု အကြိမ်ကြိမ်အော်၍ ဥယျာဉ်တန်းရွာမှ မိတ္ထီလာ ကားဂိတ်သို့ ထွက်လာခဲ့၏။ ညနေ ၅ နာရီတွင် မဝင်းကြည်တို့ရွာသို့ ရောက်သည်။ အခြေအနေ အချိန်အခါတွေကို ဆွဲနေလျှင် ထူးတော့မည်မဟုတ်၍ မောင်သောင်းတန်က "အခုအခေါက်ကျွန်တော် လာတာ အစ်မနဲ့ တွေ့ရုံတွေ့ဖို့လာတာ မဟုတ်ဘူး၊ အစ်မနဲ့ လက်ထပ်ယူမလို့လာတာ"ဟုဆိုတော့ မဝင်းကြည်က "မဖြစ်နိုင်တာတွေ မပြောပါနဲ့ ငါ့မောင်ရယ်၊ အခု ငါတို့ အဖြစ်က ဘိုင်စကုပ်ရိုက်နေတာ မဟုတ်ဘူး"ဟုဆို၏။

"ကျွန်တော်စဉ်းစားပြီးမှ အစ်မဆီ ထွက်လာတာ၊ ကိစ္စအရပ်ရပ် အတွက် ကျွန်တော်စဉ်းစားပြီးပြီ"

"အစ်မက မင်းထက် အသက်ကြီးတယ်"

"ဒါလဲ စဉ်းစားပြီးပြီ"

"အစ်မမှာက ဒီရောဂါဆိုးကြီး စွဲကပ်နေတယ်၊ ကုလို့ မပျောက်နိုင်ဘူးဆိုတာ မင်းအသိ"

"ကျွန်တော့်အဘိုးမှာလဲ ဒီရောဂါရှိဖူးတယ်၊ ဒီရောဂါဟာ ကျွန်တော်တို့ဘဝနဲ့ စိမ်းနေတာမဟုတ်ဘူး၊ ကျွန်တော်တို့ မျက်စိ အောက်မှာပင် ဒီရောဂါသည်တွေ ရှိနေတာပဲ"

"ငါ့မောင်ရဲ့ မိဘတွေကလဲ သဘောမတူဘူး"

"ကိစ္စမရှိဘူး၊ ကျွန်တော်ရဲ့ နှလုံးသားကိစ္စကို ကျွန်တော်





ဆုံးဖြတ်မယ်"

"ငါ မင်းကို ကြောက်လာပြီ၊ ငါမဆုံးဖြတ်ရဲတော့ဘူး"ဟု မဝင်းကြည်ကဆို၏။

မောင်သောင်းတန်က မဝင်းကြည်၏မိဘများကို မဝင်းကြည်အား လက်ထပ်ယူမည့်အကြောင်းပြောတော့ အားလုံးက ပါးစပ်အဟောင်းသားနှင့်ရှိနေ၏။ "ဖြစ်ပါမလား ကလေးရယ်"ဟုဆိုသည်။ "လူကြီးမိဘများနဲ့ လာတောင်းစေချင်တယ်"ဟုဆို၏။

"ဦးကြီးတို့ အဒေါ်တို့ကို ပြောရရင် ကျွန်တော့်ကို ဘယ်သူမှ လိုက်တောင်းပေးမှာ မဟုတ်ဘူး၊ ကျွန်တော့်ဘက်က လိုက်တောင်းမှ လက်ထပ်ရမယ်ဆိုရင်လဲ ကျွန်တော်နဲ့ အစ်မ မဝင်းကြည်ဟာ ဘယ်တော့မှ လက်ထပ်ဖြစ်မှာ မဟုတ်ဘူး၊ ကျွန်တော် အခု ငွေ ၄၀၀ ကျပ် ပါလာပါတယ်၊ ခရီးစရိတ်နှုတ်ပြီး ဒီငွေနဲ့ပဲ ကျွန်တော်တို့အတွက် မင်္ဂလာအခမ်းအနားပြုလုပ်ပေးပါ"ဟုဆိုက မောင်သောင်းတန်က ၃၅၀ ကျပ်ကို မဝင်းကြည် မိဘများထံအပ်၍ မင်္ဂလာ အခမ်းအနား ပြုလုပ်ရန် ရှိခိုး၍ ပြော၏။

မဝင်းကြည် အမေကတော့ "ဝင်းကြည်ရယ်၊ နင် လုပ်လိုက်ရင် ဒီလိုချည်းပဲ၊ ငါတော့သေချင်တာပဲ"ဟုဆို၏။

မဝင်းကြည်၏ ဖခင်ကတော့ "မောင်သောင်းတန်၊ ဦးသမီးကို မေတ္တာမျှတယ်ဆိုတာ ဝမ်းလဲသာတယ်၊ ယုံလဲယုံကြည်တယ်၊ မောင်သောင်းတန်တို့ဘက်က ရောဂါသည်ကို သူတို့သားနဲ့ မပေးစား



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးဆိုတာလဲ ဘာမှ အပြစ်ပြောစရာမရှိဘူး၊ မောင်သောင်းတန်တို့ ချစ်ခြင်းမေတ္တာကိုလဲ မတားဆီးချင်ဘူး၊ ဒီတော့ မောင်သောင်းတန် နဲ့ ဦးသမီးကို နေ့ကောင်းရက်သာရွေးပြီး ဦးတို့လက်ထပ်ပေးမယ်၊ ဒါပေမယ့် မောင်သောင်းတန် ကတိတစ်ခုပေးရမှာက ဦးသမီးက ရောဂါသည်ဖြစ်နေလို့ မောင်သောင်းတန် ဘယ်အချိန်မှာပဲဖြစ်ဖြစ် မပေါင်းသင်းလိုတော့ဘူးဆိုရင် မရိုက်မနှက်ဘဲ ဦးသမီးကို ဦးဆီပြန်ပို့ပေးပါ၊ ဦးတောင်းဆိုချင်တဲ့ ကတိက ဒါပါပဲ”ဟုဆို၏။

မောင်သောင်းတန်က မဝင်းကြည်အဖေတောင်းဆိုသော ကတိကို ပေးခဲ့၏။ မဝင်းကြည်တို့ ရေချိုရွာလေးတွင် လက်ထပ်မင်္ဂလာပွဲ၊ မင်္ဂလာဆွမ်းကျွေးပွဲကျင်းပကာ မောင်သောင်းတန်နှင့် မဝင်းကြည်တို့ လက်ထပ်ဖြစ်ခဲ့၏။ လက်ထပ်ပြီး အတူနေရန် အိမ်တစ်လုံးငှားဖို့ မောင်သောင်းတန်က မန္တလေးသို့ ကြိုပြန်လာ၏။ မောင်သောင်းတန်တို့ အရပ်ရွာစွန်တွင်ပင် အိမ်လေးတစ်လုံးငှား၍ ရသည်။ မဝင်းကြည် လိုက် လာမည့်နေ့က မောင်သောင်းတန် ကားဂိတ်တွင် သွားစောင့်၏။ လင်မယား နှစ်ယောက် ညလူခြေတိတ်မှ ရွာထဲသို့ တိတ်တဆိတ် ဝင်ခဲ့ကြ၏။ မောင်သောင်းတန်အမေ၊ ဒေါ်လေး၊ ဒေါ်မြတင်၊ ညီမများနှင့် ဆွေမျိုးများအားလုံးက မောင်သောင်းတန်ကို အဆက်အသွယ် ဖြတ်လိုက်၏။

မောင်သောင်းတန်က မဝင်းကြည် တစ်မျက်နှာကို တစ်ရွာလုံးနှင့်လဲကာ မိမိချစ်မေတ္တာအတွက် ဘဝကိုရဲရဲဝံ့ဝံ့ရင်ဆိုင်၏။ နောက်တော့ မောင်သောင်းတန်ကို ဥယျာဉ်တန်းရပ်ကွက်မှ ရောဂါရှိသော



မိသားစုများအားလုံး နံ့သာမြိုင်စခန်းသို့ ပြောင်းရွှေ့မည်ဆိုတော့ မောင်သောင်းတန်နှင့် မဝင်းကြည်လည်း နံ့သာမြိုင်အနာကြီးရောဂါသည်စခန်းသို့ ပြောင်းရွှေ့ခဲ့ ကြ၏။ ဒီအတောအတွင်း အမ်ဒီတီဆေး ပေါ်ပေါက်လာသောကြောင့် မဝင်းကြည်လည်း အမ်ဒီတီဆေးကို စားသုံးခဲ့ပြီးဖြစ်သည်။ မောင်သောင်းတန်နှင့် မဝင်းကြည်တို့တွင် သားတစ်ဦးနှင့် သမီးနှစ်ဦး ထွန်းကားခဲ့သည်။ မိခင်ဖြစ်သူ မဝင်းကြည်ထံတွင် ရောဂါရှိခဲ့သော်လည်း ကလေးများတွင် ရောဂါလုံးဝ မရှိခဲ့။ မဝင်းကြည်တို့ နံ့သာမြိုင် အနာကြီးရောဂါသည်စခန်းသို့ ပညာရေးထောက်ပံ့မှုအစီအစဉ် တစ်ရပ်လည်း ရောက်ရှိခဲ့ရာ မောင်သောင်းတန်၏ သားမောင်သည် ဂျပန်နိုင်ငံသို့ပင် သွားရောက်လည်ပတ်ခွင့်ရခဲ့၏။

ယခုတော့ မြန်မာပြည်သူတို့ကလည်း အနာကြီးရောဂါနှင့် ပတ်သက်၍ သိရှိသဘောပေါက်နာ နားလည်နိုင်စွမ်းများ ရှိလာခဲ့ပြီဖြစ်သည်။ မောင်သောင်းတန်နှင့် မဝင်းကြည်တို့ နံ့သာမြိုင် အနာကြီးစခန်းတွင် စေတနာရှင်မိဘများက စုပေါင်း၍ ရောဂါသည် သားသမီးများဖြစ်ကြသော ရဟန်းသာမဏေနှင့် သီလရှင်အပါး ၂၀၀ ကျော်တို့ သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပွဲကြီးကို ခြိမ့်ခြိမ့်သဲကျင်းပခဲ့ပြီဖြစ်၏။ ထိုအချိန်တွင် သားဖြစ်သူက မောင်သောင်းတန်ထံသို့ သတင်းတစ်ရပ် ယူဆောင်လာခဲ့ပါ၏။ “အဖေ၊ ဘွားဘွားကြီးနဲ့ အန်တီတို့က အမေ့ကို ရှေ့လဘုရားပွဲကျရင် နံ့သာမြိုင်ကနေ ဥယျာဉ်တန်းကို ခေါ်သွားကြမလို့တဲ့”ဟုဆိုပါ၏။ အဖြစ်အပျက်တွေက အနှစ် ၂၀ မျှ ကြာခဲ့ပြီဖြစ်၍ အမေနှင့် ညီမတော်တွေ၏

www.burmeseclassic.com

www.burmeseclassic.com



အတွေးများလည်း ပြောင်းလဲခဲ့ပြီဖြစ်ပါ၏။ သည်သတင်းကို မဝင်းကြည် ကြားသိရလျှင် အဘယ်မျှ ပီတိဖြစ်ရှာလေမည်မသိ။

■

စာပြီးနေ့

၈–၁၁–၂၀၀၃

၁၃၆၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊

စနေနေ့

မရမ်းချောင်း အနောကြီးစခန်း၊ ကထိန်နေ့



www.burmeseclassic.com